# ဝိပဿနာ ဘာဝနာ နှစ်ခေါင်တွဲ


ကျမ်းပြုစု-ပြသသူ
ဦးပဏ္ဍိ



(ဆရွှမ နှိပ်ခြင်း)


ပါဠိတော်ဒုလ္လဘတရားငါးပါး။
(စာမျက်နှာ ၁၄၆)

ယောဂီ ဒါန ပြုတတ် ၏လော။
(ပုဗ္ဗ-မုဠ-ပ၇-၁၄၇)

လူတွေ မကုန် သေး ဘူး လား။
(စာမျက်နှာ ၁၇၀)

မဟာ ပဒေသ တရား လေးပါး။
(မှားလျှင် ပယ်ရ၏ ၉၂)

နည်းမမှန်က သောတာပန်မဖြစ်။
(အရဟတ္တမဂ္ဂဿ ၃၃)


၁၉၇၉-ခုနှစ် အဘိုးငွေ-၁၀

# သာသနာတော်မြတ်ကြီး
# သန့်ရှင်းစွာတည်ရှိရေး။

(စာမျက်နှာ-၁၆၇)

ကဿပ အဘုအယောင်များ ပေါ်ပေါက်လာသော် သာသနာတော်မြတ်ကြီး ကွယ်လတ္တံ့ဟု ဗုဒ္ဓမြတ်စွာ မြွက်ဆိုတော်မူ၏၊ ။ထို့ကြောင့် သာသနာတော်မြတ်ကြီး အမွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို ဖယ်ရှင်းသုတ်သင်ပေးရပေမည်။ ပါဠိတော်များတွင် သူတပါးအပြစ်ကို မပြောရ၊ သူတပါးအား မကဲ့ရဲ့ရဟု များစွာလာရှိ၏။ ထိုအတူ ဘုရားတရား သံဃာ သာသနာရေးတွင် အကျင့်ဆိုးရှိသူများကို ကဲ့ရဲ့ ဖိနှိပ် သုတ်သင်ဖယ်ရှင်းပေးရန် ဗုဒ္ဓမြတ်စွာသည် ခါခါပေါင်းများစွာ ဟောတော်မူခဲ့လေသည်။ ဤကျမ်းငယ် စာမျက်နှာ ၁၆၈၊ အမှတ် ၈-၌ ပညာရှိ သူတော်ကောင်းသည် ကဲ့ရဲ့ထိုက်သူကိုကဲ့ရဲ့၏၊ ချီးမွမ်းထိုက်သူကို ချီးမွမ်း၏၊ အပြစ်မရှိသူဖြစ်၏ဟု ဟောတော်မူ၏။ အမှတ် ၁၀-၌ဤတရား ကား မှား၏၊ ဤတရားကားမှန်၏ဟု ပြကုန်၏၊ ထိုသူသည် ချမ်းသာခြင်းကိုပြုသည်မည်၏၊ သာသနာတော်မြတ်ကြီးကို တည်စေသည်မည်၏၊ အမှတ် ၁၅-၌ မှားသောတရားများဖြစ်ပါက ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ တရားကိုလည်းကဲ့ရဲ့အပ်၏၊ တပည့်ကိုလည်း ကဲ့ရဲ့အပ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့၏။ ။အတိုချုပ်ကား မှားသောအယူရှိသူများအား "ဗြဟ္မဒဏ်" ပေးအပ်၏၊ "ပကာသနီယကံ" ပြုရမည်ဟု ဟောတော်မူခဲ့၏၊ ။ထို့ကြောင့် သာသနာတော်မြတ်ကြီး အမွန့်ရှည်စွာ တည်ရှိရေးအတွက် မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုများကို ရဲရင့်စွာ ကဲ့ရဲ့ဖိနှိပ် ရှင်းလင်းပေးတော်မူကြကုန်ရာ၏။

ဆဋ္ဌမအကြိမ်(၁၉၇၉)

ပဂျိုင်ို
၁၃၃၆-ခု ဝါဆိုလပြည့်

# အသျှင်ကုသလ ရဟန်းတော် သင်တန်း
## ( ပုံ- က )

ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ
မာ အာမိသ ဒါယာဒါ

ရဟန်းတို့–ငါဘုရား၏ တရားအမွေခံသာ ဖြစ်ကြကုန်လော့၊ ပစ္စည်း'အာမိသ'အမွေခံတို့ မဖြစ်ကြကုန်လင့် ဟု ဟောတော်မူ၏။ (မူလပဏ္ဏာသပါဠိတော် မူလပရိယာယဝဂ် ဓမ္မဒါယာဒသုတ်)။

တဖက်ပါ(ပုံ-က)မှာ ကျွန်တော်တို့"ဝိပဿနာပြန့်ပွားရေးအဖွဲ့"မှ အသျှင်ကုသလသည် သျှင်တော်ဘုရား၏ ဓမ္မ အမွေအနှစ်တို့ကို အချိန်ရတိုင်းသင်ယူပြီးနောက်–

အသက် ၇၇နှစ် ရှိပြီးဖြစ်သော "ဝိပဿနာဆရာကြီး ဦးပဂိုဒ်"ကွယ်လွန်သော် ဝိပဿနာ လုပ်ငန်းကို ဆက်လက် ဆောင်ရွက်တော်မူနိုင်ရန် ဝါတွင်း ဥပုသ်နေ့များတွင် ရဟန်းတော် ၁၃ဝကျော်တို့အား ဝိပဿနာပညာကို ပေးဝေလှူဒါန်းတော်မူနေပုံ ဖြစ်ပါသည်။

# ဦးဇောတိက လူသင်တန်း
## ( ပုံ- ခ )

ကိံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမ ဒဿိနာ၊
သဗ္ဗညုတံ ပါပု ဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

ငါသည် အစွမ်းအားကိုမြင်သော ယောကျ်ားဖြစ်ပါလျက် တယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုး ရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတ ဉာဏ်သို့ ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့ဟု အကြံတော် ဖြစ်တော်မူ၏။

(ဗုဒ္ဓဝံသပါဠိတော် သုမေဓ ပတ္ထနာကထာ စာမျက်နှာ ၃၁ဝ- အပိုဒ် ၅၆)။

တဖက်ပါ(ပုံ-ခ)မှာ အဖွဲ့မှ ဦးဇောတိကသည် မိမိကြိုးစားသိရှိထားသော "ဝိပဿနာ ပညာရပ်"ကို သင်တန်းတက်သူ ၁၂ဝ-ကျော်တို့အား သင်ပြပေးကာ ဓမ္မဒါန ပြုနေပုံဖြစ်ပါသည်။ ဦးကုသလနှင့် ဦးဇောတိကတို့မှာ ရဟန်းတော်နှင့် လူအတွက် သင်တန်းများကို နှစ်စဉ်နှစ်တိုင်း တလှည့်စီလှည့်ကာ ဓမ္မဒါနပြုတော်မူကြပါသည်။

## အသျှင်ကုသလ ရဟန်းတော် သင်တန်း



ပုံ (က) (ပုံရိုက်ယူသောနေ့ ၁၇-၈-၇၄)

## ဦးဇောတိက လူသင်တန်း



ပုံ (ခ). (ပုံရိုက်ယူသောနေ့ ၁၈-၈-၇၄)

၁၄၁၉၃

# ဝိပဿနာ ဘာဝနာ နှစ်စောင်တွဲ

ကျမ်းပြုစု-ပြသသူ
ဦးပဂျိုဋ

ဤကျမ်းငယ်၌
မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက်
မှန်ကန်စွာအားထုတ်နိုင်ရန် ပါဠိတော်
များစွာပါရှိ၏။

ဆဋ္ဌမအကြိမ် (၁၉၇၉)

၁၉၇၉-ခုနှစ် အဘိုးငွေ-၁၀

# မာတိကာ

**ဝိပဿနာချီးမွမ်းခန်း**

သာသနာပြုစေလွှတ်ခြင်း၊ သောတာပန်မြတ်ခြင်း၊ ၊တရားကျင့်သူ ပဋ္ဌာစာရိ အမျိုးသမီးကြီး၊ လိုရာကိုရလိုလျှင်၊ အတ္တ ဒတ္ထမထေရ်၊ ပေါဋ္ဌိလမထေရ်၊ မိဘကျေးဇူး၊ နွားကျောင်းသမား၊ ဝေလာမသုတ်၊ ကူဋဒန္တသုတ်၊ အသျှင်ဝက္ကလိ၊ အမြတ်ဆုံးပူဇော်ခြင်း၊ ဓမ္မဝိဟာရီ၊ သူတော်ကောင်းအကျင့်၊ သမ္မကာသုတ်၊ ဗာလပဏ္ဍိတသုတ်၊ ချီးမွမ်းခန်းနိဂုံး။


ဓုက္ခကိုသိမှနိဗ္ဗာန်ကိုလိုချင်သည်၊ လူနတ်ဗြဟ္မာသတ္တဝါမရှိ .... .... ၂၀
နတ္ထိခန္ဓာသမာဒုက္ခာ၊ ခန္ဓာနှင့်တူသောဒုက္ခမရှိ .... .... .... ၂၃
နိဗ္ဗာန်ကိုအလိုရှိသူသည် တဏှာနှင့် အဝိဇ္ဇာကိုသတ်ရ၏ .... .... ၂၆
တဏှာနှင့်အဝိဇ္ဇာသတ်ရန်မခက်တော့ပြီ၊ ဆရာကောင်းရရန်ခက်၏ .... ၂၈
မဟာပဒေသတရားလေးပါး၊ မဂ်တု ဖိုလ်တု ကမ္မဋ္ဌာန်းတုကို စစ်ဆေးရန် .... ၃၁
သမထနှင့်ဝိပဿနာမတူ၊ ရှေးဦးစွာကြိုတင်သိရမည့်အချက်များ .... ၃၄
အတ္တနှင့် အနတ္တမကွဲလျှင်ဝိပဿနာဘာဝနာကိုမပွားလေနှင့်ဦး .... .... ၃၇
ဝိပဿနာသုပ်ငန်းအတွက်ဆရာကောင်းရရှိရန်နည်းလမ်း၊ .... .... ၄၀
ဝိပဿနာအဘိုဖတ်ရန်စာ၊ ဗေဒင်ဆရာဟောနည်း .... .... .... ၄၂
အတ္တနှင့်အနတ္တကွဲရန်ပရမတ္ထသဘာဝကိုပိုင်ရ၏ .... .... .... ၄၅
လူဘူသည်ပရမတ္ထခေတ်သားတို့၏ အရိပ်နိမိတ်မျှသာဖြစ်၏ .... .... ၄၈
ပဋိစ္စသမုပ္ပါဒ်ကိုနားလည်သော် ယုံမှားခြင်း ၁၆ ချက်ကင်း၏ .... .... ၅၀
ဝမရှိဘဲဝိ ခလုပ်လင့် .... .... .... .... .... .... ၅၃
အာနာပါနပွားများနည်း .... .... .... .... .... ၅၆
အာနာပါနကိုအားထုတ်ရာ၌ပင်ပန်းဆင်းရဲခြင်းမဖြစ်စေရ .... .... ၅၈
စိတ်မိုက်ကိုချ ဖဲခြင်းပယ်နိုင်သောအာနာပါန ဘာဝနာသတ္တိ .... .... ၆၁
သမထနှင့်ဝိပဿနာကွာပုံ .... .... .... .... .... ၆၄
အာနာပါနမှ ဝိပဿနာသို့ .... .... .... .... .... ၆၆
ဝိပဿနာပွားမျ နည်းအစ .... .... .... .... .... ၆၈
ဝိပဿနာပွာ များနည်းသင်တန်းကျမ်းစာ .... .... .... .... ၇၃
နိဗ္ဗာန် .... .... .... .... .... .... .... ၁၂၉
နောက်ဆက်တွဲ .... .... .... .... .... .... ၁၃၉

# ဝိပဿနာရှုပုံတော်

တအုပ်-၁၂ကျပ်

၅၀၁–ကုန်သည်လမ်း၊ရန်ကုန်မြို့

ရေးသူ

ဟိတေသီ နေလ

စာမျက်နှာ-၃၀၀၌

ဦးပဂျီငိုအားခြီးကျူးခြင်း

ရဟန်းတော်သင်တန်းတွင်

ဝါတွင်း၂-ဝါတွင်းတက်သော်လည်း

ဦးပဂျီငိုနှင့်တဦးချင်းမတွေ့ခဲ့ဘူး။

သံလျင်တောရဆရာတော် အမေးတွေကို သူမျှော်လင့်သော အဖြေနှင့် အနီးစပ်ဆုံးလိုက်အောင် ဖြေကြားနိုင်ခြင်းသည် ကျွန်ုပ်၏ သူတပါးပြောဆိုသော စကားရိပ် စကားအသွားအလာကို ဘယ်လိုသဘောရှိသည်ဟူ၍ လတ်တလော ဖြတ်ထိုးဉာဏ်နှင့် အကဲခပ်နိုင်မှုနှင့် ဝိပဿနာနှင့်ပတ်သက်သော စာပေကိုအတော်လေး တီးမိ–ခေါက်မိ လေ့လာထားသည့်အတွက်ကြောင့်ပင် ဖြစ်ချေသည်၊ ယင်းမှာကား ဆရာကြီး ဦးပဂျီငို၏ ကျေးဇူးပင် ဖြစ်ချေတော့သည်။

ဆရာကြီးဦးပဂျီငိုသည် ရွှေတိဂုံ တော်ဘက်မုခ် ရွှေကျင်ဓမ္မာရုံတွင် ဝါတွင်းကာလ ဥပုသ်နေ့များ၌ ရဟန်းတော်များ အား ဝိပဿနာသင်တန်း ပို့ချပေးလေ့ရှိသည်၊ ထိုသင်တန်းကို ကျွန်ုပ်သည် နှစ်ဝါတွင်း နှစ်ကြိမ်တိတိ မပျက်မကွက် တက်ရောက်ခဲ့ဘူးပေသည်၊ ထိုသင်တန်းက ကျွန်ုပ်အား ဝိပဿနာနှင့်ပတ်သက်သော ဝေါဟာရ၊ ဝိပဿနာနှင့်ပတ်သက်သော ဗဟုသုတတွေကို များစွာပေးခဲ့သည်၊ လူပုဂ္ဂိုလ်ထဲတွင်ဆရာကြီး ဦးပဂျီငိုသည် တကယ်ပင် ခြီးကျူးလောက်ပေသည်၊ ဗုဒ္ဓစာပေခေါ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်လုံးကို နှံ့နှံ့စပ်စပ် နှစ်ပေါင်းများစွာ လေ့လာထားသူ တဦးဖြစ်သည်၊ အချို့သော ဘုန်းကြီးတွေတောင်ပင် သူ့လောက် ဗုဒ္ဓစာပေများကို မလေ့လာမိကြသည်မှာ အမှန်ပင် ဖြစ်သည်။

ဆရာကြီးဦးပဂျီငိုသည် ဗုဒ္ဓဝါဒီ တဦးပီပီ ဗုဒ္ဓဝါဒကို အလွန်လေးစားသူတဦးဖြစ်သည်၊ ဗုဒ္ဓဝါဒ၏ ခက်ခဲနက်နဲသော ဝိပဿနာ တရားဓမ္မတွေကို ရဟန်း–ရှင်–လူပုဂ္ဂိုလ်တို့ ဗုဒ္ဓစာပေနှင့် မကိုက်ညီသော လမ်းလွဲလမ်းမှားသို့ ရောက်မသွားအောင် ဗုဒ္ဓ၏ သာသနာကို ရိုးသားသော စိတ်စေတနာဖြင့် ထက်ထက်သန်သန် လုံ့လပြုနေသူတဦး ဖြစ်သည်ဟူ၍ သူ့အပေါ် ကျွန်ုပ် နားလည်ထားမိပေသည်၊ သူ့ထံမှ ဝိပဿနာတရားဓမ္မနှင့် ပတ်သက်ပြီး တိကျသော လုပ်တုံးလုပ်နည်းကို မရရှိစေကာမူ

ဝိပဿနာနှင့်ပတ်သက်သော ဝေဖောဂ၊ ဝိပဿနာနှင့် ပတ်သက်သော ဗဟုသုတတွေကို ကောင်းစွာ ရရှိခဲ့သည် အမှန်ပင် ဖြစ်တော့သည်။

ယင်းသင်တန်း ယင်းဆရာကြီး၏ ကျေးဇူးကြောင့်ပင် ကျွန်ုပ်သည် ဗုဒ္ဓဝါဒတွင် အမြင့်မြတ်ဆုံး ဖြစ်သော ဝိပဿနာ ပဋိပတ်-သာသနာရေးကိစ္စနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ဆရာကောင်း သမားကောင်း ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။ တနည်းအားဖြင့် ဆရာကောင်းရှာဖွေနည်းကို ကောင်းစွာရရှိခဲ့သည်ဆိုက မမှားတန်ရာပေ။

ယင်းအတွက် ဆရာကြီး ဦးဗဂျိုင်၏ ကျေးဇူးဂုဏ်ကို ဤနေရာက အခါသင့်၍ ဖော်ပြခြင်း ဖြစ်တော့သည်၊ ကျေးဇူးရှိသူတို့အား အခါသင့်တိုင်း ကျေးဇူးကိုဖော်ထုတ်ပေးရသည်မှာ သူတော်ကောင်း တို့၏ လုပ်ငန်းတခုသာ မဟုတ်ပေလော၊ ထိုအတွက်ကြောင့်လည်း ကျွန်ုပ်သည် ဆရာကြီး ဦးပဂျိုင်၏ ကျန်းမာချမ်းသာကြောင်းကို အကြိမ်ကြိမ်အထပ်ထပ် မေတ္တာပို့ခဲ့ဘူးသည်မှာ အမှန်ပင် ဖြစ်တော့ သည်၊ လူချင်းကား သူ့သင်တန်းကို တက်ဖူးရုံမှ အပ သိကျွမ်းခြင်း မရှိပါပေ။

လွယ်ကူစေရန်

အလိုရှိသောအချက်အလက်များကို လွယ်ကူစွာ သိနိုင်ရန် နောက်ဆုံးတွင် ဖော်ပြထားသော အကွရာစဉ်ကိုကြည့်ပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိပဿနာ ချီးမွမ်းခဏ်း

( ၁ )

ခေတ်နှင့်လျော်ညီစွာ ဤဝိပဿနာ ချီးမွမ်းခဏ်းကို တသီးတခြား ထိပ်ကထား၍ ရေးသားခဲ့ခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကုန်သော်လည်း ဗုဒ္ဓမြတ်စွာသည် ဒါန၊ သီလ၊ သမထ ဘာဝနာတို့ထက် "ဝိပဿနာ ဘာဝနာ" ပွားများမှုကိုအထူးသာလွန် ပို၍အလိုရှိတော်မူခြင်းကို အများအားဖြင့် မသိကြခြင်းကြောင့် ထိပ်က ရေးသားခဲ့ရခြင်းဖြစ်၏။

<u>အထူးကား</u>

၁။ မိမိ ကိုယ်တိုင် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်စေလိုခြင်း။

၂။ ၈၂ ရာခိုင်နှုန်းဖြစ်သော တောသူ တောင်သား ကျေးလက်ရှင် လယ်သမားကြီးများအား "ဝိပဿနာ ဘာဝနာ" ပညာကို ပေးဝေ [illegible] ပါန်းစေလိုခြင်း။

၃။ သာသနာပြု စေလွှတ်ကြရာတွင် ဝိပဿနာ ဘာဝနာ ပညာရပ် ပါဝင်စေလိုခြင်းတို့ကြောင့်—

ဤဝိပဿနာ ဘာဝနာ ချီးမွမ်းခဏ်းကို တသီးတခြား ထိပ်ကထား၍ ရေးသားခဲ့ခြင်း ဖြစ်လေသည်။

ပဂျိုင်
(ပန်းချို)
၁၂၇၆-ခုနှစ်ဖွား။

# ဆရာကြီး ရဟန်းတော်သင်တန်း

(ပုံ-ဂ)

ဣတိ ခေါ စုန္ဒ
သတ္ထာပိ တတ္ထ ဂါရဝေါ၊
ဓမ္မောပိ တတ္ထ ဂါရဝေါ၊
သာဝကောပိ တတ္ထ ဧဝံ ဂါရဝေါ။

စုန္ဒ စင်စစ် ဤဆိုခဲ့သည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်းကဲ့ရဲ့အပ်၏။ ထိုသာသနာ၌ တရားကိုလည်းကဲ့ရဲ့အပ်၏။ ထိုသာသနာ၌ တပည့်ကိုလည်း ဤဆိုခဲ့သည့်အတိုင်းကဲ့ရဲ့အပ်၏ဟု ဟောတော်မူ၏။ (သုတ်ပါထေယျပါဠိတော် ပါသာဒိကသုတ် စာမျက်နှာ ၉၉-မြန်မာပြန်-၁၁၀)။

ပါဠိတော်များတွင် သူတပါးကို မကဲ့ရဲ့လင့်ဟု များစွာလာရှိ၏။ ထို့အတူ အမှားတရားများကို ကဲ့ရဲ့ဖိနှိပ်ရမည်ဟု များစွာဟောတော်မူ၏။ (ဖိနှိပ်ရမည့် ပါဠိတော်အချို့ကို ဤကျမ်းစာမျက်နှာ ၁၆၉-၌ ဆရာကြီးဖော်ပြထား၏)။

ဆရာကြီးသည် ဤအခန်းကိုသင်ပြပေးရာ၌ "ကိံမေဃကေန—" ပါဠိတော်အရ နိုင်ငံခြားသားများကို ငါတို့တတ်သိသလို တတ်သိလိမ္မာကြပါစေ ဟူသော စေတနာသဒ္ဓါတရားအစစ်အမှန်ဖြင့် တရားမှန်ကို ပေးဝေလှူဒါန်းတော်မူကြရန် ခေါ်ပေါင်းများစွာ တိုက်တွန်းခဲ့လေသည်။

# ဆရာကြီး လူသင်တန်း

(ပုံ-ဃ)

စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ
ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊
ကော ပန ဝါဒေါ ကာယေန ဝါစာယ
အနုဝိဓိယ နာသု။

စုန္ဒ ငါဘုရားသည် ကုသိုလ်တရား၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟု ဟောတော်မူ၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံစေခိုင်းခြင်း စသည်တို့၌ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု ဟောတော်မူ၏။ (မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်)။

တဖက်ပါ (ပုံ-ဃ) မှာ ဆရာကြီးသည် တနင်္ဂနွေနေ့တိုင်း လူသင်တန်းတွင် ဝိပဿနာပညာရပ်ကို ပွားများနည်းနှင့်တကွ သင်ပြပေးနေပုံဖြစ်ပါသည်။

ဆရာကြီးသည် အထက်ပါ ပါဠိတော်အရ ရဟန်းတော်သင်တန်းနှင့်တကွ လူသင်တန်းတွင် ကုသိုလ်ကောင်းမှုကို ငါလုပ်ဦးမှဘဲဟု စိတ်၌ ဖြစ်ပေါ်လာရုံမျှလည်း အလွန်ကျေးဇူးများလှပါ၏။ အကယ်၍ ကာယကံမှု ဝစီကံမှုတို့ကို ပြုလုပ်လိုက်ပါက အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။ ထို့ကြောင့် ဓမ္မဒါန ဟူသရွေ့တို့တွင် အကောင်းဆုံးဖြစ်သော ဝိပဿနာပညာရပ်ကို ပေးဝေလှူဒါန်းတော်မူကြပါဟု အထူးတိုက်တွန်းလေ့ရှိပါသည်။

ဆရာကြီး ရဟန်းတော်သင်တန်း



ပုံ (ဂ) (ပုံရိုက်ယူသောနေ့ ၁၇-၈-၇၄)

ဆရာကြီး လူသင်တန်း



ပုံ (ဃ) (ပုံရိုက်ယူသောနေ့ ၁၈-၇-၇၄)

## သောတာပန် မြတ်ခြင်း

ပထဗျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိ ဖလံ ဝရံ။

ဓမ္မပဒ ပါဠိတော် "လောကဝဂ်" ဆဋ္ဌမူ စာမျက်နှာ (၄၀)၊ အပုဒ် (၁၇၈)၊ မြေတပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက်ငင်း၊နတ်ပြည် ဗြဟ္မာ့ပြည်သို့ရောက်ရသည်ထက်ငင်း၊တလောကလုံးကို အစိုးရသည်ထက်ငင်း သောတာပန် ဖြစ်ရခြင်းသည် မြတ်၏။

အနာထပိဏ်သူဌေးကြီးသည် ရှင်တော်ဘုရားထံသို့ မသွားလိုသော မိမိ၏သား ကာလအား သွားရောက်ခါ တပုဒ်သောဂါထာကို သင်ယူချေ၊ အသပြာတထောင်ပေးအံ့ဟု စေလွှတ်လိုက်၏။ ကာလသည် ဂါထာကို သင်ယူရာတွင် သောတာပန် အဖြစ်သို့ ရောက်ရှိသွားလေ၏၊ အိမ်သို့ ရောက်ရှိသောအခါ အသပြာ တထောင်ကို မယူတော့ပြီ၊

ဤသို့လျှင်အနာထပိဏ်သူဌေး၏သား ကာလကို အကြောင်းပြု၍ အထက်ပါ ဂါထာတော်ကို ဟောတော်မူခြင်းဖြစ်၏။

ဤ၌သိအပ်သည်မှာ သောတာပန် ဖြစ်ရခြင်းသည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရှိ ရသော ပုထုဇဉ် နတ်ဗြဟ္မာတို့ထက် သောတာပန်က သာလွန်ကြောင်းကို ထင်ရှားစွာ သိအပ်လေပြီ၊ အကြောင်းသော်ကား ပုထုဇဉ် နတ်ဗြဟ္မာတို့မှာ အပါယ်လေးပါးတံခါးများမပိတ်နိုင်သေးသောကြောင့်ဖြစ်၏။ ထို့ကြောင့်"ဗြဟ္မာ့ပြည် တဝင်းဝင်း ဝက်စားကျင်း တရှုတ်ရှုတ်"ဟူ၍ ဆိုစမှတ်ရှိရခြင်းဖြစ်၏၊

ထိုမှတပါး လူ့ပြည်ရှိ စည်းစိမ်ချမ်းသာပြည့်စုံစွာသော သူဌေးကြီးများ၊အရာရှိကြီးများထက် သောတာပန်က သာလွန်ကြောင်းကိုကား ထုတ်ဖော်ရေးသားရန် မလိုပြီ။

ထို့ကြောင့် သောတာပန် ဖြစ်၍ အပါယ်လေးပါးတံခါးပိတ်စေရန် သာမန်ဆင်းရဲသားကို မဆိုထားဘိ၊ အရာရှိများနှင့်တကွ သူဌေးကြီးများပင် သောတာပန် ဖြစ်ထားရန် အထူးကြိုးစားအပ်လေသည်၊ သောတာပန် ဖြစ်ပြီး ပါက ဝိသာခါ၊ အနာထပိဏ် တို့ကဲ့သို့ ဘုံစဉ်စံလိုကလည်း စံနိုင်လေသည်။

---

## တရားကျင့်သူသည် မြတ်၏

သုတ်ပါ ထေယျ ပါဠိတော် အဋ္ဌကထာ၌ ရှည်လျားစွာဟောဘော်မူသည်မှ ဤတွင်လိုအပ်သည်ကို ကောက်နုတ် ဖော်ပြပေအံ့။

ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သော
သေဋ္ဌော ဒေဝမာနုသေတိ။

(ဆဋ္ဌမအကြိမ်)

ပါဠိတော် စာမျက်နှာ (၈၁)၊ မြန်မာပြန် စာမျက်နှာ(၈၆)"နတ်လူအပေါင်း၌ (အကြင်သူသည်) အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့်ပြည့်စုံ၏၊ ထိုသူသည် မြတ်၏"ဟု (ဆို၏)။

ဤသည်သည်း "ဝိပဿနာ ချီးမွမ်းခြင်း"တရပ်ပေတည်း။

## ပဋာစာရီ အမျိုးသမီး

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ဓမ္မပဒ ပါဠိတော် "သဟဿဝဂ်" ဆဋ္ဌမ စာမျက်နှာ(၃၀)၊ အပိုဒ် (၁၁၃) မြန်မာပြန် စာမျက်နှာ(၂၉)ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ် အပျက်ကို မပြတ်ရှုမြင်သောပုဂ္ဂိုလ်၏ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏၊

ဤတရားတော်မှာအချိုးမျိုးသောဒုက္ခခံစားကာ ပူဆွေးငိုကြွေးနေရသော ပဋာစာရီ အမျိုးသမီးအားဟောတော်မူသောတရားတော်ဖြစ်၏။ လူ့ပြည်၌ တရားအားမထုတ်ဘဲ အနှစ်တရာ နေရခြင်းထက် "ဝိပဿနာ ဘာဝနာ"ကို တရက်မျှ ပွားများ အားထုတ်ခြင်းက ပိုမိုအကျိုးကြီးမားသည်၊ မွန်မြတ်သည်ဟု ဟော ဘော် မူသဖြင့် "ဝိပဿနာ ဘာဝနာ"ကို အထူးကြိုးစား အားထုတ်တော်မူကြပါလေ။

ဤ ပါဠိတော်ကိုလည်း အရ ကျက်ဆောင်လျက် သူတပါးအားလည်း ဟောပြော သင်ပြပေးဘော်မူကြပါလေ၊အကျိုးကားအလွန်အလွန်ကြီးမားသော ဓမ္မဒါနကုသိုလ် ကြီးပေတည်း။

---

## လိုရာကို ရလိုလျှင်

မူလ ပဏ္ဏာသ ပါဠိတော် "မူလပရိယာယဝဂ်" "အာကင်္ခေယျသုတ်" ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ (၄၃)၌ ရှည်လျားစွာ ဟောတော်မူသည်တို့မှ ဤတွင် လိုရင်းအတိုချုပ်ကို ဖော်ပြပေအံ့။

သီတင်းသုံးဖော်တို့၏ချစ်ခင်မြတ်နိုးလေးစားမှု ချီးမွမ်းမှုကို အလိုရှိပါမူ သီလဖြင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများ အားထုတ်ရာ၏၊

သင်္ကန်း၊ဆွမ်း၊ဆေး၊ကျောင်းအထောက်အပံ့ အသုံးအဆောင်တို့ကို အလိုရှိပါမူ သီလဖြင့် ပြည့်စုံစေ၍ ဝိပဿနာကို ပွားများ အားထုတ်ရာ၏၊

မိမိအား လှူဒါန်းကြသော အလှူဒါနအကွက် ၎င်းတို့၌ အကျိုးကျေးဇူး ကြီးမားစွာ ပြန် လည် ရရှိစေလိုပါမူ သီလဖြင့်ပြည့်စုံစေ၍ ဝိပဿနာကို ပွားများအားထုတ်ရာ၏၊

ဤသဘောကို အင်္ဂုတ္တိုရ် ပါဠိတော်"ဒသကနိပါတ်""အာကင်္ခဝဂ်"ပဌမသုတ် ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ(၃၅၈)၌လည်းဟောတော်မူ၏။

ထိုမှတပါး နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် "နိဒါနသံယုတ်""ဒသဗလဝဂ်"ဒုတိယ ဒသဗလသုတ် ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ (၂၅၁)၌ ဟောတော်မူသည်ကို ခြုံလျက် အတိုချုပ် ဤတွင် လိုရင်းကို ကောက်နုတ်ဖော်ပြပေအံ့။

ရဟန်းတို့ မိမိအား သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ကျောင်း အထောက်အပံ့ အသုံးအဆောင် တို့ကို လှူဒါန်းကြပါကုန်၏။ ၎င်းကုသိုလ်ရှင်တို့၌ အကျိုးကြီးမားစွာ ပြန်လည် ရရှိကြစေဟူ၍၊ ခန္ဓာငါးပါး၌ ရုပ်နာမ်ကို ခွဲခြားဆင်ခြင်ခြင်း၊ ထိုရုပ်နာမ်တို့၏ ဖြစ်ပေါ်ရမှု၊ ပျက်စီးရမှု စသည်တို့မှ အစပြု၍ နိဗ္ဗာန် မဂ်ဖိုလ်သို့ရောက်ရှိရန် ကြိုးစား အားထုတ်ကြကုန်လော့။

**မိမိအကျိုးကိုရင်း၊** သူတပါးတို့၏ အကျိုးကိုရင်း၊ မိမိအကျိုး သူတပါးအကျိုး နှစ်ပါးစုံကိုရင်း ကောင်းစွာမြင်သောသူသည် မမေ့မလျော့သော လုံ့လဖြင့်ပြည့်စုံရာ၏ဟု ညွှန်ပြတော်မူလေသည်။(ပါဠိတော်များကို ဆက်ခါ ဖတ်ရှုတော်မူကြပါလေ)။

ဤသာမုက္ကံသိကဒေသနာတော်တို့ကိုထောက်ရှုလျက် မိမိအလိုရှိအပ်သည်တို့ကို ရရှိလိုပါလျှင် တကာ-တကာမတို့၌ အကျိုးကျေးဇူးကြီးမားစွာ ပြန်လည် ရရှိစေလိုပါမူ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်အပ်လေသည်။

တနည်းသော် မိမိအကျိုး သူတပါးအကျိုး နှစ်ပါးစုံတို့ကို ပြည့်စုံစေလိုပါလျှင် ဝိပဿနာကို အား ထုတ် အပ် လေ သည်။ ဤ သည် တို့ သည်လည်း ဝိပဿနာ ချီးမွမ်းခန်း တရပ်ပေတည်း။

## အတ္တဒတ္တ မထေရ်

ဓမ္မပဒအဋ္ဌကထာ အတ္တဝဂ်"အတ္တဒတ္တမထေရ်ဝတ္ထု" မှ အတိုချုပ်သဘောကို ဖော်ပြပေအံ့။

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ယခုမှ သည် လေးလကြာလတ်သော် ပရိနိဗ္ဗာန်စံတော်မူအံ့ဟု မိန့်တော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် အချင်းချင်း တိုင်ပင် ဆွေးနွေး ကြကုန်၏။ ဗုဒ္ဓမြတ်စွာထံ အစဉ်သွားရောက်ကြကုန်၏။

အတ္တ ဒတ္တ မထေရ်သည် ထိုအကြောင်းကို ကြားသိသော်လည်း ဗုဒ္ဓမြတ်စွာထံသို့ တခါ တခေါက်မျှ သွားရောက်ခြင်းမပြုချေ။

ရဟန်းတို့သည် အတ္တဒတ္တမထေရ်ကို ခေါ်ဆောင်လျက် ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသော်ဗုဒ္ဓမြတ်စွာသည်အတ္တဒတ္တမထေရ်အား အဘယ် အကြောင်းကြောင့် ဤသို့ ဖြစ်ရသနည်းဟု မေးတော်မူ၏။

ထိုအခါ အတ္တဒတ္တ မထေရ်က တပည့်တော်သည် ရှင်တော်မြတ်စွာ လေးလ ကြာလျှင် ပရိနိဗ္ဗာန် စံတော်မူမည်ဟုကြားသိရပါ၍ ရှင်တော်မြတ်စွာ ပရိနိဗ္ဗာန် စံတော်မမူမီ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရန် တရားအားထုတ်နေခြင်း ဖြစ်ပါသည် ဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားလတ်သော် ဗုဒ္ဓမြတ်စွာသည် အတ္တဒတ္တမထေရ်အား ကောင်းချီးပေးတော်မူပြီးလျှင် ဤစကားကို မိန့်ဆိုတော်မူ၏။

ရဟန်းတို့ အကြင်ရဟန်းသည် ငါ၌ ချစ်မြတ်နိုးခြင်းသည် ရှိ၏။ ထိုရဟန်းသည် အတ္တဒတ္တမထေရ်ကဲ့သို့ ဖြစ်ခြင်းငှာ သင့်ပေ၏။ နံ့သာစသည်တို့ဖြင့် ပူဇော်ကြကုန်သော သူတို့သည် ငါ့အား ပူဇော်ကြသည်မမည်ကုန်၊လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်မြတ်ဖြင့်သာလျှင် ငါဘုရားအား ပူဇော်သည်မည်၏။ ထို့ကြောင့် အတ္တဒတ္တမထေရ်မှ တပါးသော ရဟန်းသည်လည်း အတ္တဒတ္တရဟန်းနှင့်တူသည်သာလျှင် ဖြစ်ထိုက်ပေ၏ဟု ညွှန်ပြတော်မူလေသည်။ (ဤချီးမွမ်းခန်း၌ လာရှိသော ဝက္ကလိ၊ အာနန္ဒာ စသည်တို့နှင့် ပူးတွဲဖတ်ရှုတော် မူကြပါလေ)။

ဤအတ္တဒတ္တမထေရ် အကြောင်းကို ထောက်ရှုသဖြင့်လည်း ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ကြရန် အထူး သတိပြုတော် မူကြရန် ဖြစ်လေသည်။

## ပေါဋ္ဌိလ မထေရ်

ယောဂါ ဝေ ဇာယတေ ဘူရိ၊
အယောဂါ ဘူရိ အသင်္ခယော။
ဧတံ ဒွေဓာ ပထံ ဉတွာ၊
ဘဝါယ ဝိဘဝါယ စ။
တထာတ္တာနံ နိဝေသေယျ၊
ယထာဘူရိ ပဝဍ္ဎတိ။

ဓမ္မပဒပါဠိတော်"မဂ္ဂဝဂ်"ဆဋ္ဌမ စာမျက်နှာ (၅၃)၊ အပိုဒ် (၂၈၂) ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှု လုံ့လကြောင့် ပညာဖြစ်ပွား၏။ အားထုတ်မှုလုံ့လမရှိခြင်းကြောင့် ပညာကုန်ခန်း၏၊ ပညာဖြစ်ပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်း၏ ဤခရီးလမ်းနှစ်သွယ်ကို သိ၍ အကြင်လမ်းဖြင့် ပညာတိုးပွား၏။ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။ (မြန်မာပြန် စာမျက်နှာ ၅၀)။

ပေါဋ္ဌိလမထေရ်သည် ငါးရာသော ရဟန်းတို့အား စာပေ သင်ချ ပေးနေ၏။ အခါတပါး၌ ပေါဋ္ဌိလ မထေရ်သည် ကျောင်းတော်သို့ အလာ ဗုဒ္ဓမြတ်စွာက(တုစ္ဆ)ပေါဋ္ဌိလ လာတော့၊ ဖန် ကျောင်းတော်မှအပြန် (တုစ္ဆ) ပေါဋ္ဌိလ ပြန်လော့ဟု မိန့်တော်မူ၏။

ထိုအခါ ပေါဋ္ဌိလ မထေရ်သည် ဤသို့အကြံ ဖြစ်၏၊ ငါသည် စာတတ်၏၊ ရဟန်း ငါးရာကို စာပေပို့ချသင်ပြပေးနေ၏၊ သို့ပါလျက် ငါ့အား ဗုဒ္ဓမြတ်စွာသည် "တုစ္ဆပေါဋ္ဌိလ-တုစ္ဆပေါဋ္ဌိလ" အချည်းနှီးဖြစ်သော ပေါဋ္ဌိလ။ အနှစ်သာရ မရှိသော ပေါဋ္ဌိလ ဟု ခေါ်တော်မူခြင်းကား ကမ္မဋ္ဌာန်းတရားမရှိ၍ ကြောင့်ဖြစ်၏ဟုသဘောပေါက်ခါ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် ကမ္မဋ္ဌာန်း တောကျောင်းရှိရာသို့ ထွက်ခွာ သွားရောက်ပြီးလျှင် သံဃမထေရ်ကြီးအား-

အရှင်ဘုရား တပည့်တော်၏ အားထားဘွယ်ရာ ဖြစ်တော်မူပါဘုရားဟု လျှောက်ကြားလေသည်။(ဤ၌ လိုရင်းကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ဤအဋ္ဌကထာကို ဆက်ခါဖတ်ရှုတော်မူကြပါလေ)။

ဤ၌ သိရှိရန်မှာ ဗုဒ္ဓမြတ်စွာသည် စာတတ်ရုံ၊ စာချပေးရုံဖြင့်သာ ရုပ်တန့်မနေမှု၍ ဝဋ်မှ လွတ်ရာလွတ်ကြောင်းဖြစ်သော "ဝိပဿနာဘာဝနာ" ကို အားထုတ်ရန် အထက်ပါ တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်၏။

ဤသို့ ဟောကြားတော်မူသော်လည်း စာပေ သင်ပြ ပို့ချနေခြင်းသည် အလွန် မွန်မြတ်သော လုပ်ငန်းဖြစ်၏။ သို့ရာတွင် ထိုလုပ်ငန်းတွင် ရပ်တန့်မနေမူ၍ ဝဋ်မှ လွတ်ရာ လွတ်ကြောင်းဖြစ်သော ဝိပဿနာဘာဝနာသို့တက်ရန် ဟောတော်မူခြင်း ဖြစ်၏။ (ဤချီးမွမ်းခန်း၌ ဖော်ပြထားသော နောမ္မဝိဟာရီ ပုဂ္ဂိုလ်နှင့် ပူးတွဲ ဖတ်ရှုပါလေ)။

## မိဘ ကျေးဇူး ဆပ်နည်း

အင်္ဂုတ္တိုရ်ပါဠိတော်"ဒုကနိပါတ်""သမစိတ္တ ဝဂ်" ဆဋ္ဌမူ စာမျက်နှာ(၆၃)၊ အပိုဒ်(၃၄)၌ ဟောတော်မူသည်ကို အတိုချုပ်လျက် ကောက်နုတ်ဖော်ပြပေအံ့။

ရဟန်းတို့ မိဘနှစ်ပါး၏ ကျေးဇူးသည် အလွန်ကြီးမား၏။လွယ်ကူစွာ ကျေးဇူးမဆပ်နိုင်။ သားသမီးသည် မိဘနှစ်ပါးအား အနှစ်တရာပတ်လုံး ပခုံးထက်၌တင်၍ လုပ်ကျွေးပြုစုသော်လည်း မိဘကျေးဇူးကို တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေး။

ရဟန်းတို့ များစွာသော ရတနာတို့နှင့်ပြည့်စုံစေသော မဟာပထဝီမြေကြီးကို အုပ် စိုး သော မင်းစည်းစိမ်၌တည်ရှိစေသော်လည်းမိဘကျေးဇူးကို တုံ့ပြန်ဆပ်သည် မဖြစ်နိုင်သေး။

ဤသို့မဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်း ဆိုသော် မိဘကျေးဇူးသည် အလွန်ကြီးမားသောကြောင့်ဖြစ်၏။

ရဟန်းတို့ အကြင်သူသည် သဒ္ဓါတရား မရှိသေးသော မိဘတို့ကို သဒ္ဓါတရား ရှိလာအောင်၊ မလှူဒါန်းသည်ကို လှူဒါန်းလာအောင်၊ သီလမရှိသေးသည်ကို သီလရှိလာအောင်၊ ပညာမရှိသေးသည်ကို ပညာနှင့်ပြည့်စုံလာအောင် ဤသို့ပြုခြင်းသာလျှင် မိဘတို့၏ကျေးဇူးကို တုံ့ပြန်ဆပ်သည်မည်၏ဟု ဟောတော်မူ၏။ (မြန်မာပြန် စာမျက်နှာ ၇၅)။

ဤတွင်ပညာဆိုသည်မှာဝိပဿနာပညာကိုဆိုခြင်းဖြစ်၏၊ "သုတ်သီလက္ခန် ပါဠိတော်"သောဏဒဏ္ဍသုတ် ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ (၁၂၈) အပိုဒ်(၃၁၇)ကိုဖတ်ရှုသော် သီလနှင့်ပညာသည် အမြတ်ဆုံးဖြစ်၏။ ထိုမှတဖန် အပိုဒ် (၃၁၈) ကို ဆက်ခါ ဖတ်ရှုပြန်သော် ပညာ ဆိုသည်မှာ ဝိပဿနာပညာဟု ညွှန်ပြတော်မူ၏။

ထို့ကြောင့် ဤ၌ သိစေလိုသော အချုပ်မှာ မိမိ၏မိဘကိုသော်၎င်း၊ အခြားအခြားသော မိမိ၏ ကျေးဇူးရှင်များကိုသော်၎င်း၊ ကျေးဇူးဆပ်ကြရာတွင် ဝိပဿနာ ဘာဝနာကို သဘာဝ ကျအောင် သင်ပြ ပေးခြင်းသည် အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဟု သိအပ်လေ၏၊ဤသည်လည်း ဝိပဿနာ ဘာဝနာကို ချီးမွမ်းခြင်းတရပ် ဖြစ်လေသည်။

---

### နွားကျောင်းသမား

ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့ အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာ ပြောဟောနေသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်၊ မဂ်ဖိုလ်အရသာကို မခံစားရ၊

ဓမ္မပဒပါဠိတော်"ယမကဝဂ်"ဆဋ္ဌမူစာမျက်နှာ (၁၅) အပိုဒ် (၁၉) မြန်မာပြန် စာမျက်နှာ

(၁၅) အပိုဒ် (၁၉)၊ ဤညွှန်ပြတော်မူချက်ကို ဖတ်ရှုမိသောအခါ စာပေပို့ချသင်ပြပေးနေခြင်းသည် မကောင်းမှုဟုတ်၊ကောင်းသည်သာတည်း၊ သို့ရာတွင် စာပေပို့ချ သင်ပြပေးနေခြင်း၌သာ ရပ်တန့်မနေမူ၍ ဝိပဿနာ ဘာဝနာလုပ်ငန်းသို့ ဘဆင့်တက်ရန် ညွှန်ပြတော်မူခြင်းဖြစ်သည်ကို သိအပ်လေသည်။အရှင်ပေါဋ္ဌိလအား ညွှန်ပြတော်မူသော သဘောမျိုးပင်ဖြစ်၏။

(နောဝမ္မ ဝိဟာရီ ပုဂ္ဂိုလ်နှင့်တွဲဖတ်ပါလေ)

---

## ဝေလာမသုတ်

အစ္ဆရာသင်္ဃာတမတ္တမ္ပိ
အနိစ္စသညံ့ ဘာဝေယျ
ဣဒံ တတော မဟပ္ဖလတရန္တိ။

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေးကြီးကိုအကြောင်းပြု၍အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်၊သီဟနာဒဝဂ် ဝေလာမသုတ်ပါဠိတော် စာမျက်နှာ(၁၉၅)၊မြန်မာပြန် စာမျက်နှာ(၁၉၅) တို့၌ ဟောတော်မူသော အတိုချုပ်သဘောမှာ-

ဒါနပြုရာ၌ သီလ, သမာဓိ,ဝိပဿနာ ပညာရှိသော ပုဂ္ဂိုလ်အဆင့်ဆင့်ကို လှူဒါန်းရခြင်းသည် တဆင့်ထက် တဆင့် သာ၍မြတ်၏ဟု ရှည်လျားစွာ ဟောတော်မူ၏။

ထိုဒါနကို ပြုရခြင်းသည် ကောင်း၏၊ထိုဒါနကို ပြုရခြင်းထက် သီလကို ဆောက်တည်ရခြင်းသည် သာ၍မြတ်၏။

သီလကို ဆောက်တည်ရခြင်းထက် မေတ္တာဘာဝနာကို နို့သာတညှစ်ခန့်မျှ ပွားများခြင်းသည် သာ၍မြတ်၏။

မေတ္တာ ဘာဝနာကို ပွားများ ရခြင်းထက် အထက် တွင်ဖော်ပြအပ်သော ပါဠိတော် အရ အကြင်သူသည်ကားလက်ဖျစ်တတွက်ခန့်မျှအချိန်လောက် အနိစ္စ သညာကို ပွားများရာ၏၊ ဤလက်ဖျစ်တတွက်ခန့်မျှ အနိစ္စသညာကို ပွားများခြင်းသည် ထိုမေတ္တာစိတ်ကို ပွားများခြင်းထက် သာ၍အကျိုးကြီးသည်ဟု မိန့်တော်မူ၏။

ဤ၌ သိစေလိုသည် မှာကား ဒါန, သီလ, သမထတို့ထက် ဝိပဿနာ ဘာဝနာကို ပွားများရခြင်းက သာလွန်ပိုမိုအရေးကြီးမှားပုံကိုသိစေလိုခြင်းဖြစ်၏။

---

## ကူဋဒန္တသုတ်

ကူဋဒန္တ ပုဏ္ဏားကို အကြောင်းပြု၍ သုတ်သီလက္ခန်ပါဠိတော် ကူဋဒန္တသုတ် စာမျက်နှာ (၁၂၀) မြန်မာပြန် (၁၃၃) ၌ ဝေလာမသုတ်ထက်ပင်ရှည်လျားစွာဟောတော်မူ၏၊ မြန်မာပြန်မှာ စာမျက်နှာ (၂၅) မျက်နှာရှိလေသည်။ ထိုဒေသနာတော်မှ ဤတွင် အလိုရှိအပ်သည်ကို အတိုချုပ် ကောက်နှုတ်ဖော်ပြအပ်၏။

ဒါနထက် သီလဆောက်တည်ခြင်းက အကျိုးပိုမိုကြီးမား၏။

သီလ ဆောက် တည် ရ ခြင်း ထက် သမထ

ဘာဝနာကို ပွားများရခြင်းက အကျိုးပိုမိုကြီး
မား၏။

ထိုသမထ ဘာဝနာကို ပွားများရခြင်းထက်
ဝိပဿနာကို ပွားများရခြင်းက အကျိုးပိုမိုကြီး
မား၏။ ယင်းသို့ အကျိုးပိုမိုကြီးမားသော်လည်း
ဒါန သီလ သမထတို့ထက် သာ၍နည်းသောက်စ
လည်းရှိ၏။ သာ၍နည်းသောအားထုတ်ရမှုလည်း
ရှိ၏။ သာ၍များသောအကျိုးလည်းရှိ၏။ သာ၍
များသော အာနိသင်လည်း ရှိ၏။ မြန်မာပြန်
၁၅၅၊

ဤတွင်သိစေလိုသောအချက်ကား ဝိပဿနာ
ဘာဝနာကို ပွားများအားထုတ်ရာ၌ ဒါန သီလ
သမထတို့ထက် အကျိုးကြီးမားသော်လည်းသာ၍
များသော အာနိသင်ရှိသော်လည်း ဒါန သီလ
သမထတို့လောက် ကိစ္စမများ သာ၍နည်းသော
အားထုတ်မှုရှိခြင်းကို အထူးသိစေလိုခြင်း ဖြစ်၏။

ဤ၌လည်း ဝိပဿနာဘာဝနာကို ထူးခြားစွာ
ချီးမွမ်းခြင်း တရပ်ပေတည်း။

---

## ဝက္ကလိသုတ်

အလံ ဝက္ကလိ-
ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊
ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊သော
မံ ပဿတိ။ ယော မံ ပဿတိ၊သော ဓမ္မံ
ပဿတိ၊ ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ
ပဿတိ၊ မံ ပဿန္တော ဓမ္မံ ပဿတိ။

အရှင် ဝက္ကလိသည် ဖျားနာနေခြင်းကြောင့်
ဗုဒ္ဓမြတ်စွာအား အသျှင်ဘုရား တပည့်တော်သည်
လာရောက်ဖူးမြော်ရန် မတတ်နိုင်ဘော့ပါ ဘုရား
ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ခန္ဓဝဂ္ဂသံယုတ်ပါဠိ
တော် ခန္ဓသံယုတ်ထေရဝဂ်ဝက္ကလိသုတ်စာမျက်
နှာ ၉၈၊ မြန်မာပြန် ၉၃ ၌ အထက်၌ဖော်ပြ
အပ်သော ပါဠိတော်ကို ဟောတော်မူ၏။

ဝက္ကလိ မသင့်လျော်-

ဤ အကောင်ပုပ်ကို သင် ဖူးမြင် ခြင်းဖြင့်
အဘယ်အကျိုးရှိမည်နည်း၊ဝက္ကလိ တရားကို မြင်
သောသူသည် ငါဘုရားကို မြင်သည်မည်၏၊ ငါ
ဘုရားကို မြင်သူသည် တရားကို မြင်သည် မည်၏၊
ဝက္ကလိ မှန်၏။ တရားကိုမြင်လျှင် ငါ့ကိုမြင်၏၊
ငါ့ကိုမြင်လျှင် တရားကိုမြင်၏။

ယင်းသို့ ဟောတော်မူခြင်းကြောင့် ရှိခိုးခြင်း
မပြုရဟု မဆိုလို၊ ရှိခိုးနေခြင်းထက် တရားတော်
ကို လိုက်နာ ကျင့်သုံး ပွားများနေခြင်းက သာ
လွန် ပိုမို အကျိုး ကြီးမားခြင်းကို ဟောတော်မူ
သည်ဖြစ်၏။

ဤ ပါဠိတော် အရလည်း ဗုဒ္ဓမြတ်စွာအား
လာရောက်ရှိခိုးခြင်းထက် ကမ္မဋ္ဌာန်း ဘာဝနာကို
ပွားများနေခြင်းကို သာလွန် ပိုမိုအသိုရှိတော်မူ
ခြင်းကို ကောင်းစွာ သိအပ်ပြန်လေသည်။

## အမြတ်ဆုံး ပူဇော်ခြင်း။

သုတ် မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာန သုတ် စာမျက်နှာ ၁၃၄ အပိုဒ် ၁၉၉ မြန်မာပြန် ၁၃၂ ၌ အမြတ်ဆုံး ပူဇော်ခြင်းကို ညွှန်ပြတော်မူ၏။

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံဝင်တော်မူမည့် နောက်ဆုံးအချိန်တွင် လူတို့သည်၎င်း၊ ရဟန်းတော်တို့သည်၎င်း၊ နတ်တို့သည်၎င်း နောက်ဆုံးအနေဖြင့် အကောင်းဆုံးပူဇော်ခြင်းကို ပြုတော်မူကြမည်မှာ ယုံမှားဘွယ် မရှိချေ။ နတ်တို့သည်ကား အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြကုန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် အသျှင်အာနန္ဒာအား-

အာနန္ဒာ ဤမျှလောက်ပူဇော်မှုဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မမည်သေး၊ အလေးပြုသည် မမည်သေး၊ မြတ်နိုးသည် မမည်သေး၊ ပူဇော်သည် မမည်သေး။ ပသသည် မမည်သေး။

အာနန္ဒာ အကြင်ရဟန်းဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာဖြစ်စေ၊ ဥပါသိကာမဖြစ်စေ လောကုတ္တရာ တရားနှင့် လျော်သော တရားကို ကျင့်လျက် နေ၏၊ လျော်သောအကျင့်ကို ကျင့်လျက်နေ၏၊ တရားနှင့် လျော်စွာ ကျင့်လျက်နေ၏၊ ထိုသူသည် အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မည်၏၊ အလေးပြုသည် မည်၏၊ မြတ်နိုးသည် မည်၏။ ပူဇော်သည် မည်၏၊ ပသသည်မည်၏။ ။ဤတွင် အလိုရှိအပ်သော ပါဠိတော်မှာ

ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။

ဤညွှန်ပြတော်မူချက်အရ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန်၊ ဤလောကုတ္တရာ တရား ၉ ပါးသို့ ရောက်ရာ ရောက်ကြောင်း ဖြစ်သော အကျင့်ကို ကျင့်သုံး ဆောက်တည် ပွားများ အားထုတ်နေခြင်းသည် ဗုဒ္ဓမြတ်စွာအား အကောင်းဆုံးပူဇော်ခြင်း ဖြစ်သည်ကို ထင်ရှားစွာ သိအပ်လေပြီ။ ဆက်ဦးအံ့။

---

## ဓမ္မ ဝိဟာရီ ပုဂ္ဂိုလ်

အင်္ဂုတ္တိုရ်ပါဠိတော်“ပဉ္စကနိပါတ်”ယောဓာဇီဝဝဂ် မြန်မာပြန်စာမျက်နှာ ၉ဝမှ ၁၁၇အထိ ယော်ဂီသည်၎င်း၊ ရဟန်းတော် များသည်၎င်း၊ အထူး ဖတ်ရှု လေ့လာတော်မူသင့်ကြ လေသည်။

ဤတွင် ဝိပဿနာချီးမွမ်းခန်းအတွက်အလိုရှိအပ်သောစာမျက်နှာ ၉၃ အပိုဒ်၇၃မြန်မာပြန်၌ ဟောတော်မူခြင်းကိုအတိုချုပ်ကာဖော်ပြပေအံ့။

ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု
ဓမ္မဝိဟာရီ ဟောတီတိ။

(ပါဠိတော် စာမျက်နှာ ၇၆ အပိုဒ် ၇၃)

အသျှင်ဘုရား တရားနှင့်နေလေ့ရှိသူ တရားနှင့် နေလေ့ရှိသူဟု ဆိုပါ၏။ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူဖြစ်ပါသနည်းဟု လျှောက်၏။

(၁) ရဟန်း ဤသာသနာတော်၌ ရဟန်းသည် စာပေကိုသင်လျက် နေ့ကို ကုန်လွန်စေ၏၊ ကိလေသာငြိမ်းမှုကိုကား မကြိုးစား၊ဤရဟန်းကို “ပရိယတ္တိဗဟုလော နော ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏။” တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

(၂) ရဟန်းသည် တရားဟောခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ ကိလေသာ ငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "ပညတ္တိဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

(၃) ရဟန်းသည် တရားတော်ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့် နေ့ကိုကုန်လွန်စေ၏၊ ကိလေသာငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "သဇ္ဈာယဗဟုလော နောဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်၊

(၄) ရဟန်းသည် တရားတော်ကို ကြံစည်ခြင်း "ဝိတက်"တို့ဖြင့် နေ့ကို ကုန်လွန်စေ၏၊ ကိလေသာငြိမ်းမှုကို မကြိုးစား၊ ဤရဟန်းကို "ဝိတက္က ဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏" တရားနှင့် နေလေ့ရှိသူ ဟူ၍ကား မဆိုအပ်။

(၅) ဤ သာသနာ တော်၌ ရဟန်းသည် စာပေကိုသင်ယူ၏၊ ထိုသင်ယူခြင်းဖြင့် နေ့ကိုမကုန်လွန်စေ၊ ကိလေသာငြိမ်းမှုကို ကြိုးစား၏၊ "ဓမ္မဝိဟာရီ ဟောတိ" ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူဖြစ်၏။

အထူးကား-ဤအပိုဒ်ကို သေချာစွာ လေ့လာပြီးသော် စာသင် နေလျက်ပင် ဝိပဿနာကို ပွားများအားထုတ်ရမည်ကို သိအပ်လေသည်။ ဝိပဿနာဘာဝနာကို ပွားများ အားထုတ်သဖြင့် နီဝရဏတရားတို့ ကင်းကွာမှုကြောင့် ဉာဏ်ပညာ ထက်မျက်ခြင်းကို မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်သံယုတ် သာကစ္စဝဂ် သင်္ဂါရဝသုတ် မြန်မာပြန် စာမျက်နှာ ၁၀၀ ပါဠိတော် စာမျက်နှာ ၁၀၆ ၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤ ဓမ္မဝိဟာရီ ဒေသနာတော်ကို ချဉ်းလျက် ထိုထိုသော ပါဠိတော်တို့၏ အာဘော်နှင့် ပေါင်းစပ်လိုက်သော် စာပေသင်ခြင်း၊ တရားဟောခြင်း စသည်တို့မှာ မကောင်းမဟုတ် ကောင်းသည်သာ တည်း။ သို့ရာတွင် ၎င်းတို့နှင့်တကွ မိမိတို့ကိုယ်တိုင် တရားအားထုတ်နေခြင်းက သာလွန်ပိုမို အကျိုးကြီးမားကြောင်းကို ဗုဒ္ဓမြတ်စွာညွှန်ပြဟောကြားတော်မူခြင်း ဖြစ်လေသည်။

ဤ ဒေသနာတော်မှာလည်း ဝိပဿနာ ဘာဝနာ ချီးမွမ်းခန်းပင် ဖြစ်ခြင်းကို ထင်ရှားစွာ သိအပ်လေသည်။

## သူတော်ကောင်းအကျင့်

ဥပရိပဏ္ဏာသ ပါဠိတော် အနုပဒဝဂ် သပ္ပုရိသသုတ်တော် စာမျက်နှာ ၈၆ မြန်မာပြန် ၉၀ ၌ ရှည်လျားစွာ ဟောဘော်မူသည်မှ ဤတွင် လိုအပ်သည်ကို အကျဉ်းချုပ် ဖော်ပြပေအံ့။

ရဟန်းတို့ သူတော်ကောင်းတရားနှင့်သူတော်ကောင်းမဟုတ်သူတို့ တရားကိုဟောကြားပေအံ့။

သူတော်ကောင်း မဟုတ်သူသည် အမျိုးမြတ်ခြင်း၊ ထင်ရှားကျော်စောခြင်း၊ လာဘ်ပေါများခြင်းဖြင့် "အတ္တာနုက္ကံသေတိ ပရံဝမ္ဘေတိ" မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို ရှုတ်ချ၏၊

(ဆဋ္ဌမအကြိမ်)

သူတော်ကောင်းသည်ကား ဤသို့မဟုတ်၊ အမျိုးမြတ်ခြင်း၊ ထင်ရှားကျော်စောခြင်း၊ လာဘ်ပေါများခြင်းတို့သည် လောဘ ဒေါသ မောဟ ကုန်ခြင်းသို့မရောက်၊ လောကုတ္တရာ တရားအားလျော်သောအကျင့်ကို ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်၏၊ ထိုအမျိုးမြတ်ခြင်း၊ ထင်ရှားကျော်စောခြင်း၊ လာဘ်ပေါများခြင်း တို့ဖြင့် မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးအား မရှုတ်ချ။

သူတော်ကောင်း မဟုတ်သူသည် ဗဟုသုတ များခြင်း၊ ဝိနည်းကို ဆောင်ခြင်း၊ တရားဟော

တတ်ခြင်းတို့ဖြင့် မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို ရှုတ်ချ၏။

သူတော်ကောင်းသည်ကား ဤသို့ မဟုတ်၊ ဗဟုသုတများခြင်း၊ ဝိနည်းတော်ကိုဆောင်ခြင်း၊ တရားဟောတတ်ခြင်းတို့သည် လောဘ ဒေါသ မောဟကုန်ခြင်းသို့မရောက်၊ လောကုတ္တရာအား လျော်သော အကျင့်ကိုကျင့်၏၊ တရားနှင့်လျော်စွာကျင့်၏။ ထိုဗဟုဟုတများခြင်း၊ ဝိနည်းတော်ကို ဆောင်ခြင်း၊ တရားဟောတတ်ခြင်းတို့ဖြင့်မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးအား မရှုတ်ချ။

သူတော်ကောင်း မဟုတ်သူသည် ဓုတင်ကို ဆောက်တည်၏။ ဤဓုတင်ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို ရှုတ်ချ၏။

သူတော်ကောင်းသည်ကား ဤသို့ မဟုတ်၊ ဓုတင်ဆောက်တည်ခြင်းသည် လောဘ ဒေါသ မောဟကုန်ခြင်းသို့မရောက်၊ လောကုတ္တရာ အား လျော်သော အကျင့်ကိုကျင့်၏၊ တရားနှင့်လျော်စွာကျင့်၏၊ ထိုဓုတင် ဆောက်တည်ခြင်းဖြင့် မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးအား မရှုတ်ချ။

ဤဒေသနာတော်မှာလည်းဝိပဿနာချီးမွမ်းခြင်းတရပ်ပင် ဖြစ်လေသည်။

---

## သမဏ သုတ်

ခန္ဓဝဂ္ဂသံသုတ် ပါဠိတော် ရာဓသံယုတ် ပဌမဝဂ် သမဏသုတ် စာမျက်နှာ ၁၅၆ မြန်မာပြန် ၁၄၈ ၌ ဟောတော်မူသည်မှာ –

ရာဓ အချို့သော သမဏ ဗြာဟ္မဏတို့သည် ဤဉပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုရင်း၊ အပြစ်ကိုရင်း၊ ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ရာဓ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဲဟု မသမုတ်အပ်ကုန်၊ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ထိုအသျှင်တို့သည် သမဏအဖြစ်အကျိုးငှာရင်း၊ ဗြာဟ္မဏအဖြစ် အကျိုးငှာရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ မနေကြရကုန်၊ ရာဓ အချို့သော

သမဏ ဗြာဟ္မဏတို့သည် ဤဉပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ သာယာဖွယ်ကိုရင်း၊အပြစ်ကိုရင်း၊ထွက်မြောက်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိကြကုန်၏။ ထိုအသျှင်တို့ကိုသမဏတို့၌လည်းသမဏဲဟုသမုတ်အပ်ကုန်၏။ ဗြာဟ္မဏ တို့၌လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအသျှင်တို့သည် သမဏ အဖြစ် အကျိုးငှာရင်း၊ ဗြာဟ္မဏအဖြစ် အကျိုး ငှာရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ် ဖြင့် မျက်မှောက်ပြုကာ နေကြရကုန်၏ဟု မိန့်တော်မူ၏။

ဤဒေသနာတော်မှာလည်း ဝိပဿနာ ဘာဝနာအတွက် အားပေး ချီးမွမ်းသော ဒေသနာတော်တရပ်ပင် ဖြစ်လေသည်။

---

## ဗာလ ပဏ္ဍိတ သုတ်

နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော် နိဒါနသံယုတ် အာဟာရဝဂ် ဗာလပဏ္ဍိတသုတ် စာမျက်နှာ ၂၆၂ မြန်မာပြန် ၂၇၇ ၌ ဟောတော်မူသည်မှ ဤတွင် လိုရင်းအတိုချုပ်ကို ဖော်ပြပေအံ့။

ရဟန်းတို့မသိမှု"အဝိဇ္ဇာ"အပိတ်ပင်ခံရသော တပ်မက်မှု"တဏှာ" နှင့် ယှဉ်သော သူမိုက်အား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဤကိုယ်ရင်း၊အပသန္တာန်၌နာမ်ရုပ် ကိုရင်း၊ဤသို့

အားဖြင့် ဤနှစ်ပါးစုံသည် ဖြစ်၏။ နှစ်ပါးစုံကိုရင်း၊ အာယတန ခြောက်ပါးတို့ကိုရင်း စွဲ၍ တွေ့ထိမှု "ဖဿ" ဖြစ်၏။ ယင်း ဖဿာယတန ခြောက်ပါးတို့ဖြင့်ရင်း ထို ခြောက် ပါး တို့ ကွင် တပါးပါးဖြင့်ရင်း တွေ့ထိသော သူမိုက်သည် ချမ်းသာဆင်းရဲကို ခံစားရ၏။

ရဟန်းတို့မသိမှု "အဝိဇ္ဇာဖြင့်" အပိတ်ပင်ခံရသော တပ်မက်မှု "တဏှာ" နှင့်ယှဉ်သော ပညာရှိအား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်၏။ ဤသို့လျှင် ဤကိုယ်ရင်း၊ အပသန္တာန်၌ နာမ်ရုပ်ရင်း ဤသို့အားဖြင့် ဤနှစ်ပါးစုံသည်ဖြစ်၏။ နှစ်ပါးစုံကိုရင်း၊ အာယတန ခြောက်ပါးတို့ကိုရင်း စွဲ၍ တွေ့ထိမှု "ဖဿ" ဖြစ်၏။ ယင်း ဖဿာယတန ခြောက် ပါး တို့ ဖြင့် ရင်း ထို ခြောက်ပါးတို့တွင် တပါးတပါးဖြင့်ရင်း တွေ့ထိသော ပညာရှိသည် ချမ်းသာဆင်းရဲကို ခံစား၏။

ရဟန်းတို့ လူမိုက်သည် ဝဋ်ဆင်းရဲကုန်ရန်မြတ်သော အကျင့်ကို ကောင်းစွာ မကျင့်၊ ထိုကြောင့် သူမိုက်သည် ခန္ဓာကိုယ် ပျက်စီးသော် ခန္ဓာကိုယ်ကိုရပြန်၏။ ထိုသူမိုက်သည် ခန္ဓာကိုယ်ကိုရသည်ရှိသော် ပဋိသန္ဓေနေမှု "ဇာတိ" အိုမှု "ဇရာ" သေမှု "မရဏ" စိုးရိမ်မှု "သောက" ငိုကြွေးမှု "ပရိဒေဝ" ဆင်းရဲမှု "ဒုက္ခ" နှလုံးမသာမှု "ဒေါမနဿ" ပြင်းစွာပင်ပန်းမှု "ဉပါယာသ" တို့မှမလွတ်၊ ဆင်းရဲမှ မလွတ်မြောက်ဟု ငါဆို၏၊

ရဟန်းတို့ ပညာရှိသည် ဝဋ်ဆင်းရဲ ကုန်ရန်မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်၏။ ထိုကြောင့် ပညာရှိသည် ခန္ဓာကိုယ်ပျက်စီးပြီးသော် ခန္ဓာကိုယ်ကို တဖန်မရ၊ ထိုပညာရှိသည် ခန္ဓာကိုယ်ကို တဖန်မရခဲ့သည်ရှိသော် ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာမှု၊ ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်၏၊ ဆင်းရဲမှ လွတ်မြောက်၏ဟု ငါဆို၏။

ရဟန်းတို့ ဤမြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် သူမိုက်နှင့် ပညာရှိ၏ ထူးခြားချက်တည်း၊ ထူးသော အကြောင်းတည်းဟု ဟောတော်မူ၏။

ဤဗာလပဏ္ဍိတ သုတ်တော်မှာလည်း ဝိပဿနာ ဘာဝနာကို ပွားများကြရန် ဗုဒ္ဓမြတ်စွာသည် အားပေး ချီးမြှင့်တော်မူခဲ့သော "ဝိပဿနာ ဘာဝနာချီးမွမ်းခန်း" တရပ်ပင် ဖြစ်လေသည်။

---

## ချီးမွမ်းခန်း နိဂုံးချုပ်

ဤမှ ဗုဒ္ဓမြတ်စွာသည် ဝိပဿနာ ဘာဝနာ ပွားများမှုကို အလိုရှိတော်မူခြင်းကို ပါဠိတော်များစွာတို့ဖြင့် ကိုးကားဖော်ပြပြီးနောက် လေးလေးနက်နက် အရေးကြီးစွာ မှာထားခဲ့လိုသည်မှာ–

မထမအချက်ကား–ဒါန သီလ သမထမျှတွင် ရပ်တန့်မနေမူ၍ မိမိတို့ကိုယ်တိုင် "ဝိပဿနာ ဘာဝနာ" ကို တိုးတက်ပွားများအားထုတ်တော်မူကြရန် ဖြစ်၏။

ဒုတိယအချက်ကား- မြန်မာပြည်တွင် ၇၅ ရာခိုင်နှုန်းမှာ တောသူတောင်သား လယ်သမားကြီးများ ဖြစ်ကြလေသည်။ လယ်သမားကြီးများသည် နွား ကျွဲ တို့နှင့် ယှဉ်တွဲကာ အင်တိုက်အားတိုက် မိုးရွာ နေပူမရှောင် အလုပ်လုပ်ကိုင်ကြရ၏။ နိုင်ငံခြားသုံးငွေကို အများဆုံးရအောင် ရှာဖွေပေးနေကြသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြ၏။ ထိုအကြောင်းကိုလည်း ဒုတိယ စစ်ကြီးမဖြစ်မီ ၁၉၃၅ ခုနှစ်လောက်တွင် မိမိရေးသားခဲ့သော "ကြီးပွားချမ်းသာရေး" ၈၁ အုပ်တွင် ထင်ရှားလေးနက်စွာ ထုတ်ဖော်ရေးသား ထားခဲ့လေပြီ။

တောသူတောင်သားလယ်သမားကြီးများ

ကြရသည်မှာ မြို့နှင့်ဝေး၏။ အကြားအမြင် ဗဟုသုတ နည်းပါးလှ၏။ ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာ ဆိုသည်မှာ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သားရှင်ပြုခြင်း စသည်တို့ကို ပြုသော် မိမိတို့အတွက် ဘာသာရေး သာသနာရေးကိစ္စအဝဝ ပြည့်စုံပြီဟု သိရှိ နားလည် ထားကြလေသည်။

၎င်းတို့သည် "ဝိပဿနာ ဘာဝနာ"ကို ပွားများရမည် ဆိုခြင်းကိုပင် မသိရှာကြချေ။ ပွားများမှုမှာကား ဝေးလေစွ၊ ထို့ကြောင့် စာသင်ကြား ပြသရာ၌၎င်း၊ တရားဟောပြောရာ၌၎င်း၊ မသိနားမလည်ရှာကြကုန်သော တောသူတောင်သား လယ်သမားကြီးများကို ဤဝိပဿနာ ချီးမွမ်းခန်း၌ ဟောတော်မူသည်တို့ကို ထည့်သွင်းဟောပြော သင်ပြပေးတော်မူကြရန် အထူးတိုက်တွန်းခဲ့ပါ၏။

**တတိယ အချက်ကား–** ပြည်တွင်း ပြည်ပ တောင်တန်း သာသနာပြုတော်မူကြရာ၌ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏အဆီအနှစ်အရသာတို့ကို ရာခိုင်နှုန်းအပြည့်အစုံ ရရှိနိုင်စေရန် မှန်ကန်သည့် ဝိပဿနာ ဘာဝနာ ပွားများနည်းကိုပါ ထည့်သွင်းဟောပြောသင်ပြပေးတော်မူရစ်ကြပါလေ သူ့မတော်ကောင်းအပေါင်းတို့။

---

# ဒုက္ခကိုသိမှ နိဗ္ဗာန်ကို လိုချင်သည်

**လူနတ်ဗြဟ္မာ သတ္တဝါမရှိ၊ ဒုက္ခသာရှိ၏၊**
**ဒုက္ခသာဖြစ်၏၊ ဒုက္ခသာချုပ်၏။**

## ( ၂ )

တိရစ္ဆာန်သည်၎င်း၊ လူသည်၎င်း၊ နတ်သည်၎င်း၊ သတ္တဝါဟူသမျှတို့သည် မည်သူမျှဒုက္ခကို မခံလိုကြချေ၊ သို့ရာတွင် ဒုက္ခသည်အဘယ်နည်း၊ ဒုက္ခကို သေချာတိကျမှန်ကန်စွာသိပါ၏လောဟု မေးလျှင် မည်သူမျှ မှန်ကန်တိကျစွာမသိကြချေ။

တဆူတဆူသောဘုရားရှင်တို့ပွင့်တော်မူမှသာလျှင် ဒုက္ခကို ရာခိုင်နှုန်းအပြည့် သိကြရလေသည်။ ဒုက္ခကို သိသည်မျှသာလျှင် နိဗ္ဗာန် ချမ်းသာကို အလိုရှိကြ၏။ ဒုက္ခကိုတဆယ်သားသိလျှင်နိဗ္ဗာန် ချမ်းသာကို တဆယ်သား အလိုရှိသည် မည်၏။ ဒုက္ခကို တပိဿာသိလျှင် နိဗ္ဗာန် ချမ်းသာ ကို တပိဿာ အလိုရှိသည်မည်၏။ ထို့ကြောင့်ဒုက္ခကို တိကျမှန်ကန်စွာ သိနိုင်သမျှသိအောင် ကြိုးစားရန် အထူးအရေးကြီးလေသည်။

၁။ သင်္ဂါယတနံ ဝဂ္ဂ သင်္ဂါယတန သံယုတ်ပါဠိတော် ဂိလာနဝဂ် သမ္ဗဟုလ ဘိက္ခုသုတ် (ဆဋ္ဌမူမြန်မာပြန်စာမျက်နှာ ၂၇၀)၌သာသနာပ၌ ရှိကြကုန်သောပရိဗိုဇ်တို့သည် ရဟန်းတော်တို့အား အသျှင်တို့ အသျှင်တို့သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ လေ့လာကျင့်သုံးနေကြပါသနည်းဟု မေးကြရာ ရဟန်းတော် များကငါတို့သည် ဒုက္ခကိုပိုင်းခြား၍ ပိုင်နိုင်စွာသိခြင်းအကျိုးငှာဖြစ်၏ဟု ဖြေဆိုတော်မူကြကုန်၏။

၂။ ထိုနည်းတူစွာ သင်္ဂါယတန ဝဂ္ဂသံယုတ်ပါဠိတော် ဇမ္ဗုခါဒက သံယုတ်၊ ဂံမတ္တိယသုတ်၊ (ဆ၊မြန်၊စာ ၄၄၄)၌ အသျှင်သာရိပုတ္တရာကိုယ်တော်မြတ်အား ပရိဗိုဇ်တို့က ငါ့သျှင် သင်သည် အဘယ်အကျိုးငှာ ရဟန်းဂေါတမထံ၌ လေ့လာ

ကျင့်သုံးနေပါသနည်းဟု မေးကြရာ၊ ငါသျှင်တို့ ငါသည် ဒုက္ခကိုပိုင်းခြားသိခြင်းအကျိုးငှာဖြစ်၏ ဟု ဖြေတော်မူ၏။ ယခုခေတ် အသုံးအနှုန်းနှင့် ဆိုသော် ဒုက္ခသင်တန်းတက်နေကြ၏ ဟု ဖြေဆို တော်မူခြင်းပင် ဖြစ်လေသည်။

၃။ အမှန်အားဖြင့်ဒုက္ခကိုနဲနဲသိလျှင် နိဗ္ဗာန် ချမ်းသာကိုနဲနဲအလိုရှိ၏။ဒုက္ခကိုများများသိလျှင် နိဗ္ဗာန်ချမ်းသာကို များများ အလိုရှိ၏။ ဒုက္ခကို ရာခိုင်နှုန်းအပြည့်သိရန် မလွယ်ကူပုံကို ရှင်တော် ဘုရားသည် မဟာဝဂ္ဂသံယုတ် ပါဠိတော် သစ္စ သံယုတ်၊ ဓမ္မစက္က ပဝတ္တနဝဂ် သက်ာသနသုတ် (ဆ၊မြန်၊စာ ၃၈၃)၌ ရဟန်းတို့ဒုက္ခကိုရေးသား ရသော် ဗျည်းအက္ခရာတို့သည် အတိုင်းအရှည်မရှိ ဖြစ်ရာ၏။ ထိုမျှဒုက္ခသည် များပြားလှ၏။ ထို ကြောင့် ဤသည်ဤသည်တို့ကား ဒုက္ခ၊ သိရှိရန် ကြိုးစားအားထုတ်အပ်၏ဟု ဟောတော် မူလေ သည်။

၄။ တဖန်သော် ဥပရိပဏ္ဏာသ ပါဠိတော် သုညတဝဂ် ဗာလ ပဏ္ဍိတသုတ် (ဆ၊ မြန်၊ စာ ၂၀၈)၌ မကောင်းမှုဒုစရိုက်ကိုကျင့်သူတို့၏သွား ရာဖြစ်သော အပါယ်ငရဲသည် လွန်ကဲသော ဒုက္ခ ဖြစ်၏။ ဥပမာဆိုသော် မင်းဒဏ် သင့်သောသူ တယောက်အား နံနက်တွင် လှံအချက် တရာဖြင့် ထိုး၏။ နေ့လယ်တွင် လှံအချက်တရာဖြင့် ထိုး၏။ ညချမ်းတွင် အချက်တရာဖြင့်ထိုးပြန်၏။အဘယ်မျှ ဒုက္ခခံရမည်နည်းဆိုသော်ပထမလှံချက်ဖြင့်ပင်မခံ နိုင်အောင်ရှိရာ၊ လှံအချက်သုံးရာဆိုသော် အဘယ် ဆိုဘွယ်ရာရှိတော့အံ့နည်း။ ထိုဥပမာသည် နည်း လှသေး၏ဟု ဟောတော်မူ၏။ ဒုက္ခကို ဤသည် ဤသို့ပင်လည်း ပညာမျက်စိဖြင့် သိမြင်ရာ၏။

ဤတွင် ခက်သောအဆင့်သို့ တက်ဦးအံ့။ ခန္ဓ ဝဂ္ဂ ခန္ဓသံယုတ်ပါဠိတော် ထေရဝဂ်အနုရာဓသုတ် (ဆ၊မြန်၊စာ၆၁)၌၎င်း၊သဠာယတနဝဂ္ဂအဗျာ ကတသံယုတ်-ပါဠိတော်၊ အနုရာဓသုတ်(ဆ၊မြန်၊ စာ ၅၄၁) ၌၎င်း ဟောတော်မူသည်ကို ဓမ္မ ကထိကသည်၎င်း၊ ဓမ္မကထိက၏တပည့်သည်၎င်း၊ ဝါ-မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိတော်မူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် အထူးသိအပ်လေသည်။

၅။ ယင်းပါဠိတော်ကို အတိုချုပ်အားဖြင့် သဘောပေါက်ရန် လွယ်ကူသောနည်းဖြင့် ရေး သားခဲ့ရသော် လူနတ်ဗြဟ္မာ သတ္တဝါသည် ခန္ဓာ ငါးပါးမဟုတ်၊ တဖန်သော် ခန္ဓာငါးပါးသည် လူနတ်ဗြဟ္မာ သတ္တဝါမဟုတ်၊သို့ရာတွင် ခန္ဓာငါး ပါးမှကင်း၍ လူနတ်ဗြဟ္မာ သတ္တဝါမရှိဟု ဟော တော်မူ၏။ဤတွင် ခွဲခြားသိရမည်မှာ ယောကျ်ား မိန်းမလူနတ်ဗြဟ္မာဆိုသည်မှာသမ္မုတိသစ္စာဖြစ်၍ ခန္ဓာငါးပါးဆိုသည်မှာ ပရမတ္ထသစ္စာဖြစ်၏။

၆။ တနည်းဆိုသော် ယောဂီပုဂ္ဂိုလ်သိရမည် မှာ သမ္မုတိသစ္စာဆိုသည်မှာ အဟုတ်မရှိ သမုတ် ရုံမျှသာဖြစ်၏။ ပရမတ္ထသစ္စာဆိုသည်မှာ အဟုတ် ရှိ၏။ သမုတ်ရုံမျှသာမဟုတ်ချေ။

ထင်ရှားစေရသော် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာ ငါးပါး၊ အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊ နိဗ္ဗာန်စသည်တို့မှာ အဟုတ်ရှိ၏။ ယောကျ်ား မိန်းမ လူနတ်ဗြဟ္မာ သတ္တဝါဟူသည်အဟုတ်မရှိ၊ ပညတ်အားဖြင့် ခေါ်ဆို သမုတ်ကြခြင်းမျှသာ ဖြစ်၏။ထို့ကြောင့် ဓမ္မပဒပါဠိတော်ဗာလဝဂ်၌-

> ပုတ္တာမတ္ထိ ဓနမတ္ထိ၊
> ဣတိ ဗာလော ဝိဟညတိ။
> အတ္တာပိ အတ္တနော နတ္ထိ၊
> ကုတော ပုတ္တော ကုတော ဓနံ။

ဤတွင် ဆိုလိုရင်းအဓိပ္ပာယ်သော်ကား သား သမီးဥစ္စာပစ္စည်းသည်ရှိ၏ဟု လူမိုက်သည် စိုးရိမ် ပူပန်၏။ မိမိပင်လျှင်(ဝါ)ငါဟူသည်ပင်လျှင်မရှိ ပါဘဲလျက် အဘယ်မှာလျှင် သားသမီး ဥစ္စာ ပစ္စည်းသည် ရှိနိုင်ပါအံ့နည်းဟု ဟောတော်မူ၏။

ဤသို့လျှင် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့်သမ္မုတိသစ္စာနှင့်ပရမတ္ထ သစ္စာကိုခွဲခြား၍ သိ၍ထားရသည်။ယင်းသို့ သိရှိ ထားပါက သသတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသည်တို့ကို စင်ကြယ်နိုင်ရန် လွယ်ကူလာပေ

၁၄၁၉၃

တော့၏။ တနည်းဆိုသော် အတ္တနှင့်အနတ္တကွဲရန် လွယ်ကူလာပေတော့၏။

၇။ ပရမတ္ထ သစ္စာ၌ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ ဒုက္ခသာရှိခြင်းကို ထင်ရှားစေရန် ဆိုဦးအံ့၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ် ဝဇိရာသုတ် စာမျက်နှာ ၁၃၇- မြန်မာပြန် ၁၃၁ ၌—

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ထိုစကားသည် မှန်၏၊ ဒုက္ခစု သည်သာလျှင် ဖြစ်ပေါ်၏။ စင်စစ်ဒုက္ခသည်သာလျှင် တည်၏။ ဒုက္ခမှကြဉ်၍တပါးသောအရာသည်မဖြစ်၊ ဒုက္ခမှ ကြဉ်၍ တပါးသောအရာသည် မချုပ်ဟု မာရ် နတ်အား ပြေဆိုတော်မူ၏။

၈။ ပရမတ္ထသစ္စာ၌ လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ဒုက္ခသာရှိခြင်းကို ထပ်ဆင့်ထင်ရှားစေဦးအံ့၊ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ နိဒါန သံယုတ်၊ အာဟာရဝဂ်၊ ကစ္စာနဂေါတ္တသုတ်၌—

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီတိ န ကင်္ခတိ န ဝိစိကိစ္ဆတိ၊အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။ ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ။

ဒုက္ခသည်သာလျှင် ဖြစ်သည်ရှိသော် ဖြစ်၏။ ဒုက္ခသည်သာလျှင် ချုပ်သည် ရှိသော် ချုပ်၏ ဟူ၍ကိုယ်တိုင်သိခြင်းသည် ထိုပုဂ္ဂိုလ်အားဖြစ်၏။ မိမိဉာဏ်မှတပါး သူတပါးဟူသော အကြောင်း ကြောင့် မယုံမှား၊ သို့လော သို့လောဟု တွေး တောခြင်းမရှိ၊ အိုကစ္စာန ဤမျှသော အတိုင်းအာ ရှည်ဖြင့် သမ္မာဒိဋ္ဌိသည်ဖြစ်၏ဟုဟောတော်မူ၏။

၉။ အထက်တွင်ခန္ဓာငါးပါးသည် သတ္တဝါ မဟုတ်၊ သတ္တဝါသည် ခန္ဓာငါးပါးမဟုတ်၊ သို့ ရာတွင် သတ္တဝါသည် ခန္ဓာငါးပါးမှ ကင်း၍ လည်း မဖြစ်ဆိုသည်ကို ဖော်ပြခဲ့ပြီးဖြစ်ရာ ခန္ဓာ ငါးပါးသည် ဒုက္ခ၊ ဒုက္ခသည် ခန္ဓာငါးပါး ဖြစ် သည်ကို ဆက်စပ်ပေးပေအံ့။

ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် ရာဓသံယုတ် ဒုတိယဝဂ် ဒုက္ခသုတ် စာမျက်နှာ ၁၆၀၊ အပိုဒ် ၁၇၄ ၌—

ဒုက္ခံ ဒုက္ခန္တိ ဘန္တေ ဝုစ္စတိ၊ ?
ကတမံ နု ခေါ ဘန္တေ ဒုက္ခန္တိ။

အသျှင်ဘုရား ဒုက-ဒုက္ခဟု ဆိုအပ်ပါ၏၊ အ ဘယ်သည် ဒုက္ခဖြစ်ပါသနည်း၊ အသျှင်ဘုရားဟု လျှောက်ထား၏။ ထိုအခါ ရှင်တော်ဘုရားက—

ရူပံ ခေါ ရာဓ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊ သညာ ဒုက္ခာ၊ သင်္ခါ ရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။

ရာဓ ရုပ်သည်ဒုက္ခ၊ ဝေဒနာသည်ဒုက္ခ၊ သညာ သည် ဒုက္ခ၊ သင်္ခါရတို့သည် ဒုက္ခ၊ ဝိညာဏ်သည် ဒုက္ခဟု ဖြေဆိုတော်မူ၏။ (ဤတွင် ခန္ဓာငါးပါး သည် ဒုက္ခဟု ဖြေဆိုတော်မူခြင်းဖြစ်၏)။

အထက်၌ ဆိုအပ်ခဲ့ပြီးသော ပါဠိတော် အ ရပ်ရပ်တို့ကို ပေါင်းစပ်ကာ နိဂုံး ချုပ်သော် ပရမတ္ထ သစ္စာအားဖြင့် လူနတ် ပြဟ္မာ ဟူသည် လုံးဝမရှိ ဒုက္ခသာရှိ၏၊ ဒုက္ခသာ ဖြစ်ပေါ်၏။ ဒုက္ခသာ ချုပ်၏ဟုဗုဒ္ဓမြတ်စွာ ဟောတော်မူခြင်း ကို ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့်သိရှိထားရ၏။ဒုက္ခကိုသိသလောက် မျှသာ နိဗ္ဗာန်ချမ်းသာကို အလိုရှိသည် မည်၏။

# နတ္ထိ ခန္ဓ သမာ ဒုက္ခာ

## ခန္ဓာနှင့်တူသော ဒုက္ခမရှိ ဆိုသည်ကို သိရှိရန် ဒုက္ခသင်တန်း တက်ကြရ၏။

## ( ၃ )

လွန်ခဲ့သည့် အပတ်က ဒုက္ခ အကြောင်းကို ဆက်ဦးအံ့၊ သဠာယတန သံယုတ် ပါဠိတော် အစ အနိစ္စဝဂ် အဇ္ဈတ္တဒုက္ခသုတ် စာမျက်နှာ ၂၃၇ မှ ဤတွင် အလိုရှိသည်ကို ကောက်နုတ် ဖော်ပြရသော်–

စက္ခုံ ဘိက္ခဝေ ဒုက္ခံ၊ သောတံ ဒုက္ခံ၊
ဃာနံ ဒုက္ခံ၊ ဇိဝှာ ဒုက္ခာ၊
ကာယော ဒုက္ခော၊ မနော ဒုက္ခော။

ရဟန်းတို့၊ မျက်စိသည် ဒုက္ခ၊ နားသည်ဒုက္ခ၊ နှာသည် ဒုက္ခ၊ လျှာသည် ဒုက္ခ၊ ကိုယ်သည် ဒုက္ခ၊ စိတ်သည် ဒုက္ခဟု ဟောတော်မူ၏။

ယင်း ပါဠိတော် ဗာဟိရ ဒုက္ခသုတ်၌ ရူပါ ဘိက္ခဝေ ဒုက္ခာ၊သဒ္ဒါ၊ ဂန္ဓာ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ ဒုက္ခာ။

ရဟန်းတို့ ရူပါရုံတို့သည် ဒုက္ခ၊ သဒ္ဒါရုံတို့သည် ဒုက္ခ၊ ဂန္ဓာရုံတို့သည် ဒုက္ခ၊ရသာရုံတို့သည် ဒုက္ခ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ဒုက္ခ၊ ဓမ္မာရုံ တို့သည် ဒုက္ခဟုဟောတော်မူ၏၊၎င်းတို့ကို ဒုက္ခဟူ၍ မသိကြကုန်။

တဖန်တုံ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဒေဝတာသံသုတ်၊ အဒ္ဓဝဂ်၊ ဥဍ္ဍတသုတ် စာမျက်နှာ ၃၇၊အပိုဒ် ၆၇၌ ဒေဝတာတဦးကလျှောက်ထားသည်မှာ—

ကိသ္မိံ လောကော
ပတိဋ္ဌိတောတိ။

လူအပေါင်းတို့သည် အဘယ်တရား၌ကည်ပါသနည်း။

ဒုက္ခေ လောကော
ပတိဋ္ဌိတောတိ။

လူအပေါင်း တို့သည် ဒုက္ခ၌ ဟည်၏ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူ၏။

ဤသို့ အထက်ဘွင် ဖော်ပြအပ်သော ပါဠိတော်များအရ မျက်စိ၊ နား၊ နှာ စသည်တို့နှင့် တကွ လူသည်ဒုက္ခ၊ ဒုက္ခသည် လူဟူ၍ သိအပ်၏။ ထို့ကြောင့် ဤစာကိုဖတ်ရှုနေခြင်းသည်ဒုက္ခ၊ထို့ကြောင့် လူဟူသရွေ့သည် ဒုက္ခဟု ပရမတ္ထသစ္စာနည်းအားဖြင့် တိကျပြတ်သားစွာ သိမှတ်ထားရပေမည်။

နောက်ထပ်တဖန် ဖော်ပြရပြန်သော် ဓမ္မပဒ ပါဠိတော် သုခဝဂ်စာမျက်နှာ၄၃၊အပိုဒ်၂၀၂၌ (အစဉ်ရှတ်ဆိုပွားများနေရန် ပါဠိတော်)

နတ္ထိ ခန္ဓ သမာ ဒုက္ခာ
နတ္ထိ သန္တိ ပရံ သုခံ။

ခန္ဓာနှင့်တူသော ဒုက္ခမည်သည်မရှိ၊ နိဗ္ဗာန်ထက် လွန်ကဲသော ချမ်းသာမည်သည် မရှိဟု ဟောတော်မူ၏။

ဤမှတဖန် သစ္စာလေးပါး တရားတော်ကို ဟောတော်မူရာ၌ လာရှိသော ဒုက္ခသစ္စာကို ဖော်ရှင်းပေးခဲ့ပြီးအံ့။ မဟာဝဂ္ဂ သံယုတ်ပါဠိတော် သစ္စသံယုတ် ဓမ္မစက္ကပဝတ္တနဝဂ် ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူရာ၌ (အရ ကျက်ဆောင်ကာ ဆင်ခြင်သုံးသပ်ရမည့် ပါဠိတော်)

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယ
သစ္စံ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ
ဗျာဓိပိ ဒုက္ခော၊မရဏံပိ ဒုက္ခံ၊ အပ္ပိ

ယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ရဟန်းတို့—ဤသည်ကား ဒုက္ခကေန် အမှန်ဖြစ်သော အရိယာတို့ သိအပ်သော သစ္စာတရားမည်၏။ ပဋိသန္ဓေနေရခြင်းသည်လည်း ဒုက္ခ၊အိုရခြင်းသည်လည်းဒုက္ခ၊ နာရခြင်းသည်လည်း ဒုက္ခ၊ သေရခြင်းသည်လည်း ဒုက္ခ၊မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းနေရခြင်းသည်လည်းဒုက္ခ၊ ချစ်ခင်နှစ်သက်သောလူတို့နှင့် ကွေကွင်း ခွဲခွာနေရခြင်းသည်သည်းဒုက္ခ၊အကြင်အလိုရှိ တောင့်တခြင်းကိုမရ၊ ထိုတောင့်တတိုင် ကို မရခြင်းသည်လည်းဒုက္ခ၊အကျဉ်းချုပ်အားဖြင့်ဥပါဒါန်တရားတို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခတို့ပေတည်း။

ဤမျှကို အများအားဖြင့် သိပြီးဖြစ်၏။သို့ရာတွင် ထိုဒုက္ခသစ္စာနှင့်တွဲရန် သစ္စဉာဏ် ကိစ္စဉာဏ်ကတဉာဏ်တို့ ကျန်ရှိပေသေး၏။ ထိုမှတပါး ဤဓမ္မစကြာဒေသနာတော်၌ ဟောတော်မူသည်မှာ အကျဉ်းဥဒ္ဒေသမျှသာဖြစ်ရကား သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာန် ဒေသနာဘော်တွင် ဓမ္မာ နုပဿနာ၌ လာရှိသော ဒုက္ခသစ္စာနိဒ္ဒေသကိုလည်း ကြေညက်စွာလေ့လာရန်ကျန်ရှိပေသေး၏။ ထိုမျှမကသေး ဝိပဿနာလုပ်ရပ်နှင့်သက်ဆိုင်သော ပါဠိတော် အရပ်ရပ်တို့ကိုလည်းကြေညက်စွာ လေ့လာရန် များစွာ ကျန်ရှိပေသေး၏။

ယခုသော် အထက်တွင် ဖော်ပြခဲ့သော ဒုက္ခသစ္စာ အတွက် လာရှိသော သစ္စဉာဏ်ကို ဆက်ပေအံ့။

ဣဒံ ဒုက္ခံ အရိယသစ္စန္တိမေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ။
အာလောကော ဥဒပါဒိ။

ရဟန်းတို့ဤဒုက္ခအစုံသည်ကား အရိယသစ္စာမည်၏ဟူ၍ ဤသို့ငါဘုရားသည် ဘုရားဖြစ်သည့်မှရှေး၌ မကြားစဘူး ကုန်သော သစ္စာတရားတို့၌မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့်သိသောပညာသည် ထင်ရှားဖြစ်၏။ ထိုထွင်း၍သိသော ဝိဇ္ဇာဉာဏ်သည် ထင်ရှားဖြစ်၏။ ပညာအလင်းရောင်သည် ထင်ရှားဖြစ်၏။

ဤဒုက္ခသစ္စာ၌ သစ္စဉာဏ် ပါဠိတော်များကိုဌင်၊ မြန်မာပြန်ကိုဌင်း၊ ဖတ်ရှုသောအခါ စာအား မရှိသူတို့အဘွက် အလိုရှိအပ်သော ပါဠိတော်၏ သဘာဝကိုသဘောပေါက်ရန် မလွယ်ကူချေ။ ထို့ကြောင့် တိုတောင်းစွာဖြင့် နားလည်စေရန် ရေးသားဖော်ပြပေအံ့။

ယောဂီအပေါင်းတို့၊ ပဋိသန္ဓေနေရခြင်းသည်ဒုက္ခ၊ အိုရခြင်းသည် ဒုက္ခ၊ နာရခြင်းသည် ဒုက္ခ၊ သေရခြင်းသည် ဒုက္ခ၊ ကိုယ်၌ထိခိုက်နာကျင်ခြင်းသည် ဒုက္ခ၊ စိတ်၌ထိခိုက်ခြင်းသည်ဒုက္ခ၊အလိုဆန္ဒတောင့်တတိုင်း မရခြင်းသည်ဒုက္ခ၊ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးသည်ဒုက္ခ၊ ဤဒုက္ခအစုတို့သည် အရိယာပုဂ္ဂိုလ်တို့ သိရမည့် တရားဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့ပြီ။

အိုယောဂီ အပေါင်းတို့၊ ဤဒုက္ခ အစုံသည်ဒုက္ခသစ္စာ၌ သစ္စာဉာဏ်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရှိလိုသော ယောဂီအပေါင်းတို့ သိရှိရမည့်ဒုက္ခအစုဖြစ်သည်ကို ဗုဒ္ဓမြတ်စွာပင်လျှင် သိဒ္ဓတ္ထမင်းသား ဘဝကမသိခဲ့ချေ။ဒုက္ကရစရိယာ ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူစဉ်ကလည်း မသိခဲ့ချေ။ ဘုရားအဖြစ်သို့ ရောက်တော်မူပါမှ သိရခြင်းဖြစ်သည်ဟု ညွှန်ပြတော်မူခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိတော်မူကြပါမူ၊ ဒုက္ခကိုသိမြင်အောင် ရှေးဦးစွာ လေ့ကျင့်ပွားများတော်မူကြပါလေ၊ဒုက္ခကိုများများသိလေလေ၊ နိဗ္ဗာန်ချမ်းသာကို များများအလိုရှိလေလေဖြစ်၏။ဤကား ဒုက္ခသစ္စာအတွက်လိုရင်းရှင်းတမ်းပေတည်း။

ဤမှတဖန် ဒုက္ခသစ္စာ နိဂုံးချုပ်ရာတွင်ဖော်ပြခဲ့လိုပြန်သည်မှာ သစ္စယမိုက် ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ ၂၀၈ အပိုဒ် ၁၀ ၌ လာရှိသည်မှာ-

ဒုက္ခံ ဒုက္ခသစ္စန္တိ၊ အာမန္တာ။

ဒုက္ခသည် ဒုက္ခသစ္စာမည်သလော၊မည်ပေ၏။

ဒုက္ခသစ္စံ ဒုက္ခန္တိ။
ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ
ဌပေတွာ အဝသေသံ ဒုက္ခသစ္စံ
န ဒုက္ခံ၊ ကာယိကံ ဒုက္ခံ စေတသိကံ
ဒုက္ခံ ဒုက္ခဉ္စေဝ ဒုက္ခသစ္စဉ္စ။

ဒုက္ခသစ္စာသည် ဒုက္ခမည်သလော၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်ပါးကို ချန်ထား၍ ကြွင်းသော တရားအပေါင်းတို့သည် ဒုက္ခသစ္စာမည်၏။ ဒုက္ခကားမမည်၊ ကာယိကဒုက္ခ ၊စေတသိကဒုက္ခ နှစ်ပါးသည် ဒုက္ခသစ္စာလည်း မည်၏။ ဒုက္ခလည်း မည်ပေ၏။

ဤသစ္စယမိုက် ပါဠိတော်အရ အရိယာဖြစ်လိုသူတို့ သိအပ်သော ဒုက္ခမှာ နှစ်မျိုး နှစ်စား ရှိခြင်းကို ဟောတော်မူ၏။

ပဌမတမျိုးမှာအိုနာသေဘေးစသောကိုယ်၏ ဆင်းရဲခြင်း ကာယိကဒုက္ခနှင့် စိတ်၏ဆင်းရဲခြင်း စေတသိကဒုက္ခ၊ ဤဒုက္ခတို့မှာ ဒုက္ခလည်းဖြစ်၏။ ၎င်းပြင် အရိယာဖြစ်လိုသူတို့ သိရမည့်ဒုက္ခတရား လည်း ဖြစ်၏။

ကျန်တမျိုးကား ပဌမအမျိုးကဲ့သို့ ကာယိက ဒုက္ခ၊ စေတသိကဒုက္ခ မပါရှိဘဲ ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါး ပရမတ္ထသဘာဝ၏ ဒုက္ခဖြစ်နေခြင်းကို အရိယာဖြစ်လိုသူတို့ သိရမည့် ဒုက္ခတရား ဖြစ်၏။ယင်းသို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါမရှိဘဲ ပရမတ္ထ သဘာဝဖြစ်သော ခန္ဓာငါးပါး ဒုက္ခအစစ် ဖြစ်နေခြင်းကို ပညာမျက်စိဖြင့် သိရှိရန်မှာ မလွယ်ကူချေ။

ထို့ကြောင့် ယခင်အပတ်က အနုရုဓဒေသနာ တော်၌ သတ္တဝါသည်ခန္ဓာငါးပါးမဟုတ်၊ ခန္ဓာ ငါးပါးသည် သတ္တဝါမဟုတ်ခြင်းကို ဖော်ပြခဲ့၏။ ကစ္စာနဒေသနာတော်တွင် ဒုက္ခသာ ဖြစ်ပေါ်၍ ဒုက္ခသာချုပ်၏ဟု ဟောတော်မူခြင်းကို ဖော်ပြခဲ့၏။ အထက်တွင်(နတ္ထိ ခန္ဓ သမာ ဒုက္ခာ) ခန္ဓာ ငါးပါးနှင့်တူသော ဒုက္ခမရှိဟူ၍ငင်း၊ လူသည် ဒုက္ခနှင့် တည်ရှိပုံတို့ကို ဖော်ပြခဲ့၏။

ဤသို့ ကာယိကဒုက္ခ၊စေတသိကဒုက္ခ မပါမရှိဘဲ ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာ ငါးပါးဒုက္ခဖြစ်နေခြင်းကို သုတမယ ဉာဏ်အား ဖြင့် သိမှုလည်း လက္ခဏာရေး သုံးပါး တင်ရှုပွား များရာတွင် ဝိပဿနာ ဘာဝနာ၏ အာရုံဘူမိ မှန်ကန်နိုင်ပေသည်။ဝိပဿနာ ဘာဝနာ၏အာရုံ ဘူမိ မှန်ကန်မှုလည်း နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိ နိုင်လေသည်။

ယင်းသို့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ မပါ မရှိဘဲ(နတ္ထိ ခန္ဓ သမာ ဒုက္ခာ)ခန္ဓာငါးပါး ဒုက္ခ ဖြစ်နေခြင်းကို ပညာမျက်စိဖြင့် မြင်ရန်မှာ အထူး ခဲယဉ်းလှလေသည်၊ ထို့ကြောင့်လည်း ရဟန်း တော်များနှင့် သျှင်သာရိပုတ္တရာ ကိုယ်တော်မြတ် သည် ဗုဒ္ဓမြတ်စွာထံတော်၌ ဒုက္ခသင်တန်း တက် ကြရခြင်းဖြစ်လေသည်။

# နိဗ္ဗာန်ကို အလိုရှိသူသည်

**တဏှာနှင့် အဝိဇ္ဇာကို သတ်ရမည်ဆိုသည်ကို သိဒ္ဓတ္ထမင်းသား မသိရှာချေ။**

## ( ၄ )

ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော ဒေသနာတော် အရပ်ရပ်တို့ကို လေ့လာသောအခါ ဗုဒ္ဓမြတ်စွာသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာနှစ်မျိုးနှစ်စားထား၍ ဟောတော်မူ၏။

သမ္မုတိသစ္စာအတွက် လူနတ်ဗြဟ္မာ သတ္တဝါကို မူတည်လျက် ဟောတော်မူ၏၊ ပရမတ္ထ သစ္စာကို ဟောတော်မူရာ၌ကား သဘာဝဓမ္မသဘောတရားကို မူတည်၍ ဟောတော်မူ၏။

ယင်းသို့ ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် သမ္မုတိ သစ္စာနှင့် ပရမတ္ထသစ္စာ ကွဲမှုသာလျှင် ဝိပဿနာ ဘာဝနာ လုပ်ရပ်တွင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသည်တို့ကွာရန် လွယ်ကူနိုင်လေသည်။

ပရမတ္ထ သစ္စာ၌ လူနတ်ဗြဟ္မာ သတ္တဝါမရှိ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးဖြစ်စဉ်သာရှိ၏၊ ယင်းခန္ဓာ ငါးပါးသည် (နတ္ထိ ခန္ဓ သမာ ဒုက္ခာ) သုခဟူသည် လုံးဝမပါမရှိ ဒုက္ခအဘိသာဖြစ်၏၊ ၎င်းဒုက္ခကို ပညာမျက်စိဖြင့် မြင်နိုင်ရန် ဆရာကောင်းထံတွင် နည်းခံပါလေ။ ခန္ဓာငါးပါးအစဉ် ဝဋ်ဒုက္ခကိုမြင်မှ နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။

တနည်းဖြင့် ထင်ရှားစေဦးအံ့၊ ပရမတ္ထသစ္စာအားဖြင့် လူနတ်ဗြဟ္မာ သတ္တဝါမရှိဟူ၍ ဟောတော်မူခြင်းကြောင့်၊ ဤစာကို ရေးသူမရှိ၊ခန္ဓာငါးပါးဒုက္ခသာရှိ၏၊ ဤစာကို ဖတ်ရှုနေသူမရှိ၊ ခန္ဓာငါးပါး ဒုက္ခသာရှိ၏၊ သိကြားမင်းသည် ဗြဟ္မာမင်းသည်မရှိ၊ ခန္ဓာငါးပါး ဒုက္ခသာရှိ၏။ ထို့ကြောင့် ဤခန္ဓာငါးပါး ဒုက္ခကင်းငြိမ်းချုပ်ပျောက်သွားစေရန် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရခြင်းဖြစ်၏။

ဤစကားသည် မှန်၏။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ဒသကနိပါတ်၊အာကင်္ခဝဂ်၊ တယောဓမ္မသုတ် (ဆ၊ မြန်။ စာ ၃၆၇)၌ ရှည်လျားစွာ ဟောတော်မူသည်မှ ဤတွင် လိုရင်းကို အတိုချုပ်ကာ ပေါ်လွင်ထင်ရှားစွာ သိရှိစေရန် ဖော်ပြရသော်-

ရဟန်းတို့အား (ဇာတိစ ဇရာစ မရဏဉ္စ)ပဋိသန္ဓေနေရခြင်း၊အိုရခြင်း၊သေရခြင်း ဤဘေးဒုက္ခ ၃ မျိုးသာ မရှိပါက ငါဘုရားပွင့်တော်မူရန်မလိုတော့ပြီဟု ဟောတော်မူ၏။ထို့ကြောင့် ဤတွင် အချုပ်ကား ခန္ဓာငါးပါး ဒုက္ခချုပ်ငြိမ်းစေရန် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရခြင်းဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါအပေါင်းတို့၏ဒုက္ခအဝဝတို့ကို ကင်းငြိမ်းစေရန် သစ္စာလေးပါးနည်းဖြင့် ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော တဏှာကို သတ်ရန် ဟောတော်မူ၏၊ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် အဝိဇ္ဇာကို သတ်ရန် ဟောတော်မူ၏။

အောက်၌ ဖော်ပြလတံ့သော နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်အနမတဂ္ဂသံယုတ်၊ပဌမသုတ်၌ ဟောတော်မူသည်ကို ထောက်သဖြင့်လည်း ရှည်လျားလှစွာသော အစမထင်သည့်ဘဝများစွာတို့ပတ်လုံး ဒုက္ခခံနေကြရခြင်းမှာ အဝိဇ္ဇာနှင့်တဏှာတို့ကြောင့်ဖြစ်သည်ကို ကောင်းစွာ သိရှိနိုင်ပြန်လေသည်(ဆဋ္ဌမူ စာမျက်နှာ ၃၇၇။ ပါဠိတော်ကို အသွတ်ကျက်ဆောင်ထားရန်)။

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊**
**ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ**
**နီဝရဏာနံ သတ္တာနံ တဏှာသံယော**
**ဇနာနံ သန္ဓာဝတံ သံသရတံ။**

အိုရဟန်းတို့ ဤခန္ဓာခါတ်တို့၏ မပြတ်လည်၍ ဖြစ် မှု ဟူ သော သံ သ ရာ အစ ကို မ သိ နိုင်။ အဝိဇ္ဇာအမိုက်တိုက်ဖြင့် မေ့ရှက် အပ်ကုန်သော တဏှာတည်းဟူသော ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်သော ဤဘဝမှသည် ထိုဘဝ၊ ထိုဘဝမှသည် ဤဘဝသို့ကျင်လည်ပြေးသွားကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်ရှား အလွန်ရှည်လျားလှ၏ဟု ဟောတော်မူလေသည်။

ဤ၌ ဆက်လက်သိရှိရဦးမည်မှာ ယင်းသို့လျှင် တဏှာနှင့် အဝိဇ္ဇာကိုမပယ်သတ်ဘဲ လက်ခံထားရှိပါက နောင်ဘဝအဆက်ဆက် ဒုက္ခခံနေကြရဦးမည်ကို သိအပ်ပြန်လေသည်။

ထို့ကြောင့် ယောဂီသည် မိမိဝိပဿနာ ဘာဝနာကို ကြိုးစားအားထုတ်နေရခြင်းမှာ တဏှာနှင့် အဝိဇ္ဇာကို ပယ်သတ်ရန် ဖြစ်ခြင်းကို ထင်ရှားစွဲမြဲသိရှိထားရပေမည်။ ဤသို့ ရှေးဦးစွာသိရှိထားရမည်မှာ အရေးအကြီးဆုံးသော ပဓာနအချက်ကြီးတချက် ဖြစ်လေသည်။

ဤတွင် တဏှာနှင့်အဝိဇ္ဇာကို ဖော်ပြထားရာယခုသော် တဏှာအတွက် ရေးသားပေအံ့၊ ဝိနည်းမဟာဝါ ပါဠိတော် မဟာခန္ဓက စာမျက်နှာ ၁၅ ၌ ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူရာ၌ရှင်း၊ မဟာဝဂ္ဂ သံယုတ်ပါဠိတော် သစ္စသံယုတ် ဓမ္မစက္က ပဝတ္တနဝဂ်၌ ဟောတော်မူရာ၌ ရှင်း၊ လာရှိသည်မှာ(ဆဋ္ဌမူ စာမျက်နှာ ၃၆၉)။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ
သမုဒယံ အရိယ သစ္စံ၊
ယာယံ တဏှာ ပေါနောဗ္ဘဝိကာ
နန္ဒီရာဂသဟဂတာ
တတြ တတြာဘိ နန္ဒိနီ၊ သေယျထိဒံ၊
ကာမတဏှာ ဘဝတဏှာ
ဝိဘဝတဏှာ။

(ဆ၊မြန်၊စာ ၃၇၄)ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားတည်း၊အကြင်တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့် တကွဖြစ်၏။ ထိုထို အာရုံ၌ လွန်စွာ နှစ်သက်တတ်၏။ ထိုတပ်မက်မှု တဏှာဟူသည် အဘယ်နည်း။ ကာမဂုဏ်တပ်မက်မှု ကာမတဏှာ၊ သဿတ ဒိဋ္ဌိနှင့်တကွ ဖြစ်သော တပ်မက်မှု ဘဝတဏှာ၊ ဥစ္ဆေဒ ဒိဋ္ဌိနှင့်တကွ ဖြစ်သော ဝိဘဝ တဏှာတို့တည်း။

ဤဒေသနာတော်၌တဏှာအတွက် သစ္စဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ ဆက်လက် ဟောတော်မူပြန်သည်မှာ-

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

(ဆ၊မြန်၊စာ ၃၇၅) ရဟန်းတို့၊ ဤတရားသည် ဆင်းရဲကြောင်း ဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏ဟု ငါ့အား ဘုရားမဖြစ်မီ ရှေးက မကြားဘူးကုန်သော သမုဒယသစ္စာ တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှား ဖြစ်၏။ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍ သိသော ဉာဏ်ဝိဇ္ဇာသည် ထင်ရှား ဖြစ်၏။ အလင်းရောင် သည် ထင် ရှား ဖြစ် ၏။ (ဆက်၍ လာရှိသည်မှာ)-

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယ
သစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ
ပုဗ္ဗေ၊ ပ၊ အာလောကော ဥဒပါဒိ။

ရဟန်းတို့ မြတ်စွာဘုရားသည် ထိုဆင်းရဲ၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပယ်အပ်၏ဟု ရှေးက မကြားဘူးကုန်သော တရားတို့၌၊ ပ၊ ဖြစ်ပေါ်လာ၏။

တံ ခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယ
သစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။

ရဟန်းတို့ မြတ်စွာဘုရားသည် ထိုဆင်းရဲ ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ပယ်ပြီးပြီဟု ဘုရားမဖြစ်မီရှေးက မကြားဘူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာသည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသော ဉာဏ် ဝိဇ္ဇာသည် ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

အထက်တွင် တဏှာအတွက်ဖော်ပြချက်တို့ကို သာမန်ပုဂ္ဂိုလ်တို့သည် ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာ သဘောပေါက်ရန် မလွယ်ကူချေ။ ထိုကြောင့် အတိုဆုံးသော နည်းအားဖြင့် လူတိုင်း လူတိုင်း နားလည်စေရန် ရေးသားပေးခဲ့ရသော်-

တဏှာကို ပယ်ဖြတ်မှသာလျှင် ဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို ရရှိနိုင်သည်ဆိုခြင်းကို ငါဘုရားသည်ပင်လျှင် ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသားဘဝကလဲ မသိခဲ့ရဘူးချေ။ အာဠာရ ဥဒက စသော တစုံတယောက်သော သူတို့ထံမှလဲ မကြားခဲ့ရဘူးချေ။ ဘုရားအဖြစ်သို့ရောက်မှသာလျှင် သိရှိရခြင်းဖြစ်သည်ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

ထိုကြောင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိ၍ ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ်နေကြကုန်သော ပုဂ္ဂိုလ်အသီးသီးတို့သည် ကာမဂုဏ်အမျိုးမျိုးခံစားမှုကို မခံစားရ၊ ကာမတဏှာ ဘဝတဏှာ စသည်တို့ကို မပယ်ဖြတ်ဘဲ ဒုက္ခကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသည်ဆိုခြင်းသည် အကြောင်းမဟုတ်၊ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီ။

---

# အဝိဇ္ဇာနှင့် တဏှာသတ်ရန်

မခက်တော့ပြီ၊ ဆရာကောင်းရရှိရန် ခက်၏။
ဆရာအစစ်ထက် ရမ်းပြဆရာကပိုနေ၏။

## ( ၅ )

လွန်ခဲ့သည့် အပတ်က ဒုက္ခ ဖြစ်ရခြင်း အကြောင်းမှာ သစ္စာလေးပါးနည်းအရ တဏှာဖြစ်ခြင်းကိုရှင်းပြခဲ့ပြီးဖြစ်ရာ၊ယခုသော်ပဋိစ္စသမုပ္ပါဒ်နည်းအရ ဒုက္ခဖြစ်ရခြင်းအကြောင်းမှာ အဝိဇ္ဇာဖြစ်သည်ကို ဆက်ပေအံ့။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ အိုရဟန်းတို့၊ ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာသည် အဘယ်နည်းဟူမူကား-

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါန ပစ္စယာ ဘဝေါ၊ဘဝ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ

မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမ
နဿုပါယာသာ သမ္ဘဝန္တိ။
ဧဝ မေတဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ
အရိယသစ္စံ။

အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ တိတ္ထာယတနသုတ် ဆဋ္ဌမူ စာမျက်နှာ ၁၇၈ မြန်မာပြန် ၁၉၆-၌လာရှိ၏။ ဤတရားတော်မှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးအရေးပါအရာ ရောက်သော တရားတော်ဖြစ်ခြင်းကြောင့် ကတမဥ္စ ဘိက္ခဝေက အစပြုပြီးလျှင် ဆုံးသည်အထိ ပါဠိတော်ကို အလွတ်ကျက်ဆောင် ရွတ်ဆို ဆင်ခြင်ပွားများရန် အထူးတိုက်တွန်းပါ၏။ အကျိုး ပေးကား ဒါန သီလတို့ထက် ထက်သန် ကြီးမား လှလေသည်။ ရှင်တော်ဘုရား ဟောတော်မမူပါက နတ်ပြဟ္မာတို့ပင် သိရှိနိုင်သော တရားမျိုး မဟုတ်ချေ။

အထက် ပါဠိတော်၏ ဘာသာပြန် အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်သည်ဖြစ်၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနသည်ဖြစ်၏။ သဠာယတနဟူသော အကြောင်းကြောင့် ဖဿသည် ဖြစ်၏။ ဖဿဟူသောအကြောင်းကြောင့် ဝေဒနာသည်ဖြစ်။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည်ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝသည်ဖြစ်၏။ ဘဝ ဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏။ ဇာတိဟူသောအကြောင်းကြောင့် အိုမှု၊ သေမှု၊ စိုးရိမ်ရမှု၊ ငိုကြွေးရမှု၊ ဆင်းရဲရမှု၊ နှလုံး မသာယာမှု၊ ပြင်းထန်စွာပင်ပန်းမှုတို့သည်ဖြစ်ကုန်၏။ ဤသို့ ချမ်းသာမဖက် သက်သက်သော ထိုဒုက္ခ အစု၏ ဖြစ်ပေါ်ကြောင်းသည် ဖြစ်၏။ အို-ရဟန်းတို့၊ ဤဆိုအပ်ခဲ့ပြီးသည်ကိုဒုက္ခ၏အကြောင်းသမုဒယ သစ္စာဟူ၍ ဆိုအပ်၏။

ဤပါဠိတော်အရ ဒုက္ခဖြစ်ရခြင်းအကြောင်းရင်းမှာ အဝိဇ္ဇာဟု ဟောတော်မူ၏၊ တဖန် ပါဠိတော်၌ ဆက်လက်လာရှိသည်မှာ-

ကတမဥ္စ ဘိက္ခဝေ ဒုက္ခ နိရောဓံ
အရိယသစ္စံ
အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ
နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ
နိရောဓာ ဝိညာဏ နိရောဓော။

စသည်ဖြင့် ဆက်လက်ဟောတော်မူ၏။

အို-ရဟန်းတို့၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သော အရိယသစ္စာဟူသည် အဘယ်နည်း ဟူမူကား၊ အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည်ဖြစ်၏။ သင်္ခါရတို့၏ ချုပ်ခြင်းကြောင့် ဝိညာဏ်၏ ချုပ်ခြင်းသည် ဖြစ်၏။ ပ။ ဇာတိ၏ချုပ်ခြင်းကြောင့် အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် ချုပ်ငြိမ်းကုန်၏။ ဤသို့ ချမ်းသာမဖက် သက်သက်သော ထိုဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်းသည်ဖြစ်၏။ အိုရဟန်းတို့ ဤဆိုအပ်ခဲ့ပြီးသော ချုပ်ငြိမ်းမှုကို ဒုက္ခ၏ ချုပ်ငြိမ်းရာ အရိယသစ္စာဟူ၍ ဆိုအပ်၏။

ဤဒေသနာတော်အရ လိုရင်းကို ပေါ်လွင် ထင်ရှားအောင် ရေးသား ပေးရသော် လောကဓာတ်ကြီးတခုလုံးတွင် လူနတ်ပြဟ္မာ သတ္တဝါ မရှိ၊ ဒုက္ခသာရှိ၏။ ထိုဒုက္ခ ဖြစ်ပေါ် ရမှုမှာ အဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာမရှိခဲ့သော် အိုမှု၊ နာမှု၊ သေမှု၊ စိုးရိမ်ပူဆွေးငိုကြွေးရမှုဒုက္ခအစုစုတို့သည် မဖြစ်ပေါ်တော့ပြီဟု ဟောတော်မူခြင်းဖြစ်၏။

ဤတွင် လူနတ်ပြဟ္မာ သတ္တဝါမရှိ ဒုက္ခသက်သက်သာရှိပုံကို လယ်တီ ဆရာတော် ရေးသားအပ်သော ပဋိစ္စသမုပ္ပါဒ်ဒီပနီ၌ လာရှိသဖြင့် စာဖတ်သူတို့ ကျက်ဆောင် ဆင်ခြင် ပွားများရန် အထူး သင့်လျော်ခြင်းကြောင့် ကြားညှပ်ကာ ထည့်သွင်းရေးသားခဲ့ပေအံ့။

**ဝဋ်သံသရာ ရှည်မင်းစွာ၌ သူငါကစ** ဖြစ်သမျှကား သတ္တမဟုတ် ခေဘ်မှန် ထုတ်သော် နာမ်ရုပ်နှစ်သင်း အမြင်လင်း လေ့ အရင်းဝိဇ္ဇာ ထိုမှဖြာ၍ ဇရာမရဏ အဆုံးကျသည့် ဓမ္မအပြား ၁၂ ပါးကို ဤကား လူပင် ဤလျှင်နတ်ဘဲ အထင် လွဲလျက် တဝဲလည်လည် ဝဋ်နွယ်စည်၏ ရှည်သေသမျှ အနန္တကား သုခ ဟူသည် မှုမျှမကွက် အဆက်ဆက်လျှင် သက်သက် ဒုက္ခ ခေတ်မှန်ရသည် ဘဝဤကိုယ် ဖြစ် ထုံးတည်း။

ဤပဋိစ္စသမုပ္ပါဒ် ပါဠိတော်နှင့် ဆရာတော် ဘုရား၏ ပျို့လင်္ကာ တို့မှာ ထူးကဲသော အနှစ်သာရပါရှိခြင်းကြောင့် ၎င်းတို့ကိုမိမိတို့ကိုယ်တိုင် ကျက်ဆောင် ဆင်ခြင်ပွားများလျက် သူတပါး တို့အားလည်း ယင်းသို့ပြုလုပ်စေရန် အထူးတိုက် တွန်းအပ်လေသည်။ အလွန်မွန်မြတ်လှသော ဓမ္မ ဒါနကြီးပေတည်း။

ဤတွင် ပါဠိတော်ကို ဘာသာပြန်နှင့် တကွ ဆရာတော်ဘုရား၏ပျို့လင်္ကာကိုဖတ်ရှုပြီးနောက် တယ်ကောင်းပါကလား၊ တယ်ဟုတ်ပါကလား စသည်ဖြင့် စိတ်တွင် ပေါ် ပေါက် လာ ခြင်း၊ ပါးစပ်မှ ချီးမွမ်းပြောဆိုကြမည် ဖြစ်သော်လည်း တရားတော်၏ အနက်အဓိပ္ပာယ် အနှစ်သာရကို နားလည်ရန် မလွယ်ကူချေ။

ထို့ကြောင့်အင်္ဂုတ္တိုရ်ပါဠိတော်ပဥ္စကနိပါတ်၊ တိကဏ္ဍကီဝဂ်၊ သာရန္ဒဒသုတ် ဆင့်မူ စာမျက်နှာ ၁၄၉ ၌-

တထာဂတပ္ပဝေဒိတဿ
ဓမ္မဝိနယဿ ဒေသိတဿ
ဝိညာတာ ပုဂ္ဂလော
ဒုလ္လဘော လောကသ္မိံ။

လောက၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူ အပ်သော တရားတော်တို့ကို ဟောပြောသည် ရှိ သော် သိသောပုဂ္ဂိုလ်ကိုရခဲ၏ဟုဟောတော်မူ၏။

ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော် အရပ်ရပ် တို့၏ ပါဠိတော်အချုပ် ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ"ဖြစ်၏။ အတ္တဟူသည် စိုးစဉ်းမျှ မပါမရှိအတ္တမှလုံးဝဆိတ်သုဉ်းသော အနတ္တဝါဒ ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ခက်ခဲ နက်နဲ၏၊ အတ္တမဟုတ် လူနတ်ဗြဟ္မာသတ္တဝါမရှိ၊ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ဖြစ် ပေါ် လာ မှု ကို ဝါ-တနည်းကား) အနတ္တ သဘာဝဓမ္မ သဘောတရားမျှသာဖြစ်ခြင်းကို အ တိုဆုံးနည်းဖြင့် ဟောတော်မူသော ဒေသနာ တော် ဖြစ်၏။

အဘိဓမ္မာ ပဋ္ဌာန်းဒေသနာတော်သည်ကား ထိုနည်းတူစွာ အတ္တမဟုတ် လူနတ်ဗြဟ္မာသတ္တဝါ မရှိ အကြောင်းတရားတို့ကြောင့် အကျိုးတရား တို့ ဖြစ်ပေါ်လာရမှုကို (ဝါ)အနတ္တသဘာဝဓမ္မ သဘောတရားမျှသာ ဖြစ်ခြင်းကို အရှည်ဆုံးနည်း တို့ဖြင့် တန်းကုန်အောင် ဟောတော် မူသော ဒေသနာတော်ဖြစ်၏၊

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အလွန်ခက်ခဲ နက်နဲသော တရားတော်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ မြတ်စွာသည် ဝိနည်းမဟာဝါ ပါဠိတော် မဟာ ခန္ဓက (ဆ၊မြန်၊စာ ၆)၌ ဟောတော်မူသည်။ အတိုချုပ်မှာ-

ပဋိစ္စသမုပ္ပါဒ်တရားနှင့် နိဗ္ဗာန်တရားကို မြင် နိုင်ခဲ၏ဟု ဟောတော်မူ၏။ထိုမျှမကသေး ဝိပဿိ ဗုဒ္ဓမြတ်စွာသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် နိဗ္ဗာန်တရားတော်ကို မြင်နိုင်ခဲ၏ဟု ဟောတော်မူ သည်ကို သုတ်မဟာ ဝါ ပါဠိတော် မဟာပဒါန သုတ် (ဆ၊မြန်၊စာ ၁၂)၌ တွေ့ရှိနိုင်သေး၏။

ထိုမျှပဋိစ္စသမုပ္ပါဒ်သည်ခက်ခဲနက်နဲသည်ဖြစ် ရကား အဋ္ဌကထာ ဆရာမြတ်သည် ထိုတရား တော်ကို ဖွင့်ဆိုမည်ပြုရာ၌-

ယခု ပဋိစ္စသမုပ္ပါဒ်အဖွင့်ကို ဖွင့်ဆိုသော ငါ သည် သမုဒ္ဒရာသို့ သက်ဆင်း ကူးသွားသော ယောကျ်ားတို့သည် ဆောက်တည်ရာကို မရနိုင်

သကဲ့သို့ ထောက်ဘည်ရာကို မရနိုင်ဟု ရေးသားတော်မူသည်ကို ဝိသုဒ္ဓိမဂ် တတိယတွဲဆရာတော် ဦးနန္ဒမာလာ ဘာသာပြန်စာမျက်နှာ ၁၈ ၌ တွေ့ရှိနိုင်၏။

အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို သိရှိရန် ထိုမျှခက်ခဲနေပါလျှင် ဒုက္ခအကြောင်းဖြစ်သော အဝိဇ္ဇာကို ပယ်ဖြတ်ရန် မခက်ပါလောဟု မေးဘွယ်ရှိ၏၊

မခက်တော့ပါ၊ ဥပမာဆိုသော် လေယာဉ်ပျံကို စတင်လုပ်ရသူမှာ ခက်၏။ နောက်လုပ်သူတို့အတွက် မခက်တော့ပြီ၊ထိုနည်းတူစွာ ဗုဒ္ဓမြတ်စွာသည် အများ ကောင်းကျိုးအတွက် အမျိုးမျိုးဒုက္ခခံကာ ကြိုးစား ရှာဖွေတော်မူခြင်းကြောင့် ဒုက္ခ၏ဖြစ်ကြောင်း ဖြစ်သော အဝိဇ္ဇာနှင့်တဏှာ ပယ်ဖြတ်နည်းကို တွေ့ရှိခဲ့လေပြီ။ ထိုတွေ့ရှိသောနည်းကိုလည်း ညွှန်ပြတော်မူခဲ့လေပြီ။ထို့ကြောင့် အလုပ်လုပ်ရန် မခက်တော့ပြီ။

သို့ရာတွင် ဒေသနာတော်အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ဝိပဿနာဘာဝနာ ပွားများနည်းကိုသင်ပြပေးနိုင်သော ဆရာကောင်းကို ရရှိရန် မလွယ်ကူချေ။ ဤတွင် ဖြစ်ပျက်နေသော သဘာဝကို အများအကျိုးငှာ စေတနာကောင်းဖြင့်ရေးသားဖော်ပြခဲ့ရသော် ကမ္မဋ္ဌာန်း ဆရာအစစ်များထက် ရမ်းပြဆရာတွေက ပိုမိုများပြားလာခြင်းကြောင့် ဖြစ်၏။

# မဟာပဒေသ တရားလေးပါး

**မဂ်တု၊ ဖိုလ်တု၊ ကမ္မဋ္ဌာန်းတုကို**
**စစ်ဆေးရန်**

## ( ၆ )

ဝိပဿနာ ဘာဝနာ လုပ်ငန်းအတွက် ဤသတင်းစာတွင် ရှေးအခါက ဆက်ကာဆက်ကာ ရေးသားခဲ့ဘူး၏။ ယခုတဖန် ဆက်ကာ ဆက်ကာ ရေးသားခဲ့သည်မှာ ၅ ကြိမ်ရှိခဲ့လေပြီ။

ယခု ရေးသားခြင်းမှာ ဝိပဿနာ ဘာဝနာကို ဒေသနာတော် အရပ်ရပ်တို့နှင့် ကိုက်ညီစွာ ပွားများအားထုတ်လိုသော ပုဂ္ဂိုလ်များနှင့် သူတပါးအား သင်ပြပေးလိုသော ပုဂ္ဂိုလ်များအတွက် အစီအစဉ်ပြုကာ ရေးသားခဲ့ခြင်းဖြစ်၏။ သို့ရာတွင် သတင်းစာကော်လံ များမည်ကြောင့် အကျယ်တဝင့် အစုံအစေ့ မရေးသားခဲ့ရချေ။

ဝိပဿနာ ဘာဝနာ ပွားများမှု လုပ်ငန်းကို လုပ်ကိုင်လိုသည်ရှိသော် ရှေးဦးစွာ ဤသတင်းစာ ရန်ကုန်ထုတ် ၁၉၆၆ ခု မတ်လ ၂၀ ရက်နေ့ ဆောင်းပါးအမှတ် ၁ တွင် ဝိပဿနာ ချီးမွမ်းခန်း၌ ဖော်ပြခဲ့သည့်အတိုင်း ဝိပဿနာဘာဝနာကို ပွားများရခြင်း၏ အကျိုးအာနိသင်ကြီးမားပုံကို မိမိကိုယ်တိုင် ထပ်ကာထပ်ကာ ဆင်ခြင် သုံးသပ်ပေးရမည်။ ၎င်းတို့မှာ နမူနာမျှသာရှိသေး၏၊ ထပ်မံချဲ့ထွင်ဖြည့်စွက်ရန် များစွာ ကျန်ရှိပေသေး၏၊

ထိုမှ တဆင့်တက်ရန်မှာ မဂ်ဖိုလ် နိဗ္ဗာန်ကို အလိုရှိသူတို့ သိရမည်ဖြစ်သော ဒုက္ခခန်းဖြစ်၏။ ၎င်းဒုက္ခခန်းအတွက် ဤသတင်းစာရန်ကုန်ထုတ် ၁၉၆၆ ခုနှစ် မတ်လ ၂၄ ရက်နှင့်ဧပြီလ ၂ ရက်နေ့ ဆောင်းပါးအမှတ် ၂နှင့် ၃ကို ပိုင်နိုင်ကြေညက်

စွာ လေ့လာသိရှိရပေမည်။ အဘယ်မျှ ပိုင်နိုင်ရမည်နည်းဆိုသော် သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာဟူသည်နှင့်အညီ ကာယိကဒုက္ခ စေတသိကဒုက္ခမပါသော ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာငါးပါး ဒုက္ခဖြစ်နေပုံအထိပိုင်နိုင်ကြေညက်စွာ သိရှိရပေမည်။

ထိုကြောင့် မဟာဝဂ္ဂသံယုတ် ပါဠိတော်သစ္စသံယုတ် အစဝဂ် အစသုတ် ဆဋ္ဌမူ စာမျက်နှာ ၃၆၃ ၌–

ဣဒံ ဒုက္ခန္တိ
ယောဂေါ ကရဏီယော

ဤသည်ကား ဒုက္ခဟု သိရှိရန် အားထုတ်ရမည်ဟု ဟောဘော်မူခဲ့လေသည်။

ဒုက္ခကို ပိုင်နိုင်စွာသိသောအခါ ထိုဒုက္ခအစုတို့သည်အဘယ်ကြောင့်ဖြစ်ပေါ်ရသည်ကိုတဆင့်တက်ကာ ရှာဖွေရ၏။ ဆောင်းပါးအမှတ် ၄ နှင့် ၅ တို့တွင် ဒုက္ခဖြစ်ပေါ်နေရခြင်း၏ အကြောင်းရင်းမှာ တဏှာနှင့် အဝိဇ္ဇာကြောင့် ဖြစ်၏။ ထို့ကြောင့် တဏှာနှင့်အဝိဇ္ဇာ သတ်ရမည်ဟု ဟောတော်မူသော ပါဠိတော်များကို ဖော်ပြခဲ့၏။

ရှေ့၌ ဆက်လက်ဖော်ပြရမည်တို့မှာ ဝိပဿနာဘာဝနာ လုပ်ငန်းအတွက် သက်ဆိုင်သည် တို့ကို ဒေသနာတော် အရပ်ရပ် တို့မှ ထိုက်သင့်သည့်အားလျော်စွာ ဖော်ပြသွားမည်ဖြစ်၏။

ယင်းသို့ မဖော်ပြသေးမီ ဖော်ပြခဲ့ပြီးသော ဆောင်းပါး ငါးခုအတွက် ထပ်မံ သိရှိစေလိုပြန်သည်မှာ စကားပြောရာတွင်၎င်း၊ တရားဟောရာတွင်၎င်း၊သီလပေးရာတွင်၎င်း တကာတကာမများအားကုသိုလ်ပြုကြရာတွင် ဒါန,သီလ,သမထတို့တွင် ရပ်တန့်မနေကြဘဲ ဝိပဿနာဘာဝနာသို့တက်ကြရန် ဝိပဿနာဓုရ ချီးမွမ်းခန်းကို ထည့်သွင်း ဟောပြောပေးရပေမည်။ အခါအခွင့် ရရှိတိုင်း ထည့်သွင်းဟောပြောပေးရပေမည်။ ထိုမျှသာမကသေး အခါအခွင့်ကိုလည်း ဖန်တီးလျက် ဝိပဿနာ ဘာဝနာ ချီးမွမ်းခန်းကို ဟောပြောပေးရပေမည်။

ဤနည်းကို ရေးသားဖော်ပြရခြင်းမှာအချို့တောမြို့ကျေးရွာများတွင် အများအားဖြင့်ဒါနမှုသီလမှုပြုပါက မိမိတို့မှာ ဗုဒ္ဓဘာသာ-သာသနာတော်မြတ်ကြီးအတွက် ကိစ္စပြီးပြီဟု ရိုးသားစွာ သိမှတ် ထားကြသည်ကို တွေ့ရှိရ ခြင်းကြောင့် ဖြစ်၏။

ဝိပဿနာဓုရ ချီးမွမ်းခန်း ပြီးသည့်နောက် ဒုက္ခခန်းကို တဆင့်တက်ကာ ပိုင်နိုင်စွာ ဟောပြောသင်ပြပေးရပေမည်။

ဤတွင် ဓမ္မစက္က ပဝတ္တနသုတ်၌ လာရှိသော ဒုက္ခသစ္စာနှင့်တကွ ဖော်ပြခဲ့ပြီးသော ဒုက္ခအစုစုတို့ကို ဟောပြောသင်ပြပေးရပေမည်။

ထို့မှတဖန် ဤဒုက္ခအစုစုတို့သည် တဏှာနှင့် အဝိဇ္ဇာတို့ကြောင့် ဖြစ်ပေါ်ရသည်ကို ရှင်းလင်းသင်ပြပေးရပေမည်။

ယင်းသို့လျှင် ဝိပဿနာဓုရ ချီးမွမ်းခန်းမှစပြီးလျှင် ဒုက္ခသစ္စာ သမုဒယသစ္စာ တို့ကို တိကျမှန်ကန်စွာ ရှင်းလင်းဟောပြော သင်ပြပေးသောအခါ တရားနာသူသည် ဝိပဿနာ ဘာဝနာပွားများရေးကို အလိုရှိလာပေလိမ့်မည်။ဤသည်ကား ယင်းဖော်ပြခဲ့ပြီးသော ဆောင်းပါးငါးခုအတွက် လက်တွေ့အသုံးချနည်းတို့ပေတည်း။

ယခုအခါဝိပဿနာဘာဝနာအတွက် သိသင့်သိထိုက်သော အချက် အလက် များကို ဖော်ပြသွားမည့်အခါပေတည်း။ ထို့ကြောင့် သတင်းစာမှ ဆောင်းပါးများကို ဖြတ်ယူဖိုင်တွဲလျက်(ဝါ)ကော်ပီစာအုပ်၌ ကူးယူထားလျက်၊ထပ်ကာ ထပ်ကာ ဖတ်ရှုလေ့ကျင့် ဆင်ခြင် သုံးသပ်တော်မူကြရန် ကြိုတင်တိုက်တွန်းပါ၏။

ဒုက္ခခပ်သိမ်း ကင်းငြိမ်းသောနိဗ္ဗာန်ချမ်းသာရရှိသည်မှာ ရှေးဦးစွာ နည်းလမ်းမှန်ကို ရရှိရေးသည် အရေးအကြီးဆုံး ပဓာနအချက်ကြီးဖြစ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် အာနာပါနကထာ ဆဋ္ဌမူ စာမျက်နှာ ၁၆၈ ၌–

အရဟတ္တ မဂ္ဂဿ
ပဋိပဒါ ဝိသုဒ္ဓိ အာဒိ။

အရဟတ္တမဂ်၏ အစကား အကျင့်စင်ကြယ်ခြင်းပဋိပဒါဝိသုဒ္ဓိတည်း။(ဆ၊မြန်၊စာ ၂၁၅)။

ဤပါဠိတော်အရ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးတွင် အကျင့်လမ်းမှန်တို့ အရေးကြီးသည်ကို သိအပ်လေသည်။ ထိုမှတပါး မဟာဝဂ္ဂသံယုတ် ပါဠိတော် သောတာပတ္တိ သံယုတ် သဂါထက ပုညာဘိသန္ဒဝဂ် အင်္ဂသုတ် ဆဋ္ဌမူ စာမျက်နှာ ၃၅၄-၌

စတ္တာရိမာနိ ဘိက္ခဝေ
သောတာပတ္တိ ယင်္ဂါနိ။
ကတမာနိ စတ္တာရိ
သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ
ယောနိသော မနသိကာရော
ဓမ္မာနု ဓမ္မပဋိပတ္တိ၊
ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ
သောတာပတ္တိယင်္ဂါနီတိ။

ရဟန်းတို့ သောတာပန် ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးတို့ပေတည်း။ အဘယ်လေးပါးတို့နည်း။ သူတော် သူမြတ်ကို မှီဝဲ ပေါင်းသင်းခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်း၊ သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်သောအကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ သောတာပန် ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးပင်တည်းဟု မိန့်တော်မူ၏။ (ဆ၊မြန်၊စာ ၃၅၉)။

ဤပါဠိတော်အရလည်း မဂ်ဖိုလ်နိဗ္ဗာန်ကိုရရှိအောင် ပြသနိုင်သော ဆရာကောင်း ရရှိရန်မှာ ရှေးဦးစွာ အရေးကြီးသောအချက်ကြီးတရပ်ဖြစ်ခြင်းကို ကောင်းစွာ သိအပ်ပြန်လေသည်။

ယခုအခါ ကမ္မဋ္ဌာန်း နည်း ပြ ဆ ရာ များ မြောက်မြားစွာပေါ်ထွက်လာသော်လည်း အစစ်အမှန်ကားနည်းပါး၍ မဂ်တုဖိုလ်တု ကမ္မဋ္ဌာန်းတုများက ပိုမို များပြား နေသည်ကို တွေ့ရှိရ၏။ သောတာပန်အတုများကိုသာမက၊ ရဟန္တာအတုများပင် ပေါ်ထွက်လာသည်ကိုကိုတွေ့ရ၏။ဤသို့ အထိ သာသနာတော်မြတ်ကြီး၏ ဘေးရန်မှာ ကြောက်ဘွယ်လိလိဖြစ်၍လာချေပြီ။

ဤဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီး၏ ဘေးရန်ကြီးကို ရဟန်းတော် အရှင်မြတ်များနှင့် တကွ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် အချိန်မနှောင်းမီ ကာကွယ် ပေးတော်မူကြရန် အထူး တိုက်တွန်းပါ၏။ မိမိအတွက်ကား မဂ်တု ဖိုလ်တု ကမ္မဋ္ဌာန်းတုများကို အမုန်းခံကာ ကာကွယ်တိုက်ဖျက်နေသည်မှာ တဆယ့်ငါးနှစ်ခန့် ကြာရှိခဲ့လေပြီ။

တရားရိုးတော် အစစ်အမှန်နှင့် အတုကိုခွဲခြား သိရှိနိုင်စိမ့်သောငှာ မဟာပဒေသ တရားလေးပါးကို ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာန် သုတ် (ဆ၊မြန်၊စာ ၁၁၉) ၌ ဟောတော်မူသည်၏ အတိုချုပ်သဘောမှာ-

၁။ ငါသည် ဤ တရားတော်ကို ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏။
၂။ ငါသည် ဤ တရားတော်ကို သံဃာတော်များထံမှ ကြားနာခဲ့ရ၏။
၃၊ ငါသည် ဤ တရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံ ဆောင်သော မထေရ်ကြီးများအထံတော်မှ ကြားနာ သင်ယူခဲ့ရ၏။
၄။ ငါသည် ဤ တရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံ ဆောင်သော မထေရ်ကြီး၏ အထံတော်မှ ကြားနာ သင်ယူခဲ့ရ၏။

ဤသို့ပြောဟောငြားသော်လည်း လွယ်ကူစွာ လက်ခံခြင်းပယ်ခြင်းကိုမပြုရ၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော် အရပ်ရပ် တို့နှင့် ကိုက်မကိုက် ညှိနှိုင်းရမည်။ အကယ်၍ ကိုက်ညီသော် လက်ခံရာ၏၊ မကိုက်ညီသော် ပယ်ရာ၏ဟု အထက်ပါမဟာပဒေသတရားလေးပါးကို ဟောကြား တော်မူခဲ့၏။ ဤသဘောကိုပင် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္က နိပါတ် သဉ္စေတ နိယ ဝဂ်

မဟာပဒေသသုတ်(ဆါမြန်၊ စာ၁၅၀၂)တွင်လည်း ဟောတော်မူ၏။

ထိုကြောင့် တရားစစ်တရားမှန်ဟုတ်မဟုတ်ကို သိရှိနိုင်ရန် ပါဠိတော်အရပ်ရပ်နှင့် မှတ်ကျောက်တိုက်ကြည့်ရပေမည်။ ပါဠိတော် အရပ်ရပ်နှင့် ကိုက်ညီသော် လက်ခံရပေမည်။ မကိုက်ညီသော် ပယ်ဖျက်ရပေမည်။ ဤကားဗုဒ္ဓမြတ်စွာ၏အဆုံးအမတော်ပေတည်း။

---

# သမထနှင့် ဝိပဿနာ မတူ

## ဝိပဿနာ မစမီ ရှေးဦးစွာ ကြိုတင်သိရမည့်အချက်များ

## ( ၁ )

ဘာဝနာဟူသည် သမထဘာဝနာ ဝိပဿနာ ဘာဝနာဟူ၍ ၂ မျိုး ၂ စား ရှိ၏။ သမထ ဘာဝနာ ပွားများရာတွင် သမထ လေးဆယ်ရှိ၏။ ၎င်းတို့သည်ကား-

| | | |
|---|---|---|
| ကသိုဏ်း | -- | ၁၀-ပါး |
| အသုဘ | -- | ၁၀-ပါး |
| အနုဿတိ | -- | ၁၀-ပါး |
| အပ္ပမညာ | -- | ၄-ပါး |
| သညာ | -- | ၁ ပါး |
| ဝ ဝတ္ထာန် | -- | ၁-ပါး |
| အာရုပ္ပ | -- | ၄-ပါး |
| | သမထ- | ၄၀ |

ထို ၄၀ တို့အနက် ကြိုက်ရာတပါးပါးကိုပွားများ အားထုတ်နေခြင်းသည် သမထဘာဝနာကို ပွားများအားထုတ်သည်ဖြစ်၏။ ၎င်း ၄၀ အသေးစိတ်ကို အလိုရှိပါမူ သင်္ဂြိုဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်း အစတွင် ရရှိနိုင်လေသည်။

ဝိပဿနာဟူသည်ကား စက္ခု သောတ ဃာန ဇိဝှာ စသည်တို့ကိုင်း၊ ရူပါရုံ သဒ္ဒါရုံ စသည်တို့ကိုင်း၊ စက္ခုဝိညာဏ် သောတဝိညာဏ်စသည်တို့ကိုင်း၊ ခန္ဓာငါးပါး ဓာတ် ၆ ပါး ဓာတ် ၁၈-ပါး စသည်တို့ကိုင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနိစ္စ ခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန စသည်တို့ဖြင့် လက္ခဏာရေးသုံးပါး တင်၍ပွားများ နေခြင်း ဖြစ်၏။

ဤတွင် အထူးကား သမထ ဘာဝနာတွင် လက္ခဏာရေးသုံးပါး မပါချေ။ ဝိပဿနာ ဘာဝနာ၌သာလျှင် လက္ခဏာရေး သုံးပါး ပါရှိလေသည်၊ ထိုကြောင့် လက္ခဏာရေ သုံးပါး မပါဘဲ သမထ ဘာဝနာ ပွားများ နေခြင်း ဖြင့် တမဂ်တဖိုလ် ရရှိသည်ဆိုခြင်း သည် သဘာဝမကျ၊ အကြောင်းမဟုတ်သည်ကို သိရှိထားရပေသည်။

ထိုမှတဖန် သိရှိအပ်ပြန်သည်မှာ ဝိပဿနာ ဘာဝနာပွားများရာ၌ နည်း သုံးမျိုး လာရှိ၏။ ၎င်းတို့မှာသမထယာနိကနည်း၊ဝိပဿနာယာနိကနည်း၊ ယုဂနဒ္ဓနည်းဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ယုဂနဒ္ဓဝဂ်အစ၌၎င်း အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ပဋိပဒါဝဂ် ယုဂနဒ္ဓသုတ် စာမျက်နှာ ၄၇၅ ၌၎င်း လာရှိလေသည်။

သမထယာနိက ဆိုသည်မှာ ရှေးဦးစွာစျာန်ရအောင် ကျင့်ပြီးမှ ဝိပဿနာ ဘာဝနာဘက်သို့ ကူးပြောင်းလာခြင်း ဖြစ်၏။

ဝိပဿနာ ယာနိကဆိုသည်မှာစျာန်ရအောင် သမထ ဘာဝနာကို မကျင့်တော့ဘဲ ဝိပဿနာ

ဘာဝနာကို စ၍ လေ့ကျင့်ပွားများ အားထုတ်ခြင်းဖြစ်၏။ ဤဝိပဿနာ ဘာဝနာ ပွားများနည်းကို ရှေ့အပတ် များတွင် ထိုက်သည် အားလျော်စွာ ဖော်ပြပေအံ့။

ယုဂနဒ္ဓနည်း ဆိုသည်မှာ စုံတွဲလျက် သမထကို ပွားများလိုက်၊ ဝိပဿနာကို ပွားများလိုက်၊ ထိုမှတဆင့် သမထကို ပွားများလိုက် ဝိပဿနာကို ပွားများလိုက် ယင်းသို့စုံတွဲ၍ လေ့ကျင့်ပွားများခြင်းဖြစ်၏။

သမထ ဘာဝနာသက်သက်ကို ပွားများလျှင် ပြဟ္မာ့ပြည်သို့ ရောက်နိုင်၏။ သို့ရာတွင် ထာဝစဉ် ဒုက္ခကင်းငြိမ်းသော နိဗ္ဗာန်ချမ်းသာသို့ မရောက်မရှိနိုင်ခြင်းကို အထူးသိရှိအပ်လေသည်။

သမထယာနိက ဝိပဿနာယာနိက ယုဂနဒ္ဓနည်းတို့ကိုသိရှိပြီး နောက်တဆင့်တက်ကာ သိရှိရန်မှာ ဝိပဿနာ ဘာဝနာ၏ သဘောသဘာဝကို နားလည်ရန်ဖြစ်၏။ ဤတွင် ဆောင်းပါး အမှတ် ၆-တွင် ဖော်ပြခဲ့သော "မဟာပဒေသ တရား"လေးပါးသည် အလွန် အရေးကြီးလေသည်။ ယခုကဲ့သို့ မဂ်တု၊ဖိုလ်တု၊ကမ္မဋ္ဌာန်းတုများ ပေါ်များလှသောခေတ်တွင် မဟာပဒေသ တရား လေးပါးသည် အလွန် ပိုမို အရေးကြီးလာပြန်သည်၊ထိုကြောင့် စာဖတ်ဘို့လိုသည်။စာဖတ်ဘို့လို၏၊ ဝိပဿနာ ဆိုင်ရာ ပါဠိတော် များကို မဖတ်လျှင် ကမ္မဋ္ဌာန်းဆရာတို့၏ အလိမ်ကိုခံရ၏။

နတ်ပြည်ပြဟ္မာ့ပြည်သို့ ရောက်ရှိရေးဖြစ်သော လောကီရေးသည်မခက်၊ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူသော်လည်း နေဝသညာ နာသညာယတန ဘုံအထိ ရောက်ရှိအောင် သွားနိုင်သော သမထ ဘာဝနာနည်းရှိ၏။ ဝိပဿနာ ဘာဝနာ ပညာသည် ဗုဒ္ဓမြတ်စွာပွင့်တော်မူမှ သိရှိရသော နည်းဖြစ်၏။

ထို့ကြောင့် ဝိပဿနာ ဘာဝနာ လုပ်ငန်းမှာ လောကီရေးကဲ့သို့ လူ နတ် ပြဟ္မာ တို့၏ စိတ်ကူး ဉာဏ်ဖြင့်လုပ်၍မရနိုင်၊ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူသော နည်းအတိုင်း အောက်ခြေကစ၍ တိကျ မှန်ကန်စွာ လိုက်နာကျင့်သုံးပါမှသာလျှင် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရရှိ ရောက်ရှိနိုင်လေသည်။

အိမ်ဆောက်ရာတွင် အောက်ခြေတိုင်မစိုက်ဘဲ အိမ်၏ အမိုးကို တင်ခြင်းသည် သဘာဝ မကျ၊ အကြောင်းမဟုတ်၊ ထိုကြောင့် ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်မည် ဆိုပါက ဝိပဿနာဘာဝနာ၏ပဓာနအချက်ကြီးဖြစ်သော အနတ္တ သဘောသဘာဝကို ဝိပဿနာ ဘာဝနာ မပွားများမီ ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် တိကျ မှန်ကန်စွာ သိရှိရန် ကြိုးစားရ၏။ အကြောင်းသော်ကား ဗုဒ္ဓဝါဒကျင့်စဉ် ဆောင်ပုဒ်မှာ "သဗ္ဗေဓမ္မာ အနတ္တာ"ဖြစ်သောကြောင့်ပေတည်း။

အနတ္တ ဝါဒသဘာဝကို သုတမယဉာဏ်အားဖြင့် သဘောမပေါက်ဘဲ(ဝါ)ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်ဘဲ အတ္တနှင့် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေပါကမည်မျှပင် ကြိုးစားအားထုတ်သော်လည်း နည်းလမ်း မမှန်ခြင်းကြောင့် အလိုရှိအပ်သော မဂ်ဖိုလ်သို့မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာသိရှိထားရမည်။

ဝိပဿနာ ဘာဝနာကို မပွားများမီအနုမာနအားဖြင့်အတ္တနှင့်အနတ္တကွဲရန်(ဝါ)အတ္တမဟုတ် အနတ္တသဘာဝမျှသာဖြစ်ခြင်းကိုသိရှိစေရန်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ရှည်လျားစွာ ဖွင့်ဆိုတော် မူခဲ့လေသည်။ ယင်းအဋ္ဌကထာ ပါဠိကို ဆရာတော် ဦးနန္ဒမာလာဘိဝံသာပြန်ဆိုတော်မူရာ တတိယတွဲ အစမှ စာမျက်နှာ ၂၀၅ မျက်နှာရှိလေသည်။

ယင်းသို့ အတ္တမရှိ၊ အနတ္တသဘာဝ မျှသာရှိခြင်းကို သုတမယဉာဏ်အားဖြင့် ပိုင်နိုင်ကြေညက်စွာ သိရှိပြီးမှသာလျှင် ဝိပဿနာ ဘာဝနာ ပွားများမှုသို့ တက်ရောက်ပွားများ အားထုတ်ရလေသည်။ သို့မှသာလျှင် အတ္တဒိဋ္ဌိ စင်ကြယ်လျက် အလိုရှိအပ်သော မဂ်ဖိုလ်ကို ရရှိနိုင်လေသည်။ ထိုကြောင့် အဋ္ဌသာလိနီ နိက္ခေပကဏ္ဍ စာမျက်နှာ ၃၀၀ ၌—

**တာ သဗ္ဗာပိ မဂ္ဂါဝရဏာ**
**န သဂ္ဂါဝရဏာ။**

ဟု ဖွင့်ဆိုတော်မူ၏ ဆိုလိုရင်းအဓိပ္ပာယ် သော်ကား သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ စသော ဒိဋ္ဌိတို့ကိုမခွာဘဲ ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေပါက အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ သို့ရာတွင် နတ်ရွာ သုဂတိသို့ ရောက်ခြင်းကိုကား မတားမြစ်ဟု မိန့်ဆိုတော်မူခြင်းဖြစ်၏။

အတ္တစွဲမပါရဘဲ ဝိပဿနာဘာဝနာ ပွားများရမည်ကို ဝိသုဒ္ဓိမဂ် ဆရာတော် ဦးနန္ဒမာလာ ပြန်ဆိုတော်မူသောတတိယတွဲ စာမျက်နှာ ၃၅၈၌-

**ငါသည်ဝိပဿနာရှုအံ့၊**
**ငါ၏ဝိပဿနာတည်း။**

ဤသို့ ယူသော ယောဂီအား ဒိဋ္ဌိ၏ ပျောက်ကွာခြင်းသည်မဖြစ်ဟု အဋ္ဌကထာ ဖွင့်ဆိုတော်မူလေသည်။ ထို့ကြောင့် ဝိပဿနာဘာဝနာ ပွားများရာတွင် ငါမပါရ၊ငါမရှိ အတ္တမဟုတ် အတ္တမရှိအတ္တစွဲမပါရ အနတ္တသဘာဝမျှသာ ဖြစ်ခြင်းကို သဘောပေါက်ရန် ရှေးဦးစွာကြိုးစားရမည်။

ယခုအခါယောဂီတို့သည် မိမိက ငါ့ကံခန္ဓာ ငါးပါးကိုဝိပဿနာ ရှုနေသည်ကိုတွေ့ရှိရ၏။ ၎င်းတို့သည် အတ္တစွဲမပြုတ်၊ အတ္တစွဲမပြုတ်က မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ အတ္တနှင့် အနတ္တ မကွဲဘဲ အတ္တစွဲနှင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေပါကမဂ်စစ်ဖိုလ်စစ်ကိုမရရှိနိုင် ကမ္မဋ္ဌာန်းဆရာတုပေးသော မဂ်တုဖိုလ်တု နိဗ္ဗာန်တုကိုသာ ရရှိနိုင်ပေမည်။ ဤသို့ ယောဂီပုဂ္ဂိုလ် နစ်နာရခြင်းမှာ ကမ္မဋ္ဌာန်း ဆရာတုကြောင့် ဖြစ်ရလေသည်။

အတ္တစွဲမပါဘဲ ဝိပဿနာ ဘာဝနာ ပွားများပုံကို ယင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဆက်လက်ဖွင့်ဆိုတော်မူသည်မှာ–

သင်္ခါရာဝ သင်္ခါရေ
ဝိပဿန္တိ သမ္မသန္တိ။

စသည်ဖြင့် လာရှိ၏။ မြန်မာပြန်ကား သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကိုရှုကုန်၏၊ သုံးသပ်ကုန်၏ဟု စသည်ဖြင့် လာရှိလေသည်။ ဤတွင် အဋ္ဌကထာ၏ အာဘော်အရ ဝိပဿနာ ပွားများရာတွင် ငါမရှိ ငါမဟုတ်၊ အတ္တစွဲ မပါရ အနတ္တသဘာဝမျှသာ ဖြစ်သော စိတ် စေတသိက် ရုပ် သင်္ခါရတရားတို့ဖြစ်ပျက်နေပုံကို သင်္ခါရတရားဖြစ်သောစိတ်နှင့် စေတသိက်တို့က ဝိပဿနာ ဘာဝနာ ပွားများအားထုတ်နေခြင်းမျှသာ ဖြစ်ရပေမည်။

ဤတွင်နိဂုံးချုပ်ကား ဝိပဿနာ ဘာဝနာကို မပွားများမီ ရှေးအဖို့ကပင်လျှင် အတ္တ နှင့်အနတ္တကို အနှမ်းနအားဖြင့်ကွဲရန် အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူခြင်းဖြစ်၏၊ ပါဠိတော်များ၌ အတ္တစွဲနှင့် ဝိပဿနာပွားများ အားထုတ်ပါက အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန် မရောက်နိုင်ပုံကို ဆက်လက်ဖော်ပြပေဦးအံ့။

**အဋ္ဌကထာနှင့်တကွ ပါဠိတော်များအရ**

# အတ္တနှင့် အနတ္တ မကွဲလျှင်

## ဝိပဿနာကို မပွားလေနှင့်ဦး။

## ( ၈ )

ယခင်အပတ်က ဝိပဿနာ ဘာဝနာ လုပ်ငန်းကို လုပ်ကိုင်မည်ဆိုသော် ရှေးဦးစွာ အတ္တ နှင့် အနတ္တကွဲရမည်ဆိုသော အဋ္ဌကထာအာဘော်ကို ပြခဲ့ပြီးဖြစ်ရာ ယခုသော် ပါဠိတော်၌ ဟောဘော်မူသည်ကို ဖော်ပြပေအံ့။

အနတ္တသဘာဝမှုကို သဘော မပေါက်ဘဲ အတ္တစွဲဖြင့် ဝိပဿနာ ဘာဝနာကိုပွားများအားထုတ်နေပါက မိမိအလိုရှိအပ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ပုံကို မူလပဏ္ဏာသ ပါဠိတော်၊ သီဟနာဒဝဂ်၊ စူဠသီဟနာဒသုတ် (ဆ၊မြန်၊စာ ၉၉)၌ ရှည်လျားစွာ ဟောတော် မူသည်တို့မှ ဤတွင် လိုရင်းကို စာမျက်နှာ ၁၀၃ မှ အတိုချုပ်ကောက်နုတ်ဖော်ပြပေအံ့။

နိဗ္ဗာန် ရောက်ကြောင်းတွင် ပယ်အပ်သော ဥပါဒါန်တရား လေးပါးတို့သည်ရှိကုန်၏။၎င်းတို့ ၄-ပါးတို့သည်ကား–

ကာမုပါဒါန်
ဒိဋ္ဌုပါဒါန်
သီလဗ္ဗတုပါဒါန်
အတ္တဝါဒုပါဒါန်

တို့ဖြစ်၏။ ဗုဒ္ဓမြတ်စွာ မပွင့်မီအခါက ဗြာဟ္မဏတို့သည် ပဌမဥပါဒါန် ၃မျိုးတို့ကိုပယ်ဖျက်ရမည်ဟူ၍ သိကြသော်လည်း အတ္တဝါဒုပါဒါန် (အတ္တစွဲ) ကို ပယ်ပျက်ရမည်ဟု မသိရှာကြချေ။ ထို့ကြောင့် ဗြာဟ္မဏတို့သည် ဝဋ်မှ လွတ်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ မရောက်ရှိနိုင်ကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤတွင် သိရှိရန်မှာ အနတ္တ သဘာဝမျှသာ ရှိခြင်းကို ဗြာဟ္မဏတို့ မသိရှာကြဘဲ၊ အတ္တစွဲရှိနေကြခြင်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို အထူးသိအပ်လေသည်။

ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ပါဠိတော် ထေရဝဂ် ယမကသုတ် (ဆ၊မြန်၊စာ ၄၈)၌ ရှည်လျားစွာ လာရှိသည့် အတိုချုပ်မှာ–

**အသျှင်ယမကသည် အာသဝေါတရားကုန်ပြီးသော ရဟန်းသည် ကိုယ်ခန္ဓာပျက်စီးခြင်းကြောင့် ပြတ်၏။ ပျောက်၏။ သေသည်၏နောက်၌ မဖြစ်** ဟု အယူရှိနေ၏။ ဤအယူသည် သာမန်အားဖြင့် မှန်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ်ကား မှားသော အယူဖြစ်နေ၏။ ထိုကြောင့် အသျှင်ယမကသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိဘဲ ဖြစ်နေရ၏။

အမှန် အား ဖြင့် ဆို သော် လူ နတ် ဗြဟ္မာ သတ္တဝါဟူသည် မရှိ၊ရဟန်းဟူသည်မရှိ၊ သမ္မုတိသစ္စာအခေါ်မျှသာဖြစ်၏။(ဆောင်းပါး အမှတ် ၂-ကို ကြည့်ကြည့်ပြန်လည်ဖတ်ရှုပါလေ)။

ဤတွင် အသျှင်ယမက သည်ပရမတ္ထသဘာဝမျှသာဖြစ်သော ခန္ဓာငါးပါးချုပ်ငြိမ်းသွားခြင်းကို သဘောမပေါ၊ အတ္တစွဲဖြင့် တကယ်မရှိသော ရဟန်းကိုမြင်နေ၏။နောက်မှ အသျှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က အနတ္တသဘာဝကို ရှင်းလင်း ဟောပြတော်မူသောအခါ အသျှင် ယမကသည် (အာသဝေဟိ စိတ္တံ ဝိမုတ္တံ) အာသဝေါ တရားတို့ကုန်ခြင်းသို့ ရောက်ရှိ သွားတော် မူလေသည်။ ဤတွင်လည်း အတ္တနှင့် အနတ္တမကွဲမှုပင်တည်း။

သဂါထာဝဂ္ဂ ဒေဝတာ သံယုတ် ပါဠိတော်၊ သတ္တိဝဂ် ပဌမသုတ် ဆင့်မှု စာမျက်နှာ ၁၂ ၌ ဒေဝတာတဦး၏ လျှောက်ထားချက်ကို ဗုဒ္ဓမြတ်စွာ ပြင်၍ ညွှန်ပြတော်မူသည်မှာ–

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနေဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

ဒေဝတာ လျှောက်သည်မှာ လှံဖြင့်အထိုးခံရသောသူကဲ့သို့ငှင်း၊ ဦးခေါင်း၌ မီးလောင် ခံရသောသူကဲ့သို့ငှင်း၊ ရဟန်းသည် ကာမဂုဏ်၌ တပ်စွန်းမှု ရာဂကိုပယ်ရန် သတိနှင့်ပြည့်စုံသည် ဖြစ်၍ နေရာ၏ဟု လျှောက်၏။

ဤလျှောက်ထားချက်မှာ အထက်တွင်ဖော်ပြခဲ့သော ဥပါဒါန်တရားလေးပါးတို့အနက် အတ္တဝါဒုပါဒါန်(အတ္တစွဲ)ကို ပယ်ဖျက်ရမည်ဟု ဒေဝတာတို့ မသိရှာကြ၍ ကာမရာဂကို ပယ်ရ၏ဟု လျှောက်ထားခြင်းဖြစ်၏။ထိုအခါ ဗုဒ္ဓမြတ်စွာက ဒေဝတာ၏ လျှောက်ထားချက်ကို ပြင်တော်မူလိုက်သည်မှာ–

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနေဝ မတ္ထကေ။
သက္ကာယ ဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

လှံဖြင့်အထိုးခံရသောသူကဲ့သို့ငှင်း၊ဦးခေါင်း၌ မီးလောင်ခြင်း ခံရသော သူကဲ့သို့ငှင်း၊ ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု သက္ကာယဒိဋ္ဌိကို ပယ်ရန် သတိနှင့် ပြည့်စုံသည် ဖြစ်၍ နေရာ၏ဟု မိန့်တော်မူ၏။ (ဆ၊ ၁၊ ၁၀ ၁ ၁)

ဤတွင် သက္ကာယဒိဋ္ဌိ ဆိုသည်မှာ ခန္ဓာငါးပါး၌ အတ္တဟု စွဲခြင်းကို ပယ်ရာရန်ညွှန်ပြတော်မူလိုက်ခြင်းဖြစ်၏။ သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိတို့မှာ အတူတူပင် ဖြစ်လေသည်။

ဤပါဠိတော်အရလည်း ဖြဟ္မာတို့သည်အတ္တစွဲကို ပယ်ဖျက်ရမည်ကို မသိရှာကြချေ။ (ဝါ) အနတ္တသဘာဝမျှသာ ရှိသည်ကို မသိရှာကြချေ။

ဝိနည်း ပဟာဝါ ပါဠိတော် မဟာ ခန္ဓက ပဉ္စဝဂ္ဂိကထာ စာမျက်နှာ ၁၈ အနတ္တလက္ခဏသုတ်၌ငှင်း၊ ခန္ဓဝဂ္ဂ ခန္ဓသံယုတ်ပါဠိတော် ဥပယဝဂ် စာမျက်နှာ ၅၂-၌ငှင်း အနတ္တ လက္ခဏ သုတ်ကို ဟောတော်မူသည်မှာ–

ရူပံဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဝဲ မေ ရူပံ ဟောတု၊ ဝဲ မေ ရူပံ မာ အဟောသီ"တိ၊ ယသ္မာ စခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာရူပံ အာဗာဓာယ သံဝတ္တတိ၊နစလဗ္ဘတိ ရူပေ"ဝဲ မေရူပံ ဟောတု၊ ဝဲမေ ရူပံ မာ အဟောသီ"တိ။

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ရုပ်သည် အတ္တဖြစ်ခဲ့ငြားအံ့၊ ဤရုပ်သည်နာကျင်ခြင်းငှာ မဖြစ်ရာ၊ ငါ၏ရုပ်သည် ဤသို့ ဖြစ်စေ၊ ရုပ်သည် ဤသို့မဖြစ်စေလင့်ဟု ရုပ်၌တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည်ဤသို့ မဖြစ်စေလင့်ဟု ရုပ်၌ တောင့်တမှုကိုလည်း မရ။

ဤတွင် စာ ကြောင်း ရေ များမည် ကြောင့် ပါဠိတော် အပြည့်အစုံကို မဖော်ပြနိုင်ပြီ။ ဤအနတ္တလက္ခဏသုတ်ကို ဓမ္မကထိက သည်ငှင်း၊ ကမ္မဋ္ဌာန်း ဆရာသည်ငှင်း၊ ကမ္မဋ္ဌာန်း ဆရာ၏ တပည့်သည်ငှင်း အလွတ် အာဂုံဆောင်ထားရမည့် ဒေသနာတော်ဘရပ်ဖြစ်၏။ ဝိပဿနာ လုပ်ငန်းအတွက် အထူးအကျွက်ဆိုက်သော ပါဠိတော် တရပ်ဖြစ်၏။

ဤဒေသနာတော်ကို အပြည့်အစုံကို လေ့လာသောအခါခန္ဓာငါးပါးသည်အတ္တမဟုတ်၊အနတ္တမမွသဘာဝဖြစ်ခြင်းကို ဟောတော်မူသော ဒေသနာတော်ဖြစ်သည့်ပြင် အနတ္တဓမ္မ သဘာဝနှင့် အလုပ်လုပ်မှ မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရှိမည် ဆိုသည်ကို ထင်ရှားစွာ ပြတော်မူသော ဒေသနာတော်ဖြစ်လေသည်။

လောကကြီးတွင် အတ္တမရှိ အနတ္တ သဘာဝမျှသာဖြစ်ခြင်းကို ဟောတော်မူသော ပါဠိတော်များ မြောက်မြားစွာကျန်ရှိပေသေး၏။သို့ရာတွင် နိဂုံးချုပ်အနေဖြင့် မဂ်စစ် ဖိုလ်စစ် နိဗ္ဗာန်စစ်ကို အလိုရှိပါက အတ္တနှင့်အလုပ်လုပ်၍မရနိုင်၊အနတ္တသဘာဝဓမ္မဖြင့်အလုပ်လုပ်မှသာလျှင်အလိုရှိအပ်သော မဂ်စစ် ဖိုလ်စစ် နိဗ္ဗာန်စစ်သို့ ရောက်ရှိနိုင်ခြင်းကို အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် အာနိသံသဝဂ်အတ္တသုတ် ဆဋ္ဌမူ စာမျက်နှာ ၃၅၇ နှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၄၁၀ ၌ ဟောတော်မူသည်မှ အတိုချုပ် လိုရင်းကို ကောက်နုတ်ဖော်ပြပေအံ့။

> သော ဝတ ဘိက္ခဝေ ဘိက္ခု ကိဉ္စိ
> ဓမ္မံ အတ္တတော သမနုပဿအန္တော
> အနုလောမိကာယ ခန္တိယာ
> သမန္နာဂတော ဘဝိဿတီတိ
> နေတံ ဌာနံ ဝိဇ္ဇတိ။

ရဟန်းတို့ တစုံတခုသော တရားကို အတ္တအားဖြင့်ရှုသော် ထိုရဟန်းသည် စင်စစ် အားဖြင့် အနုလောမိကခန္တိလောကုတ္တရာတရားအားလျော်သော ပညာနှင့် ပြည့်စုံလိမ့်မည် ဟူသော အကြောင်းသည်မရှိနိုင်။(ဤကား အတိုချုပ်မျှသာ ဖြစ်ခြင်းကြောင့် အထက်၌ ဖော်ပြထားသော မူရင်းကျမ်းကို ဆက်လက် ဖတ်ရှုတော် မူကြရန် အထူးတိုက်တွန်းပါ၏။

> သော ဝတ ဘိက္ခဝေ ဘိက္ခု
> သဗ္ဗဓမ္မေ အနတ္တတော
> သမနုပဿန္တော အနုလောမိကာယ
> ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ
> ဌာနမေတံ ဝိဇ္ဇတိ။

ရဟန်းတို့ အလုံးစုံသော တရားတို့ကို အနတ္တအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိက ခန္တိနှင့် ပြည့်စုံလိမ့်မည် ဟူသော ဤအကြောင်းသည် ရှိနိုင်၏ဟု မိန့်တော်မူ၏။ (ဆ၊မြန်၊စာ ၄၈၆)။

ဤပါဠိတော် အရလည်း အတ္တနှင့် အနတ္တ မကွဲဘဲ တနည်းဆိုသော် အတ္တနှင့်အလုပ်လုပ်လိုပါက မိမိအလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ အနတ္တသဘာဝဓမ္မနှင့်အလုပ်လုပ်မှသာလျှင် ရောက်ရှိနိုင်ခြင်းကို ထင်ရှားစွာသိအပ်လေပြီ။

ဤတွင် နိဂုံးချုပ်ကား လွန်ခဲ့သည့်အပတ်က ဖော်ပြခဲ့သော အဋ္ဌကထာများနှင့်တကွ အထက်တွင် ဖော်ပြအပ်သော ပါဠိတော်များ အရ ဝိပဿနာသဘာဝနာကို ပွားများ အားထုတ်ရာ၌ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တမကွဲဘဲ အတ္တစွဲဖြင့် ပွားများအားထုတ်နေပါက မိမိအလိုရှိအပ်သော မဂ်စစ်၊ဖိုလ်စစ်၊နိဗ္ဗာန်စစ်သို့မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ သိရှိထားရပေမည်။

ထိုကြောင့် ဆောင်ပါးအမှတ် ၆ ၌ အရဟတ္တမဂ္ဂဿ ပစ္စယ ဒါ ိသုဒ္ဓိအာဒိဟူ၍ ဖော်ပြခဲ့သည့် အတိုင်းဝိပဿနာဘာဝနာကိုပွားများအားထုတ်တော့မည်ဆိုပါက နည်းလမ်းမှန် အကျင့်မှန်ကို ရရှိရန်ရှေးဦးစွာသုတမယဉာဏ်အားဖြင့်အတ္တနှင့် အနတ္တကွဲရန် အထူးကြိုးစားရပေမည်။

ဝိပဿနာ ဘာဝနာ လုပ်ငန်းအတွက်

# ဆရာကောင်းရရန် နည်းလမ်း

## ( ၉ )

ဝိပဿနာဘာဝနာ လုပ်ငန်းအတွက် သိသင့် သိထိုက်သော အချက်အလက်တို့ကို ဆက်လက် ဖော်ပြဦးအံ့။

ဝိပဿနာ ဘာဝနာ ပွားများရေး အတွက် ဆရာကောင်းကို ရှာဖွေရမည်ဟု ပါဠိတော်များ တွင် များစွာဟောတော်မူခဲ့လေသည်။ ဆောင်း ပါး ၆ တွင်လည်း-

စတ္တာရိမာနိ ဘိက္ခဝေ
သောတာပတ္တိယင်္ဂါနိ။

အစရှိသောပါဠိတော်ကိုဖော်ပြခဲ့၏။ ဤတွင် ဆရာကောင်းဆိုရာဝယ် အဘယ်သို့ဆရာကောင်း ဟုတ်မဟုတ်ကို သိရပါအံ့နည်းဆိုသော ပြဿနာ တရပ်သည် ထွက်ပေါ်လာ၏။

အဖြေကား ကျမ်းဂန်အရပ်ရပ်တို့နှင့်ကိုက်ညီ စွာ သင်ပြပေးနိုင်သောပုဂ္ဂိုလ်ကို ဆရာကောင်း ဟု ဆိုအပ်၏။ ဤအဖြေသည် အဖြေမှန်ဖြစ်သော် လည်းမိမိကကျမ်းဂန်မနှံ့စပ်ခြင်းကြောင့်အဘယ် ဆရာသည်မှန်၍ အဘယ်ဆရာသည် မှားသည်ဟု သိရှိရန် ခဲယဉ်းနေပြန်၏။

ထို့ကြောင့်ဆရာကောင်းရရှိရေးအတွက်စုံစမ်း ရန် အချက်အလက်ပေါင်း များစွာရှိသည့်အနက် ဤတွင် အနည်းငယ်ကို ဖော်ပြပေအံ့။

သဿာဒဒိဋ္ဌိ
ဥစ္ဆေဒဒိဋ္ဌိ
သက္ကာယဒိဋ္ဌိ

စသော ဒိဋ္ဌိတို့ကို သုတမယ ဉာဏ်အားဖြင့် ကွဲ အောင် စင်ကြယ်အောင် ပြသ ပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

ထို့မှတပါး ရုပ်နာမ်တို့၏ သာမည လက္ခဏာ နှင့်တကွ ပထဝီအာပေါ စသောရုပ်တို့၏ တပါး တပါးစီ ရအပ်သောဝိသေသလက္ခဏာတို့ကိုငင်း၊ ဖဿ၊ ဝေဒနာ၊ သညာ၊ ဝိညာဏ်စသောနာမ်တရား တို့၏တပါးတပါးစီရအပ်သောဝိသေသလက္ခဏာ တို့ကိုငင်း နားလည်အောင် သင်ပြ ပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်စေရမည်။

ငင်းပြင် သမူဟဃန၊ သန္တတိဃန၊ အာရမ္မဏ ဃန စသော ဃနတို့ကို စင်ကြယ်အောင်ပြသပေး နိုင်သော ပုဂ္ဂိုလ်ဖြစ်စေရမည်။

တဖန်သော် သစ္စာလေးပါး တရားတော်ကို ဆောင်းပါး ၂ ခုတွင်ဒုက္ခသစ္စာကိုရှင်းလင်းဖော်ပြ ဘိသကဲ့သို့ ကျန်သစ္စာ သုံးပါး ကိုလည်း မိမိ သဘောပေါက်အောင် ရှင်းလင်း သင်ပြပေးနိုင် သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

တနည်းသော် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ယုံမှားခြင်း တဆယ့်ခြောက်ချက် ကင်းစင်၍ အနုတ္တမမှ သဘာဝပေါ်အောင် သင်ပြပေးနိုင် သောပုဂ္ဂိုလ်ဖြစ်ရပေမည်။

ထို့မှတဖန် မဟာသတိပဋ္ဌာန ဒေသနာတော် ကို ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း တိကျမှန်ကန်စွာ သင်ပြပေးနိုင်သော ပုဂ္ဂိုလ်ဖြစ် ရပေမည်။

ဤတွင် အကုန် မဟုတ်သေး သော်လည်း နောက်ဆုံးအနေဖြင့် ဖော်ပြရသော် ဓမ္မကထိက အရည် အချင်းနှင့် ပြည့်စုံသော ဆရာဖြစ်ရပေ မည်။

ဓမ္မကထိက၏အရည်အချင်းဆိုသည်မှာနိဒါန ဝဂ္ဂသံယုတ်ပါဠိတော်နိဒါနသံယုတ်အာဟာရဝဂ် ဓမ္မကထိကသုတ် ဆဋ္ဌမူစာမျက်နှာ ၂၅၈ ၌-

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ၊

အသျှင်ဘုရား တရားဟောသူ ဓမ္မကထိက တရားဟောသူ ဓမ္မကထိကဟူ၍ ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ် မျှဖြင့် တရားဟောသူ ဓမ္မကထိက ဖြစ်ပါသနည်းဟု လျှောက်၏။

ဤအမေးကို ဖြေဆိုတော်မူရာ၌ ဤသတင်းစာတွင် ကော်လံမများစေရန် အတိုချုပ် လိုရင်းကို ဖော်ပြရသော် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ လာရှိသော အင်္ဂါ ၁၂ ပါးကို ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ ချုပ်ငြိမ်းရန် ဟောပြောသော ရဟန်းကို ဓမ္မကထိကဟူ၍ ခေါ်ဆိုအပ်၏ဟု ဖြေဆိုတော်မူလေသည်။ (အမ်ပွာယ် ပိုမို ထင်ရှားစေရန် ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ ၂၄၃ ကိုဆက်လက် ဖတ်ရှုတော်မူကြပါလေ။)

ထိုမှတပါး သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠာယတန သံယုတ် နဝပုရာဏဝဂ် ဓမ္မကထိက ပုစ္ဆာသုတ် ဆဋ္ဌမူ စာမျက်နှာ ၃၅၃ ၌ ရဟန်းတပါးက–

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဟု မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူသည့် အဘိုချုပ်မှာ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနတို့ကို ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟုဆိုခြင်းငှာထိုက်၏၊ ရဟန်းသည် စက္ခု သောတ ဃာန် ဇိဝှာကာယမနတို့ကိုငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်ခဲ့သည် ဖြစ်ခဲ့မူ တရားတော် အားလျော်သော အကျင့်ကို ကျင့်သောရဟန်းဟု ဆိုခြင်းငှာထိုက်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူလေသည်။ (ဆ၊ မြန်၊ စာ ၃၄၈ ကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ။)

ဝှင်းပြင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ် ဓမ္မကထိကဝဂ် ဓမ္မကထိကသုတ် ဆဋ္ဌမူ စာမျက်နှာ ၁၃၃ ၌ ရဟန်းတပါးက–

ဓမ္မကထိကော ဓမ္မကထိကောတိ
ဘန္တေ ဂုစ္စတိ၊ ကိတ္တာဝတာ နုခေါ
ဘန္တေ ဓမ္မကထိကော ဟောတီတိ။

ဟု မေးလျှောက် ရာတွင် ဖြေဆိုတော် မူသော သဘောအတိုချုပ်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဤခန္ဓာ ငါးပါးတို့ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်စေရန် တရားကို ဟောခဲ့မူ ဓမ္မကထိက ရဟန်းဟု ဆိုထိုက်၏။ မိမိကိုယ်တိုင် ကျင့်ခဲ့မူ တရားအားလျော်သောအကျင့်ကို ကျင့်သော ရဟန်းဟု ဆိုထိုက်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူလေသည်။ (ဆ၊ မြန်၊ စာ ၁၂၄ ကိုဆက်လက် ဖတ်ရှုတော်မူကြပါလေ။)

ဤပါဠိတော်များသာမက ဝိပဿနာလုပ်ငန်းနှင့်သက်ဆိုင်သော ဒေသနာတော် အရပ်ရပ်တွင် ဟောတော်မူသည်တို့၏ အဓိက ပဓာန အချက်ကို စစ်ထုတ်လိုက်သောအခါ ခန္ဓာငါးပါးကို ငြီးငွေ့ ချုပ်ငြိမ်းစေရန် ဟောတော်မူခြင်းဖြစ်၏။

ဤမှတဖန် နိဂုံးချုပ်အားဖြင့် ဖော်ပြရသော် လွန်ခဲ့သည့် ဆောင်းပါး၌ အနတ္တလက္ခဏာသုတ်မှ ကောက်နုတ်၍ အနည်းငယ် ဖော်ပြခဲ့ရာ ထိုတရားတော်တွင် ဆက်သက်ဟောတော်မူသည်မှာ–

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ
အရိယသာဝကော ရူပသ္မိံ နိဗ္ဗိန္ဒတိ။
ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ
နိဗ္ဗိန္ဒတိ။ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊
ဝိညာဏသ္မိံ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊
ဝိရာဂါ ဝိမုစ္စတိ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ
ဉာဏံ ဟောတိ။ ခီဏာ ဇာတိ၊ ဝုသိ
တံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ၊

(ဆဋ္ဌမအကြိမ်)

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခန္ဓသံယုတ် ဥပယဝဂ် အနတ္တလက္ခဏသုတ် ဆဋ္ဌ မြန်မာပြန် စာမျက်နှာ ၅၄။

ရဟန်းတို့ဤသို့ရှုသောအကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ၏။ ဝေဒနာ၌လည်း ငြီးငွေ၏။ သညာ၌လည်း ငြီးငွေ၏။ သင်္ခါရ တို့၌လည်း ငြီးငွေ၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏။ ပဋိသန္ဓေ နေရမှု ကုန်ပြီ၊ အကျင့် မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

ဤပါဠိတော် အရလည်း ခန္ဓာ ငါးပါးကို ငြီးငွေ ချုပ်ငြိမ်းစေရန် ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဆရာကောင်း ဟုတ်သည် မဟုတ်သည်ကို သိရှိရန်မှာ အထက်တွင် ဖော်ပြအပ်သည်တို့ကို ဖြေရှင်းသင်ပြပေးနိုင်မှ ယခုအခါတွင်ဆရာကောင်း အင်္ဂါအချို့နှင့် ပြည့်စုံသည်ဟု သိအပ်လေသည်။

ဤတွင် သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်စိမ့်သောငှာ ဓမ္မာသူ ကမ္မာသားတို့ အမွှန်ရှည်စွာ အကျိုးများစိမ့်သောငှာ မှန်မြတ်သော စေဘနာအစစ်အမှန်ဖြင့် မသေမီ ရှင်းလင်းပေးခဲ့ပေဦးအံ့။

အရပ်ထဲတွင် စာပေကျမ်းဂန်တို့ကို ကိုးကားပြောဆိုကြကုန်သော ဓမ္မကထိကများအား ရမ်းဟော့ ဆရာ၊ ရမ်းပြောဆရာ တို့က မိမိတို့ တရားတော်နှင့်ကိုက်ညီစွာ မဟောပြော မပြသနိုင်ခြင်းကို ဖုံးကွယ်စေရန် ပြောဆိုလေ့ရှိကြသည်မှာ-

ခင်ဗျားတို့က စာစကားတွေကို ရှောက်ပြောနေတယ်။ ခင်ဗျားတို့ စာခံနေတယ်။ စာတတ်ဖို့ မလိုဘူး၊ စာဖတ်ဖို့ မလိုဘူး၊ ဒါတွေကြောင့် ခင်ဗျားတို့ ဘာမျှမဖြစ်ဘူး၊ အလုပ်လာပြီး လုပ်ကြည့်စမ်းပါ စသည်တို့ဖြင့် ဆင်ခြေ ပေးရုံသာမက ဗုဒ္ဓမြတ်စွာ၏ ပရိယတ္တိ သာသနာတော်ကြီးကို လုံးလုံးလျားလျား ပစ်ပယ် ပုန်ကန်နေကြလေသည်။

ထို့ကြောင့် ယခုခေတ်တွင် အစစ်ထက် အတုများက ပိုမိုများပြားလာခြင်းကြောင့် အစစ်နှင့် အတု ခွဲခြားနိုင်ရန် ဆောင်းပါး ၆ ၌ ဖော်ပြခဲ့သော မဟာပဒေသ တရား လေးပါးကို အထူးအားကိုးအားထားပြုကြရပေမည်။

---

ဗေဒင်ဆရာ ဟောနည်း

# ဝိပဿနာအဖို့ ဖတ်ရန်စာ

## ( ၁၀ )

လောကီရေးတွင် မျက်စိကန်းသော် ဤဘဝ အတွက်သာ ဆုံးရှုံးရ၏။ လောကုတ္တရာရေးတွင် ပညာမျက်စိကန်းခြင်းကား တသံသရာလုံး ဆုံးရှုံးရပေတော့၏။ ထို့ကြောင့် ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် လုပ်နည်း မှန်သည် မမှန်သည်ကို ဆောင်းပါး ၆ ၌ ရှင်းလင်း ဖော်ပြခဲ့သည့် အတိုင်း စစ်ဆေးရပေမည်။

ယင်းသို့ ပါဠိတော်အရပ်ရပ်တို့နှင့် တိုက်ဆိုင်

စစ်ဆေးသောအခါ ပါဠိတော်တို့နှင့် မကိုက်ညီသောအခါ မည်သည့် ပုဂ္ဂိုလ်က ရေးသား ဟောပြော သင်ပြပေးသည်ဖြစ်စေ ပယ်ရပေမည်။

အရောင် ပြောင်လက်တိုင်း ရွှေမဟုတ်သည်ကို အထူးသတိပြုကြရပေမည်။ ထို့ကြောင့် ယခု ရေးသားခဲ့သော ဆောင်းပါး များတွင် ပါဠိတော် အရပ်ရပ်တို့နှင့် မကိုက်ညီသော် ပယ်ရမည်သာတည်း။

မဟာပဒေသ တရားလေးပါးနည်းအရ ပါဠိတော် အရပ်ရပ်ကို အကုန်နှံ့စပ်အောင် ဖတ်ရပေမည်။ အကယ်၍ မဖတ်နိုင်ခဲ့သော် အကျဉ်းအားဖြင့် အဘယ် ပါဠိတော်တို့ကို ဖတ်ရှု လေ့လာရ ပါအံ့နည်းဆိုသော် နိကာယ် ငါးရပ်တွင် သံယုတ္တနိကာယ်သည် ဝိပဿနာ လုပ်ငန်းအတွက် အထူး အကျက်ဆိုက်သော ပါဠိတော် ဖြစ်လေသည်။ ယင်း သံယုတ္တ နိကာယ်တွင် ပါဝင်သော ပါဠိတော်များမှာ—

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်
နိဒါနဝဂ္ဂသံယုတ် ပါဠိတော်
ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်
သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်။
မဟာဝဂ္ဂသံယုတ် ပါဠိတော်။

ယင်းသံယုတ် ငါးကျမ်းကို စာအုပ်အားဖြင့် ရေတွက်သော် သုံးအုပ်မျှသာ ဖြစ်၏။ ယင်းပါဠိတော်များကို စာအား မရှိ၍ မသွားနိုင် ပါက ဦးမြို့ မြန်မာပြန်၊ ဆင္ဒမူ မြန်မာပြန် မိုးထိမူနိသျစသည်တို့နှင့်တွဲကာ ဖတ်ရှုလေ့လာပါလေ။ အကယ်၍ ထိုမျှဖြင့် အားမရသေးပါမူ ဦးဟုတ်စိန်၏ ပါဠိ မြန်မာအဘိဓာန်ကို အကူအညီရရှိရန် ဘေးမှာ ထားရှိပါလေ။ ၎င်းအဘိဓာန် လေးအုပ်မှာ တန်ဘိုး ၂၀ ကျပ်ဖြစ်၍ ရန်ကုန်မြို့ အစိုးရ စာပုံနှိပ်တိုက်တွင် ရရှိနိုင်၏။

၎င်းပါဠိတော် သုံးအုပ်ကို အဘယ်သို့လျှင် အဘယ်မျှ ကြာအောင်ဖတ်ရှု လေ့လာ ရပါအံ့နည်းဆိုသော် စာအုပ်တွင် အရေးကြီးသည်တို့ကို မှင်နီမှင်နက်တို့ဖြင့် မှတ်သားခြင်းတို့ကိုပြုပြီးလျှင် စာအုပ်ကို ချုပ်ထားသော အပ်ချည် ကြိုးများ ပြတ်ပြုတ်ကုန်သည် အထိ ဖတ်ရှု လေ့လာရပေမည်။

ဤသို့ ပြုလုပ်ရခြင်း အကြောင်းကား ၎င်း ပါဠိတော်များသည် ဝိပဿနာ လုပ်ငန်း အတွက် ဖတ်ရှုလေ့လာ ကျင့်သုံးရန် နည်းလမ်းများကို အစုံလိုက် ဧတွဲလိုက်ဟောတော်မူခြင်းတို့ကြောင့် ဖြစ်လေသည်။

၎င်းသံယုတ်ကျမ်းကြီးများကို ကျမ်းအိပ်ကြီးများဟု ခေါ်ဆိုလေ့ရှိ၏။ အကြောင်း သော်ကား ဝိပဿနာ ဘာဝနာ လုပ်သူ နည်းပါးခြင်းကြောင့်ဖြစ်၏။ ဝိမလုပ်ကြသဖြင့် ထိုဝိလုပ်ငန်း တော်နှင့် သက်ဆိုင်သော သံယုတ် ကျမ်းကြီးကို ဖတ်ရှုရန်မလို၊ ဖတ်ရှုရန်မလိုခြင်းကြောင့် စာဘီဒို ထဲမှ ပြင်ပသို့ မထွက်ရရှာ၊ ထို့ကြောင့် ကျမ်းအိပ် ကြီးများဟု ခေါ်ဆိုကြခြင်းဖြစ်၏။

ဝိပဿနာဘာဝနာလုပ်ငန်းကိုသဘာဝကျကျ လုပ် ကိုင် လိုသော ကမ္မဋ္ဌာန်း ဆရာသည်၎င်း၊ ကမ္မဋ္ဌာန်းဆရာ၏ တပည့်သည်၎င်း၊ ထိုသံယုတ်ကျမ်းကြီးကို စာဘီဒိုထဲမှ မိမိစာကြည့် စာပွဲသို့ တင်ကာ နေ့စဉ် နေ့တိုင်းဖတ်ရှုလေ့လာကျင့်သုံးပြီးလျှင် ပါရှိသောသဘောသဘာဝများကို ဗမာသို့၎င်း၊ ကမ္ဘာသို့၎င်း ဟောပြော ပေးဝေ လှူဒါန်းတော်မူကြရန် သင့်လေပြီ၊ဗမာနှင့်ကမ္ဘာက လည်း အထူးလိုလားလျက် ရှိနေ၏။

ထိုမှတပါး ဆက်စပ် ဖတ်ရှုလေ့လာ ရန်မှာ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ဖြစ်လေသည်။ ထိုကျမ်းမှာလည်း ဝိလုပ်ငန်းတော်အတွက်အလွန်အကျက်ဆိုက်သော ပါဠိတော်ဖြစ်၏။

ဤသို့ဖော်ပြသော်လည်းကျန်ပါဠိတော်များကို ဖတ်ရှုလေ့လာရန် မလိုဟု မဆိုလို၊ ဥပမာ သော်ကား တတ်ကျမ်း၍ ဗဟုသုတ ကြွယ်သော ဗေဒင်ဆရာသည် မိမိတတ်ကျမ်းသောနည်းတို့ဖြင့် တွက်ချက် ကြည့်သောအခါ ပျောက်သော နွားသည် ရွာ၏အရှေ့ဘက် စားကျက်တွင် တွေ့ရှိမည်ဟု အဖြေထွက်၏၊ ဗေဒင်ဟူသည် မှန်သည်လည်း

ရှိ၏၊ မှားသည်လည်းရှိ၏ဟု သိရှိပြီးသော ဗေဒင်ဆရာက မိမိရရှိထားသော ဗဟုသုတနှင့် ပေါင်းစပ်ထား ပြောသည်မှာ-

အမောင်၊ အမောင်၏ နွားကို ရှာ၏ အရှေ့ဘက် စားကျက်တွင် တွေ့လိမ့်မည်၊ အရှေ့ဘက်စားကျက်တွင် မတွေ့ရှိက အနောက်ဘက် စားကျက်တွင် တွေ့ရှိရန် သေချာ၏ဟု ပြောရာ နွားပျောက်သော လုလင်မျိုသည် အားရစွာထ၍ အသွား ဗေဒင် ဆရာက ထပ်ဆင့် မှာကြားလိုက်သည်မှာ-

အနောက်ဘက်စားကျက်တွင် တွေ့ရှိရန် သေချာသည်ဆိုသော်လည်းသွားရင်းလာရင်းတောင်နှင့်မြောက်ကိုလည်းလွှတ်မထားနှင့်ပေါ့မောင်ရာဟု မှာလိုက်ပြန်၏၊ ဤနည်းတူစွာ ကျန်ပါဠိတော်များကိုလည်း လွှတ်မထားနှင့်ဟူ၏။

ပါဠိတော်များမှ တပါးလည်း ဝိလုပ်ငန်းတော်အတွက် အဋ္ဌကထာ များကိုလည်း ဖတ်ရှုလေ့လာရပေဦးမည်၊ အဋ္ဌကထာပေါင်းများစွာရှိသည့်အနက် အဘယ်အဋ္ဌကထာသည် ဝိပဿနာလုပ်ငန်းအတွက် ခေတ်အစားဆုံးဖြစ်သနည်း ဆိုသော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာသည် ခေတ်အစားဆုံးဖြစ်၏။

အကြောင်းသော်ကား ဝိလုပ်ငန်းတော်တွင် တဏှာနှင့်အဝိဇ္ဇာကိုပယ်ဖြတ်ရန် ပဓာနဖြစ်ခြင်းကို ဆောင်းပါး ၄ ၌ ပါဠိတော်ကိုဖော်ပြခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာသည် တဏှာကို ပယ်ဖြတ်ရန်နည်းကို ဖော်ပြထားသော အဋ္ဌကထာဖြစ်ခြင်းကြောင့်ပေတည်း။

အိန္ဒိယပြည်မှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိ လာသောအသျှင်မဟာဗုဒ္ဓဃောသ၏ဉာဏ်ပညာစွမ်းရည်သတ္တိကို သိလို၍ သီဟိုဠ် သံဃာတော် တို့က အောက်ပါဂါထာတော်နှစ်ပုဒ်ကို အကျယ်ဖွင့်ဆိုရေးသားရန် ပေး တော် မူ ကြ ၏။ ထိုဂါထာနှစ်ပုဒ်မှာ –

အန္တော ဇဋာ ဗဟိ ဇဋာ၊
ဇဋာယ ဇဋိတာ ပဇာ၊
တံ တံ ဂေါတမ ပုစ္ဆာမိ၊
ကော ဣမံ ဝိဇဋယေ ဇဋန္တိ။

အသျှင်ဘုရား၊ အကြင်တဏှာကို ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သော တဏှာ၊ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက် တတ်သောတဏှာဟု ဆိုအပ်ပါ၏။ ထိုကိုယ်တွင်းကိုယ်ပ၌ ဖြစ်သော ဖွဲ့ယှက်တတ်သော တဏှာသည် သတ္တဝါ အပေါင်းကို ဖွဲ့ယှက်အပ်ပါ၏။ဂေါတမမြတ်စွာဘုရား၊အသျှင်ဘုရားအား ထိုအကြောင်းကိုမေးလျှောက်ပါ၏။ ဤဖွဲ့ယှက်အပ်သောတဏှာကိုအဘယ်ပုဂ္ဂိုလ်သည် ဖြေရှင်းနိုင်ပါသနည်းဟုလျှောက်၏။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ဒေဝတာသံယုတ် သတ္တိဝဂ် ဇဋာသုတ် ဆဋ္ဌမူမြန်မာပြန် စာမျက်နှာ ၁၃။)

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋန္တိ။

ပဋိသန္ဓေပညာရှိ၍ ပြင်းစွာအားထုတ်မှုရှိသော ရင့်ကျက်သည့် ပညာရှိသော ပုဂ္ဂိုလ်သည် သီလ၌ တည်၍ သမာဓိစိတ်ကိုရင်း၊ ဝိပဿနာ ပညာကိုရင်း ပွားစေလျက်ဤဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်ရာ၏။

ဤဂါထာတော် ၂ပုဒ်၏အဓိပ္ပာယ်အတိုချုပ်မှာ တဏှာကို အဘယ်သူသည် ဖြေရှင်းပယ်ဖြတ်နိုင်ပါသနည်းဟု လျှောက်ထားရာ သီလ သမာဓိ ပညာကို ကြိုးစား ပွားများ အားထုတ် သူသည် ထိုတဏှာကို ဖြေရှင်းပယ်ဖြတ်နိုင်၏ဟု ဗုဒ္ဓမြတ်စွာ ဖြေဆိုတော်မူခြင်းဖြစ်၏။ (ဤအမေးအဖြေပါဠိတော်ကို အရကျက်ဆောင် ထားလျက် သူတပါးအားလည်း ကျက်ဆောင်ထားပါစေ)။

ဤတဏှာကို ဖြေရှင်းပယ်ဖြတ်နိုင်သော သီလဆိုသည်မှာ အဘယ်သို့နည်း၊ သမာဓိဆိုသည်မှာ အဘယ်သို့နည်း၊ ဝိပဿနာ ပညာ ဆိုသည်မှာ အဘယ် သဘောနည်း ဟူသည်ကို အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော် မူသည်မှာ အဘယ်မျှ ရှည်လျားပါသနည်းဆိုသော် ထိုအသျှင် မဟာ

ဗုဒ္ဓဃောသ ဖွင့်ဆိုတော်မူသော ပါဠိကို အသျှင်ဦးနန္ဒမာလာ မြန်မာလို ပြန်ဆိုတော်မူရာ သုံးတွဲပေါင်းသော် စာမျက်နှာ တထောင့်ငါးရာခန့်ရှိလေသည်။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းရင်း၏အစမှုတည်ပုံကို ကြည့်ခြင်းအားဖြင့် ထိုအဋ္ဌကထာသည် ဗုဒ္ဓမြတ်စွာ အလိုတော်ရှိအပ်သော တရားကို ပယ်ဖြတ်သော အဋ္ဌကထာဟူ၍ ထင်ရှားစွာ သိနိုင်လေသည်။

ဤတွင် အထူးသိဘွယ်ရန်မှာ တရားကိုသတ်သည်ဆိုရာ၌ရှင်း၊ အဝိဇ္ဇာကိုသတ်သည် ဆိုရာ၌ရှင်း၊ ဤမဂ္ဂင်ရှစ်ပါးသီလ,သမာဓိ, ပညာကိုလေ့ကျင့် ကြိုးစား အားထုတ်ရခြင်းပင်ဖြစ်လေသည်။

ထိုကြောင့် ဝိပဿနာ ဘာဝနာကို တိကျ မှန်ကန်စွာ လုပ်ကိုင်လိုပါမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကိုလည်း ကျေညက်စွာ ဖတ်ရှုလေ့လာရပေမည်။ သို့ရာတွင် တောင်နှင့် မြောက်ကိုလည်း လွှတ်မထားသင့်ပေ။

အတ္တနှင့် အနတ္တကွဲရန်

# ပရမတ္ထသဘာဝ ကို ပိုင်ရ၏

## ( ၁၁ )

ဝိပဿနာ ဘာဝနာ လုပ်ငန်းကို လုပ်ကိုင်မည်ဆိုပါကရှေးဦးစွာ သုတမယဉာဏ်အားဖြင့် အတ္တနှင့် အနတ္တ ကွဲရမည်။ အတ္တနှင့် အနတ္တ မကွဲဘဲ ဝိပဿနာဘာဝနာကိုပွားများအားထုတ်နေပါက အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို ဆောင်းပါး ၇ နှင့် ၈ တွင် အဋ္ဌကထာနှင့် ပါဠိတော်များ၌ ဟောတော်မူသည်တို့ကို တိကျပြတ်သားစွာ ရေးသားဖော်ပြခဲ့လေပြီ။

ထိုလုပ်ငန်းတွင် အတ္တနှင့် အနတ္တ ကွဲရန်မှာ ခဲယဉ်းလှသော အစိတ် အပိုင်း တရပ်ပင် ဖြစ်၏။ ထိုခဲယဉ်းလှသော ပြဿနာကို မသေမီ ဖြေရှင်းပေးခဲ့အံ့။

ယင်းသို့မရေးသားမီ သိတော်မူကြစေလိုသည်မှာ အိမ်တွင် ဓမ္မာစရိယများနှင့် ထိုမျှမက စာအားရှိပြီးဖြစ်တော်မူသော ဆရာတော်ကြီးများကို ဓမ္မဒါနပြုရာတွင် ခေတ်အားလျော်စွာ သင်ပြနည်းတို့ဖြင့် ကျောက်သင်ပုန်းကြီး၏ အကူအညီဖြင့်ရှင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်ရှင်း၊ အိမ်၌ ရှိပြီးဖြစ်သောအလိုရှိအပ်သော ပါဠိဘော်များကို အလွယ်တကူ ဖွင့်ကာ ဖတ်ပြ နိုင်ခြင်းစသော အကူအညီတို့ဖြင့် ဓမ္မဒါန ပြုနိုင်ရခြင်းကြောင့် လွယ်ကူစွာ ခရီးရောက်ရှိခဲ့ပါသည်။

ယခုသော် ထိုအကူအညီများ အနည်းငယ်မျှမရရှိဘဲ အက္ခရာစာလုံးတို့ဖြင့်သာ သတင်းစာတွင် တိုတောင်းစွာရေးသားရမှုတို့ကြောင့် လွယ်ကူစွာ သဘောပေါက်စေရန် ဝန်လေးလျက် ရှိပါ၏။ သို့ရာတွင် အများအကျိုးငှာ ကြိုးစား ရေးသား ဖြေရှင်းပေးခဲ့ပေအံ့။

အထက်တွင် ဖော်ပြအပ်သော အခက်အခဲတို့ကြောင့် သတင်းစာဆရာကြီးများကလည်း ဗမာနှင့် ကမ္ဘာသူ-ကမ္ဘာသားတို့အကျိုးငှာ စိတ်ရှည်စွာဖြင့် ကူညီဆောင်ရွက်ပေးတော်မူကြရန်အထူးမေတ္တာရပ်ခံပါသည်။

စ ပေအံ့၊ကမ္ဘာကြီး တည်ရှိပြီးသည့်နောက် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ဖြစ်ပေါ်လာသည်ကအစပြု၍ သတ္တဝါအပေါင်းတို့၏ အယူဝါဒမှာ အတ္တအယူဝါဒများ ဖြစ်ကြလေသည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါကျမှသာ

လျှင် အတ္တမဟုတ် အတ္တမရှိ၊ သဘာဝ ဓမ္မမျှသာ ဖြစ်သော အကြောင်းနှင့် အကျိုးတရားမျှသာ ရှိခြင်းကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိမြင်တော်မူကာ အနတ္တသဘာဝဓမ္မ၊ သဘောတရားကို ဟောတော်မူ၏။ ထိုကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ အတိုချုပ်ပါဠိတော် ဆောင်ပုဒ်မှာ "သဗ္ဗေ ဓမ္မာ အနတ္တာ" ဖြစ်လေသည်။

အဓိပ္ပာယ်သော်ကား လောကဓာတ်ကြီးတရပ်လုံးတွင် အတ္တမရှိ၊ အနတ္တသဘာဝ ဓမ္မမျှသာ ရှိ၏ဟု ဟောတော်မူခြင်းဖြစ်၏၊ ထို့ကြောင့်ဤတွင် အတ္တဆိုသည်ကား အဘယ်နည်း၊အနတ္တ ဟူသည်ကား အဘယ်နည်း ဆိုသည်ကို သိရှိရန် အလိုရှိအပ်လေသည်။ ယင်းသို့သိရှိရန် ရှေးဦးစွာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ခွဲခြားရပေမည်။

ဗုဒ္ဓမြတ်စွာသည် နေရာဌာန အခါကာလအားလျော်စွာ အချို့ကို သမ္မုတိသစ္စာအားဖြင့် ဟောတော်မူ၍ အချို့ကို ပရမတ္ထသစ္စာ အားဖြင့် ဟောတော်မူ၏။

သမ္မုတိသစ္စာတွင်မိန်းမ,ယောကျ်ား,လူ,နတ်,ဗြဟ္မာ,သတ္တဝါသည်ရှိ၏။ မိဘသည်ရှိ၏၊ သားသမီးသည်ရှိ၏၊ ဆရာသည်ရှိ၏၊ တပည့်သည်ရှိ၏၊ တောတောင်ရေမြေ သမုဒ္ဒရာသည်ရှိ၏။ ပရမတ္ထသစ္စာသည် သဘာဝဓမ္မ သဘောတရားမျှသာ ဟောတော်မူခြင်းဖြစ်ရကား လူနတ်ဗြဟ္မာ သတ္တဝါမရှိ၊ မိဘသည်မရှိ၊ သားသမီးသည်မရှိ၊လောကဓာတ်ကြီးတရပ်လုံးတွင် သဘာဝဓမ္မမျှသာဖြစ်သော အကြောင်းနှင့် အကျိုးတရားမျှသာရှိ၏။

ထိုအကြောင်းတရားနှင့် အကျိုး တရားကို ပကတိမျက်စိဖြင့်မမြင်ရ၊ ပညာမျက်စိဖြင်သာမြင်နိုင်၏၊ ၎င်းသည် ပရမတ္ထသစ္စာသဘောဖြစ်၏။ပရမတ္ထသစ္စာကို ပညာမျက်စိဖြင့်သာ မြင်နိုင်ပုံကို ဆိုဦးအံ့။

ရူပံ န သတ္တော၊ န ဇီဝေါ၊
န နရော၊န မာဏဝေါ၊
န ဣတ္ထိ၊န ပုရိသော၊
န အတ္တာ၊ နအတ္တနိယံ၊ နာဟံ၊
န မမ၊ န ကောစိ၊ န ကဿစိ။
(အလွတ်ကျက်ထားကြရန်)။

ရုပ်သည် သတ္တဝါမဟုတ်၊ ဇီဝမဟုတ်၊ လူမဟုတ်၊ လုလင်မဟုတ်၊ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်၊ အတ္တမဟုတ်၊ အတ္တ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်၊တစုံယယောက် မဟုတ်၊ တစုံတယောက်၏ ဥစ္စာမဟုတ်၊ ကျန် နာမ်ခန္ဓာ ၄-ပါးအတွက်လည်းဤအတိုင်း ဟောတော်မူ၏။ (စူဠနိဒ္ဒေသပါဠိတော် ပါရာယနဝဂ်မောဃရာဇသုတ်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဒုတိယတွဲ ပဋိပဒါဉာဏဒဿနခဏ်း ဆဌမူ စာမျက်နှာ ၂၉၃ ၌ရင်းဟောတော်မူ၏။)

ထိုမှတပါး ဆောင်းပါး ၂၃၊ပင် ငါမရှိခြင်းကြောင့် ငါ့သား၊ ငါ့သမီး၊ ငါ့ဥစ္စာ မရှိနိုင်ခြင်းကို သိရှိစေရန်–

ပုတ္တာမတ္ထိ ဓနမတ္ထိ၊
ဣတိ ဗာလော ဝိဟညတိ။
အတ္တာပိ အတ္တိနော နတ္ထိ၊
ကုတော ပုတ္တော ကုတော ဓနံ။

ဟူ၍ ဟောတော်မူသည်ကို ဖော်ပြခဲ့ပြီးဖြစ်ရာ ဤပါဠိတော်အရ သမ္မုတိသစ္စာဖြစ်သော လူနတ်ဗြဟ္မာ သတ္တဝါကို ဤတွင်အလိုမရှိအပ်၊သဘာဝသက်သက် အကြောင်းတရားနှင့် အကျိုးတရားကို တေ့ဆက်အားဖြင့် ဖြစ်ပျက်နေခြင်းကို ပညာမျက်စိဖြင့် သိရှိရပေမည်။ ဤသည်ကို ပရမတ္ထသစ္စာဟူ၍ သိအပ်၏။

ပရမတ္ထသဘောနှင့် တေ့ဆက်သဘောကိုသိရှိစေရန် ဝိသုဒ္ဓိမဂ် တတိယတွဲ ဦးနန္ဒမာလာ မြန်မာပြန် စာမျက်နှာ ၂၇၅ ၌ လာသည်ကို ဖော်ပြပေအံ့။

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ။

There ia no doer a deed
Or one who reaps the deed's result;
Phenomena alone flow on–
No other view than this is right.

ကံကိုပြုတတ်သောသူသည်မရှိ၊ အကျိုးဝိပါက်ကို ခံစားတတ်သောသူသည်လည်းမရှိ၊ သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သော တရားတို့သည်သာလျှင် ဖြစ်ကုန်၏။ ဤသို့ ပြဆိုပြီးသော သဘောရှိသော ထိုထိုသော ဉာဏ် အမြင်သည် သာလျှင် မဖောက်မပြန် ဟုတ်မှန်သော အမြင်သည်ဖြစ်၏။

ကမ္မံ နတ္ထိ ဝိပါကမှိ၊
ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊
န စ ကမ္မံ ဝိနာ ဖလံ။

There is no kamma in result,
Nor does result exist in kamma,
Though they are void of one another,
There is no fruit without the kamma.

ဝိပါက်၌ ကံသည် မရှိ၊ ဝိပါက်သည် ကံ၌မရှိ၊ ကံနှင့် ဝိပါက်နှစ်ပါးတို့သည် အချင်းချင်းတပါးသည် တပါး၏ သဘောမှဆိတ်ကုန်၏၊ ကံကိုကြဉ်၍အကျိုးသည်ဖြစ်လည်း မဖြစ်သာလျှင်ကတည်း။

ဤကား ပရမတ္ထသစ္စာသဘောနှင့် တော့ဆက်သဘောတို့ပင်တည်း။

အထူးကား အထက်တွင် ဖော်ပြ အပ် သော အင်္ဂလိပ်စာ ဘာသာပြန်မှာ ဝိသုဒ္ဓိမဂ်ကို သီဟိုဠ်ကျွန်းမှ ဉာဏမောလိဘိက္ခု ပြန်ဆိုတော်မူသော "THE PATH OF PURIFICATION" ခေါ်စာအုပ် စာမျက်နှာ ၇၀၀ ၌ တွေ့ရှိရ၏။ ထိုစာအုပ်မှာ ဝိပဿနာ ဘာဝနာ ပွားများနည်းကို ကမ္ဘာသို့ ပေးဝေလိုသူတို့အတွက် မြန်မာပြန်နှင့်ယှဉ်တွဲ လေ့လာရန်အထူးမှန်မြတ်ခြင်းကြောင့် အပင်ပန်းခံကာရေးကူးဖော်ပြလိုက်ရခြင်းဖြစ်၏။ စာအုပ်၏ တန်ဘိုးမှာ ၂၆ ကျပ်ဖြစ်၍ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အင်းဝတိုက်တွင် ရရှိနိုင်၏။ ကုန်နေပြီဆိုပါက ထပ်မံမှာယူပေးရန်မေတ္တာရပ်ခံပါလေ။

ဤတွင် ပရမတ္ထသစ္စာကို ပြန်၍ ဆက်ရသော် ဝိလုပ်ငန်းတော်၌ လူနတ် ပြဟ္မာ သတ္တဝါကို မကြည့်ရ၊ ပညာမျက်စိဖြင့် အနတ္တ သဘာဝမှ အကြောင်းအကျိုးတို့ဆက်စပ်ဖြစ်ပေါ်မှုကိုကြည့်၍ ဆင်ခြင်ရခြင်းဖြစ်၏။

အထက်တွင်ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဖော်ပြအပ်သော ပါဠိနှစ်ပုဒ်ကို သဘောပေါက်လာအောင် ထပ်ခါထပ်ခါ ဖတ်၍ ဆင်ခြင်ပါလေ။ မကြာမီ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကွဲရုံမျှမက အတ္တမဟုတ်၊ အတ္တမရှိ၊ အနတ္တ သဘာဝ ဖြစ်ခြင်းကို ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်လာပေလိမ့်မည်။

ထို့ကြောင့် သိနေကျသမ္မုတိသစ္စာကို ကျော်လွှန်၍ ပရမတ္ထသစ္စာကိုပိုင်နိုင်စွာသိရန် ကြိုးစားတော်မူကြပါလေ။ ပရမတ္ထ သဘာဝကို ပိုင်နိုင်အောင်လေ့လာရသည်ဆိုသည်ကို စတုဂံရှုဘွယ်ကျမ်း တတိယတွဲ စာမျက်နှာ ၂၁၈ ၌–

ပရမတ်သဘော ဇော၊ဝီ၊ထိ၊ ရုပ် နာမ်၊ ခန္ဓာ တို့ကို ပိုင်းခြား၍ သိနိုင်မှသာလျှင် လက္ခဏာရေး သုံးပါးကို သဘော အဓိပ္ပါယ်ကျအောင် ဆင်ခြင်နိုင်မည်။ ထို့ကြောင့်–

ပရမတ်သင်မှ နားဝင်မည်။
ပရမတ်ကျမှ နားဝမည်ဟု

ရေးသားဖော်ပြထားတော် မူခဲ့လေပြီ။

## လူဟူသည် ပရမတ် ဓာတ်သားတို့၏

# အရိပ် နိမိတ် မျှသာဖြစ်၏

## ( ၁၂ )

စာဖတ်နည်း၊ ငါသည် ဝိပဿနာ ဘာဝနာကို ပွားများလိုသူဖြစ်၏။ ဝိလုပ်ငန်းတော်ကို လုပ်လိုသူသည် အနတ္တသဘာဝဖြင့် အလုပ်လုပ်ရမည်။ အတ္တစွဲဖြင့် အလုပ် လုပ်သော် အလိုရှိအပ်သော တမဂ်၊တဖိုလ်သို့ မရောက်ရှိနိုင်ဟု ရှင်တော်ဘုရား ဟောတော်မူခဲ့တယ်၊ ဒီတော့အတ္တနှင့် အနတ္တကွဲမှ ငါဖြစ်မယ်၊ မကွဲလို့ မဖြစ်ဘူးဆိုကာ အတ္တနှင့် အနတ္တကွဲရအောင် ဒီဆောင်းပါး ဆုံးသည်အထိ စွဲမြဲစွာ သတိထားလျက်ဖတ်ရှုတော်မူကြပါလေ။

အတ္တနှင့်အနတ္တကွဲရန်သမ္မုတိသစ္စာနှင့်ပရမတ္ထသစ္စာကွဲရမည်၊ ပရမတ္ထ သဘာဝသိရှိနားလည်ရန် သင်ယူရမည်ဆိုသည်ကို ယခင်အပတ်က ဖော်ပြခဲ့ပြီးဖြစ်၏။ ပရမတ္ထ သဘောဆိုသည်ကို လက်သန်း အဋ္ဌကထာ အစ စာမျက်နှာ၌ –

> တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊
> စတုဓာ ပရမတ္ထတော။
> စိတ္တံ စေတသိကံ ရူပံ၊
> နိဗ္ဗာန မိတိ သဗ္ဗထာ၊

ဟူ၍ ဖွင့်ဆိုတော်မူသော အဓိပ္ပာယ် အတိုချုပ်မှာ အဘိဓမ္မာ ၇ ကျမ်း တို့၌ ဟောတော် မူသော ပရမတ္ထ သဘာဝ ဓမ္မ တို့၏ သဘောတရားတို့မှာ စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်ဖြစ်သည်ဟု လာရှိ၏။ ၎င်းတို့၏ အသေးစိတ်မှာ–

| | | | |
|---|---|---|---|
| ရုပ် | – | ၂၈ | ပါး |
| စေတသိက် | – | ၅၂ | ပါး |
| စိတ် | – | ၁ | ပါး |
| ပေါင်း | | ၈၁ | |

၎င်း ၈၁ ပါးကို ရုပ် အဋ္ဌဝီသ၊ နာမ်တေပညာသ ဟူ၍လည်း ခေါ်ဆိုရ၏။ ဤ ၈၁ ပါးသည် လောကုတ္တရာအချို့နှင့် လောကီအတွက်ဖြစ်၍ လောကုတ္တရာ သက်သက် ဖြစ်သော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်နှင့် ပေါင်းသော် ၈၂ ပါးဖြစ်လာ၏။ ၎င်းတို့သည်သမ္မုတိသစ္စာအားဖြင့် ခေါ်ဆိုအပ်သော လူနတ် ပြဟ္မာ သတ္တဝါမဟုတ်၊ အတ္တ မဟုတ်၊ ပရမတ္ထ သစ္စာသဘာဝဓမ္မ အနတ္တဖြစ်၏။ ဤသည်ကား လက်သန်းအဋ္ဌကထာ၌ လာရှိသည်တို့ဖြစ်၏။

အဘိဓမ္မာ ၇ ကျမ်းတွင် အစဖြစ်သော ဓမ္မသင်္ဂဏီ ပါဠိတော် ပဌမ စာမျက်နှာအစ၌–

> ကုသလာ ဓမ္မာ
> အကုသလာ ဓမ္မာ
> အဗျာကတာ ဓမ္မာ

ဟူ၍ ဟောတော်မူ၏။ ဤတွင်

ကုသလာ ဓမ္မာ ဟူရာ၌–

| | | | |
|---|---|---|---|
| ကုသိုလ်စိတ် | – | ၂၁ | ပါး |
| စေတသိက် | – | ၃၈ | ပါးတို့ဖြစ်၏။ |

အကုသလာ ဓမ္မာ ဟူရာ၌–

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | – | ၁၂ | ပါး |
| စေတသိက် | – | ၂၇ | ပါး |

အဗျာကတာ ဓမ္မာ ဟူရာ၌–

| | | | |
|---|---|---|---|
| ဝိပါက်စိတ် | – | ၃၆ | |
| ကြိယာစိတ် | – | ၂၀ | |
| ရုပ် | – | ၂၈ | |
| နိဗ္ဗာန် | – | ၁ | ဖြစ်၏။ |

ဤဓမ္မသင်္ဂဏီ ပါဠိတော်အရလည်း အဟုတ်မရှိဘဲ သမုတ် ရှိ မျှသာ ဖြစ်သော လူနတ် ပြဟ္မာ သတ္တဝါကို မဟော၊ အဟုတ်ရှိဖြစ်သော ပရမတ္ထ သဘာဝ သဘောတရားကိုသာ ဟောတော်မူ၏။

အတ္တမဟုတ်၊အတ္တမရှိ၊ တခုတည်းသော အစိုင်အခဲမဟုတ်၊ သဘာဝဓမ္မ သဘောတရားတို့ ထိုက်သည့်အားလျော်စွာ စုပေါင်း ဖြစ်ပေါ်လာမှုကိုလည်း အနတ္တဟု သိအပ်၏။ ထိုကြောင့် သဂါထာ ဝဂ္ဂ သံယုတ် ပါဠိတော် ဘိက္ခုနီ သံယုတ် ဝဇီရာသုတ် စာမျက်နှာ ၁၃၇-၌-

သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊
နယိဓ သတ္တူ ပလဗ္ဘတိ။
ယထာ ဟိ အင်္ဂ သမ္ဘာရာ၊
ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊
ဟောတိ သတ္တောတိ သမ္မုတိ။

ဤသတ္တဝါဟူသည် သင်္ခါရ အစု သက်သက်သာတည်း။ ဤသင်္ခါရ အစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရအပ်၊ အစိတ်အပိုင်း အဆောက် အဦရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ် ပြောဆိုသော အသံဖြစ်သကဲ့သို့ ထိုအတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိကုန်လတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်၏။ (ဆ၊မြန်၊စ၁၁၃၁)

ဤပါဠိတော် အရ လှည်းခေါ် ဆိုရခြင်းမှာ နဂိုရ်ရှိရင်းမဟုတ် အစိတ်အစိဘ် ဖြစ်ကုန်သော ထမ်းပိုး၊ ဝင်းရိုး၊ လှည်းတံ ဆောင်ပန်း၊ လှည်းအိမ်၊ လှည်းဘီးစသည်တို့ နေရာတကျပေါင်းစပ်မိကြသောအခါ လှည်းဟူ၍ ခေါ်ဆိုရခြင်း ဖြစ်သကဲ့သို့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊စိတ်တို့ပေါင်းဆုံမိကြသောအခါ ခန္ဓာငါးပါးဖြစ်ပေါ်လာ၏၊ ထိုခန္ဓာငါးပါး ဖြစ်ပေါ်လာလျှင် ယောကျ်ား၊ မိန်းမ၊ လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါဟူသော အဝိဇ္ဇာမာန ပညတ်သည် ဖြစ်ပေါ်လာတော့၏။

ဤ၌လူနတ်ဗြဟ္မာသတ္တဝါဆိုသည်မှာပရမတ္ထသဘာဝ ဓမ္မမျှသာ ဖြစ်သော စိတ်စေ တသိက်ရုပ်တို့ ပေါင်းဆုံမိကြရာတွင် ဖြစ်ပေါ်လာသော ပရမတ္ထ ဓာတ်သား တို့၏ အရိပ်အယောင်မျှသာ ဖြစ်လေသည်။ ထိုကြောင့် လက်သန်း အဋ္ဌကထာ ပစ္စည်းပိုင်းတွင် ပညတ် ပရမတ်ခွဲရာ၌ ရှည်လျား စွာလာရှိသည်တို့မှ ဤတွင်သက်ဆိုင်ရာကိုကောက်နုတ်ဖော်ပြရသော်-

ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေနစိတ္တုပ္ပါဒါနမာရမ္မဏဘူတာ စသည်ဖြင့် လာရှိ၏၊ အဓိပ္ပာယ်သော်ကား ဤအတ္ထ ပညတ်တရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထတရားတို့၏ အရိပ် အယောင် အတုဟူသော အခြင်းအရာ အားဖြင့် စိတ်စေတသိက် ပရမတ္ထတရားတို့၏ အာရုံအဖြစ်သို့ ရောက်၏ဟူ၍ လာရှိလေသည်၊

ဤလက်သန်းအဋ္ဌကထာအာဘော်အရလည်း ယောကျ်ား၊ မိန်းမ၊လူ၊နတ်၊ ဗြဟ္မာ၊သတ္တဝါဟူသည်စိတ်စေတသိက်၊ရုပ်ဟူသောပရမတ္ထသဘာဝ ဓာတ်သားတို့၏ အရိပ်အယောင်မျှသာ ဖြစ်သည်ကို သိအပ်ပြန်လေသည်။

ထိုမှတပါး သုတ်မဟာဝါ မဟာသတိပဋ္ဌာန သုတ် အဋ္ဌကထာ၌ရင်း၊ သမ္မောအဋ္ဌကထာ သတိပဋ္ဌာနဝိတင်္ဂ၌ရင်းလာရှိပြန်သည်မှာ-

ယံ ပဿတိ န တံဒိဋ္ဌံ၊
ယံ ဒိဋ္ဌံ တံ န် ပဿတိ။
အပဿံဗဇ္ဈတေ မူဠော၊
ဗဇ္ဈမာနော န မုစ္စတိ။

ယံ၊ အကြင်ယောကျ်ား၊ မိန်းမ အစရှိသော အာရုံကို၊ ပဿတိ၊မြင်ရ၏၊ တံ၊ ထိုယောကျ်ား မိန်းမဟူသော အာရုံကို၊ နဒိဋ္ဌံ၊မမြင်အပ်၊ ယံ၊အကြင် မဟာဘုတ် ဥပါဒါရုပ် တရားကို၊ ဒိဋ္ဌံ၊ မြင်အပ်၏၊ တံ၊ ထိုမဟာဘုတ် ဥပဒါရုပ် တရားကို၊ နပဿတိ၊ပညာမျက်စိဖြင့်မမြင်ကြ၊ မူဠော၊မောဟဖြင့်တွေဝေသည် ဖြစ်၍၊အပဿံ အပဿန္တော၊ ဘူတရုပ် ဥပဒါရုပ်ကိုပညာမျက်စိဖြင့် မသိမမြင်သောပုဂ္ဂိုလ်ကို၊ ဗဇ္ဈတေ တဏှာ မာန စသော ကိလေသာတို့ဖြစ် ဖွဲ့ချည်၍ထားတော့၏။ ဗဇ္ဈမာနော၊ကိလေသာတို့ဖြင့်ချည်နှောင်ထားအပ်သော ပုဂ္ဂိုလ်သည်၊ နမုစ္စတိ၊သံသရာဝဋ်ဆင်းရဲမှ မလွတ်ကျွတ်နိုင်သည်သာတည်းဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူ၏။

(ဆင္ဂမအကြိမ်)

ဤတွင်လည်း စိတ် စေတသိက် ရုပ် ပရမတ္ထ ဓာတ်သားတို့၏ အရိပ်အယောင်မျှသာဖြစ်သော ယောကျ်ား၊မိန်းမ၊လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ကိုအလိုမရှိအပ်၊ ၎င်းတို့သည် အများခေါ်ဝေါ် သမုတ်အပ်သော တကယ်မရှိသော သမ္မုတိသစ္စာမျှသာဖြစ်၏။ ယောဂီပုဂ္ဂိုလ်တို့ လက္ခဏာရေးသုံးပါး တင်ရှုပွားများရမည်မှာ ပရမတ္ထသဘာဝမျှကို ပညာမျက်စိဖြင့်သာ ကြည့်ရှုဆင်ခြင်ပွားများရသော လုပ်ငန်းဖြစ်၏။ အရိပ်နိမိတ်ကို အလိုမရှိအပ်။

ထိုကြောင့်အရိပ်နိမိတ်ကို မယူရန် ပါဠိတော်အရပ်ရပ်တွင် ထပ်ခါထပ်ခါ ဟောတော် မူသည်မှာ—

စက္ခုနာ ရူပံ ဒိသွာ
န နိမိတ္တဂ္ဂါဟီ ဟောတိ
နာနုဗျဉ္ဇနဂ္ဂါဟီ။

သုတ်သီလက္ခန်ပါဠိတော် သာမညဖလသုတ် ဆင့်မှု စာမျက်နှာ ၆၆ ၌လာရှိ၏။မျက်စိဖြင့် အဆင်းရူပါရုံကိုမြင်သော်မိန်းမ၊ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေ စသော အပြုံးပြုံးဟန် ရယ်ဟန် စသောအမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့ မရှိ။ (ဆ၊မြန်၊စာ ၇၃)။

ဤပါဠိတော်အရလည်း ယောဂီ ပုဂ္ဂိုလ်သည် မိန်းမ၊ ယောကျ်ားစသောပုံပန်းသဏ္ဌာန်နိမိတ်ကို မယူရန်ဟောတော်မူခြင်းဖြစ်၏။

ယင်းသို့ မိန်းမ၊ ယောကျ်ား စသော ပုံပန်းသဏ္ဌာန်နိမိတ်ကိုမယူရန် သုတ်သီလက္ခန်ပါဠိတော် ၌သာ ဟောတော်မူသည် မဟုတ်သေး။

ဆင့်မှုဖြစ်သော မူလ ပဏ္ဏာသပါဠိတော် စာမျက်နှာ ၂၃၇၊သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ၃၂၃၊အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်၅၃၀၊ ဓမ္မသင်္ဂဏီပါဠိတော်ဆင့်မှုစာမျက်နှာ ၂၆၁၊ထို့မှ တပါး အခြားသောပါဠိတော်များ၌လည်းယင်းသို့ ပုံပန်းသဏ္ဌာန် နိမိတ်ကိုမယူရန် ဟောတော်မူသေး၏၊

ယင်းသို့ ယောကျ်ား၊မိန်းမ စသော နိမိတ်ကို မယူရန် နိကာယ်ငါးရပ်စလုံးမှ ကောက်ယူဖော်ပြရခြင်းမှာ နိကာယ်ငါးရပ်စလုံးတွင် လူနတ်ဗြဟ္မာ သတ္တဝါဟူသော ပုံပန်းသဏ္ဌာန် အရိပ်နိမိတ်ကို မယူရန်ဗုဒ္ဓမြတ်စွာဟောတော်မူခြင်းကိုလေးနက်စွာ သိရှိတော်မူကြစေရန် ဖြစ်၏။

ထိုပါဠိတော်များကို ရည်ညွှန်းလျက် စတုဂီရိ ဆရာတော်ကြီးသည် ပရမတ်သင်မှ နားဝင်မည်။ ပရမတ်ကျမှ နားဝမည် စသည်ဖြင့် ရှေးဆရာမြတ်တို့ဆိုစမှတ်ရှိသည်ကို ထပ်ဆင့် ဖော်ပြတော်မူခဲ့ခြင်းဖြစ်၏။ အနတ္တသဘာဝကို နားလည်စေရန် ဆက်ဦးအံ့။

---

ပဋိစ္စသမုပ္ပါဒ်ကို နားလည်သော်

# ယုံမှားခြင်း ၁၆ ချက် ကင်း၏

## ( ၁၃ )

ဝိပဿနာ ဘာဝနာ လုပ်ငန်းသည် ပဋ္ဌမ၌ ခြောက်သွေ့ ပျင်းရိဘွယ်ဟု ထင်ရသော်လည်း သက်ရှိ ... သဘာဝ သဘော တရားတို့ကို နားလည်သွားသောအခါ အလွန် အလွန် ပျော်မွေ့ဘွယ်ကောင်းသော လုပ်ငန်းရပ်ဖြစ်လေသည်။

ဤသဘောကို ဝိပဿနာ ပွားများနေသူတိုင်း

အသိဖြစ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ ပဋိပဒါဉာဏ ဒဿနခဏ်း ပါဠိစာမျက်နှာ ၂၈၈ ၌-

တိဝိဓေ သုဂတိဘဝေပို နာဘိရမတိ၊
တီသု ပန အနုပဿနာသုယေဝ ရမတိ။

ကာမ သုဂတိစသော သုဂတိဘုံ သုံးတန်၌လည်း မမွေ့လျော်၊ စင်စစ် သော်ကား.... အနုပဿနာ သုံးပါး၌သာလျှင် မွေ့လျော်၏။ (အသျှင် နန္ဒ မာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၄၃၂)။

ဤ စကားသည် မှန်သည်သာတည်း။ ထို့ကြောင့်လည်း ပညာရှိ သူတော်ကောင်းတို့သည် တောကျောင်း၌ သော်၎င်း၊ ဂူတွင်း၌သော်၎င်း ဓမ္မအရသာကိုတွေ့၍ ပျော်မွေ့ကာနေတော်မူနိုင်ကြခြင်း ဖြစ်လေသည်။

ထိုမှတပါး ခုဒ္ဒကပါဌဓမ္မပဒပါဠိတော် ဆင့်မူ စာမျက်နှာ ၆၄ ၌-

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။

တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။ (ဆ၊မြန်၊ စာ ၆၀)။

ထို့ကြောင့် ဝိပဿနာ လုပ်ငန်းသည် အရသာမရှိ ပျင်းစရာဟု ပညာမျက်စိ မရှိသူတို့၏ အယူကို မယူသင့် အလိုမရှိအပ်၊ မည်သည့် လုပ်ငန်းမဆို မသိနားမလည်ပါက အစတွင် ပျင်းစရာကောင်းသည်၊ ခက်သည်ဟု ထင်ရသော်လည်း နားလည်သွားပါက အလွန်လွယ်ကူ၍ အလွန်ပျော်စရာဖြစ်၍ နေပေတော့၏။ ဥပမာဆိုသော် ဖဲကစားသူတို့သည် တညလုံး ဖဲကစားနိုင်ဘိသကဲ့သို့တည်း။

ထို့အတူ ဝိလုပ်ငန်းတော်တွင်လည်း ပါဠိတော် အရပ်ရပ်တို့၌ လာသည်တို့ကို သဘောပေါက်သွားပါက အလွန်လွယ်ကူလျက် နတ်စည်းစိမ် ဗြဟ္မာ့ စည်းစိမ်နှင့် မလဲနိုင်အောင် အရသာတောရှိ ပျော်မွေ့နေပေတော့၏။အကြောင်းသော်ကား ဗြဟ္မာ့စည်းစိမ်သည် ဒုက္ခနှင့် မကင်းသောကြောင့် ဖြစ်၏။

အဘယ်မျှ လွယ်ကူပါသနည်း ဆိုသော် ပြောမယုံနိုင်လောက်အောင် လွယ်ကူလေသည်။ သို့ရာတွင် လုပ်ငန်း လုပ်ကွက် သဘောတရားများကို သဘောပေါက်ရန်ကား အရပ်ထဲတွင် ပြောဆိုနေကြသလို မလွယ်ကူချေ။ ယင်းသို့ မလွယ်ကူခြင်းကြောင့် ဗိုလ်ကုန်း ဆရာတော် ပြုစု အပ်သော အဘိဓမ္မတ္ထဒီပက ကျမ်း ဒုတိယတွဲ ကမ္မဋ္ဌာန်းပိုင်း အဆုံးနားတွင် ဝိပဿနာ လုပ်ငန်းအတွက် အသိခက်ပုံကို ဝိနည်းကျော် ရွှေဥမင်ဆရာ မိန့်ဟတော်မူသည်ကို ထည့်သွင်း ဖော်ပြတော်မူခဲ့သည်မှာ—

လယ်လုပ်မခက်
လယ်တည်ခက်သည်။
အကျင့်မခက်၊ အသိခက်သည်။

စသည်ဖြင့် ဖော်ပြထားလေသည်။အလုပ်လုပ်ရာ၌ လွယ်ကူပုံကို ရှေ့လာလတံ့သော ဆောင်းပါးများတွင် တွေ့ရှိလတံ့။

ဝိပဿနာ ဘာဝနာလုပ်ငန်းတွင် ရှေးဦးစွာ အတ္တနှင့် အနတ္တကွဲရန် အထူး အရေးကြီးခြင်းကို ဆောင်းပါး ၇ နှင့် ၈ တို့တွင် ဖော်ပြခဲ့ပြီး ဖြစ်သော်လည်း ပိုမိုထင်ရှားလေးနက်စေရန် ပဋိသမ္ဘိဒါ မဂ် ပါဠိတော်၊ ပညာဝဂ် ဝိပဿနာ ကထာ စာမျက်နှာ ၄၁၀၌ လာသည်ကို ထပ်ဆင့်ဖော်ပြပေဦးအံ့။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကိဉ္စိ
ဓမ္မံ အတ္တတော သမနုပဿန္တော အနု
လောမိကာယ ခန္တိယာ သမန္နာ ဂတော
ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ရဟန်းတို့ စင်စစ် ထိုရဟန်းသည် အနည်းငယ်သော တရားကို အတ္တဟု ရှုသည်ရှိသော် မဂ်နှင့် လျော်သော အလို အနုလောမဉာဏ်နှင့် ပြည့်စုံခြင်း ဖြစ်မည့်အကြောင်းသည် မရှိ။ (ဆ၊မြန်၊ စာ ၄၇၂)။

အထက် ပါဠိတော်မှာ ဆောင်းပါး ၈-၌ လာရှိသော ပါဠိတော်နှင့် အတူတူပင် ဖြစ်သော်

လည်းမြန်မာစာသွားမှာအနည်းငယ်ကွာခြား၏။ သို့ရာတွင်အဓိပ္ပာယ်မှာအတူတူပင်ဖြစ်လေသည်။

အထက်ပါဠိတော်၌ဆက်လက်လာရှိသည်မှာ-

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗ
ဓမ္မေ အနတ္တတော သမနုပဿန္တော
အနုလောမိကာယ ခန္တိယာ သမန္နာ
ဂတော ဘဝိဿတီတိ ဌာန မေတံ
ဝိဇ္ဇတိ။

ရဟန်းတို့ စင်စစ်ထိုရဟန်းသည် အလုံးစုံသော တရားတို့ကို အတ္တမဟုတ် အနတ္တဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သော အလို အနုလောမ ဉာဏ်နှင့် ပြည့်စုံခြင်း ဖြစ်မည့်အကြောင်းသည် ရှိ၏။ (ဤကား အတိုချုပ်ဖြစ်ခြင်းကြောင့် မူရင်း ကျမ်းကို ဖတ်ရှုတော်မူကြပါလေ)။

ဤ ပါဠိတော်အရလည်း မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရှိလိုသောယောဂီသည် အတ္တဝါဒကို လုံးဝ စွန့်ပယ်လျက် အနတ္တ သဘာဝဓမ္မဖြင့် အလုပ်လုပ်ရမည်ကို ထင်ရှားစွာ သိရှိအပ်ပြန်လေသည်။

ယခုအခါ ဝိပဿနာ ပွားများ ကြရာတွင် ပရမတ္ထ သဘာဝဓမ္မ အနတ္တက ပွားများကြသည်ထက် အတ္တက ပွားများနေသူတို့က ပိုမိုများလျက် ရှိနေခြင်းကို တွေ့မြင်သိရှိရ၏။

ထို့ကြောင့် ယခုတဖန် အတ္တနှင့်အနတ္တ ကွဲစေရန် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ လာရှိသော သဘောကို ဖော်ပြဦးအံ့။

ပဋိစ္စသမုပ္ပါဒ်ဒေသနာပါဠိတော်ကို ဆောင်းပါး ၅-၌ ဖော်ပြခဲ့ပြီ။ ၎င်း ပါဠိတော်ကို အရကျက်လျက် ရွတ်ဆိုဆင်ခြင် ပွားများနေပါလေ။ ထို့မှတပါး၎င်းဆောင်းပါးတွင်ပါရှိသောလယ်တီဆရာတော်၏ပဋိစ္စသမုပ္ပါဒ် ပျို့ လင်္ကာကိုလည်း အရကျက်လျက် ရွတ်ဆိုဆင်ခြင် ပွားများနေပါလေ။ ထူးခြားမွန်မြတ်လှသော တရားအရသာကို တွေ့ရှိ ခံစားရလတံ့။ ၎င်းပြင် ထို ပါဠိတော်နှင့် ပျို့လင်္ကာကို သူတပါးအားလည်း ဓမ္မ ဒါန ပြုတော်မူကြပါလေ။ ယင်းသို့ ပြုခြင်းဖြင့် မိမိသည် ကြီးမားလှစွာသော ဒါနပြုခြင်းဖြစ်၏။ ကမ္ဘာသူ ကမ္ဘာသားတို့ အတွက်လည်း အထူး ကျေးဇူးများဘွယ်ရာဖြစ်၏။

ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကို သဘောပေါက်လာအောင် ပါဠိတော် အဋ္ဌကထာတို့၌ လာသည့်အတိုင်းသင်ပြပေးနိုင်သော် ပုဂ္ဂိုလ်များ ထံတွင် ကျနစွာသင်ယူပါက သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိစသော မှားသောအယူဝါဒများကို သုတမယ ဉာဏ်အားဖြင့် ထင်ရှားစွာ သိရှိလာပေတော့၏။

ထိုအခါ မူလပဏ္ဏာသပါဠိတော်မဟာတဏှာသင်္ခယသုတ် (ဆ၊မြန်၊စာ ၃၄၂)၌၎င်း၊ နိဒါန ဝဂ္ဂသံယုတ် ပါဠိတော် အာဟာရဝဂ် ပစ္စယသုတ် (ဆ၊မြန်၊စာ ၂၅၀)၌၎င်း ဟောတော်မူသော ယုံမှားခြင်း ၁၆-ချက် တို့သည် ကင်းစင် ကွယ်ပျောက်သွားပေတော့၏။ ၎င်း ယုံမှားခြင်း ၁၆ ချက် သဘော အတိုချုပ်မှာ-

အတိတ်ဘဝ၌ ယုံမှားခြင်း၅ချက်။၁-ငါသည် အတိတ်ဘဝ၌ ဖြစ်ခဲ့ဘူးသလော။ ၂-မဖြစ်ခဲ့ဘူးသလော။ ၃-အဘယ် သူ ဖြစ်ခဲ့ဘူးသနည်း။ ၄-အဘယ်ပုံစန်း ဖြစ်ခဲ့ဘူးသနည်း။ ၅-ငါသည် အတိတ်၌ အဘယ်သူ ဖြစ်ပြီး၍ အဘယ်သူ ဖြစ်ခဲ့ဘူးသနည်း။

အနာဂတ်၌ ယုံမှားခြင်း ၅ချက်။၁-ငါသည် အနာဂတ်၌ ဖြစ်လတံ့လော။ ၂-မဖြစ် လတံ့လော။ ၃-အဘယ်သို့သော သူ ဖြစ်လတံ့နည်း။ ၄-အဘယ်သို့ ပုံပန်း ဖြစ်လတံ့နည်း။၅-ငါသည် အနာဂတ် ကာလ၌ အဘယ်သူ ဖြစ်ပြီး၍ အဘယ်သို့ ဖြစ်လတံ့နည်း။

ပစ္စုပ္ပန် ယုံမှားခြင်း ၆ ချက်။ ၁-ငါဖြစ်သလော၊ ၂-မဖြစ်သလော၊ ၃-ငါအဘယ်သူဖြစ်သနည်း။ ၄-ငါအဘယ်ပုံပန်း ဖြစ်သနည်း။၅-ငါသည် အဘယ်မှ လာသနည်း။၆-ငါသည်အဘယ်သွားလတံ့နည်း။

ဤယုံမှားခြင်း ၁၆ ချက်ကို ဒေသနာတော်၌ အသေးစိတ်ဟောတော်မူသော သဘောကိုမရှင်းပါက ဤသို့ သဘောပေါက်ရန်ဖြစ်၏။

ယခင် ဆောင်းပါးများတွင် ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ၊ ပရမတ္ထ သဘာဝ မျှသာ ရှိခြင်းကို ပါဠိတော်များစွာ ကိုးကား ဖော်ပြခဲ့ပြီးဖြစ်သည့် အတိုင်းဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအရ လည်း အတိတ်ကလည်း ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ၊ ယခုနှင့် အနာဂတ်တွင်လည်း ငါမရှိ၊ သူမရှိ သတ္တဝါမရှိ၊ အကြောင်းတရားကြောင့် ဖြစ်ပျက်နေရသောအကျိုးပရမတ္ထသဘာဝသဘောတရားမျှသာဖြစ်ခြင်းကို ဟောတော်မူခြင်းဖြစ်၏။

ဤသို့လည်း ဝိပဿနာ ပွားများမှုကို မလုပ်မီ အတ္တနှင့် အနတ္တ ကွဲလျက် ယုံမှားခြင်း ၁၆ချက် ကင်းစင်သွားအောင် ပြသပေးနိုင်သော ဆရာကောင်းကိုရရှိရန် အထူး ကြိုးစားရပေမည်။ အဘယ်ကြောင့်ဆိုသော် အတ္တနှင့် အလုပ်လုပ်သော် အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကြောင့်ပေတည်း။

---

# ဝမရှိဘဲ ဝိမလုပ်သင့်

## ( ၁၄ )

ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ခြင်းမပြုမီ ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် အတ္တနှင့် အနတ္တ ကွဲရ၏။ အတ္တနှင့်အနတ္တ မကွဲဘဲ ဝိလုပ်သော် အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်၊ထို့ကြောင့်မကွဲသေးလျှင်ကွဲအောင် သင်ပြပေးနိုင်သော ဆရာကောင်းကို အထူးကြိုး စား ရှာရပေမည်။

ယခုအခါ မြန်မာပြည်တွင် ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေကြသည်မှာ အများအားဖြင့် အတ္တက ပွားများအားထုတ်နေကြသည်ကို တွေ့ရှိရ၏။ တနည်းဆိုသော် ငါကဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေကြသည်ကို တွေ့ရှိရ၏။

ထို့ကြောင့်အတ္တနှင့်အနတ္တကို သုတမယဉာဏ် အားဖြင့်ကွဲစေရန်စေတနာထက်သန်စွာဖြင့်ဤမျှ ထပ်ခါထပ်ခါသတိပေးရေးသားနေရခြင်းဖြစ်၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ပါဠိတော် ဆောင်ပုဒ်မှာ "သဗ္ဗေဓမ္မာအနတ္တာ" ဖြစ်၏။ ထို့ကြောင့် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်လျှင် အနတ္တဓမ္မ သဘာဝကိုသာလျှင် ပွားများ အားထုတ်ရလေသည်။ ငါက အတ္တက ပွားများ အားထုတ် နေခြင်းဖြင့် အလို ရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကို စွဲမြဲစွာ မှတ်သားထားရပေမည်။

ငါက ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်နေခြင်းမှာ ဒိဋ္ဌိ ခွာခြင်းမဖြစ်သည်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ ဆဋ္ဌမူ ဒုတိယတွဲ စာမျက်နှာ ၂၆၃ ၌–

> အဟံ ဝိပဿာမိ မမ ဝိပဿနာတိ
> ဂဏှတော ဟိ ဒိဋ္ဌိ သမုဂ္ဃာဋနံ နာမ
> န ဟောတိ။

ငါသည် ဝိပဿနာ ရှုအံ့၊ ငါ၏ ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌိပျောက်ခြင်း၊ ကွာခြင်းမည်သည်မဖြစ်။(အရှင်နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၃၅၈)။

ထို့ကြောင့် ဝိပဿနာ ဘာဝနာ ပွားများရာတွင် ငါက ဝိပဿနာ ဘာဝနာပွားများနေသည် မဖြစ်စေရ၊ ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့သည့်အတိုင်း ငါမရှိ၊အတ္တမရှိ၊ အနတ္တ သဘာဝ ဓမ္မဖြစ်သောသဘောတရားတစကအနတ္တသဘာဝ

ဓမ္မဖြစ်သော သဘောတရားတို့၏အဖြစ်အပျက်ကို လက္ခဏာရေးသုံးပါးတင်ကာ ဆင်ခြင် ပွားများ အားထုတ်နေခြင်းမျှသာဖြစ်ရပေမည်။ ထို့ကြောင့် ယင်းအဋ္ဌကထာ၌ ဆက်လက်လာရှိပြန်သည်မှာ-

> သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီတိ ဂဏှတော ပန ဒိဋ္ဌိဥဃ္ဃာဋနံ နာမ ဟောတိ။

သင့်လျော်ပုံကို ဆိုအံ့၊ သင်္ခါရတို့သည်သာလျှင် သင်္ခါရ တို့ကို ရှုကုန်၏။ သုံးသပ်ကုန်၏။ နှလုံးပိုက်ထား မှတ်သားကုန်၏။ သိမ်းဆည်းရုံးစုကုန်၏။ ပိုင်းခြားကုန်၏။ ဤသို့ ယူသော ယောဂီအား ဒိဋ္ဌိကို ခွာသည်မည်၏။

ဤတွင် ထင်ရှားစွာသိရှိရန်မှာ သမ္မုတိသစ္စာမျှသာဖြစ်သော လူနတ်ဗြဟ္မာ သတ္တဝါကို ဖယ်ခွာလျက် သဘာဝဓမ္မ သဘောတရားမျှသာ ဖြစ်သောစိတ်၊ စေတသိက်၊ ပရမတ္ထဓမ္မသဘာဝတို့က စိတ်စေတသိက်နှင့် ရုပ်ဖြစ်ကြကုန်သော ပရမတ္ထဓမ္မသဘာဝတို့ဖြစ်ပျက်နေခြင်းကို ဆင်ခြင်ပွားများနေခြင်းမျှသာဖြစ်ခြင်းကို စွဲမြဲစွာ သိရှိထားရန်ဖြစ်၏။

အနတ္တ ဆိုသည်ကို သဘော ပေါက်စေရန် တနည်း ဖော်ပြပေဦးအံ့။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၄၄၀ ၌-

> စက္ခုံရူပါလောက မနသိကာရေ
> ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုပသာဒ၊ ရူပါရုံ၊ အလင်း၊ နှလုံးသွင်းခြင်းတို့ကိုစွဲ၍ စက္ခုဝိညာဉ်ဖြစ်၏ဟု လာရှိ၏။

ဤ၌ စက္ခုဝိညာဉ် ဆိုရာဝယ် အကြမ်းအားဖြင့်မျက်စိဖြင့်မြင်၍ သိသောစိတ်ကို စက္ခုဝိညာဉ်စိတ်ဟု ခေါ်ဆိုခြင်းဖြစ်၏။ တနည်းဆိုသော် မြင်သိစိတ်ဟူ၍လည်း ခေါ်ဆိုရ၏။

မနသိကာရ နှလုံးသွင်းခြင်းဆိုသည်မှာစိတ်ကို အာရုံသို့ရှေးရှုဖြစ်မှုကို ပြုလုပ်တတ်သောသဘာဝဓမ္မသဘောတရားတခုဖြစ်၏။




အထက်ပါ စံနစ်ပုံကို ကြည့်လျှင် မြင်သိစိတ် ဓာတ်တခုဖြစ်ပေါ်ရန် စက္ခု ပသာဒ အကြည်ဓာတ်ကလဲ ရှိပါမှ၊ ကြည်လဲ ကြည်လင်ပါမှ၊ အဆင်း ရူပါရုံကလဲရှိပါမှ၊ အလင်းရောင်ကလဲ လင်းပါမှ၊ မနသိကာရကလဲမိမိကိစ္စကိုပြုပါမှ၊ ဤသို့အကြောင်းပေါင်း များစွာတို့ ပေါင်းဆုံမိကြပါမှ စက္ခုဝိညာဏ် မြင်သိစိတ်ဓာတ် တလုံးဖြစ်ပေါ်၍ လာရလေသည်။

ဤသို့လျှင် အကြောင်း တရား တို့ကြောင့် အကျိုးတရား ဖြစ်ပေါ်လာခြင်းကို အနတ္တဟူ၍ သိအပ်လေသည်။ အနတ္တ ငါမဟုတ်၊ အတ္တမဟုတ် ဆိုခြင်းမှာ အနက် အဓိပ္ပါယ်မထင်ရှား၊ အလွန် ကျဉ်းမြောင်းလှ၏။ ယခုခေတ် လူတို့ မသိမမြင်နိုင်၊ နားမလည်နိုင်ကြကုန်။

ဝိပဿနာ ဘာဝနာကို သဘာဝကျကျ ပွား များအားထုတ်လိုလျှင် ရှေးဦးစွာ သမ္မုတိ သစ္စာ နှင့်ပရမတ္ထသစ္စာ ကွဲရ၏။ပရမတ္ထ သဘာဝကိုပိုင်မှ အနတ္တကို သဘောကျနိုင်ပေမည်။ ထိုကြောင့် အနတ္တကို သဘာဝပေါ်ရန် တနည်းဖော်ပြဦးအံ့။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တတိယတွဲ ဆရာတော် ဦးနန္ဒမာလာ မြန်မာပြန် စာမျက်နှာ ၂၀၃၌-

အတီတေ ဟေတဝေါ ပဉ္စ၊
ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊
အာယတိံ ဖလပဉ္စကံ။

အတိတ်ကာလ၌ အကြောင်း ငါးပါးတို့ရင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါး အပေါင်းရင်း၊ ဤ ပစ္စုပ္ပန် ဘဝ၌ အကြောင်း ငါးပါးတို့ရင်း၊ နောင်အနာဂတ်ဘဝ၌ အကျိုးငါးပါးအပေါင်း ရင်း၊ ဤသို့အခြင်းအရာ သရုပ်အပြားဟု ဆိုအပ် ကုန်သော အကန့် နှစ်ဆယ် ရှိ၏ဟူ၍ သိအပ်၏။

ဤအတိုင်း လက်သန်းအဋ္ဌကထာ ပစ္စည်းပိုင်း၌လဲ လာရှိလေသည်။

ဤတွင် ပိုမိုလေးနက်စွာ သဘော ပေါက်စေ ရန် ဖော်ပြရပြန်သော် ပဋိသမ္ဘိဒါမဂ် ပါဠိတော် မဟာဝဂ် ဆဋ္ဌမူ စာမျက်နှာ ၅၀ ၌-

ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊
အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊
ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊
ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ
ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

စသည်ဖြင့် ဟောတော်မူ၏။

ဆ၊မြန်၊စာ ၆၀ ရှေးကမ္မ ဘဝ၌ တွေဝေမှု မောဟသည် အဝိဇ္ဇာ မည်၏။ အားထုတ်မှုသည် သင်္ခါရ မည်ကုန်၏။လိုချင်တပ်မက်မှုသည် တဏှာ မည်၏။ မြဲမြံ စွာစွဲယူခြင်းသည် ဥပါဒါန် မည်၏။ စေ့ဆော်ကြောင့်ကြမှုစေတနာသည်ဘဝမည်၏။ ရှေးကမ္မဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ဤပစ္စုပ္ပန်၌ ပဋိသန္ဓေ၏အကြောင်း ဖြစ်ကုန်၏။ (စာအားရှိသူတို့ ပါဠိတော်ကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ၊ယခုသော် မြန်မာပြန်ကို ဆက်လက် ရေးသားပေအံ့)။

ဤပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ် မည်၏။ သက်ဝင်ဘိသကဲ့သို့ဖြစ်သော တရားသည် နာမ်ရုပ်မည်၏။မဟာဘုတ်တို့၏ ကြည်သည်၏ အ ဖြစ်သည် အာယတန မည်၏။တွေ့ထိခြင်းသဘော သည် ဖဿ မည်၏။ ခံစားခြင်းသဘောသည် ဝေ ဒနာမည်၏။ ဤပစ္စုပ္ပန် ဝိပါက်ဘဝ၌ ဖြစ်သော ဤ တရားငါးပါးတို့သည် ရှေးက ပြုအပ်သော ကံ၏အကြောင်းကြောင့် ဖြစ်ကုန်၏။

ဤ ပစ္စုပ္ပန်ဘဝ၌ အာယတန တို့၏ ရင့်ပြီး သည်၏ အဖြစ်ကြောင့် တွေဝေမှု မောဟသည် အဝိဇ္ဇာမည်၏၊ အားထုတ်မှုသည် သင်္ခါရ မည်၏၊ တပ်မက်မှုသည် တဏှာမည်၏။ မြဲမြံ စွာစွဲယူခြင်း သည် ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှု သည် ဘဝမည်၏၊ ဤပစ္စုပ္ပန်ကမ္မဘဝ၌ဖြစ်သော ဤ တရားငါးပါးတို့သည် နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်၏။

ဤပါဠိတော်နှင့်တကွ အထက်တွင်အဋ္ဌကထာ တို့ ဖွင့်ဆိုတော်မူသည်တို့ကိုပေါင်းစပ်ကာ လိုရင်း ကို ကောက်နုတ်လိုက်သော် ယောကျ်ား မိန်းမ လူနတ်ဗြဟ္မာ သတ္တဝါမရှိ၊ အတ္တ မဟုတ်-

ယခင်က အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ဥပါဒါန်၊ ကမ္မဘဝ ဤ အကြောင်းတရားငါးပါးတို့ ပေါင်း ဆုံမိကြသဖြင့် ယခုအခါ ဝိညာဏ်၊နာမ်ရုပ်၊သဠာ ယတန၊ ဖဿ၊ ဝေဒနာဟူသော အကျိုးတရား ငါးပါးတို့ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

ဤအတူသာလျှင် ယခုအခါ အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ကမ္မဘဝ ဤအကြောင်းတရား ငါးပါးတို့ တွေ့ဆုံပေါင်းစပ်မိကြပြန်လျှင် အနာ ဂတ်တွင် ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာဟူသော အကျိုးတရား ငါးပါးတို့သည် ဖြစ်ပေါ်လာကြရပေဦးမည်၊မဖြစ်ပေါ်ဘဲ မနေ။ မဖြစ်ပေါ်စေရန် လူသည်၎င်း၊ နတ်သည်၎င်း၊ ဗြဟ္မာသည်၎င်း တားရှိမရချေ။

ဤသို့လျှင် အကြောင်းနှင့် အကျိုးတရားတို့

ဖြစ်ပျက်နေခြင်းမှာ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ ငါမဟုတ်၊ သူမဟုတ်၊ အနတ္တ သဘာဝ သဘော တရားများဖြစ်လေသည်။

ဤမျှဖြင့် အတ္တနှင့် အနတ္တ ရှင်းလင်းချက်ကို နိဂုံးချုပ်ရသော်၊ ဝိပဿနာလုပ်ငန်းတွင် သမ္မုတိ သစ္စာကို ဖယ်ခွာလျက် ပရမတ္ထ သစ္စာ အနတ္တ သဘာဝဖြင့် အလုပ်လုပ်ရလေသည်။

ဝိပဿနာ ဘာဝနာကို ဆင်ခြင် ပွားများနေ သည်တို့ မှာလည်း ငါက ပွားများ နေသည် မဖြစ်စေရ၊ စိတ်နှင့် စေတသိက် နာမ်ခန္ဓာလေး ပါးတို့က ပွားများအားထုတ်နေသည် ဟူ၍သာ ဖြစ်ရလေသည်။ ငါက ပွားများ အားထုတ်နေ သည်ဆိုပါက ဒိဋ္ဌိ မစင်ခြင်းကြောင့် သတ္တဝါဟူ သောအယူကို မစွန့်ခြင်းကြောင့် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်။

ဤသို့လျှင် အတ္တနှင့် အနတ္တသဘာဝကို သုတ မယဉာဏ်အားဖြင့်ခွဲခြားသိရှိပြီးမှသာလျှင်ဝိပဿ နာ ဘာဝနာလုပ်ငန်းသို့တက်ရောက်ရလေသည်။ ဤကား အနတ္တသဘာဝသဘောတရားပေတည်း။

ဤသို့ ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် အောက်ခြေပိုင်မှ အထက်သို့ တက်ရလေသည်။ ထို့ကြောင့် ဝမရှိဘဲ ဝိမလုပ်နှင့်ဆိုသည်ကို အထူး သတိပြုတော်မူကြပါလေ။

---

# အာနာပါန ပွားများနည်း

## ( ၁၅ )

ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် စွဲမြဲစွာ လုပ်ကိုင်ရမည်မှာ ယခင်ဆောင်းပါးတို့၌ ဖော်ပြ ခဲ့သည့်အတိုင်း–

၁။ သစ္စာလေးပါး နည်းအရ တဏှာ ဟူသ ရွှေ့ကို ပယ်ဖြတ်ရမည်။

၂။ ပဋိစ္စ သမုပ္ပါဒ် နည်းအရ အဝိဇ္ဇာကို ပယ်ဖြတ်ရမည်။

၃။ အနတ္တ လက္ခဏသုတ် ဒေသနာတော် နည်းအရ သုတမယဉာဏ်အားဖြင့် အတ္တ နှင့်အနတ္တကွဲစေလျက် မိမိ၏ခန္ဓာငါးပါး ကိုရင်း၊ သူတပါး ခန္ဓာ ငါးပါးကိုရင်း၊ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သောခန္ဓာ ဟူသရွှေ့ကိုရင်း၊ ရှုမှန်း ငြီးငွေ့စေလျက် မိမိ၏ခန္ဓာငါးပါးကို အစတုံး ချုပ်ငြိမ်း ရန် အားထုတ်ရမည်။

၄။ ဤအချက်ကြီး ၃–ချက်ကို ထမြောက် အောင်မြင်ရန်အလုပ်လုပ်ရမည်မှာကား မဂ္ဂင်ရှစ်ပါး(ဝါ) သီလ၊ သမာဓိ၊ ပညာ ဤ၃–ပါးကို နေ့စဉ် နေ့တိုင်း ၇–ရက်၊ ၇–လ၊ ၇–နှစ် လေ့ကျင့်ပွားများ အား ထုတ်နေရမည်ဖြစ်၏။

သီလ၊ သမာဓိ၊ ပညာ ဤ မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်ခြင်းအားဖြင့် အဝိဇ္ဇာနှင့် တဏှာမျှသာမကသေး လောဘ၊ ဒေါသ၊ မောဟ၊ အနုသယ ၇–ပါး စသည်တို့ကို ကိစ္စတုံး ပယ်ဖြတ် ပြီးလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အထိ ရောက်ရှိနိုင်လေသည်။ ဤကား မဂ္ဂင်ရှစ်ပါး၏ ထူးခြား မားကြီးလှသောသတ္တိထူး ပေတည်း။

ပါဠိတော် အရပ်ရပ်တို့၌ ဟောတော်မူသည့် အတိုင်း သဘော ပေါက်သွားပါက ဝိလုပ်ငန်း

တော်သည် အလွန် လွယ်ကူသော လုပ်ငန်းတော် ဖြစ်လေသည်။ အဘယ်မျှ လွယ်ကူပါသနည်း ဆိုသော် ငှက်ပျောသီးကို အခွံနွှာစားဘိ သကဲ့သို့ လွယ်ကူ၏၊ ငှက်ပျောသီးကိုစားနေရင်း ဒါန၊ သီလ၊ သမထထက် မြတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြစ်၍နေနိုင်လေသည်။ ကြက်သားဟင်းနှင့် အုန်းထမင်းကို စားနေရင်း ဒါန သီလ၊ သမထတို့ထက် မြတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်ဖြစ်၍ နေနိုင်လေသည်။

ရှေ့လာလတံ့သော ဆောင်းပါး များတွင် ပါဠိတော်အရပ်ရပ်တို့၌ ဟောတော်မူသည့် အတိုင်း သွားရင်း လာရင်း၊ နေရင်း ထိုင်ရင်း၊ စားရင်း သောက်ရင်း ဒါန၊ သီလ၊ သမထ တို့ထက် မြတ်သော အကျိုးကြီးမားလှသောမဟာကုသိုလ် ဉာဏ သမ္ပယုတ်စိတ် ဖြစ်နိုင်ပုံကို ရှေ့ရှုရလတ္တံ့။

ဝိပဿနာ ဘာဝနာလုပ်ငန်းအတွက် နည်းအမျိုးမျိုးတို့ကို ဟောတော်မူရာ ၎င်းနည်း များကိုလည်း ရှေ့လာလတံ့သော ဆောင်းပါးများတွင် ဖော်ပြပေအံ့။

နိဗ္ဗာန်ရောက်ကြောင်း တရားတွင် ပါဠိတော် အရပ်ရပ်တို့၌ ပုဂ္ဂိုလ်ကို လိုက်၍ နည်းအမျိုးမျိုး ဟောတော်မူခဲ့လေသည်၊ ဥပမာဆိုသော် ပဏ္ဏသာတိ ရဟန်းအား ခေတ် ၆ ပါးကို ဟောတော်မူ၏။ အသျှင်စူဠပန်အား ရဇောဟရဏ ကမ္မဋ္ဌာန်းကို ပေးတော်မူ၏၊ ဗာဟိယဒါရုစီရိယအား ဒိဋ္ဌေ ဒိဋ္ဌမတ္တံ စသော တရားတော်ကို ပေးတော်မူ၏။ ညီတော်အာနန္ဒာအား အခြားတပါးသော တရားကို ကျင့်သုံးရန်ပေးတော်မူ၏။ ဤသို့လျှင် နိဗ္ဗာန် ရောက်ရာရောက်ကြောင်း တရားတို့ကို ထိုက်သည့်အားလျော်စွာ နည်းအမျိုးမျိုးတို့ဖြင့်ဟောတော်မူလေသည်။

ထိုမှတပါး ပါဠိတော်အရပ်ရပ်တို့တွင် မဟာသတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်ရန် အကြိမ်ကြိမ် အကြိမ်ပေါင်းများစွာ ညွှန်ကြားတော်မူခဲ့ခြင်းကြောင့် မဟာသတိပဋ္ဌာန် နည်းကို ယခုအခါ ရေးသားဖော်ပြပေအံ့။ ၎င်းဒေသနာတော်ကို သုတ်မဟာဝါ ပါဠိတော်၌၎င်း၊ မူလပဏ္ဏာသပါဠိတော်၌၎င်း၊ အခါ ၂၁ ခါးဖြင့် ကာ ဟောတော်မူလေသည်။

မဟာသတိပဋ္ဌာန် ဒေသနာတော်ကို ဖတ်ရှုသောအခါ ဝိပဿနာ ပွားနည်းကို တရားတော် အလိုကျနှင့် ကိုက်ညီအောင် သူတပါးအား ပြသပေးရန် မဆိုထားဘိ မိမိအတွက်အလုပ်လုပ်ရန်ကို ပင် တိကျမှန်ကန်စွာ သိရှိနားလည်ရန် မလွယ်ကူချေ။

ထိုကြောင့် ယင်းတရားတော်ကို အသေးစိတ် ရေးသားရန်ဖြစ်သော်လည်း သတင်းစာ၌ဖြစ်နေခြင်းကြောင့် အကျယ်တဝင့် ဟောတ်မူ၍ အလုပ် လုပ် ဖြစ် နိုင် ရန် အ ချို့ ကို နမူနာ အဖြစ် ဖြင့် ထိုထိုသော ပါဠိတော် အဋ္ဌကထာ တို့ကို အကူ အညီပြုကာရေးသားဖော်ပြပေအံ့။

သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာန တရားတော်ကိုဟောတော်မူရာ၌ အာနာပါနပဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူရာမှ ကောက်နုတ်ဖော်ပြရသော်–

တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာ ထား၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေ့ရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက် သာလျှင် ထွက်သက်လေကို ရှိုက်၏။ သတိရှိလျက် သာလျှင် ဝင်သက်လေကို ရှူ၏၊ စသည်တို့ဖြင့် လာရှိလေသည်။ (ဆ၊မြန်၊စာ၊ ၂၆၀)။

ဤဒေသနာတော် အရ သတိမရှိဘဲ အာနာပါန ကမ္မဋ္ဌာန်းကို လေ့ကျင့်ပွားများ အားထုတ်ခြင်းသည် ပါဠိတော်နှင့် မကိုက်ညီခြင်းကိုအထူး သတိပြုတော်မူကြပါလေ။

ထိုမှတပါး အာနပါန ပဗ္ဗကို ပါဠိတော်နှင့် ကိုက်ညီစွာ လေ့ကျင့်မည်ဆိုပါက ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ ၁၇၀ ၌–

နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ

သတိံ ဥပဋ္ဌပေတွာ နိသိန္နော ဟောတိ။

နှာသီးဖျားခြင်း၊ နှုတ်ခမ်းဖျားခြင်း၊ သတိကိုရှေ့ရှုထား၍ထိုင်နေ၏။ (ဆ၊မြန်၊စာ ၂၁၇)။

(ဆဋ္ဌမအကြိမ်)

ဤပါဠိတော်၌ သာလျှင် သတိကို နှုတ်ခမ်းဖျားဌ်ရင်း၊ နှာသီးဖျားဌ်ရင်း ထား ရ မည် ဟု ဟောတော်မူသည်သာမကသေး–

အယံ သတိ ဥပဋ္ဌိတာ ဟောတိ
သုပဋ္ဌိတာ နာသိကဂ္ဂေ ဝါ မုခ
နိမိတ္တေ ဝါ၊ တေန ဝုစ္စတိ ပရိမုခံ
သတိံ ဥပဋ္ဌပေတွာတိ။

ဟူ၍ ဝိဘင်း ပါဠိတော် ဈာန ဝိဘင်္ဂ၊ သုတ္တန္တဘာဇနိယ ဆဋ္ဌမူ စာမျက်နှာ ၂၆၁ အပိုဒ်၅၃၇ ၌လည်း ဟောတော်မူသေး၏။ ထိုကြောင့် အာနာပါနလုပ်လျှင် သတိရှိနေရမည်။ ရှိသောသတိမှာလည်းနှာသီးဖျားဌ်ရင်း၊ နှုတ်ခမ်းဖျားဌ်ရင်း၊ ရှိရပေမည်။ ဤကား ပါဠိတော်အလိုပေတည်း။

ထိုမှတပါး ယင်းသုတ်မဟာဝါ ပါဠိတော်၌ အာနပါနအတွက် ဟောတော်မူပြန်သည်မှာ–

သဗ္ဗကာယ ပဋိသံဝေဒီ
အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယ ပဋိသံဝေဒီ
ပဿသိဿာမီတိ သိက္ခတိ။

ထွက်သက်လေ၏အစ အလယ်အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက်ရှိုက်မည်ဟုကျင့်၏။ ဝင်သက်လေ၏ အစအလယ် အဆုံး အလုံးစုံသောရုပ်အပေါင်းကိုထင်ရှားသိလျက် ရှူမည်ဟုကျင့်၏။ (ဆ၊မြန်၊စာ ၂၆၀)။

ဤတွင် စာဖတ်ပုဂ္ဂိုလ်တို့ ဗဟုသုတ ရရှိစေရန် ယင်းပါဠိတော်ကို ဦးမြို့ မြန်မာဘာသာပြန် စာမျက်နှာ ၄၇၀ ၌ လာရှိသည်ကို ဖော်ပြဦးအံ့။

အလုံးစုံသော ထွက်သက် ဝင်သက်လေ
ကိုထင်စွာ သိလျက် ထွက်သက်လေကိုဖြစ်
စေအံ့ဟူ၍ ကျင့်၏။ အလုံးစုံသော ထွက်
သက် ဝင်သက် လေကို ထင်စွာသိလျက်
ဝင်သက်လေကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။

ဤပါဠိတော်အရ ထွက်သက်လေ ဝင်သက်လေ အပေါင်းကို ထင်ရှားစွာ သိအောင် လေ ကျင့်ရမည်ဟု ဟောတော် မူခဲ့လေသည်။ ထိုကြောင့် အာနာပါနပဗ္ဗအတွက် လေကျင့်ကြရာတွင် နှာသီးဖျားဌ်ရင်း၊နှုတ်ခမ်းဖျားဌ်ရင်း၊သတိမထား၊ သတိမပါမရှိဘဲ အာနာပါနပဗ္ဗကိုလေ ကျင့်နေခြင်းမှာ ယင်းပါဠိတော်နှင့်မကိုက်ညီခြင်းကို အထူးသတိပြုတော်မူကြပါလေ။

ဝိပဿနာလုပ်ငန်းအတွက် ဘာကိုအလိုရှိအပ်သည်ကို စုံမြစွာသိရှိထားရန် ဤဆောင်းပါး၏ အစကို ထပ်ခါထပ်ခါ ဖတ်ရှုတော်မူကြပါလေ။

---

## အာနာပါနကို အားထုတ်ရာ၌

# ပင်ပန်း ဆင်းရဲခြင်း မဖြစ်စေရ

## ( ၁၆ )

ယင်း သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ် စာမျက်နှာ ၂၃၂၌ ဆက်ခါ ဟောတော်မူသည်မှာ–

ပဿမ္ဘယံ ကာယ သင်္ခါရံ
အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယ သင်္ခါရံ
ပဿသိဿာမီတိ သိက္ခတိ။

ရှန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်ဟုကျင့်၏။

ရှန့်ရင်းသော ဝင်သက်ကိုငြိမ်းစေလျက် ရှူမည်ဟုကျင့်၏။(ဆ၊ မြန်၊ စာ ၂၆၀)။

ဤ၌ ရှန့်ရင်းကြမ်းတမ်းသော ထွက်သက်လေ ဝင်သက်လေဆိုရာ၌ ရိုးရိုးနေ့စဉ် ရှူရှိုက်နေသော လေတို့မှာ အလွန် ရှန့်ရင်းကြမ်းတမ်း၏။ ရှန့်ရင်းကြမ်းတမ်းခြင်းကိုသိစေရန် ယခုပင် မိမိလက်ဝါးကိုနှာခေါင်း၌ မထိစေဘဲနီးကပ်စွာထားပြီးလျှင် ထွက်သက် ဝင်သက်လေတို့ကို ရှူရှိုက်လိုက်သော် လက်ဝါးသို့ လေတိုးသည်ကို တွေ့ရှိနိုင်၏။

ထိုမှတပါး ညတရေးနိုး၍ အာနာပါန လေ့ကျင့်သော်ခြင်ထောင်ထဲတွင် မိမိရှူရှိုက်နေသော ထွက်လေဝင်လေတို့၏ အသံကို ကောင်းစွာကြားရ၏။ အကယ်၍ ဂူထဲတွင် အာနာပါနကို လေ့ကျင့်ပါမူ မိမိ၏ ထွက်သက် လေ၊ ဝင်သက်လေတို့မှာ အလွန် ရှန့်ရင်းကြမ်းတမ်းသည်ကို ထူးခြားစွာ သိရပေတော့၏။

ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းတရားကို အားမထုတ်မီ နဂိုထွက်သက်လေ၊ ဝင်သက်လေတို့ ရှန့်ရင်းကြမ်းတမ်းပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမတွဲ အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသပိုင်း စာမျက်နှာ ၅၄၄၌ ဖွင့်ဆိုတော်မူသည်မှာ—

ကမ္မဋ္ဌာန်းကို အားမထုတ်မီ ရှေးအခါက ဤရဟန်းတို့၏ကိုယ်ကာယသည် ၎င်း၊စိတ်သည်၎င်း၊ ပူပန်ခြင်း ရှိကုန်၏။ ရှန့်ရင်း ကြမ်းတမ်းကုန်၏။ ကိုယ်စိတ်တို့၏ ရှန့်ရင်း ကြမ်းတမ်းသော အဖြစ်သည် မငြိမ်သည်ရှိသော် ထွက်သက် ဝင်သက်တို့သည်လည်း ကြမ်းတမ်း ကုန်၏၊ အားကြီးကုန်သည်၊ ရှန့်ရင်းကုန်သည် ဖြစ်၍ ဖြစ်ကုန်၏။ နှာခေါင်းမဆန့်ဖြစ်၍ ခံတွင်းဖြင့် ဝင်သက်ကိုရှိုက်သည်ဖြစ်၍၎င်း၊ ထွက်သက် ရှူသည် ဖြစ်၍၎င်း တည်၏။ (ဥပမာ ပေးပုံတို့ကိုပါ ပိုမို သိရှိရန် ကျမ်းရင်းကိုဆက်လက်ဖတ်ရှုတော်မူကြပါလေ)။

ဤအဋ္ဌကထာဖွင့်ဆိုတော်မူချက်အရ အာနာပါန ကမ္မဋ္ဌာန်းကိုမပွားများမီက ထွက်သက်သေ၊ ဝင်သက်လေတို့ ကြမ်းတမ်းပုံကို ထင်ရှားစွာ သိနိုင်လေပြီ။

ဤတွင် ဆိုလိုရင်းကား အာနာပါန သမထဘာဝနာ ပွားများပါက မပွားများမီ အချိန်ကထက် ထွက်သက်လေ ဝင်သက်လေတို့မှာ ပို၍ မကြမ်းတမ်းရ၊ ပို၍ ငြိမ်သက်သွားရခြင်းကို သိစေလိုခြင်းဖြစ်၏။

ထိုမှတပါး အာနာပါနကမ္မဋ္ဌာန်းကိုပွားများအားထုတ်ရာ၌ ပင်ပန်းဆင်းရဲခြင်း မရှိ၊ ကိုယ်၏ လှုပ်ရှား ယိမ်းယိုင်မှု အနည်းငယ်မျှ မရှိခြင်းတို့ မဟာဝဂ္ဂသံယုတ် ပါဠိတော်အာနာပါနသံယုတ် ကေမ္ပဝဂ် မဟာကပ္ပိနသုတ် ဆ၊မြန်၊စာ ၂၇၇ ၌ အောက်ပါအတိုင်း တွေ့ရှိရ၏။

ဗုဒ္ဓမြတ်စွာသည် အရှင် မဟာကပ္ပိနကို မြင်တော်မူ၍ ရဟန်းတို့အား မိန့်တော်မူသည်မှာ—

ရဟန်းတို့ ဤရဟန်း၏ကိုယ် တုန်ခြင်းကို၎င်း၊ လှုပ်ခြင်းကို၎င်း သင်တို့ မြင်ကုန်သလောဟု မိန့်တော်မူ၏။

အသျှင်ဘုရား သံဃာ့ အလယ်၌၎င်း၊ တပါးတည်း ဆိတ်ငြိမ်ရာ၌၎င်း၊ ထိုအသျှင်ထိုင်နေသည်ကို မြင်ကြရသောအခါ၌ ထိုအသျှင်၏ကိုယ်တုန်ခြင်းကို၎င်း၊ လှုပ်ခြင်းကို၎င်း အကျွန်ုပ်တို့ မမြင်ရပါဟု လျှောက်ကုန်၏။

ရဟန်းတို့အကြင်တည်ကြည်မှုသမာဓိကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်းသည်၎င်း၊လှုပ်ခြင်းသည်၎င်းမဖြစ်၊ စိတ်၏ တုန်ခြင်းသည်၎င်း၊ လှုပ်ခြင်းသည် ၎င်း မဖြစ်၊ ရဟန်းတို့ ထိုရဟန်းသည် ထို သမာဓိကို အလိုရှိတိုင်း ရ၏။ မဆင်းရဲဘဲရ၏။ မပင်ပန်းဘဲ ရ၏ဟု စသည်ဖြင့် ဟောတော်မူလေသည်။

(ကျမ်းရင်းကို ဆက်လက် ဖတ်ရှုတော်မူကြပါလေ။)

ဤဒေသနာတော်အရ အာနာပါန သမထဘာဝနာကို ပွားများရာဝယ် ကိုယ်၏ ယိမ်းယိုင်လှုပ်ရှားမှု မရှိခြင်းကို ကောင်းစွာ သိအပ်လေပြီ။

၎င်ပြင်သုတ်သီလက္ခန်ပါဠိတော်ကူဋဒန္တသုတ်၌ ရှည်လျားစွာ ဟောတော်မူသည်တို့မှ ဤတွင်

ယက်ဆိုင်သည့်ကို အတိုချုပ် ကောက်နုတ်ဖော်ပြရသော်-

ဘာဝနာလုပ်ငန်းသည်ဒါန,သီလထက်သာ၍ နည်းသော ကိစ္စလည်းရှိ၏။ သာ၍ နည်းသော အားထုတ်မှုလည်းရှိ၏။သာ၍များသော အကျိုးလည်းရှိ၏။ သာ၍ များသော အာနိသင်လည်းရှိ၏ဟု ဟောတော်မူ၏။

ဤဒေသနာတော်အရလည်း ဘာဝနာ လုပ်ငန်းမှာ ဒါန,သီလလောက် ကိစ္စ မများ၊ ဒါန သီလလောက် အားထုတ်မှုမရှိဘဲလျက် ဒါနသီလ တို့ထက် ပိုမို များပြားလှသော အကျိုးကိုလည်း ရရှိ၏။ ပိုမိုများပြားသော အာနိသင်လည်း ရရှိသည်ကို ကောင်းစွာသိနိုင်လေသည်။

ထိုမှတပါး ဥပရိပဏ္ဏာသ ပါဠိတော် အနုပဒဝဂ် အာနာပါနသံယုတ်၌ ရှည်လျားစွာဟောတော်မူသည်မှ အနည်းငယ် နမူနာ အဖြစ်ဖြင့် ကောက်နုတ် ဖော်ပြဦးအံ့။

ရှည်ရှင်းသော ကာယသင်္ခါရကိုငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟုကျင့်၏။ ရှည်ရှင်းသော ကာယသင်္ခါရကိုငြိမ်းစေလျက်ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏ဟု (ဆ၊မြန်၊စာ ၁၂၉)ဆက်လက် ဟောတော်မူပြန်သည်မှာ—

ရဟန်းတို့ လွတ်သော သတိရှိသော ကောင်းစွာဆင်ခြင်တတ်သော ပညာ မရှိသော'ပုဂ္ဂိုလ်အား အာနာပါနဿတိ ကမ္မဋ္ဌာန်းကိုငါမဟော (ဆ၊မြန်၊စာ ၁၃၁)

ဤဥပရိပဏ္ဏာသ ပါဠိတော်အာနာပါနနည်း အရလည်းနဂိုထွက်သက်လေ၊ ဝင်သက်လေထက် ရှန်ရင်းကြမ်းတမ်းမှု မရှိရုံမျှမက နဂို ထွက်သက်လေ၊ ဝင်သက်လေတို့ကို ငြိမ်းအေးစေရန်ကျင့်ရမည်၊သတိမရှိသည်မဟုတ် အစဉ်သတိရှိနေရမည်။ ထိုမှတပါး ဆင်ခြင်တတ်သော ဝိပဿနာ ပညာလည်းရှိသူ ဖြစ်ရမည်ဆိုသည်ကို ထင်ရှား သိနိုင်လေပြီ။

ဆိုဦးအံ့။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ သစ္စသံယုတ် ဓမ္မစက္ကပ္ပဝတ္တနဝဂ် ဓမ္မ စက္ကပ္ပဝတ္တနသုတ်တော်၌ရှင်း၊ ဝိနည်းမဟာဝါပါဠိတော် မဟာခန္ဓက ပဉ္စဝဂ္ဂိယကထာ၌ ရှင်း ဟောတော်မူရာမှ ကောက်နုတ်ဖော်ပြရသော်-

ရဟန်းတို့ ရဟန်းဖြစ်သူသည် အစွန်း နှစ်ပါးတို့ကို မမှီဝဲအပ်ကုန်၊ အဘယ် နှစ်ပါး တို့နည်းယုတ်ညံ့၍ ရွာသူတို့၏အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့ အကျင့်ဖြစ်၍၊ အရိယာ တို့၏ အလေ့အကျင့် မဟုတ်သော အကျိုး စီးပွားနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ် ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲလိုက်စား အားထုတ်ခြင်းကိုရှင်း–

ယော စာယံ အတ္တ ကိလမထာ
နုယောဂေါ ဒုက္ခော အနရိယော
အနတ္ထ သံဟိတော။

ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သောအကျိုးစီးပွားနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှု ကိုအားထုတ်ခြင်းရှင်း ဤနှစ်ပါးတို့တည်း။

ဤဒေသနာတော်အရ မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိ၍ ကျင့်ရာ၌ ကိုယ်၏ဆင်းရဲခြင်း၊စိတ်၏ ဆင်းရဲခြင်းတို့ကို ဖြစ်စေတတ်သော ပင်ပန်း ဆင်းရဲခြင်း အားထုတ်မှုကို မကျင့်ရသည်ကို ထင်ရှားစွာသိရှိနိုင်လေသည်။

အာနာပါနပွားများရာ၌ပင်ပန်းဆင်းရဲမဖြစ်ပုံအဘွက် အကိုး အကားများ ကျန်ရှိသေးသော်လည်း ဤတွင် နောက်ဆုံးအနေဖြင့် ဖော်ပြရသော် မဟာဝဂ္ဂသံယုတ် ဧကဓမ္မဝဂ် ပဒီပေါမပသုတ် (ဆ၊ မ၊ စာ ၂၇၈) ၌ ဟောတော်မူသည့် အတိုချုပ်မှာ–

ရဟန်းတို့ ထိုကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် ကိုယ်မပင်ပန်းရာ၊မျက်စိတို့မပင်ပန်းကုန်ရာ၊ ငါ၏ စိတ်သည်လည်း မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်မြောက်ရာ၏ဟု အလိုရှိခဲ့မူ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏ဟု ဟောတော်မူ၏။

လွန်ခဲ့သည့် ဆောင်းပါး ၁၅–နှင့် ဤဆောင်း

ပါးတွင် ဤမျှ အာနာပါန လုပ်ရပ်၌ သဘာဝ ကျစေရန် ပါဠိတော် အရပ်ရပ် တို့ကို ဆောင်၍ ရေးသား ဖော်ပြနေရခြင်းမှာ အတ္တုက္ကံသနအား ဖြင့်၎င်း၊ ပရဝမ္ဘန အားဖြင့်၎င်း၊ ဣဿာ တရား အားဖြင့်၎င်း ရေးသားခဲ့ခြင်း မဟုတ်ပါ၊ သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်လျက် အဓွန့်ရှည်စွာတည်ရှိရေးကို ရှေးရှုလျက် ရေးခဲ့ခြင်းဖြစ်သည်ကို အထူး သတိပြုတော်မူကြစေလိုပါသည်။

အာနာပါန ပွားများရေးအတွက် မဟာသတိပဋ္ဌာနသုတ်တော်၌သာဟောတော်မူသည်မဟုတ်ပါ။ ထိုထို ပါဠိတော်များတွင် များစွာ ဟောတော်မူပေသေး၏။

လယ်တီဆရာတော်ဘုရားရေးသားအပ်သော အာနာပါနဒီပနီမှာမဟာသတိပဋ္ဌာနသုတ်တော်မှလာရှိသောအာနာပါနမဟုတ်ပါ။ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိ သုတ်တော် ကို မှတည်၍ ရေးသားတော်မူခြင်းဖြစ်၏။

သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်တော်မှ လာရှိသော အာနာပါနပဗ္ဗမှာ စာတမျက်နှာခန့်သာလာရှိ၍ဥပရိပဏ္ဏာသပါဠိတော်၌လာရှိသော အာနာပါနဿတိ သုတ်တော်မှာ စာမျက်နှာ ၈ မျက်နှာကျော်မျှ ဖြစ်လေသည်။

ထိုမှတပါး မဟာဝဂ္ဂ သံယုတ် ပါဠိတော်၌ အာနာပါန လုပ်ငန်းနှင့် သက်ဆိုင်သည် တို့ကို အာနာပါန သံယုတ်ဟူ၍ ပါဠိတော် စာမျက်နှာ အစိတ်ခန့် လာရှိလေသည်။ ၎င်း ပါဠိတော်တို့ကို ဆက်လက် ဖတ်ရှုတော် မူကြစေလိုပါသည်။ စာအားမရှိပါက မြန်မာပြန်များနှင့် ယှဉ်တွဲ ဖတ်ရှုတော်မူကြပါလေ။ စာအုပ်မရှိသေးက ငှားရမ်း ဖတ်ရှုတော်မူကြပါရန် အထူး တိုက်တွန်းခဲ့ပါ၏။ (အာနာပါန ဆက်ဦးအံ့။)

---

စိတ်မိုက်တို့ကို ချက်ချင်းပယ်နိုင်သော

# အာနာပါန ဘာဝနာ သတ္တိ

## ( ၁၇ )

အာနာပါနလုပ်ငန်းသည် စိတ်ကို တည်ငြိမ်အောင် လုပ်ရသောလုပ်ငန်းဖြစ်သည်။ထိုကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် နဝက နိပါတ် အစ သုတ်၏ အဆုံး၌—

> အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ
> ပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ
> ဗျာပါဒဿ ပဟာနာယ၊ အာနာပါ
> နဿတိ ဘာ ဝေ တဗ္ဗာ ဝိတက္ကု
> ပစ္ဆေဒါယ၊ အနိစ္စ သညာ ဘာဝေ
> တဗ္ဗာ အသ္မိမာန သမုဂ္ဃာတာယ၊
> အနိစ္စံသညိနော ဘိက္ခဝေ အနတ္တ
> သညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိ
> မာန သမုဂ္ဃာတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ
> ဓမ္မေ နိဗ္ဗာနန္တိ။

ရာဂကိုပယ်ရန် အသုဘကို ပွားများရမည်။ ဗျာပါဒကို ပယ်ရန် မေတ္တာကို ပွားများရမည်။ ဝိတက်ကိုဖြတ်ရန် အာနာပါနဿတိကို ပွားများရမည်။ ငါဖြစ်၏ဟူသော အသ္မိမာနကို ပယ်ရန် အနိစ္စသညာကို ပွားများရမည်။ ရဟန်းတို့ အနိစ္စသညာရှိသောရဟန်းအား အနတ္တသညာတည်၏။ အနတ္တသညာရှိသောရဟန်းသည် ငါဖြစ်၏ ဟူသောအသ္မိမာနကင်းပြတ်၍မျက်မှောက်တဘဝ၌

ပင် နိဗ္ဗာန်သို့ရောက်ရ၏ဟု မိန့်တော်မူ၏။ (ဆ၊ မြန်၊ စာ ၁၆၇)။

သမထ ဘာဝနာ လေးဆယ်ဟု လာရှိသော်လည်း အများအားဖြင့် မိမိ သည် မည် သည့် ကမ္မဋ္ဌာန်းနှင့် သင့်တော်သည်ကို ရွေးချယ်၍ ပွား များအားထုတ်ရမည်ကို သတိမပြုမိကြချေ။

ထို့ကြောင့် ဤပါဠိတော်သည် အလွန်ပင် အကျိုးကျေးဇူး များစေခြင်းကြောင့် အလွတ်ကျက်ဆောင်ထားကာ မိမိကိုယ်တိုင်လည်း မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို လေ့ကျင့် ပွားများပြီးလျှင် သူတပါး အားလည်း ဓမ္မဒါန ပြုတော်မူကြစေရန် အထူးတိုက်တွန်းခဲ့ပါ၏။

ဤတွင် မဟာသတိပဋ္ဌာန သုတ်တော်၌ဟောတော်မူသော အာနာပါန အတွက် အလိုရှိအပ်သည်ကို ကောက်နုတ်ဖော်ပြရသော် စိတ်ပြန့်လွင့်သူအတွက် သတိလွတ်တတ်သူ မေ့လျော့ တတ်သူအတွက် အာနပါန ကမ္မဋ္ဌာန်းကို လေ့ကျင့် ပွားများရန် ညွှန်ကြားတော်မူခဲ့ခြင်းကို သိစေလိုခြင်း ဖြစ်လေသည်။

အာနာပါနလုပ်ငန်းအတွက် သဘောပေါက်စေရန် ထိုထိုသော ပါဠိတော်များနှင့်တကွ အဋ္ဌကထာတို့တွင် များစွာ လာရှိသည်တို့အနက် အနည်းငယ်ဖော်ပြဦးအံ့။

စိတ် ပြန့်လွင့်မှုကြောင့် မိမိ၏ ဆ ရာ တော် ဦးခေါင်းကို ယပ်တောင်နှင့် ရိုက်မိသည်ကို အကြောင်းပြု၍ စိတ်ကိုမပြန့်လွင့်စေဘဲ စောင့်စည်းချုပ်တည်းထားရန် ဓမ္မပဒပါဠိတော် စိတ္တဝဂ် ဆဋ္ဌမူ စာမျက်နှာ ၁၈ ၌-

ဒူရင်္ဂမံ ဧကစရံ၊
အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။

အဝေးသို့သွားတတ်သော တဦးတည်း ကျက်စားသော ကိုယ်ကောင် အထည်မရှိသော ဟဒယ ဝတ္ထု လိုဏ်ဂူ၌မှီသောစိတ်ကို အကြင်သူတို့သည် စောင့်စည်းချုပ်တည်းကြကုန်၏။ ထိုသူတို့သည် မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတံ့။ ဤပါဠိတော်အတွက်အဓိပ္ပာယ်ပိုမိုရရှိစေရန် အဋ္ဌကထာနှင့် ပူးတွဲဖတ်ရှုတော်မူကြပါလေ။

ထိုမှတပါး ဓမ္မပဒပါဠိတော် ပါပဝဂ် အစ၌ ပါပသို့ ရမှတ်မနေသော စိတ်သည်မကောင်းမှု၌ မွေ့လျော်၏ဟု ဟောတော်မူ၏။ ထို့ကြောင့် စိတ်ကို ပြန့်လွင့်ခွင့်မပေးဘဲ သမထ ဘာဝနာ ဝိပဿနာ ဘာဝနာတို့ဖြင့် စောင့်စည်းထိန်းသိမ်းထားရမည် ဆိုသည်ကို သိအပ်လေပြီ။

အင်္ဂုတ္တိုရ်ပါဠိတော်ကေနိပါတ်အကမ္မနိယဝဂ် အစ၌-

နာဟံ ဘိက္ခဝေ အညံ
ဧကဓမ္မမ္ပိ သမနုပဿာမိ။

အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ ဆဋ္ဌမူ စာမျက်နှာ ၆-အပိုဒ် ၂၁၌ မြန်မာပြန်ကို တွေ့ရှိနိုင်၏။ ဤတွင် ဦးမြို့ ဘာသာပြန်ကို ဖော်ပြပေအံ့။

အိုရဟန်းတို့ ဤစိတ်ကို သမထ ဝိပဿနာ၏ အစွမ်းဖြင့် မပွားအပ်သည် ရှိသော် အမှု၌ မခံ့သည်ဖြစ်သကဲ့သို့ ဤအတူ အကြင်သဘောတရားကို မပွားအပ်သည်ရှိသော်အမှု၌မခံ့သည်ဖြစ်၏။ စိတ်မှတပါးသော မပွားအပ်သည်ရှိသော် အမှု၌ မခံ့သော ထိုတခုသော တရားကိုမျှလည်း ငါဘုရားသည် မြင်တော်မမူ။ အိုရဟန်းတို့ စိတ်ကို မပွားအပ်သည်ရှိသော် အမှု၌ မခံ့ သည် ဖြစ်၏ ဟုဟောတော်မူ၏။

ယင်း ပါဠိတော်၌ ဆက်လက် ဟောပြန်သည်မှာ-

အိုရဟန်းတို့ ဤစိတ်ကို သမထ ဝိပဿနာ၏ အစွမ်းဖြင့် ပွားအပ်သည်ရှိသော် အမှု၌ ခံ့သည် ဖြစ်သကဲ့သို့ ဤအတူ အကြင်သဘောတရား ပွားအပ်သည်ရှိသော် အမှု၌ခံ့သည်ဖြစ်၏။ စိတ်မှ တပါး ပွားအပ်သည် ရှိသော် အမှု၌ ခံ့သော တခုသော တရားကိုမျှလည်း ငါဘုရားသည် တွေ့မြင်တော်မမူ။ အိုရဟန်းတို့စိတ်ကိုပွားအပ်သည်ရှိသော် အမှု၌ခံ့ သည် ဖြစ်၏ဟု ဟောတော်မူ၏။

အထက်၌ ဖော်ပြအပ်သော ပါဠိတော်များ အရ စိတ်ကို ပေါက်လွှတ်ပဲ့စားထားသော် စိတ် လောက် ဂဏာမငြိမ် ဂမူးရှူးထိုး နည်းကြိုးပြတ် ဖြစ်တတ်သော သဘာဝသဘောတရားသည်မရှိ၊ အကယ်၍ စိတ်ကို သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာနည်းတို့ဖြင့် စောင့်စည်းထိန်းသိမ်းထား သော် စိတ်ကဲ့သို့ ငြိမ်ဝပ်ပိပြားတည်ကြည်ခိုင်ခံ့ သောသဘာဝသဘောတရားတခုသည်မရှိ။ဥပမာ သော်ကား စျာန်ဝင်စား နေသော် အနားတွင် လျှည်းပေါင်း များစွာ ဖြတ်သန်းမောင်းနှင်သွား သော်လည်း မသိလိုက်ချေ။

ထိုမှတပါး သိရှိအပ်သော အာနာပါနသတ္တိ ကို ဖော်ပြရသော် မဟာဝဂ္ဂသံယုတ် ပါဠိတော် အာနာပါန သံယုတ် ကေဝဂ် ဝေသာလီသုတ် (ဆ၊မ၊စ ၂၇၂)၌ ဟောတော်မူသည်မှာ–

ရဟန်းတို့၊ဤအာနာပါနဿတိ သမာဓိသည် ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိ သော်ငြိမ်လည်းငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ ထပ်လောင်း ဖြည့်စွက်စရာလည်းမလို၊ ချမ်းသာ သော နေရာလည်းဖြစ်၏၊ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ် အယုတ်တရားတို့ကိုလည်း တခဏခြင်း ကွယ်ပျောက်ငြိမ်းအေးစေ၏။

ရဟန်းတို့ နွေလတို့၏နောက်ဆုံးလ၌ အထက် သို့လွင့်တက်သော မြူမှုန်ကို အခါမဲ့ သည်းထန်း စွာရွာသွန်းသော မိုးကြီးသည် တခဏခြင်း ကွယ် ပျောက် ငြိမ်းအေးစေနိုင်သကဲ့သို့ ဤအတူပင် ရဟန်းတို့ အာနာပါနဿတိ သမာဓိသည် ပွား များ လေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ် သက်၏။ မွန်လည်းမွန်မြတ်၏။ ထပ်လောင်းဖြည့် စွက်စရာလည်းမရှိ။ ချမ်းသာသော နေရာလည်း ဖြစ်၏၊ဖြစ်တိုင်းဖြစ်တိုင်းသောအကုသိုလ်အယုတ် တရားတို့ကိုလည်း တခဏခြင်း ကွယ်ပျောက်ငြိမ်း အေးစေနိုင်၏ဟု ဟောတော်မူလေသည်။

ဤတွင် ထင်ရှားစွာ သိစေလိုသော ပဌမ အချက်မှာ အာနာပါန လုပ်ငန်းသည် ပင်ပန်း ဆင်းရဲခြင်းမဖြစ်ရဘဲ အေးချမ်းသော ငြိမ်သက်မှု လည်းရှိ၏။ ဒါနသီလတို့ထက် မြတ်သောအကျိုး အာနိသင်ရှိသော သမထဘာဝနာ ဖြစ်ခြင်းကို ထင်ရှားစွာ သိစေလို၏။

ထိုမှတပါးဤဒေသနာတော်အရအာနာပါန ကို အထူးလေ့ကျင့် ပွားများ ထားတော်မူကြ စေလိုပါသည်။ အကြောင်းသော်ကား နွေအခါ မြူမှုန်တို့သည် မည်မျှ ထကြွလွင့်ပျံရွား နေစေကာမူ မိုးသည်းထန်စွာ ရွာသွန်းလိုက်သည်နှင့် တပြိုင် နက် မြူမှုန်ဟူသရွေ့တို့သည် တခဏခြင်း မြေသို့ ကျရောက်ငြိမ်သက်သွားရဘိသကဲ့သို့မိမိ၌အပါယ် လေးပါးသို့ ကျရောက်စေမည့် အကုသိုလ် စိတ် ယုတ်မာများထကြွလာသောအခါ မိမိလေ့ကျင့် ထားသော အာနာပါန ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လိုက်သည်ရှိသော် ထိုပေါ်ပေါက်နေ သော အကုသိုလ်စိတ်ယုတ်မာများသည် တခဏ ခြင်း ကွယ်ပျောက်သွားလေတော့၏။ ထိုမျှ အာ နာပါနသမထဘာဝနာ၌အကုသိုလ်စိတ်ယုတ်မာ တို့ကို နိုင်နင်းသောသတ္တိရှိလေသည်။ထို့ကြောင့် အာနာပါန အလုပ်ကို ကြိုတင်ကြိုးစားအားထုတ် တော်မူကြရန် အထူးတိုက်တွန်းခဲ့ပါ၏။

# သမထနှင့် ဝိပဿနာ ကွာပုံ

## ( ၁၈ )

အောက်ပါစာတိုကလေးမှာနယ်မှဆရာတော်တပါးက ရန်ကုန်မြို့ရှိ အသျှင် ဦးတိလောကသာရ ထံသို့အကြောင်းကြားတော်မူရာမှတဆင့် ဟံသာဝတီ သတင်းစာတိုက် ဆိုင်ရာသို့ တတ်အားသမျှ ကူညီတော်မူကြစေရန် မိတ္တူကူး၍ စာမူကိုပါပေးပို့လိုက်ရသောစာ ဖြစ်ပါသည်။

တကာကြီး ဦးစိန်

၂၀၊၇၊၆၆

ဆရာကြီးမှတဆင့် ဆရာကြီး၏ ဆောင်းပါး သတိပဋ္ဌာန်ကို သတင်းစာတွင် အလယ်စာရွက်၌ သာ ဖြစ်နိုင်ပါက ထည့်ပေးပါရန် မေတ္တာရပ်ခံ ပေးပါရန် စာရေးသားအပ်ပါသည်။

၎င်းအပိုင်းကို စုဆောင်းရာဝယ် အခက်အခဲ တွေ့တွေ့နေရ၍ ဆရာကြီးထံသွားပြီး ပြည်ဆရာတော် ဦးဝိလာသက အထူးအကြံ ပေးခိုင်းပါသည်။

ဦးပဥ္စင်းလည်း ၎င်းအပိုင်းများကို စုဆောင်းရာဝယ် အဆင်မပြေမှု တွေ့နေရ၍ ထပ်လောင်းပြီး မေတ္တာရပ်ခံအပ်ပါသည်။

ဦးတိလောကသာရ
(၂-ပါးထဲသင်တန်းတက်သူ)
မွင်းလှကျောင်း
ဗဟန်း၊ ရန်ကုန်။

ဤ ပေးပို့တော်မူလိုက်သော စာတိုကလေး၏ သဘောမှာ ဝိလုပ်ငန်းတော်အတွက် ဆောင်းပါး စုံဆောင်းရာ၌လွယ်ကူစေရန် အလယ်စာရွက်တွင် စာမျက်နှာမကူးဘဲ ဖော်ပြပေးရန် ဖြစ်ပါသည်။

သတင်းစာလုပ်ငန်းဟူသည်အချိန်နှင့်ယှဉ်ပြိုင် ပြေးသွားကာ လုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ ဟိုဘက် သည်ဘက် အခက်အခဲများကို သိရှိပြီး ဖြစ်ရဏား အသူးမရေးသားလိုပါ။ သို့သော်ဖြစ်နိုင်ပါက တတ်အားသမျှ ကူညီတော် မူကြစေလို ပါသည်။

ယခုသော် အာနာပါနလုပ်ငန်းကိုပြန်၍ ဆက်ရန်မှာ မဟာသတိပဋ္ဌာနသုတ်တော်၌ လာသော နည်းမှာ အာနာပါန လုပ်ရပ်တွင် ပဋ္ဌမပိုင်း အတွက် သမာဓိကောင်းရရန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဋီကာတိကမ္မဋ္ဌာန နိဒ္ဒေသပိုင်း ဆရာတော်ဦးနန္ဒမာလာ မြန်မာ ပြန်ဆိုတော်မူသော ပဋ္ဌမတွဲ စာမျက်နှာ ၃၅၂ ၌—

စဉ်းလဲ ကောက်ကျစ်သော နွားကလေးကို ဆုံးမပဲ့ပြင်လိုသောသူသည် ချည်တိုင်၌ ခိုင်မြဲစွာ ချည်နှောင်ရာသကဲ့သို့ ဤအတူ ပျက်ချော် လေလွင့်၍နေသော မိမိ၏စိတ်ကို ဆုံးမ ပဲ့ပြင်လိုသော သူသည် ကမ္မဋ္ဌာန်းကို ကောင်းစွာ မှတ်သားခြင်း သတိတည်းဟူသော ကြိုးဖြင့် ကမ္မဋ္ဌာန်း အာရုံ၌ ထိုစိတ်ကိုကျုပ်တည်းခိုင်မြဲစွာ နှောင်ဖွဲ့ရာ၏။

ဤသို့ အဋ္ဌကထာ ဖွင့်ဆိုတော် မူချက်အရ ဂဏာမငြိမ် ဤမှ ထိုမှ ပြောင်းရွှေ့ပြေးသွားနေသော စိတ်ရိုင်းကို ထွက်သက်လေ ဝင်သက်လေ၌သာ သတိတည်ရှိကာ သမာဓိ အားကောင်းလာ စေရန် လေ့ကျင့်ပေးရမည် ဆိုသည်ကို သိအပ်လေပြီ။

ထို့ကြောင့် ဂဏာမငြိမ်သော စိတ်ရိုင်းကို တည်ငြိမ်စေရန်— ရေတွက်ခြင်း ဂဏနာနည်းဖြင့် လေ့ကျင့်ပေးရန် ထိုမြန်မာပြန် စာမျက်နှာ ၃၅၃၌ လာရှိသည်ကို အတိုချုပ် ကောက်နုတ်ဖော်ပြပေအံ့။

ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ (ဂဏနာ)ရေတွက်ခြင်းနည်းဖြင့်ဤကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏။ ရေတွက်သောပုဂ္ဂိုလ်သည် ငါးကြိမ်သော ဝင်သက် ထွက်သက်တို့အောက် မဖြစ်စေအပ်။ ဆယ်ကြိမ်သော ဝင်သက် ထွက်

ဆက်ထက် ပို၍လည်း မရေတွက်အပ်။ ယင်းသို့ ရေတွက်ရာ၌ ဈေးဦးစွာ နှေးနှေး ရေတွက်ရာ၏။

ဝင်သက် ထွက်သက်တို့တွင် ပဌမအကြိမ် ဝင်လာသောလေကို တစ်ဟု ရေတွက်ရမည်။ ဒုတိယအကြိမ်ဝင်မလာမီ တစ်တစ်ဟူ၍သာ ရေတွက်ရမည်။ ဒုတိယ ဝင်သက်လေ လာသောအခါမှ နှစ်ဟု ရေတွက်ရမည်။ တတိယ ဝင်သက်လေ မလာမချင်း နှစ်နှစ်ဟူ၍ ရေတွက်ရမည်။ တတိယ ဝင်သက်လေ လာသောအခါမှ သုံးဟု ရေတွက်ရမည်၊ စတုတ္ထဝင်သက် မလာမချင်း သုံးသုံးဟူ၍သာ ရေတွက်ရမည်။ စတုတ္ထ ဝင်သက် လာသောအခါ လေးဟူ၍ ရေတွက်ရမည်။ ပဉ္စမ ဝင်သက်မလာမချင်း လေးလေးဟူ၍သာ ရေတွက်ရမည်။ ပဉ္စမဝင်သက် လာသောအခါ ငါးဟူ၍ ရေတွက်ရမည်။ ထိုငါးသို့ ရောက်သောအခါ တခေါက်ပြန်၍ ယခင်အတိုင်း တစ်က ခြောက်အထိ ရေတွက်ရမည်။ ထို့အတူ ခြောက်သို့ ရောက်သောအခါ တခေါက်ပြန်၍ ယခင်အတိုင်း တစ်က ခုနစ်အထိ ရေတွက်ရမည်။ ထို့အတူ တခေါက်ပြန်၍ တစ်က ရှစ်အထိ ရေတွက်ရမည်။ ထို့အတူ တခေါက်ပြန်၍ တစ်က ကိုးအထိ ရေတွက်ရမည်။ ထို့အတူ တခေါက်ပြန်၍ တစ်က တဆယ်အထိ ရေတွက်ရမည်။

ဤကား အတိုချုပ် သဘောမျှသာ ဖြစ်၏။ အချိန်ရှိပါက အဋ္ဌကထာကို ဆက်လက် ဖတ်ရှုတော်မူကြပါလော့။

ဤသို့ ဂဏန်းနည်းကို လေ့ကျင့်ရာ ပဌမတွင် အရေအတွက်ကို မေ့လျော့တတ်၏။ ခုနစ်လောက်သို့ရောက်သောအခါ ခြောက်ပြီးပြီလော မပြီးသေးပြီလောဟု ဖြစ်တတ်၏။

ရှစ်သို့ ရောက်သောအခါ ခုနစ်ပြီးပြီလော မပြီးသေးသလောဟု ဖြစ်တတ်၏။

သို့သော်စိတ်မပျက်ပါလေနှင့်၊ သူများတွေဖြစ်နိုင်ပါလျှင် ငါဘာကြောင့် မဖြစ်ရမှာလဲဟု မလျော့သောလုံ့လဖြင့်ဆက်လက်ကြိုးစားပါလေ။ မကြာမီ ထမြောက် အောင်မြင်လာပေတော့၏။ (ဆဋ္ဌမအကြိမ်)

ယင်းသို့ ရေတွက်ခြင်း သတိမမှားတော့ဘဲ သမာဓိအား ကောင်းလာသောအခါ ရေတွက်ခြင်း ဂဏနာနည်းကိုလွှတ်၍ ဆောင်းပါး ၁၅-၌ဖော်ပြခဲ့သော—

သဗ္ဗကာယ ပဋိသံဝေဒီ
အဿသိဿာမိတိ သိက္ခတိ။

စသည်တို့ကို မြန်မာပြန်နှင့်တကွ ဖော်ပြခဲ့သည့်အတိုင်း အာနာပါန သမထကို ပြန်လည်ဆက်လက်အားထုတ်ပါလေ။ မကြာမီ စိတ်ရိုင်းကို ငြိမ်ဝပ်ပိပြားအောင် ဆုံးမနိုင်သည့်အထိ သမာဓိအားကောင်းလာ၏။

သို့ သမာဓိအား ကောင်းလာသော အခါ ရံခါရံခါ ကုသိုလ်စိတ်မိုက်များ ပေါ် ပေါက်လာပါက အာနာပါန ဘာဝနာကို ပွားများလိုက်ခြင်းကြောင့် နွေအခါ သောင်းကျန်းထကြွနေသောမြူမှုန်တို့သည် မိုးကြီးရွာသွန်းလိုက်သည်နှင့်တပြိုင်နက် ငြိမ်ဝပ်ပိပြား မြေသို့ ကျရောက်သွားရဘိသကဲ့သို့ မိမိအား အပါယ်လေးပါးသို့ ကျရောက်စေမည့် အကုသိုလ် စိတ်မိုက်တို့သည် တခဏချင်း ကွယ်ပျောက်သွားစေနိုင်သည် အထိ အကျိုးကြီးမားလေသည်။ မိမိ၌လည်း ဒါန သီလ ပြုလုပ်သကဲ့သို့မပင်ပန်းရဘဲ ဒါန သီလ တို့ထက်ကြီးမားသောအကျိုးကျေးဇူးကို ခံစားကြရလေသည်။

ထိုမှတပါး သိရှိရမည်မှာ မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်အောင် ဖုံးလွှမ်းထားသော—

ကာမစ္ဆန္ဒ နီဝရဏ
ဗျာပါဒ နီဝရဏ
ထိနမိဒ္ဓ နီဝရဏ
ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ
ဝိစိကိစ္ဆာ နီဝရဏ
အဝိဇ္ဇာ နီဝရဏ

ဟူ၍ နီဝရဏ ၆ ပါးရှိသည်အနက် အာနာပါန သမထ ဘာဝနာကိုပွားများသော် ပဉ္စမ နီဝရဏ ငါးပါးကို ပယ်ဖြတ်နိုင်၏။ အဝိဇ္ဇာ နီဝရဏကိုကား မပယ်ဖြတ်နိုင်။ သို့ရာတွင် အဝိဇ္ဇာ နီဝရဏ

ကို ပယ်ဖြတ်နိုင်သော ဝိပဿနာ ဘာဝနာကိုကား ကြီးမားသော အထောက်အပံ့ကို ပေးလေသည်။

ဝိပဿနာ ဘာဝနာသည်သာလျှင် အားလုံးသော နီဝရဏတရားတို့ကို သမုစ္ဆေဒပဟာန်အားဖြင့်ပယ်ဖြတ်လျက် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင် နိုင်လေသည်။ ဤသို့လည်း သမထဘာဝနာနှင့် ဝိပဿနာဘာဝနာ ကွာခြားပုံကို သိအပ်လေသည်။

---

# အာနာပါနမှ ဝိပဿနာသို့

## ( ၁၉ )

လွန်ခဲ့သည့်ဆယ်နှစ်ကျော်လောက်က "ဝိပဿနာ အခြေခံနှင့် အဖြေမှန်ကျမ်း" ကိုရေးသားထုတ်ဝေခဲ့သည့် အချိန်ကစ၍ မိတ်ဆွေများအား ဝိပဿနာ ဘာဝနာပွားများနည်းကို အတ္တနော မတိ မပါ ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း ၁၉၆၃ ခုနှစ်က အစပြု၍ အိမ်တွင် သင်တန်းဖွင့်တာ ရဟန်းရှင်လူ အပေါင်း တို့အား ကျယ်ပြန့်စွာ ဝိပဿနာ ပွားများနည်းကို ဓမ္မဒါနပြုခဲ့ပါသည်။

ထိုတွင် သင်ပြရေးအတွက်များစွာ ဗဟုသုတ ရရှိခဲ့၏၊ မကြာခဏ တွေ့ကြုံရသော ဗဟုသုတ တချပ်မှာ အာနာပါနလုပ်ပြီး ဝိပဿနာ ဘာဝနာ ဘယ်လိုတက်ရမလဲ၊ ဘယ်လိုပွားများရမလဲ ဟူသော မေးခွန်းဗဟုသုတ တချပ်ဖြစ်ပါသည်။

ယခု ဤဆောင်းပါးမှာအာနာပါန သမထ ဘာဝနာမှ ဝိပဿနာ ဘာဝနာသို့ တက်ရမည့် စခန်းသို့ ရောက်ရှိလာချေပြီ။ တနည်းသိရှိစေလိုသည်မှာ ယခုအခါ နူးညံ့ သိမ်မွေ့သော သာမန်လူနတ် ဗြဟ္မာတို့ မသိ မမြင်နိုင်သော ဝိပဿနာ ဘာဝနာ တရားတို့၏ အစိတ်အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ခြင်းကြောင့်ဤဆောင်းပါးကိုခပ်ဖြေးဖြေးနှင့်ပါဠိတော်အရပ်ရပ်တို့၌ဟောတော်မူအပ်သော သဘောကို မိအောင် ဆင်ခြင်စဉ်းစားကာ ဖတ်ရှုတော်မူကြပါလေ။

အကြောင်းသော်ကား ဝိလုပ်ငန်းတော် နှင့် သက်ဆိုင်သော တရားတော်များ၌ ဟောတော်မူသော အနက်အဓိပ္ပါယ် အာဘော်ကိုမမိဘဲ ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေသော်လည်း အလိုရှိအပ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့မရောက်ရှိနိုင်ခြင်းကို ဆောင်းပါး(၇)၌-

တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊

န သဂ္ဂါဝရဏာ။

ဟူ၍ဖော်ပြခဲ့ခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ ဝိပဿနာဘာဝနာပွားများရန်သည်မခက်။ ဝိပဿနာ ဘာဝနာနှင့်သက်ဆိုင်သော သဘာဝ သဘောတရားတွေကို သဘောပေါက်ရန် ခက်သည်ဟု မိန့်ဆိုတော်မူခဲ့ခြင်းများ ဖြစ်လေသည်။

မဟာသတိပဋ္ဌာနသုတ်တော်မှာ သုတ်မဟာဝါပါဠိတော်၌ရှင်း၊မူလပဏ္ဏာသပါဠိတော် မူလပရိယာယဝဂ်၌ရှင်း လာရှိ၏။ထိုမဟာသတိပဋ္ဌာနသုတ်တော်ကို လေ့လာသောအခါအခန်းပေါင်း နှစ်ဆယ့်တခန်းလာရှိသည်ကိုတွေ့ရှိရလေသည်။ ထိုတွင် ကာယာနုပဿနာ ပွားများမှု အတွက်-

အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗ၊

သမ္ပဇာနပဗ္ဗ၊ ပဋိကူလ မနသိကာရပဗ္ဗ၊

ဓာတု မနသိကာရပဗ္ဗ။

စသည်ဖြင့် တဆယ့် လေးခန်း လာရှိလေသည်။ထိုတဆယ့် လေးခန်းတို့ကိုလေ့လာသော

အခါ အခန်းတိုင်း အခန်းတိုင်းတွင် အပိုင်းကြီး နှစ်ပိုင်းရှိသည်ကို တွေ့ရ၏။

ပဌမပိုင်းမှာ တခန်းနှင့်တခန်း မတူချေ။သို့ ရာတွင် ဒုတိယအပိုင်း၌ကား တဆယ့် လေးခန်း စလုံးပင် အတူတူဖြစ်လေသည်။ ၎င်း ဒုတိယပိုင်း အစမှာ –

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိမှ အစပြု၍ ဝေမိုခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိဟူသော အဆုံး အထိမှာ အတူတူပင် ဖြစ်လေသည်။

ထိုမှတပါး မဟာသတိပဋ္ဌာန သုတ် ကာယာ နုပဿနာတဆယ့်လေးခန်း၏ဒုတိယပိုင်း၌ဟော တော်မူသော ဝိပဿနာ လုပ်ငန်းနှင့် ထိုထိုသော ပါဠိတော်များ၌ ဝိပဿနာလုပ်ငန်းအတွက်ဟော တော်မူသည်မှာ မူအားဖြင့် အဝိဇ္ဇာနှင့် တဏှာ ကိုပယ်ဖြတ်ကာ ဒုက္ခအစစ်ဖြစ်သောခန္ဓာငါးပါး ကို ရှုမှုန်းချုပ်ငြိမ်းစေရန် ဟောတော်မူခြင်း ဖြစ် သည်ကို စုံမြဲစွာ သိရှိထားကြရပေမည်။

ထို့ကြောင့် မဟာ သတိပဋ္ဌာန်မှ စ၍ ထိုထို သော ပါဠိတော်များနှင့် ကိုက်ညီစွာ ဝိပဿနာ ဘာဝနာလုပ်ငန်းသို့ တက်ကြကုန်စို့။

ဤအာနာပါန ကမ္မဋ္ဌာန်း၌ ဝင်သက်လေ ထွက်သက်လေတို့သည် ရုပ်လားနာမ်လားဟု ဆင် ခြင်သုံးသပ်ရမည်။

ဝင်သက်လေ ထွက်သက်လေ တို့သည် ရုပ် တရားများဖြစ်ကြ၏။ရုပ်ဆိုသည်မှာ အချုပ်အား ဖြင့် ပထဝီ၊ အာပေါ၊တေဇော၊ ဝါယော ဟူ၍ ဤ ဓာတ်ကြီးလေးပါးဖြစ်၏။ ထိုဓာတ်ကြီးလေး ပါးတွင် ပထဝီဓာတ်ဆိုသည်မှာ-

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဟူသော ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေပါးစသည်တို့ဖြစ်၏။

အာပေါဓာတ်ဆိုသည်မှာ ပိတ္တံ၊သေမှံ၊ပုဗ္ဗော လောဟိတံ၊ သေဒေါ၊ မေဒေါ ဟူသော သည်း ခြေ၊ သလိပ်၊ ပြည်၊သွေး၊ချွေး၊အဆီခဲ စသည်တို့ ဖြစ်၏။

တေဇောဓာတ်ဆိုသည်မှာသန္တာပနတေဇော၊ ဇီရဏတေဇော၊ ဒါဟတေဇော၊ပါစကတေဇော ဟူသော ရက်ခြား ဖြင်းစွာပူခြင်း၊ ရင့်ရော်ဆွေး မြေ့ခြင်း၊ လွန်စွာပူလောင်ခြင်း၊ အစာကို ကျက် စေခြင်း စသည်တို့ဖြစ်၏။

ဝါယောဓာတ် ဆိုသည်မှာ ဥဒ္ဓင်္ဂမဝါယော၊ အဓောဂမဝါယော၊ ကုစ္ဆိသယဝါယော၊ ကောဋ္ဌာသယဝါယော၊ အင်္ဂမင်္ဂါနုသာရိဝါယော၊ အဿာသ ပဿာသဝါယောဟူသော အထက်သို့ တက်သောလေ အောက်သို့သက်သော လေ၊ဝမ်း၌ တည်သောလေ၊ အူတွင်း၌ တည်သောလေ၊အင်္ဂါ ကြီးငယ်သို့ လျောက်၍တည်သောလေ၊ ဝင်သက် လေ ထွက်သက်လေစသည်တို့ဖြစ်၏။

ဝင်သက်လေ ထွက်သက်လေတို့မှာ ဝါယော ဓာတ်ဖြစ်၏။ ဝါယော ဓာတ်သည် ရုပ်ဖြစ်၏။ ဝါယောဓာတ်မှတပါးပထဝီ၊အာပေါ၊တေဇော ဓာတ်တို့သည်လည်း ရုပ်တရားများ ဖြစ်ကြကုန် ၏။ ရုပ်တရားသည် ဆောင်းပါး ၁၁ ၌-

ရူပံ န သတ္တော၊ နဇီဝေါ၊ န နရော၊
န မာဏဝေါ၊ န ဣတ္ထီ၊ န ပုရိသော၊
န အတ္တာ၊ န အတ္တနိယံ၊ နာဟံ၊ န မမ၊
န ကောစိ၊ န ကဿစိ။

ဟူ၍ ဟောတော်မူသောကြောင့် ရုပ်တရား သည် လူ နတ် ဗြဟ္မာ သတ္တဝါ မဟုတ်၊ မိန်းမ ယောကျ်ားမဟုတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဓာတ်အစုမျှသာ ပါတကား။

တဖန်ဆက်၍ (ဝိသုဒ္ဓိမဂ် တတိယတွဲ မြန်မာ ပြန် စာမျက်နှာ ၄၀၀) အညာ ပထဝီ ဓာတု၊ အညာအာပေါဓာတု၊ပထဝီဓာတ်သည်အာပေါ၊ တေဇော၊ ဝါယောဓာတ်မဟုတ်၊ အာပေါ၊တေ ဇော၊ ဝါယောဓာတ်သည် ပထဝီဓာတ်မဟုတ်။

ဝင်သက်လေ ထွက်သက်လေ ဝါယောဓာတ် သည် ပထဝီ၊ အာပေါ၊ တေဇောဓာတ် မဟုတ်၊

ပထဝီ၊ အာပေါ၊ တေဇောဓာတ်သည် ဝါယော ဓာတ်မဟုတ်။

ဤသို့ ဓာတ်ကြီးလေးပါး ရုပ်တရားများကို ဆင်ခြင်သုံးသပ်နေသူသည်အဘယ်သူဖြစ်သနည်း ဟု ဆင်ခြင်ပြန်သော် ဘယ်သူမျှ မရှိ၊ ငါမဟုတ်၊ သူတပါးမဟုတ်၊သဘာဝဓမ္မမျှသာဖြစ်သောစိတ် နှင့် စေတသိက် နာမ် တရားများက ရုပ် တရား များကို ဆင်ခြင် သုံးသပ်နေခြင်းမျှသာဖြစ်၏။

ရုပ်တရားတွင် ဓာတ်ကြီးလေးပါးရှိဘိသကဲ့သို့ နာမ်တရား၌လည်း ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ ဟူ၍ အစိတ်အပိုင်း ကြီးလေးပိုင်း ပါရှိ နေပါကလား၊ ဤ ရုပ်တရား နာမ်တရားတို့သည်-

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။

ဟူသည်နှင့်အညီ မိမိသဘောကို မိမိ ဆောင် ရွက်တတ်သောကြောင့် ဓာတ်ဟူ၍ခေါ်ဆိုရခြင်း ပါတကား။

ဤသို့ ဆင်ခြင် သုံးသပ် နေခြင်းမှာ သာမန် ကုသိုလ်မဟုတ်၊ပင်ပန်းဆင်းရဲခြင်း ဇလျှင်း မပါ မရှိဘဲ ဒါန သီလ သမထ တို့ထက် အကျိုးအာနိ သင် ကြီးမားလှသော အာနာပါနမှ ဝိပဿနာ ဘာဝနာလုပ်ငန်း၏ အစသို့ တိုးတက် ဝင်ရောက် နေခြင်း ဖြစ်လေသည်။

# ဝိပဿနာ ပွားများနည်းအစ

## ( ၂၀ )

တခါသော် ကိုစွ တခုတွင် ကြည့်မြင်တိုင် စလင်းတိုက် သက်တော်ခြောက်ဆယ်၊ ဝါတော် လေးဆယ့်တဝါရှိတော်မူသော ဆရာတော်ကြီး ဦးသုမနက-

တကာကြီးရေ-ဟံသာဝတီဝိပဿနာဆောင်း ပါးတွေကို လူအများ အကျိုး ရှိစေရန် စာအုပ် ရိုက်လျှင် ကောင်းမည်ဟု အမိန့်တော်ရှိ၏။ ထို့ အတူ မိတ်ဆွေ အချို့တို့ကလည်း ဆောင်းပါး များကို စာအုပ်ရိုက်ရန် တိုက်တွန်းကြ၏။

အမှန်အားဖြင့်လည်း သတင်းစာ တွင် စာ ကြောင်းရေ များမည် စိုး၍ ချန်ထားခဲ့သည်တို့ မှာ များပြားလှ၏။ ၎င်းတို့ကို ထပ်လောင်း ဖြည့် စွက်ကာ စာအုပ်ရိုက်ရလျှင်ကောင်းမည်ဟုလည်း သတိပြုမိပါ၏။

သို့ရာတွင် မိမိပင်လျှင် ထိုအချိန်အထိ အသက် ရှည်ကောင်းမှ ရှည်ပေလိမ့်မည်။

ထို့ကြောင့် ရှေလာလတံ့သောဆောင်းပါး များ၌ ပို၍ အရေးကြီးသော အချက် အလက် ပေါင်းများစွာပါရှိမည်ဖြစ်ခြင်းကြောင့် စာအုပ် ထွက်ခြင်းကို မြှော်လင့်မနေဘဲ သတင်းစာ ကို ဝယ်ယူ စုဆောင်းထားတော်မူကြရန်အထူးတိုက် တွန်းပါ၏။

ယခုသော် ဝိလုပ်ငန်းတော်အတွက် စပေအံ့၊ ဝိပဿနာ ပွားများရာတွင် ရှေးဦးစွာ သုတမယ ဉာဏ်အားဖြင့် ရုပ်တရား နာမ်တရားတို့၏သာမည လက္ခဏာနှင့် ဝိသေသ လက္ခဏာတို့ကို ပိုင်နိုင်စွာ သိရှိထားရ၏။ဤတွင် သာမည လက္ခဏာဆိုသည် မှာ လက်သန်း အင်္ဂုကထာ ကမ္မဋ္ဌာန်းပိုင်း၌-

အနိစ္စလက္ခဏံ ဒုက္ခလက္ခဏံ

အနတ္တလက္ခဏဉ္စ တိ တီဏိ လက္ခဏာနိ။

ဟူ၍ လာရှိ၏။ ဤသို့လျှင် အနိစ္စ၊ဒုက္ခ၊အနတ္တ ဟု လက္ခဏာရေးသုံးပါးတင်ကာ ပွားများရခြင်း

ကို ဝိလုပ်သူတိုင်း အသိဖြစ်၏။ သို့ရာတွင် တဆင့်
တက်ရန်စားရှိပေသေး၏။ ၎င်းအဆင့်က ယင်း
ကမ္မဋ္ဌာန်းပိုင်း၌ပင်-

အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန

(ခန္ဓာငါးပါးသည်)ခယဋ္ဌေန၊ ကုန်ခန်းတတ်သောသဘောကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။

ဘယဋ္ဌေန၊ ကြောက်မက်ဖွယ် ဘေးကြောင့်၊ ဒုက္ခံ၊ ဒုက္ခမည်၏။

အသာရကဋ္ဌေန၊ အထည် ကိုယ် အနှစ်သာရ မရှိခြင်းကြောင့်၊ အနတ္တာ၊အနတ္တမည်၏။

ဤသို့လျှင် တဆင့်တက်ကာ ဆင်ခြင်ရ၏။ ဤသဘောအတိုင်းပင် ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခဏ်း ဆဋ္ဌမူ ပါဠိ စာမျက်နှာ ၂၄၂ ၌-

ရူပံ အတီတာ နာဂတပစ္စုပ္ပန္နံ
အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေနာတိ။

ဟူ၍ လာရှိ၏။ ဆရာတော် ဦးနန္ဒ မာလာ မြန်မာပြန် တတိယတွဲစာမျက်နှာ ၂၉၀ အောက်ဆုံး စာနှစ်ကြောင်း၌လည်း တွေ့ရှိနိုင်၏။

၎င်း အဋ္ဌ ကထာ နှစ်ရပ်စလုံး ဖွင့်ဆိုတော်မူသော ပါဠိတော်အကိုးအကား မူရင်းမှာပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ် ဉာဏကထာ သမ္မသနဉာဏနိဒ္ဒေသ ဆဋ္ဌမူ စာမျက်နှာ ၅၁၌၎င်း၊ဆဋ္ဌမူ မြန်မာပြန် စာမျက်နှာ ၆၉၌ ဟောတော်မူသည်တို့မှ ဖြစ်လေသည်။

ထိုမှတပါး ကောင်းသည်၊ သာ၍ ကောင်းသည်၊ အကောင်းဆုံးဟူ၍ ရှိသည်နှင့်အညီတဆင့်တက်ရန် ရှိပြန်သေးသည်မှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မဟာဝဂ် ဉာဏကထာ သမ္မသနဉာဏ်ခဏ်း ဆဋ္ဌမူ စာမျက်နှာ ၅၂ ၌-

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ
သင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယ
ဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မန္တိ။

(၎င်းမြန်မာပြန် ၆၉ မှ) အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော ရုပ်ကိုအနိစ္စမည်၏ဟု၎င်း၊ပြုပြင်အပ်၏ဟု၎င်း၊ အကြောင်းကိုစွဲ၍ ဖြစ်၏ဟု၎င်း၊ ကုန်ခြင်းသဘော ပျက်ခြင်းသဘော ကင်းခြင်းသဘော ချုပ်ငြိမ်းခြင်းသဘောရှိ၏။

ဤအတိုင်းပင် ကျန် နာမ်ခန္ဓာ လေးပါးကိုလည်း ဆက်ကာ ပွားများ အားထုတ်ရ၏။ ဤနည်းဖြင့် ခန္ဓာငါးပါးကို ထပ်ဆင့်ကာ ပွားများဖန် များလတ်သော် ဉာဏ်စဉ် ဆယ်ပါးအနက် နိဗ္ဗိဒါဉာဏ် အဆင့်အတန်းသို့ ရောက်ရှိလာပေတော့၏။

အထက်ပါ ပါဠိတော်ကို ဝိသုဒ္ဓိမဂ် အသျှင် နန္ဒမာလာ မြန်မာပြန် တတိယတွဲ စာမျက်နှာ ၂၉၁ ၌လည်း တွေ့ရှိနိုင်၏။

ဤတွင် သိရှိရန် ပဌမအချက်မှာ အနိစ္စ ဒုက္ခ အနတ္တ ဤလက္ခဏာရေး သုံးပါးသာမက အနိစ္စံ ခယဋ္ဌေန၊ဒုက္ခံဘယဋ္ဌေန၊အနတ္တာအသာရကဋ္ဌေန အထိ ဝိပဿနာ ဘာဝနာ၏ အာရုံဘူမိဖြစ်သော ဓမ္မသဘာဝ ခန္ဓာငါးပါးကို သဘာဝဓမ္မမျှသာ ဖြစ်သော စိတ် စေတသိက် ပညာ မျက်စိဖြင့်ခန္ဓာငါးပါးမမြဲပုံ၊ဘေးတွေ့သွားရပုံ၊အနှစ်သာရ ဘာတခုမျှ မရှိပုံတို့ကို တဆင့်တက်ကာ ဆင်ခြင်ပွားများအားထုတ်ရန်ဖြစ်၏။

ထိုမှတဆင့် တက်ရဦးမည်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောခန္ဓာငါးပါး၌အနိစ္စံသင်္ခတံ ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မန္တိ နည်းဖြင့်လည်း ပွားများရပေမည်။ ဤနောက်ဆုံးနည်းမှာ အနတ္တသဘာဝ သဘောတရားကို ပညာမျက်စိဖြင့် တိကျပြတ်သားစွာ ထိုးဖောက်သိမြင်နိုင်သော နည်းဖြစ်၏။

ထို့ကြောင့် တဆင့်ထက်တဆင့် တက်ကာ ဤသုံးပါးသော နည်းတို့ဖြင့် ပွားများအားထုတ်ရပေမည်။ ဤကား ပဌမ သိစေလိုသော အချက်ဖြစ်၏။

ဒုတိယသိစေလိုသောအချက်မှာ အချို့အရပ်ဒေသများ၌ ဝိပဿနာရှုရာ၌ အတိတ်နှင့် အနာ

ဂတ်ကိုမရှုရ။ ပစ္စုပ္ပန် တည့်တည့်ကိုသာ ရှုရမည် ဟူသော ဟောပြောခြင်းကိုကြားသိရ၏။

ဤတွင် ပစ္စုပ္ပန်ကို ရှုခြင်း၌ အပြစ်ဆိုဘွယ် မရှိ၊ သို့ရာတွင် အတိတ်နှင့် အနာဂတ်ကို မရှုရဟု ဟောပြောခြင်းကား ဆန်းစစ်အပ်၏။

အထက်၌ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာများအရ အတိတ်နှင့် အနာဂတ်ကို ပွားများအားထုတ်အပ်သည်ကို ထင်ရှားစွာ သိရှိနိုင်လေသည်။

ထိုမှတပါး ပါဠိတော်အရပ်ရပ်တွင် အတိတ်နှင့် အနာဂတ်ကိုပါ ဆင်ခြင် ပွားများအပ်ကြောင်း လာရှိသည်တို့မှ လွယ်ကူစွာ သိရှိနိုင်သော ပါဠိတော်တရပ်ကို ထပ်ဆင့် ဖော်ပြရသော် အနတ္တလက္ခဏသုတ်တော်၌—

> တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ
> အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ
> ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ
> သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ
> ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ
> နေတံ မမ နေသောဟ မသ္မိ နမေ
> သော အတ္တာတိ ဧဝမေတံ ယထာ
> ဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ဤအနတ္တ လက္ခဏ သုတ်တော်အရလည်း အတိတ်နှင့် အနာဂတ်ကိုပါ ဆင်ခြင်ပွားများရမည်ဟု ဟောတော်မူခြင်းမှာ ထင်ရှားလှပေတော့၏။

ထိုမျှသာ မကသေး၊ အဇ္ဈတ္တ ဗဟိဒ္ဓ စသည်တို့ကိုပါ ဆင်ခြင်ပွားများအားထုတ်ရမည်ဟု ဟောတော်မူခြင်းမှာ ထင်ရှားလှပေတော့၏၊

ထို့ကြောင့် ဤဘွင် သိစေလိုသော ဒုတိယအချက်ကား အတိတ် နှင့် အနာဂတ်ကိုလည်း ဆင်ခြင်ပွားများရမည်။ အဇ္ဈတ္တ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ ကိုသာ မကသေး၊ ဗဟိဒ္ဓ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ကိုလည်း ဆင်ခြင်ပွားများရမည်ဆိုခြင်းကို သိစေလိုခြင်းဖြစ်၏။

ဤသို့လျှင် ခန္ဓာ ငါးပါးကိုရှုမှန်းလာအောင် အနိစ္စ ဒုက္ခ အနတ္တဟူ၍၎င်း၊ ခယဋ္ဌေန ဘယဋ္ဌေန အသာရကဋ္ဌေန ဟူ၍၎င်း၊ အနိစ္စံ သင်္ခတံ ပဋိစ္စ သမုပ္ပန္နံ စသည်တို့ဖြင့်၎င်း ဆင်ခြင်ပွားများနေပါလျှင် လက္ခဏာရေးသုံးပါးအတွက် ပြည့်စုံပြီဖြစ်သော်လည်း၊ဗဟုသုတပြည့်စုံစေရန် ထပ်မံဖော်ပြရပြန်သော် ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ စာမျက်နှာ ၃၀၄၌၎င်း၊ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပညာဝဂ် ဝိပဿနာကထာ ဆဋ္ဌမူ စာမျက်နှာ ၄၁၁ ၌၎င်း-

> ပဉ္စက္ခန္ဓေ အနိစ္စတော ဒုက္ခတော
> ရောဂတော ဂဏ္ဍတော သလ္လတော
> အဃတော။

စသည်ဖြင့် တောလေးဆယ် ဆင်ခြင်ပွားများနည်းလည်းလာရှိပေသေး၏၊

ဤသည်တို့ကား မဟာသတိပဋ္ဌာနသုတ်တော်၌ အာနာပါန အစရှိသော ကာယာနုပဿနာ တဆယ့်လေးခဏ်းတို့အတွက် သမာဓိကောင်းရန် လေ့ကျင့်အပ်သော သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့တက်ရာဖြစ်သော အစအဦးပေတည်း။

၁၉၆၆ ခု မတ်လက အစပြု၍ စနေနေ့တိုင်း ဟံသာဝတီ သတင်းစာတွင် ဝိပဿနာ ဆောင်းပါးကို ရေးသားခဲ့ရာ၅၆ကြိမ်ဖြစ်၏။ ယခုသော် ပထမဆောင်းပါး ၂၀မျှကို ရိုက်နှိပ်ထုတ်ဝေလိုက်ရသဖြင့်ကျန်ရှိနေသော ဝိပဿနာ ဆောင်းပါးများကို အကြောင်း ညီညွတ်သော အခါ ဆက်လက် ရိုက်နှိပ် ထုတ်ဝေပါဦးအံ့။

ပဂျိုင်
မေလ ၁၉၆၇။

# ဂုဏ်တော်တို့၏ သတ္တိထူးများ

အသက်ရှည်စေ၏၊ အဆင်းလှစေ၏၊
အခြံအရံများစေ၏၊ ချမ်းသာစေ၏၊
ကျန်းမာစေ၏၊ ဉာဏ်ထက်မြက်စေ၏၊
(အင်္ဂုတ္တိုရ် ပါဠိတော် ပဉ္စမအုပ်၊ စာမျက်နှာ ၃၄၃၊ မြန်မာပြန် ၃၂၉၊)

(၁) ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

မြန်မာပြန် ရဟန်းတို့–မြတ်စွာဘုရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည်မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသောသူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

(၂) ယေ ဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

မြန်မာပြန် ရဟန်းတို့–အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သော သူတို့အား မြတ်သော အကျိုးသည် ဖြစ်ကုန်၏။

(၃) ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

မြန်မာပြန် ရဟန်းတို့–နိဗ္ဗာန်တရား၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသော သူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

(၄) ယေ ဘိက္ခဝေ သံဃေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

မြန်မာပြန် ရဟန်းတို့–မြတ်စွာဘုရား၏ တပည့်သံဃာ၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သော သူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။

အမှာစကား ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါကုန်၊ ကျမ်းရင်း၌ တေသံ အဂ္ဂမက္ခာယတိ အမြတ်ဆုံးဟု ၄–ပါးစလုံး၌ ပါရှိ၏။

# ဓမ္မနှင့် အဓမ္မ

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ "ဓမ္မော" တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ (ကျမ်းရင်းကို ဖတ်ရှုရန်။)

## မြန်မာပြန်

ရဟန်းတို့–အကြင်ရဟန်းတို့သည် အဓမ္မကို "ဓမ္မ" ဟု ပြကုန်၏၊ ရဟန်းတို့–ထိုရဟန်းတို့သည် လူအများ၏ အစီးအပွားမဲ့ခြင်းငှာ၊ လူအများ၏ ချမ်းသာမဲ့ခြင်းငှာ၊ လူအများ၏ အကျိုးမဲ့ခြင်းငှာ၊နတ်လူတို့၏ အစီးအပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ကျင့်သည် မည်ကုန်၏။ (ကျမ်းရင်းကို ဆက်ဖတ်ရှုပါရန်။)

(အင်္ဂုတ္တိုရ် ပါဠိတော် ပဌမအုပ်၊ စာမျက်နှာ-၁၈၊ အပိုဒ်-၁၃၀၊ မြန်မာပြန် စာမျက်နှာ-၂၅၊ အပိုဒ် ၁၃၁-ကိုပါ ဆက်ဖတ်ဘော်မူကြပါရန်။)

အပိုဒ် ၁၃၀-နှင့် ၁၃၁-ကို ဆက်ဖတ်ရှုပါက အမှားတရားကို အမှန်ဟူ၍ငှင်း–

အမှန်တရားကို အမှားဟူ၍ငှင်း၊ သင်ပြဟောပြောမိပါက သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်စေသည် ဖြစ်ခြင်းကြောင့် ကြီးမားသော အကုသိုလ်ကံကြီးကို ပြုလုပ်သည်မည်ခြင်းကြောင့် တရားပြတော်မူကြရာ၌ အမှန်ကိုအမှား၊ အမှားကိုအမှန် မဖြစ်စေရန် အထူး သတိပြုတော်မူကြပါကုန်။

# ဝိပဿနာ ပွားများနည်း
# သင်တန်း ကျမ်းစာ

ပဌမနှိပ်ခြင်း ၂၄-၄-၆၃

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အမှာစကား

ဤစာအုပ်ငယ်သည် ကျမ်းစာအုပ်တစောင်တဖွဲ့ဟူ၍ စီစဉ်ရေးသားထားခြင်း မဟုတ်၊ ပါဠိတော် အချို့တို့ကို သင်တန်းပြရာ၌ ရေးကူးနေကြရပါက ဝန်လေးမည် အချိန်ကုန်မည်ဖြစ်ခြင်းကြောင့် ပါဠိတော် များကို အကျဉ်းချုံးကာ ရေးသားထားခြင်း ဖြစ်ရကား သင်ကြားပြသပေးရာတွင် သဘောပေါက်သာ သည်အထိ ရှင်းလင်းသင်ပြပေးရမည်ကို အထူးသတိပြုတော်မူကြစေလိုပါသည်။

ပဂျိုင်

စတုတ္ထနှိပ်ခြင်း ၂၅၀၀ — ဝါဆိုလပြည့် ၁၃၃၂ ခုနှစ်။

ယခုအခါ ဝိပဿနာ ဘာဝနာ ပွားများရေး လုပ်ငန်းမှာ ဗမာတပြည်လုံးတွင် အနှံ့အပြားတိုး တက်ပွားများအားထုတ်လာသည်ကို လူတိုင်းတွေ့ရှိနိုင်၏။

အကောင်းဆုံး-အတိုဆုံး

အသက်သာဆုံး-တရား။

ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ဗုဒ္ဓဘာသာတရားတွင် ဝိပဿနာ-ဘာဝနာပွားများခြင်းသည် ဒါနထက်လည်း မြတ်၏။ သီလထက်လည်းမြတ်၏။ သမထထက်လည်းမြတ်၏။ ဒုက္ခအပေါင်းမှ ကင်းလွတ် စေ၏။ အပါယ်လေးပါးတံခါးကို တိကျစွာပိတ်စေ၏။ ဗုဒ္ဓဘာသာတရားတော်တွင် အထွဋ်အထိပ် ဖြစ် သော မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရှိရေးတွင် အကောင်းဆုံး အတိုဆုံး အသက်သာဆုံးသောနည်းလမ်းဖြစ်ခြင်းကို သျှင်တော်ဘုရားသည် ထိုထိုသော ပါဠိတော်အရပ်ရပ်တို့တွင် အကြိမ်ကြိမ်အထပ်ထပ် ညွှန်ကြားပြသတော်မူ ခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ထိုကြောင့် ဝိပဿနာ ဘာဝနာပွားများရေးကျင့်စဉ်ကို ဗမာလူမျိုးတို့သာလျှင် လေ့ကျင့်ပွားများ နေသည်မဟုတ်သေး။ နိုင်ငံခြားသားများပင် ဗမာပြည်သို့ လာရောက်လေ့ကျင့်ပွားများအားထုတ်သည်ကို တွေ့ရှိရလေသည်။

ထိုတွင် အချို့တို့လည်း နည်းမှန်လမ်းမှန်ကို ရရှိသွားကြ၍ အချို့တို့မှာ နည်းမှန်လမ်းမှန်ကို မရရှိဘဲ နည်းမှားကိုပင် အမှန်ထင်ကာ ပြန်သွားကြရရှာသည်ကိုတွေ့မြင်နိုင်၏။

(ဆဋ္ဌမအကြိမ်)

## ဆရာကောင်း ရရှိရန်
## အလွန် အကျိုး အထူး အရေးကြီး၏။

ထိုကြောင့် ဝိပဿနာဘာဝနာပွားများရေးလုပ်ငန်းအတွက် နည်းမှန်, လမ်းမှန်ကို ရရှိစေရန် ဆရာကောင်းကိုအထူးလိုအပ်ကြောင်းကိုသျှင်တော်ဘုရားသည်အကြိမ်ကြိမ်လေးနက်စွာဟောတော်မူခဲ့လေသည်၊ ထိုအတွက်။ ။ပါဠိတော်တရပ်ကို ထုတ်ဆောင်ရသော် မဟာဝဂ္ဂသံယုတ် ပါဠိတော် သောတာပတ္တိသံယုတ် သဂါထက ပုညာဘိ သန္ဒဝဂ် အင်္ဂသုတ် စာမျက်နှာ ၃၅၄ ၌-

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။
ကတမာနိ စတ္တာရိ၊ သပ္ပုရိသ သံသေဝေါ
သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော
ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ။ ဣမာနိ ခေါ ဘိက္ခဝေ
စတ္တာရိ သောတာပတ္တိယင်္ဂါနီတိ။

အိုရဟန်းတို့ သောတာပတ္တိမဂ်၏ အရှေ့အဘို့၌ဖြစ်သော အင်္ဂါတို့သည် ဤလေးပါးတို့ပေတည်း။ အဘယ်လေးပါးတို့နည်းဟူမူကား သူတော်ကောင်းကို မှီဝဲပေါင်းဖော်ခြင်းငှင်း၊ သူတော်ကောင်းတရားကို နာကြားခြင်းငှင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းငှင်း၊ လောကမှ ထွက်မြောက်ကြောင်း တရားအားလျော်သော အကျင့်ကိုကျင့်ခြင်းငှင်း၊ အိုရဟန်းတို့ သောတာပတ္တိမဂ်၏ ရှေ့အဘို့၌ ဖြစ်သော အင်္ဂါတို့သည် ဤလေးပါးတို့ပေတည်းဟု ဟောတော်မူ၏။

ဤပါဠိတော်အရ သောတာပန် ဖြစ်ရန်အရေးမှာ ဝိပဿနာ ဘာဝနာကို မပွားများမီ ရှေ့အဘိုက ဝိပဿနာ ဘာဝနာ ပွားများနည်းကို ပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်ညီစေလျက် အထက်တန်းသို့ ရောက်ရှိအောင် သင်ပြပေးနိုင်သော ဆရာကောင်းကိုရရှိရန် ရှေးဦးစွာ အထူးအရေးကြီးကြောင်းကို ကောင်းစွာ သိအပ်လေသည်။

ထိုဆရာကောင်းကို ရွေးချယ်နိုင်ရန် မိမိကလည်း ဝိပဿနာ ဘာဝနာ လုပ်ငန်းကို အသင့်အတင့် နားလည်ထားရပေမည်၊ ယင်းသို့နားလည်နိုင်ရန် ဝိပဿနာဘာဝနာနှင့်သက်ဆိုင်သော စာပေတို့ကိုဖတ်ရှုမှတ်သားခြင်း၊ ဝိပဿနာ ဘာဝနာနှင့်သက်ဆိုင်သော တရားတော်တို့ကို နာကြားခြင်း၊ စုံစမ်းမေးမြန်းခြင်းများကို အထူးပြုလုပ်ရလေသည်။

## ဝိပဿနာ ဘာဝနာ ပွားရာ၌
## လူမရှိ နတ်မရှိ ဗြဟ္မာမရှိ။

ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းသည် အထူးသန့်ရှင်းစင်ကြယ်သော စိတ်နှင့် စေတသိက်တို့၏ လုပ်ငန်းဖြစ်၏။

လောကဓာတ်ကြီး တရပ်လုံးတွင် ဝိပဿနာ ဘာဝနာပွားများသောအခါ၌ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါမရှိ။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဤပရမတ္ထ သဘာဝဓမ္မတရား လေးပါးသာလျှင် ရှိလေသည်။ ။ထိုကြောင့် ဓမ္မသင်္ဂဏီပါဠိတော် ထိပ်ဆုံး၌—

ကုသလာ ဓမ္မာ၊
အကုသလာ ဓမ္မာ၊
အဗျာကတာ ဓမ္မာ၊

ဟူ၍ဟောတော်မူ၏။ ဤတွင်"ကုသလာ ဓမ္မာ"ဆိုရာဝယ်စိတ်တလုံးနှင့် စေတသိက် ၃၈လုံးတို့သာ ဖြစ်၏။ "အကုသလာ ဓမ္မာ" မှာကား စိတ်တလုံးနှင့်စေတသိက် ၂၇ လုံးတို့ဖြစ်၍"အဗျာကတာ ဓမ္မာ" အရကား ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ ရုပ် ၂၈၊ နိဗ္ဗာန် ဖြစ်လေသည်၊ လူ နတ် ဗြဟ္မာ သတ္တဝါ ဟူ၍မရှိ၊ အနတ္တ ဓမ္မ သဘာဝမျှသာရှိခြင်းကို သတိပြုကြပါလေ။

ဝိပဿနာ ဘာဝနာ ပွားများသည်ဆိုရာ၌လည်း လူကပွားများအားထုတ်နေသည်ဟူ၍ မဖြစ်စေရ။ "သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ" ဟူ၍ ဝိသုဒ္ဓိမဂ်် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း သင်္ခါရ တရားတို့က သင်္ခါရတရားတို့ကို ဆင်ခြင်ပွားများ သုံးသပ်နေသည် (ဝါ) စိတ်နှင့် ဆိုင်ရာ စေတသိက် ၃၃ လုံးတို့က ဆင်ခြင် ပွားများ သုံးသပ်နေသည်ဟူ၍သာ ဖြစ်ရလေသည်၊ ဤသို့ သဘာဝဓမ္မကို သိရှိထားရန် အထူး အရေးကြီးလေသည်။

အသျှင်အနုရုဒ္ဓါ ဆရာတော်သည် အဘိဓမ္မာ ၇ ကျမ်းကို မှုတည်လျက် လက်သန်း အဋ္ဌကထာ ကျမ်းကို စ၍ သင်ကြားပြသရာဝယ် ရှေးဦးစွာ—

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ထိုဆိုလတံ့သော သင်္ဂြိုဟ်ကျမ်း၌ ဗုဒ္ဓမြတ်စွာသည် ဟောတော်မူအပ်ကုန်သော အဘိဓမ္မာ ၇ ကျမ်း တို့၏ အနက်တို့သည် ပရမတ္ထအားဖြင့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟူ၍ လေးပါးကုန်သော အခြင်းအရာ တို့ဖြင့်တည်ကုန်၏ဟူ၍ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပရမတ္ထတရားလေးပါးကိုမှုတည်လျက် ဖွင့်ဆိုတော်မူ၏။

ဤတွင်လည်း မွေသင်္ဂြိုဟ်ပါဠိတော်အတိုင်းပင် လောကဓာတ်ကြီးတရင်လုံးတွင် ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါမရှိ။ သဘာဝဓမ္မဖြစ်ကုန်သော စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဤပရမတ္ထတရား လေးပါးသာ ရှိခြင်းကို ကျမ်း၏ ရှေးဦးစွာ မှုတည်ဖွင့်ဆိုတော် မူခြင်းကို ဧထူးသတိပြုရပေမည်။

## ဝိပဿနာသင်ပုန်းကြီး

မဂ် ဖိုလ်-နိဗ္ဗာန်သို့ ရောက်ရှိရေးတွင် သီလ သမာဓိ ပညာ ဟူ၍ရှိရာ မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ် ရထဝိနီတသုတ်၌ လာရှိသောအစီအစဉ်မှာ–

သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊
ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊
ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ။

ဟူ၍ ဝိသုဒ္ဓိ ၇ပါးကို ညွှန်ပြတော်မူ၏၊ ဤ ၇ပါးတို့တွင် ယခုသင်ပြနေသည်မှာ ဝိပဿနာဘာဝနာ ပွားများရေးအတွက်ဖြစ်၍ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိနှစ်ပါးကို ချန်လှပ်ထားခဲ့ပေအံ့။

ဝိပဿနာ ဘာဝနာ လုပ်ငန်းတွင် ရှေးဦးစွာ ဒိဋ္ဌိ ဝိသုဒ္ဓိကို ပိုင်နိုင်စွာ သိရှိထားရ၏။ "ဒိဋ္ဌိဝိသုဒ္ဓိ" ဆိုသည်မှာ အယူ၏အထူးသန့်ရှင်းစင်ကြယ်ခြင်းဖြစ်၏။

ဆိုလိုရင်းကား ရုပ် ၂၈ ပါး၊ စိတ်၊ စေတသိက် ၅၂ ပါးတို့၏ တပါးတပါးစီ ရအပ်သောဝိသေသ လက္ခဏာကို သိကြားနားလည်ထားရခြင်းဖြစ်၏။ ထို ၈၀ ပါးတို့ကို သိကြားနားလည်ထားရန်မှာခက်သည် မဟုတ်ချေ။ခေတ်မှီသင်ပြနည်းကို သိရှိနားလည်ထားသော ဆရာကောင်းထံတွင် သင်ယူ လိုက်ရပါက ၂-ရက် ၃ရက်ဖြင့် သဘောစပေါက်နိုင်လေသည်။

ထိုနောက်မှ "ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ" သို့ တက်ရလေသည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဆိုသည်မှာ ကင်္ခါ=ယုံမှားခြင်း။ ဝိတရဏ=လွန်မြောက်ခြင်း။ ဝိသုဒ္ဓိ=အထူးသန့်ရှင်းစင်ကြယ်ခြင်း။ အားလုံးပေါင်း သော် ယုံမှားသံသယရှိခြင်းမှ လွန်မြောက်ကာ အထူးစင်ကြယ်သော အသိဉာဏ်ဖြစ်ခြင်းကို ဆိုလိုသည်။

ဤတွင် ရှင်းလင်းစွာ သိသာနိုင်ရန် အနည်းငယ် ဖော်ပြရသော် "ဒိဋ္ဌိဝိသုဒ္ဓိ"၌ ဖော်ပြခဲ့သော ရုပ် ၂၈ ပါး၊ စိတ်၊ စေတသိက်၅၂ပါး၊ (၈၁) ခန္ဓာငါးပါးဖြစ်ပေါ်နိုင်ရခြင်းမှာ ထာဝရ ဘုရား ဖန် ဆင်း၍မဟုတ်။ ပြဟ္မာကြီး ဖန်ဆင်း၍မဟုတ်။ အကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည် မဟုတ်။ အသက် လိပ်ပြာ သတ္တဝါ မရှိ အတ္တမပါ လောကဓာတ်ကြီးတရပ်လုံးတွင် အတ္တမရှိ၊ ၃၁ ဘုံတွင်အကြောင်းကြောင့် ဖြစ်ပေါ် နေရသောအကျိုးတရားမျှသာဖြစ်သော "အနတ္တ"သဘာဝဓမ္မကို ကောင်းစွာသဘောပေါက်နိုင် စေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ရှင်းလင်းဖော်ပြပေးရသော အခဏ်းဖြစ်လေသည်။ (ဤဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ အနက်အဓိပ္ပါယ်အကျယ်ကိုအလိုရှိပါမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဘာသာပြန် တတိယတွဲ တွင် ဆက်လက် ဖတ်ရှုကြပါလေ)။

ဤဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှစ်ပါးကို တနည်းအားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်ဟူ၍လည်း ခေါ်ဆိုရ၏။

ထိုဉာဏ်နှစ်ပါးကို ပိုင်နိုင်စွာ လေ့ကျင့်နေသော ပုဂ္ဂိုလ်သည် သာမန် ပုဂ္ဂိုလ် မဟုတ်တော့ပြီ။ သေလျှင် အပါယ်လေးပါး တံခါးပိတ်သော စူဠသောတာပန် ဖြစ်လျက်တည်ရှိနေ၏။

ထိုဉာဏ်နှစ်ပါးကို ကြေညက်စွာ သင်ယူပြီးပါက သုတမယဉာဏ်အားဖြင့် ထိုသူသည်အတ္တနှင့်အနတ္တ ခွဲခြားကာ သိတတ်သော ပုဂ္ဂိုလ်အဆင့်အတန်းသို့ ရောက်ရှိသွားလေပြီ။ ထိုအဆင့်အတန်းသို့ ရောက်ရှိ သွားသောပုဂ္ဂိုလ်သည် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် စသည်တို့ကိုအဆင့်ဆင့်တက်၍ပွားများသည်ရှိသော် ဝိပဿနာ ဘာဝနာပွားများရေး လုပ်ငန်းအတွက် အလွန်အကျူးအထူးလွယ်ကူလေသည်။

ထိုမျှမက သူတပါးကိုလည်း ဝိပဿနာ ဘာဝနာ ပွားများရေးလုပ်ငန်းကို လွယ်ကူစွာ သင်ကြား ပြသ ပေးနိုင်လေသည်။

ဤဘွင် အရေးကြီးခြင်းကြောင့် တနည်းသောဥပမာကိုဆောင်ရသော်အကြင်သူသည်သင်ပုန်းကြီး မကုန်သေး။ ထိုသူသည် စာနယ်ဇင်းကို ဖတ်ခြင်းငှာ မတတ်နိုင်။ စာနယ်ဇင်းကို ဖတ်ခြင်းငှာ မတတ်နိုင် သူသည် ဆယ်တန်းစာမေးပွဲကို ဝင်ခွင့်ပေးသဖြင့် ဝင်ရောက်ဖြေဆိုသော်လည်း အောင်ဘွယ်ရာအကြောင်း မရှိဘိသကဲ့သို့ပင်တည်း။

ထိုကြောင့်ဝိပဿနာ ဘာဝနာကို အချိုးကျကျ ပွားများအားထုတ်လိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ကြေညက်စွာ သင်ယူပြီးမှ သမ္မသနဉာဏ် ဥဒယဗ္ဗယ ဉာဏ်စသည်တို့ကို တိုးတက်ပွားများတော်မူကြရန် အထူးတိုက်တွန်းပါ၏။

ရှေ့အခါတွင် ဤသို့ ရေးသားခြင်း ပြုတော့ဘဲ လိုအပ်သော ပါဠိတော် စသည်တို့နှင့်ဘာသာပြန်တို့ ကိုသာ ဤစာအုပ်ငယ်တွင်ဖော်ပြလျက် သင်ပြရာ၌သာ လိုအပ်သည်တို့ကို ကျောက်သင်ပုန်းကြီးတွင်အသေး စိတ် ရှင်းလင်းပြောဆိုရေးသား သင်ပြသွားမည်ဖြစ်၏။

ဝိပဿနာ ပွားများနည်းကို ယုံကြည်စိတ်ချနိုင်စေရန် ပါဠိတော်များကို သင်တန်းတက်သူများကိုယ်တိုင် ဖတ်စေ၍ ပွားများနည်းကို ထိုပါဠိတော်များအတိုင်း သင်ပြပေး၏။ ထို့ပြင် ကမ္ဘာရှိ ဘာသာကြီး ၄ ဘာသာတို့ ဖြစ်ပေါ်လာပုံနှင့်တကွ ဖြစ်ပေါ်လာသော ခု၊ နှစ်များကိုပါ ရှင်းလင်းပြသပေးလျက် ရှိ၏။

စိတ္တုပ္ပါဒမ္ဟိ ခေါ အဟံ စုန္ဒ

ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ။

ကော ပန ဝါဒေါ ကာယေန ဝါစာယ အနုဝိဓိယနာသု။

(မူလပဏ္ဏာသ ပါဠိတော် သလ္လေခသုတ် စာမျက်နှာ ၅၂၊ အပိုဒ် ၈၄)။

ဆဋ္ဌမူဘာသာပြန် စာမျက်နှာ ၅၇၊ စုန္ဒ၊ ငါဘုရားသည် ကုသိုလ်တရား၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏ဟုဟော၏။ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံ စေခိုင်းခြင်းစသည်တို့၌ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း (ဟူ၍ ဟောတော်မူလေသည်)။

နာဟံဘိက္ခဝေ အညံ ဧကဓမ္မမ္ပိသမနုပဿာမိ၊ ယံဧဝံလဟု

ပရိဝတ္တံ ယထယိဒံစိတ္တံ၊ ယာဝဉ္စိဒံဘိက္ခဝေဥပမာပိနသုကရာ

ယာဝလဟု ပရိဝတ္တံ စိတ္တန္တိ။ ။

ရဟန်းတို့၊ ဤစိတ်သည် လျှင်မြန်စွာပြောင်းလဲသကဲ့သို့၊ ဤအတူ လျှင်မြန်စွာပြောင်းလဲသော အခြားတခုသောတရားကိုမျှလည်း ငါမမြင်၊ ရဟန်းတို့၊ စိတ်သည် အလွန်လျှင်မြန်စွာ ပြောင်းလဲ၏၊ ဥပမာပြုရန် မလွယ်ဟု (မိန့်တော်မူ၏)။

(အင်္ဂုတ္တိုရ် ပါဠိတော် ဧကကနိပါတ် ပဏိဟိတအစ္ဆဝဂ်-စာ-၉၊ ဆ-မြန်စာ ၁၁)

ယော စ ဝဿ သတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဤပါဠိတော်ကို ဗုဒ္ဓမြတ်စွာသည် ပဋာစာရီ အမျိုးသမီးကြီးအား ဓမ္မပဒပါဠိတော် သဟဿဝဂ်၌ ဟောတော်မူ၏။ အဓိပ္ပါယ်သော်ကား အကြင်သူသည် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဝိပဿနာ ပညာဖြင့် မရှုဘဲ အသက်တရာပတ်လုံး နေရငြားသော်လည်း မမြတ်။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဝိပဿနာပညာဖြင့်ရှုကာ တရက်မျှ အသက်ရှင်နေရခြင်းသည် မြတ်၏။

သိက္ခတီတိ ခေါ ဘိက္ခု

တသ္မာ "သေခေါ" တိ ဝုစ္စတိ။

စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်သမဏဝဂ်"သေက္ခ"သုတ်၌ ဟောတော်မူ၏။ အဓိပ္ပါယ်သော်ကား ဒိုရဟန်းလေ့ကျင့်တတ်၏၊ ထိုသို့လေ့ကျင့်တတ်သောကြောင့်"သေက္ခ"ဟုဆိုအပ်၏။ အဘယ်တရားကို လေ့ကျင့်တတ်သနည်းဟူမူ အဓိသီလသိက္ခာကို လေ့ကျင့်တတ်၏။ အဓိစိတ္တသိက္ခာကိုလေ့ကျင့်တတ်၏၊ အဓိပညာသိက္ခာကို လေ့ကျင့်တတ်၏။ ဒို ရဟန်း လေ့ကျင့်တတ်၏။ ထိုသို့ လေ့ကျင့်တတ်သောကြောင့် "သေက္ခ" ဟူဆိုအပ်၏၊

နဝ ယိမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော

သံဝိဇ္ဇမာနာ လောကသ္မိံ..... ...........။

စသည်ဖြင့် ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိုရ်ပါဠိတော် နဝနိပါတ်သမ္ဗောဓိဝဂ် ပုဂ္ဂလသုတ်၌ ဟောတော်မူ၏။

ဒိုရဟန်းတို လောက၌ ပုဂ္ဂိုလ် ၉-မျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်၉-မျိုးနည်းဟူမူ ရဟန္တာနှင့် ရဟန္တာဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ အနာဂါမ်နှင့်အနာဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ သကဒါဂါမ်နှင့် သကဒါဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်။ သောတာပန်နှင့်၊ သောတာပန်ဖြစ်ရန်ကျင့်ဆဲပုဂ္ဂိုလ်။ ဤရှစ်မျိုးတို့နှင့်

ပုထုဇဉ်ပုဂ္ဂိုလ်၊ ဤ ၉-မျိုးတို့ပေတည်း၊ သောတာပန်ဖြစ်ရန် ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်နေသောပုဂ္ဂိုလ်သည် ၄ မျှရှစ်မျိုးတွင် ပါဝင်၏။ ပုထုဇဉ်မှလွတ်၏၊

ဣမိနာ ပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓ ပတိဋ္ဌော နိယတ ဂတိကော
စူဠသောတာပန္နော နာမ ဟောတိ။

အဓိပ္ပာယ်သော်ကား ပြဆိုခဲ့ပြီးသော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်တို့နှင့် ပြည့်စုံသော ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးစားပွားများ အားထုတ်နေသောယောဂီသည် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သက်သာရာကိုရသည်၊ ဆောက်တည်ရာကိုရသည်။ မြဲသောသုဂတိ ရှိသည်ဖြစ်၍ "စူဠသောတာပန်" မည်သည်ဖြစ်၏ ဟူ၍ ဝိသုဒ္ဓိမဂ်၌ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခဏ်း အဆုံး၌လာရှိလေသည်၊ (ဤတွင်ကား နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ခဏ်းမျှသာရှိသေး၏။ သမ္မသနဉာဏ်နှင့် ဉဒယဗ္ဗယဉာဏ်ခဏ်းသို့ တက်သော် ရရှိမည့်အကျိုးကား အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း)။

ဒုက္ခံ ဒုက္ခသစ္စန္တိ ? အာမန္တာ။
ဒုက္ခသစ္စံ ဒုက္ခန္တိ ? ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ
ဌပေတွာ အဝသေသံ ဒုက္ခသစ္စံ န ဒုက္ခံ၊ ကာယိကံ
ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဉ္စေဝ ဒုက္ခသစ္စဉ္စ၊
(သစ္စယမိုက် ပါဠိတော် ဆဋ္ဌမူ၊ စာမျက်နှာ ၂၀၈)။

ဒုက္ခသည် ဒုက္ခသစ္စာမည်သလော၊ မည်ပေ၏။

ဒုက္ခသစ္စာသည် ဒုက္ခမည်သလော။ ကာယိကဒုက္ခ စေတသိက ဒုက္ခနှစ်ပါးကို ချန်ထား၍ ကြွင်းသော တရားအပေါင်းသည်ဒုက္ခသစ္စာမည်၏။ ဒုက္ခကားမမည်၊ ကာယိကဒုက္ခစေတသိကဒုက္ခနှစ်ပါးသည် ဒုက္ခသစ္စာလည်းမည်၏။ ဒုက္ခလည်း မည်ပေ၏။ (ဤ၌နားလည်နိုင်ရန်မလွယ်၊ ရှင်းလင်းပေးရန် ဆရာ၏တာဝန်ဖြစ်၏)။

ယော စ ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ
ဥပါသိကာ ဝါ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဝိဟရတိ
သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ
သက္ကရောတိ ဂရုံကရောတိ မာနေတိ
ပူဇေတိ အပစိယတိ ပရမာယပူဇာယ။
(သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၁၄၊ အပိုဒ် ၁၉၉)။

ဘာသာပြန်။ ။အို အာနန္ဒာ စင်စစ်သော်ကား အကြင်ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ ဥပါသကာဖြစ်စေ ဥပါသိကာမဖြစ်စေ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍နေ၏။ ရိုသေစွာလည်း ကျင့်၏။ တရားအားလျော်စွာလည်း ကျင့်၏။ ထိုပုဂ္ဂိုလ်သည်သာလျှင် လွန်မြတ်သော ပူဇော်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာကို အရိုအသေပြုသည်မည်၏။ လွန်ကဲသော ဆည်းကပ်ပူဇော်ပသသည် မည်၏ဟု ညွှန်ကြားတော်မူလေသည်၊

ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တာနော နတ္ထိ၊ ကုတော ပုတ္တော ကုတော ဓနံ၊

သားသမီးသည်ရှိ၏။ ဥစ္စာပစ္စည်းသည်ရှိ၏။ ဤလူမိုက်သည် စိုးရိမ်ပူပန်၏။ မိမိ၏ ကိုယ်ပင်လျှင် မရှိပါဘဲလျက် အဘယ်မှာလျှင် သားသမီးသည် ရှိနိုင်ပါအံ့နည်း။ အဘယ်မှာလျှင် ဥစ္စာပစ္စည်းသည် ရှိနိုင်ပါအံ့နည်းဟု ဓမ္မပဒပါဠိတော် ဗာလဝဂ်၌ ဟောတော်မူ၏။

စက္ခုဉ္စ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ
အဒုက္ခမသုခံ ဝါ၊ သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ
အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ။ တဿ ရာဂါနုသယော အနုသေတိ။

(ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ် စာမျက်နှာ ၃၃၂၊ အပိုဒ် ၄၂၅)။

အိုရဟန်းတို့ စက္ခုပသာဒကိုငဲ့, ရူပါရုံကိုငဲ့, စွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏။ထိုသုံးပါးတို့၏ပေါင်းဆုံမိခြင်းကြောင့်ဖဿသည်ဖြစ်၏။ဖဿဟူသောအကြောင်းကြောင့်ခံစားတတ်သောသုခဝေဒနာသည်ငဲ့, ဒုက္ခဝေဒနာသည်ငဲ့, ဥပေက္ခာ ဝေဒနာသည်ငဲ့ ဖြစ်၏။ထိုပုဂ္ဂိုလ်သည် သုခဖြစ်သော ဝေဒနာသည် တွေ့ထိအပ်သည်ရှိသော် အလွန်နှစ်သက်၏။ အလွန်ကောင်း၏ဟု ပြောဆို၏။ သက်ဝင်၍တည်၏။ ထိုပုဂ္ဂိုလ်အား ရာဂါနုသယသည် ကိန်း၏။

ထိုပါဠိတော်နှင့် ဘာသာပြန်ကို ဖတ်ရှုပါလေ။ ကောင်းလှသော အချက်များရှည်လျားစွာ လာရှိသေး၏။ ယခုသော် လိုအပ်သည်ကိုသာ အတိုချုပ် ဖော်ပြပေအံ့။

သုခဝေဒနာဖြစ်သော် ရာဂါနုယော အနုသေတိ။
(တဏှာရာဂ အနုသယ ကိန်းလေပြီ,။
ဒုက္ခဝေဒနာဖြစ်သော် ပဋိဃာနုသယော အနုသေတိ။
အဒုက္ခမသုခဝေဒနာ ဖြစ်သော် အဝိဇ္ဇာနုသယော အနုသေတိ။
(ငင်းသဘောကို မြန်မာလိုပြန်သော်)
ကြိုက်လျှင်......................လောဘ
မ ကြိုက် လျှင်...................ဒေါသ
အမှတ်တမဲ့ နေလျှင်...........မောဟ

ဤ၌ ယောဂီသူမြတ်တို့ အမြစ်ပါဖြုတ်သတ်ရမည့် အနုသယ၇-ပါးရှိ၏။ ၁-ရာဂါနုသယ၊ ၂-ပဋိဃာနုသယ၊ ၃-ဒိဋ္ဌာနုသယ၊ ၄-ဝိစိကိစ္ဆာနုသယ၊ ၅-မာနာနုသယ၊ ၆-ဘဝရာဂါနုသယ၊ ၇-အဝိဇ္ဇာနုသယ တို့ဖြစ်လေသည်။ဝိပဿနာ ဘာဝနာကိုမပွားများသောအချိန်တွင် ထိုအနုသယ၇-ပါးတို့အနက် တပါးပါးသည် အစဉ် ဝင်ရောက်တိုးပွားနေလေတော့၏။ အနုသယ တိုးတက်လေလေ မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေးလေလေ။

ဘူတေ ဘူတတော သဉ္ဇာနာတိ။ ဘူတေ ဘူတတော သညတွာ
ဘူတေ မညတိ၊ ဘူတေသု မညတိ၊ ဘူတတော မညတိ၊ ဘူတေ မေတိ
မညတိ၊ ဘူတေ အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာတံ
တဿာတိ ဝဒါမိ။ (မူလပဏ္ဏာသ ပါဠိတော် စာမျက်နှာ-၂၊အပိုဒ်-၃။)

**ဘာသာပြန်**။ သတ္တဝါကိုသတ္တဝါဟုသိမှတ်ထား၏။သတ္တဝါကိုသတ္တဝါဟုသိမှတ်ထား၍သတ္တဝါဟု ထင်မှတ် အောက်မေ့၏။ သတ္တဝါ၌ ထင်မှတ်အောက်မေ့၏။ သတ္တဝါအတိုင်း ထင်မှတ် အောက်မေ့၏။ သတ္တဝါကို ငါဟု ထင်မှတ်အောက်မေ့၏။ သတ္တဝါကို အလွန်နှစ်သက်၏။ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ-ထိုသူသည် သတ္တဝါကို ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု မိန့်ဆိုတော်မူ၏။

ပရိညာဉာဏ် ဆိုရာဝယ် သုံးပါးရှိ၏။

ဉာတပရိညာ .... နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်၏။
တီရဏပရိညာ .... သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ဖြစ်၏၊
ပဟာနပရိညာ .... ဥဒယဗ္ဗယဉာဏ်၏ အထက်ဖြစ်သော ဘင်္ဂဉာဏ်စသည်တို့
ဖြစ်၏၊ (၂၀၀ နှင့် ၅၄၀ တတိယတွဲ ဝိသုဒ္ဓိမဂ်)။

ထိုကြောင့်ဤပါဠိတော်၌ မိန်းမ-ယောကျ်ား-လူစသည်တို့ကိုမြင်လျှင် ဉာတပရိညာအားဖြင့်ခွဲခြမ်းစိတ်ဖြာပစ်ရ၏။ ထိုနောက် ရုပ်နာမ်တရား ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါး တင်ကာ ဝိပဿနာ ဘာဝနာ ပွားများခြင်းကို ပြုရမည်ဟူ၏။ (ယင်းပါဠိတော်၌ လာရှိပြန်သည်မှာ-)

ဒိဋ္ဌံ ဒိဋ္ဌတော သဥ္ဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ
ဒိဋ္ဌံ မညတိ၊ ဒိဋ္ဌသ္မိံ မညတိ၊ ဒိဋ္ဌတော မညတိ၊
ဒိဋ္ဌံ မေတိ မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ၊ တံ ကိဿ ဟေတု၊
အပရိညာတံ တဿာတိ ဝဒါမိ။

မြင်သောအရာကို မြင်သည့်အရာအားဖြင့် သိမှတ်ထား၏။ မြင်သောအရာကို မြင်ရသည့်အရာအားဖြင့် သိမှတ်ထား၍ မြင်သောအရာဟု ထင်မှတ်အောက်မေ့၏၊ မြင်သောအရာ၌ ထင်မှတ်အောက်မေ့၏။ မြင်သောအရာအတိုင်း ထင်မှတ်အောက်မေ့၏။ မြင်သောအရာကို ငါဟု (ငါ့ဟာဟု) ထင်မှတ်အောက်မေ့၏။ မြင်သောအရာကို အလွန်နှစ်သက်၏။ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူကား - ထိုသူသည် မြင်သောအရာကို ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု ငါဘုရားမိန့်ဆိုတော်မူ၏။

ထိုမှတပါး ယင်းပါဠိတော်၌-

"သုတံ သုတတော သဥ္ဇာနာတိ" အတွက်ဎင်း၊ "မုတံ မုတတော သဥ္ဇာနာတိ" အတွက်ဎင်း၊ "ဝိညာတံ ဝိညာတတော သဥ္ဇာနာတိ" အတွက်ဎင်းမိန့်ဆိုတော်မူ၏။

ဤပါဠိတော်ကို လေ့လာခြင်းအားဖြင့် သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော်သဠဝဂ်၌ လာရှိသော မာလုကျပုတ္တအား-

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

မြင်သည်ရှိသော် မြင်ကာမတ္တမျှသာ ဖြစ်ရာ၏။
ကြားသည်ရှိသော် ကြားကာမတ္တမျှသာ ဖြစ်ရာ၏။
တွေ့ထိသည်ရှိသော် တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။
သိသည်ရှိသော် သိကာမတ္တမျှသာ ဖြစ်ရာ၏။

ဟူ၍ ဟောတော်မူရာဝယ် မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ သိရှိသောအခါတို့၌ စိတ်သည် ရှေ့သို့ဆက်မသွားဘဲ မြင်သည် ကြားသည် တွေ့ထိသည်သိရှိရသည်တို့အပေါ်တွင်ဉာတပရိညာအားဖြင့်ခွဲခြမ်းစိတ်ဖြာပြီးလျှင် (သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်သို့တက်ခါ)ဝိပဿနာ ဘာဝနာ ပွားများပေးရမည်ဆိုသည်ကို ထင်ရှားစွာသိအပ်လေပြီ။

အထက်ပါဘာသာပြန်ကဲ့သို့ပင် ယင်းပါဠိတော်၌-

သုတံ သုတတော သဒ္ဒါနာတိ……ဟူ၍ရှင်း၊
မုတံ မုတတော သဒ္ဒါနာတိ……ဟူ၍ရှင်း၊
ဝိညာတံ ဝိညာတတော သဒ္ဒါနာတိ……ဟူ၍ရှင်း၊
ဟောတော်မူလေသေးသည်၊
ဗာဟိယ ဒါရုစီနှင့် မာလုကျပုတ္တ။

ဥဒါန်း ပါဠိတော် ဗောဓိဝဂ် အဆုံးသုတ် ဗာဟိယဒါရုစီရိယ ပရိဗိုဇ်အားရှင်း၊ သဠာယတန ဝဂ္ဂ သံယုတ် ပါဠိတော် သဠာယတနသံယုတ် သဠဝဂ် မာလုကျပုတ္တသုတ်၌ရှင်း-

မြင်သည်ရှိသော် မြင်ကာမတ္တမျှသာ ဖြစ်ရာ၏။ ကြားသည်ရှိသော် ကြားကာမတ္တမျှသာ ဖြစ်ရာ၏။ တွေ့ထိသည်ရှိသော် တွေ့ထိကာမတ္တမျှသာ ဖြစ်ရာ၏။ သိသည်ရှိသော် သိကာမတ္တမျှသာ ဖြစ်ရာ၏ စသည်တို့ကို ဟောတော်မူရာ မာလုကျပုတ္တသုတ်၌ ဆက်လက်လာရှိသည်မှာကား-

ရူပံ ဒိသွာ သတိ မုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသာယ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တ မဿူပဟညတိ၊
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

အဆင်းရူပါရုံကိုမြင်၍ ကြိုက်နှစ်သက်အပ်၏ဟူသော နိမိတ်(ပုံပန်းသဏ္ဌာန်)ကို နှလုံးသွင်းသောသူအား ကမ္မဋ္ဌာန်းတရား၌ သတိလွတ်ကင်းမေ့လျော့ခြင်းကြောင့် အလွန်တပ်မက်သောစိတ်ရှိသည်ဖြစ်၍ခံစားအံ့၊ ထိုအာရုံကိုလည်း တဏှာဖြင့်လွှမ်းမိုး၍တည်အံ့။ ထိုသူအား များစွာသော အဆင်းရူပါရုံကြောင့် ဖြစ်ကုန်သော ဝေဒနာတို့သည်တိုးတက်ပွားများကုန်၏၊ အလိုရမ္မက်ကြီးခြင်း အဘိဇ္ဈာတရားသည်၎င်း၊ ညှဉ်းပမ်းနှိပ်စက်လိုသော ဝိဟိံသတရားသည်၎င်း၊ ထိုသူ၏စိတ်ကိုကပ်၍ညှဉ်းဆဲ၏။ ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ)ဤသို့ ဆင်းရဲဒုက္ခကိုတိုးတက်ပွားများစေသောသူအား နိဗ္ဗာန်နှင့်ဝေးကွာ၏ဟူ၍ ဆိုအပ်၏။

ထိုနည်းတူစွာ (အသံ) သဒ္ဒါရုံအတွက်-
သဒ္ဒံ သုတွာ သတိ မုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော……စသည်တို့ကိုရှင်း
(အနံ့) ဂန္ဓာရုံအတွက်-
ဂန္ဓံ ဃတွာ သတိ မုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော……စသည်တို့ကိုရှင်း၊
(အရသာ) ရသာရုံအတွက်-
ရသံ ဘောတွာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော……စသည်တို့ကိုရှင်း။
(တွေ့ထိ) ဖောဋ္ဌဗ္ဗာရုံအတွက်-
ဖဿံ ဖုဿ သတိ မုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော……စသည်တို့ကိုရှင်း။
(သိအပ်သော) ဓမ္မာရုံအတွက်-
ဓမ္မံ ဉတွာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတော……စသည်တို့ကိုရှင်း။

ဆက်လက်လာရှိ၏။ ။ဘာသာပြန်ဆိုရန်မှာ ရူပံ ဒိသွာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိ ကရောတောအတွက်

(ဆင့်မအကြံမိ)

အနက်ပေး ဘိသကဲ့သို့ အဆင်း ရူပါရုံနေရာတွင် အသံ-သဒ္ဒါရုံ၊အနံ့-ဂန္ဓာရုံ စသည်တို့ကို ပြောင်းလွှဲထည့်သွင်းပေးရုံမျှသာ ကွာခြားလေသည်။

ဤမာလုကျပုတ္တသုတ်နှင့် စာမျက်နှာ ၇၃-၌ ကြိုက်လျှင် လောဘ၊မကြိုက်လျှင် ဒေါသ၊အမှတ်တမဲ့နေလျှင် မောဟဟု ဖော်ပြပါရှိသော ဆဆက္ကသုတ်၊ ထို့ပြင် မဟာသတိပဋ္ဌာန်ပါဠိတော် ကာယာနုပဿနာ သမ္ပဇာနံပဗ္ဗ၌ လာရှိသော-

> သယ်ာင္ရိ ပတ္တ စီဝရဓာရဏေ သမ္ပဇာန ကာရီ ဟောတိ။ အသိတေ
> ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရပဿာဝကမ္မေ
> သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ
> ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။ (ဘာသာပြန်ဆရာတော်ဦးဗုဒ်

မဟာသတိပဋ္ဌာနသုတ် နိဿယစာမျက်နှာ ၄ နှင့် ၆၃ တွင်ကြည့်ရန်) စသော ပါဠိတော်အရပ်ရပ်တို့ကို ပေါင်းစပ်လျက် သေချာ တိကျစွာ လေ့လာဆင်ခြင်သုံးသပ်သော် ယောဂီသူမြတ်သည် နေရာမရွေး အချိန်အခါမရွေး စကားမပြောဘဲ တိတ်တိတ်နေစဉ်ပင်ဖြစ်စေ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ပင်ဖြစ်စေ--

> နာမ ရူပ ပရိစ္ဆေဒဉာဏ်
> ပစ္စယ ပရိဂ္ဂဟဉာဏ်
> သမ္မသနဉာဏ်
> ဥဒယဗ္ဗယဉာဏ်

စသောဝိပဿနာ ဘာဝနာ ပွားများခြင်းလုပ်ငန်းကို အစဉ်မပြတ် ဒလစပ် ဆင်ခြင်ပွားများ လုပ်ကိုင်နေရမည် ဆိုသည်ကို မိမိကိုယ်တိုင် ထင်ရှားစွာ သိမြင်လာပေတော့၏။

ဆိုလိုရင်းကား ဂူတွင်းတောတွင်း ရိပ်သာတွင်း စသည်တို့၌ တလနှစ်လ သွားရောက်လေ့ကျင့်ကာ မျှဖြင့် ကိစ္စမပြီးသေး၊ အိမ်ဆောင်သောအခါ၌သည်း အချိန်အခါ နေရာမရွေး တဏှာနှင့်အဝိဇ္ဇာမဝင်နိုင်အောင် ဝိပဿနာဘာဝနာ ပွားများခြင်းနှင့် သက်ဆိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ်၊ဥဒယဗ္ဗယဉာဏ်စသည်တို့ကို အစဉ်မပြတ် ဒလစပ်ဆင်ခြင်ပွားများ အားထုတ်နေရမည်ကို ဆိုလိုရင်းဖြစ်၏၊ (အမှတ်တမဲ့နေလျှင် မောဟ)

> ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊
> စသော ကာယာနုပဿနာ ဣရိယာပထပဗ္ဗ၌ လာရှိသော
> သာမုက္ကံသိက ဒေသနာတော်ဖြစ်သည့် ပဇာနာတိ အတွက်
> အလိုရှိအပ်သော အနက်အဓိပ္ပာယ်။

> တတ္ထ ကာမံ သောဏ သိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊
> န ပနေတံ ဧဝ ရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝ ရူပ ဉ္ဟိဇာနနံ သတ္တူပလဒ္ဓိ
> န ပဇဟတိ၊ သတ္တသညံ န ဥဂ္ဃာဋေတိ။ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ
> ဝါ န ဟောတိ။ (အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ် သုတ်မဟာဝါ)။

ထိုကာယာနုပဿနာကမ္မဋ္ဌာန်း၌ အိမ်ခွေးမြေခွေးစသောတိရိစ္ဆာန်တို့သည်လည်း သွားကြကုန်သည်ရှိသော် ငါတို့သည် သွားကြကုန်၏။ဤသို့အကယ်၍ကား သိကြကုန်၏။ ထိုသို့ သိကြကုန်သော်လည်း ဤသို့သဘောရှိသော ထိုအသိမျိုးကိုရည်၍ သျှင်တော်ဘုရားဟောတော်မူအပ်သည်မဟုတ်၊ ထိုစကားသည်မှန်၏။

ထိုသို့ သဘောရှိသော သိခြင်းသည် သတ္တဝါဟူသောအယူကိုမစွန့်။ သတ္တဝါဟူသောအမှတ်သညာကိုမခွါ။ ကမ္မဋ္ဌာန်းတရားသည်လည်းမဖြစ်။ သတိပဋ္ဌာန် ဘာဝနာသည်လည်းမဖြစ်။

ပဇာနာတိအတွက် ဤနေရာတွင် မည်သို့သိရမည်နည်းဟူမူ တစုံတယောက်သောသတ္တဝါသည်ဌင်း၊ ပုဂ္ဂိုလ်သည်ဌင်း သွားသည်မဟုတ်။ (စိတ္တ က်ိရိယ ဝါယော ဓာတုဝိပ္ဖာရေန) သွားလိုသော စိတ်သည် ပြုပြင်အပ်သော စိတ္တဇဝါယောဓာတ်၏ လှုပ်ရှားပြန့်နှံ့ခြင်းကြောင့် ခန္ဓာကိုယ်ဟု ခေါ်ရသောရုပ်စုတို့သာ လျှင် သွား၏ဟု သိရမည်ကို အဋ္ဌကထာဖွင့်ဆိုတော်မူလေသည်။

မဟာသတိပဋ္ဌာန် ပါဠိတော် ကာယာနုပဿနာ ဣရိယာပထပဗ္ဗနှင့်တကွ အဋ္ဌကထာ ဖွင့်ဆိုတော်မူ ချက်အရ ဂစ္ဆန္တောဝါဂစ္ဆာမီတိပဇာနာတိ စသည်တို့တွင် ပဇာနာတိ အဓိပ္ပာယ်ကို အိမ်ခွေး မြေခွေးတို့၏ အသိမျိုးမဟုတ်ဘဲ ရုပ်နှင့်နာမ်ကိုခွဲခြား၍ အပြားအားဖြင့် သိခြင်းကို အလိုရှိအပ်လေသည်။

သွားတယ် သွားတယ် ရုပ်တယ် ရုပ်တယ် ထိုင်တယ် ထိုင်တယ် လျှောင်းတယ် လျှောင်းတယ် စသည် တို့ဖြင့် လိုက်၍ သိမှတ်နေခြင်းသည် သာမညလက္ခဏာသိကဒေသနာတော်မြတ်ဖြစ်သည့် အပြားအားဖြင့်သိအပ်သော ပဇာနာတိ သဘောသို့ မထိရောက်။ အိမ်ခွေး တောခွေးစသည်တို့၏ အသိမျိုးမျှသာ ဖြစ်ခြင်းကြောင့် ကမ္မဋ္ဌာန်း တရားသည်လည်း မဖြစ်။ သတိပဋ္ဌာန် ဘာဝနာလည်း မဖြစ်။ ဤကား အဋ္ဌကထာဆရာမြတ်၏ ရှင်းလင်းဖော်ပြချက်ပေတည်း။

သျှင်တော်ဘုရားဟောတော်မူသည်ကို မဟောတော်မူဘိသကဲ့သို့ဌင်း၊ မဟောတော်မူသည်ကို ဟော တော်မူဘိသကဲ့သို့ဌင်း၊ ဟောပြော ရေးသားခြင်းတို့သည် "အဗ္ဘစိက္ခန္တိ" သျှင်တော်ဘုရားအား စွပ်စွဲစော် ကားသည်ဖြစ်ခြင်းကြောင့် ကြီးလေးသော အပြစ်ရှိ၏။ ဤအခြင်းအရာမျိုးကို ဝေးစွာ ရှောင်ကြဉ်ရမည် သူတော်ကောင်း အပေါင်းတို့....။

## စိတ် စေတသိက် တို့သည်

တလုံးချင်းမဖြစ်။ ရုပ်တရားတို့သည်လည်း တလုံးချင်းမဖြစ်။

(၁) ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ။ တယော ခန္ဓေ ပဋိစ္စ
ဧကော ခန္ဓော။ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။
(ပဋ္ဌာန်း ပါဠိတော် ပဋိစ္စဝါရ)။

(နာမ်ခန္ဓာလေးပါးရှိ၏) တပါးသော နာမ်ခန္ဓာကိုစွဲ၍ ကျန်နာမ်ခန္ဓာ သုံးပါးတို့သည်ဖြစ်ကုန်၏။ သုံးပါးသော နာမ်ခန္ဓာတို့ကိုစွဲ၍ ကျန်တပါးသော နာမ်ခန္ဓာသည်ဖြစ်၏။ နှစ်ပါးကုန်သော နာမ်ခန္ဓာကို စွဲ၍ ကျန်နှစ်ပါးကုန်သော ခန္ဓာတို့သည် ဖြစ်ကုန်၏။ (နာမ်ခန္ဓာလေးပါးသည် တပါးတည်း မဖြစ်ပေ)။

(၂) ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။
တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ။
ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။

(ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်လေးပါးရှိ၏) တပါးသော မဟာဘုတ်ကိုစွဲ၍ သုံးပါးသော မဟာဘုတ်တို့သည် ဖြစ်ကုန်၏။ သုံးပါးသော မဟာဘုတ်ကိုစွဲ၍ တပါးသော မဟာဘုတ်သည် ဖြစ်၏။ နှစ်ပါးသောမဟာဘုတ်ကိုစွဲ၍ နှစ်ပါးသော မဟာဘုတ်တို့သည်ဖြစ်၏။ (မဟာဘုတ်လေးပါးတို့သည် တပါးတည်း မဖြစ်ပေ)။

## (၃) စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

**စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊** ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စိတ္တ စေတသိကာ ဓမ္မာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာဘ ပစ္စယေနပစ္စယော။(ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ)။

လေးပါးကုန်သောနာမ်ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏၊ ပဋိသန္ဓေခဏ၌ ရုပ်တရားနှင့် နာမ်တရားတို့သည် အချင်းချင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏၊ (အရူပဝိပါက်လေး၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့၏ စုတိကို ချန်ထား၍)စိတ်စေတသိက်တို့သည် စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတ ပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်ဖြစ်၏၊ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။

ယောဂီသူမြတ်တို့—

အထူးသိမှတ်ထားရှိအပ်သော ပဋ္ဌာန်းပါဠိတော်—

(၄) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော.......။သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ........။(ပဋ္ဌာန်းပါဠိတော် ပဋ္ဌာဝ ၇၄)။

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သော တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏၊....သဒ္ဓါတရားကို အမှီပြု၍ မာနကိုဖြစ်စေ၏၊ မှားသောအယူကိုယူ၏။ သီလကိုအကြားအမြင် ဗဟုသုတကို စွန့်ကြဲခြင်းကို အသိဉာဏ်ပညာကိုအမှီပြု၍ မာနကိုဖြစ်စေ၏။မှားသောအယူကိုယူ၏....။

(၅) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ၊ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကိုပေးလှူ၍ သီလကို ကောင်းစွာဆောက်တည်၍ ဥပုသ်ကို ဆောက်တည်ပြီး၍ ထိုဒါန သီလကုသိုလ်ကို သာယာ၏။အလွန်နှစ်သက်၏။ ထိုဒါနသီလ ကုသိုလ်ကို အာရုံပြု၍ ရာဂသည်ဖြစ်၏။ ဒိဋ္ဌိသည်ဖြစ်၏၊ ဝိစိကိစ္ဆာသည်ဖြစ်၏။ ဥဒ္ဓစ္စသည်ဖြစ်၏။ ဒေါမနဿသည်ဖြစ်၏။

(၆) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။....သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ ... ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ....။

ကုသိုလ်ဖြစ်သောတရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကိုပေးလှူ၍ သီလကိုကောင်းစွာ ဆောက်တည်၍ ဥပုသ်ကို ဆောက်တည်ပြီး၍

## (၃) စတ္တာရော ခန္ဓာ အရူပိနော အညမညံ
သဟဇာတ ပစ္စယေန ပစ္စယော။

**စတ္တာရော မဟာဘူတာ အညမညံ** သဟဇာတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စိတ္တ စေတသိကာ ဓမ္မာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေနပစ္စယော။(ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ)။

လေးပါးကုန်သောနာမ်ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်းအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏၊ ပဋိသန္ဓေခဏ၌ ရုပ်တရားနှင့် နာမ်တရားတို့သည် အချင်းချင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ (အရူပဝိပါက်လေး၊ ဒွေပဉ္စဝိညာဉ်ဆယ်၊ ရဟန္တာတို့၏ စုတိကို ချန်ထား၍)စိတ်စေတသိက်တို့သည် စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဖြစ်၏။

ယောဂီသူမြတ်တို့—
အထူးသိမှတ်ထားရှိအပ်သော ပဋ္ဌာန်းပါဠိတော်—

(၄) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန
ပစ္စယော......။သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။
သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ
ဂဏှာတိ.......။(ပဋ္ဌာန်းပါဠိတော် ပဋ္ဌာ၀ ၁၄)။

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သော တရားအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏,....သဒ္ဓါတရားကို အမှီပြု၍ မာနကိုဖြစ်စေ၏။ မှားသောအယူကိုယူ၏။ သီလကိုအကြားအမြင် ဗဟုသုတကို စွန့်ကြဲခြင်းကို အသိဉာဏ်ပညာကိုအမှီပြု၍ မာနကိုဖြစ်စေ၏။မှားသောအယူကိုယူ၏....။

(၅) ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန
ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ
ကတွာ တံ အဿာဒေတိ၊ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။
ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ကုသိုလ်ဖြစ်သောတရားသည် အကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကိုပေးလှူ၍ သီလကို ကောင်းစွာဆောက်တည်၍ ဥပုသ်ကို ဆောက်တည်ပြီး၍ ထိုဒါန သီလကုသိုလ်ကို သာယာ၏။အလွန်နှစ်သက်၏။ ထိုဒါနသီလ ကုသိုလ်ကို အာရုံပြု၍ ရာဂသည်ဖြစ်၏။ ဒိဋ္ဌိသည်ဖြစ်၏၊ ဝိစိကိစ္ဆာသည်ဖြစ်၏။ ဥဒ္ဒစ္စသည်ဖြစ်၏။ ဒေါမနဿသည်ဖြစ်၏။

(၆) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန
ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ
ကတွာ တံ ပစ္စဝေက္ခတိ။....သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ
အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ....။

ကုသိုလ်ဖြစ်သောတရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ အလှူကိုပေးလှူ၍ သီလကိုကောင်းစွာ ဆောက်တည်၍ ဥပုသ်ကို ဆောက်တည်ပြီး၍

အဗျာကတဖြစ်သောတရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။...........သေက္ခ ပုဂ္ဂိုလ်တို့သည်ရင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း စက္ခုပသာဒကို အနိစ္စဟူ၍ရင်း၊ ဒုက္ခဟူ၍ရင်း၊ အနတ္တဟူ၍ရင်း ဝိပဿနာ ရှုကုန်၏။

သောတပသာဒကို ဃာနပသာဒကို ဇိဝှာပသာဒကို ကာယပသာဒကို ရူပါရုံတို့ကို သဒ္ဒါရုံတို့ကို ဂန္ဓာရုံတို့ကို ရသာရုံတို့ကို ဖောဋ္ဌဗ္ဗာရုံတို့ကို ဟဒယဝတ္ထုကို အနိစ္စဟူ၍ရင်း၊ ဒုက္ခဟူ၍ရင်း၊ အနတ္တဟူ၍ရင်း ဝိပဿနာ ရှုကုန်၏၊

ဝိပါက် အဗျာကတ ဖြစ်ကုန်သော ကြိယာ အဗျာကတဖြစ်ကုန်သော ခန္ဓာတို့ကို အနိစ္စဟူ၍ရင်း၊ ဒုက္ခဟူ၍ရင်း အနတ္တဟူ၍ရင်း ဝိပဿနာ ရှုကုန်၏။ (ပဋ္ဌာန်းပါဠိတော် ပဉ္စာဝါရ။)

သုဒ္ဓ သင်္ခါရ ပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။
ယထာ ဟိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

(အို-မာရ်နတ်) သတ္တဝါဟု ခေါ်ဆိုခြင်းသည်စင်စစ်သော်ကား ပြုပြင်အပ်သော စိတ် စေတသိက် ရုပ် သင်္ခါရအစုတို့သာတည်း။ သတ္တဝါဟူသည် မြူမျှမရှိ၊ ဤသက်သက်သော နာမ် ရုပ် သင်္ခါရ အစု၌ သတ္တဝါဟူသော အမည်ကိုရအပ်၏။ အစိတ် အစိတ်အပိုင်းအပိုင်း ဖြစ်သော ဘီး,ဝင်ရိုး, ထမ်းပိုး, စည်းကုံးတို့ ပေါင်းစပ်သည်ရှိသော် လှည်း, ယာဉ်, ရထား ဟူသော ဝေါဟာရစကားအသံသည် ဖြစ်ပေါ်လာဘိသကဲ့သို့ စိတ် စေတသိက် ရုပ်ဟူသော ခန္ဓာငါးပါး ထင်ရှားရှိကုန်သော အစုတို့ကိုသာလျှင် သတ္တဝါဟူ၍ ခေါ်ဝေါ်သမုတ်အပ်ခြင်း ဖြစ်၏၊(သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ် စာမျက်နှာ ၁၃၇၌ လာရှိ၏) ထိုပါဠိတော်၌ ဆက်လက်လာရှိပြန်သည်မှာ-

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(အို-မာရ်နတ်) ထိုစကားသည် မှန်သည်သာတည်း။ ခန္ဓာငါးပါးဟုဆိုအပ်သော သဘာဝဓမ္မသည်-
ဒုက္ခ အစုသာလျှင် ဖြစ်ပေါ်၏။
ဒုက္ခ သာလျှင် တည်ရှိ၏။
ဒုက္ခ အစုမှတပါး အခြားသည် မချုပ်ငြိမ်း၊
ဒုက္ခသည်သာ ချုပ်ငြိမ်း၏ဟု လာရှိပြန်၏။
သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာ နု ခေါ ဘန္တေ သမ္မာဒိဋ္ဌိ ဟောတီတိ။

အသျှင်ဘုရား"သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ"ဟူ၍ဆိုကြပါ၏။အဘယ်မျှဖြင့်"သမ္မာဒိဋ္ဌိ"သည်ဖြစ်ပါသနည်း အသျှင်ဘုရား။

အို-ကစ္စာန၊ လူတို့သည် များသောအားဖြင့် ရှိ၏ဟူ၍ရင်း၊ မရှိဟူ၍ရင်း ထိုနှစ်ပါးကို မှီကြကုန်၏၊ အို ကစ္စာန၊ ပြုပြင်အပ်သော လောက၏အကြောင်းကို ဟုတ်မှန်သောအတိုင်း ပညာမျက်စိဖြင့် သိမြင်သော သူအား ပြုပြင်အပ်သည်တို့၌ မရှိဟူသော အယူသည်မဖြစ်၊ရှိ၏ဟူသော အယူသည် လည်းမဖြစ်၊အို-ကစ္စာန အရိယာသူတော်ကောင်းတို့၏ တပည့်သည်ကား အတ္တအနေအားဖြင့် မစွဲလမ်းချေ။

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီတိ
န ကင်္ခတိ န ဝိစိကိစ္ဆတိ အပရပ္ပစ္စယာ၊ ဉာဏမေဝဿ ဧတ္ထ ဟောတိ၊
ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ၊

စာမျက်နှာ ၇၂-၌ လာရှိသော ဒုက္ခံဒုက္ခသစ္စန္တိ အစရှိသော သစ္စယမိုက်နှင့် ယှဉ်တွဲဖတ်ရှုပါလေ)။

အို ကစ္စာန ဒုက္ခသည်သာလျှင် ဖြစ်သည် ရှိသော်ဖြစ်၏။ ဒုက္ခသည်သာလျှင် ချုပ်သည်ရှိသော် ချုပ်၏ဟူသည်ကို သူတပါးပြော၍မဟုတ် မိမိကိုယ်တိုင်သာလျှင်၊ ဉာဏ်ဖြင့်သိ၏။ ယုံမှားခြင်းသည်မရှိ။ ဤမျှ ဤမျှသောအတိုင်းအရှည်ဖြင့် ကောင်းသောသိမြင်ခြင်း "သမ္မာဒိဋ္ဌိ"သည်ဖြစ်၏ဟုဗုဒ္ဓမြတ်စွာဖြေဆိုတော်မူ၏။ (နိဒါနဝဂ္ဂနိဒါနသံယုတ် အာဟာရဝဂ် စာမျက်နှာ ၂၅၇ ၌လာရှိ၏)။

သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော။
ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော။
အဒုက္ခ မသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော။
(စာမျက်နှာ ၇၃ ၌လာရှိသော ဆဆက္ကသုတ်နှင့် တွဲဖတ်ရန်)

အို ရဟန်းတို့ သုခဝေဒနာ၌ စွဲမက်မှု "ရာဂါနုသယ"ကိုပယ်အပ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု "ပဋိဃာနုသယ"ကိုပယ်အပ်၏။ ဥပေက္ခာဝေဒနာ၌ မသိမှု "အဝိဇ္ဇာနုသယ"ကိုပယ်အပ်၏။ (သဠာယတနဝဂ္ဂ ဝေဒနာသံယုတ်,သဂါထာဝဂ် စာမျက်နှာ ၄၀၇)။ ထိုသဂါထာဝဂ်၌ပင် လာရှိသည်မှာ–

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

အိုရဟန်းတို့ သုခဝေဒနာကိုဒုက္ခအားဖြင့်ရှုမြင်ရမည်။(ထိုဝဂ်စာမျက်နှာ ၄၀၉၌လာရှိပြန်သည်မှာ)

သော ဝေဒနာ ပရိညာယ
ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။

ထိုပုဂ္ဂိုလ်သည် ဝေဒနာကို "ပရိညာယ" (စာမျက်နှာ ၇၄၌လာရှိသည့်အတိုင်း)ဉာတပရိညာ၊တီရဏပရိညာ၊ ပဟာနပရိညာတို့ဖြင့် ပိုင်းခြားသိမြင်ခြင်းကြောင့် မျက်မှောက်၌ပင် အာသဝေါတရားကင်းသော အရဟတ္တဖိုလ်၌ တည်သည်ဖြစ်၏။

ယေ စ ခေါ ကေစိ ဘိက္ခဝေ သမဏာ ဝါ
ဗြာဟ္မဏာ ဝါ ဣမာသံ တိဿန္နံ ဝေဒနာနံ

သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနန္တိ၊ တေ ခေါ မေ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ သမဏေသု စေဝ သမဏသမ္မတာ ဗြာဟ္မဏေသု စ ဗြာဟ္မဏသမ္မတာ၊ တေ စ ပနာ ယသ္မန္တော သာမညတ္ထဉ္စ ဗြာဟ္မညတ္ထဉ္စ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရန္တီတိ။ သဠာယတနဝဂ္ဂ ဝေဒနာသံယုတ် အဋ္ဌသတပရိယာဝဂ် သမဏဗြာဟ္မဏသုတ် စာမျက်နှာ ၄၃၂)။

အို-ရဟန်းတို့ အချို့သောရဟန်းတို့သည်၎င်း၊ အချို့သောသူမြတ်တို့သည်၎င်း၊(သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ) ဤသုံးပါးကုန်သော ဝေဒနာတို့၏ "ဖြစ်ကြောင်းကို၎င်း" ချုပ်ခြင်းကို၎င်း၊ သာယာဘွယ်ကို၎င်း၊ အပြစ်ကို၎င်း၊ ထွက်မြောက်ရာကို၎င်း ဟုတ်မှန်သည်အတိုင်း သိကြကုန်၏။အို-ရဟန်းတို့ ထိုသိကုန်သော ရဟန်းတို့ကို ရဟန်းဟူ၍ ခေါ်ဝေါ်သမုတ်အပ်ကုန်၏။ ထိုသိကုန်သော သူမြတ်တို့ကို သူမြတ်ဟူ၍ ခေါ်ဝေါ်သမုတ်အပ်ကုန်၏။ အမှန်စင်စစ်အားဖြင့် ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကို၎င်း၊

ဗြာဟ္မဏဖြစ်ကျိုးကိုရှင်း၊ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေနိုင်ကုန်၏ဟု ဟောတော်မူ၏၊ (ဤသဘောမျိုးကိုပင်“ဖဿ”အတွက် သဠာယတနဝဂ္ဂ သဠာယတန သံယုတ် မိဂဇာလဝဂ် ၉ ခုမြောက်သုတ် စာမျက်နှာ ၂၆၉ ၌ ဟောတော်မူ၏ ။

ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ
သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ
ယထာဘူတံ နပ္ပဇာနာတိ၊ အဝုသိတံ တေန ဗြဟ္မစရိယံ
အာရကာ သော ဣမသ္မာ ဓမ္မဝိနယာတိ။

အို-ရဟန်းတို့ တဦးတယောက်သောရဟန်းသည် ခြောက်မျိုးသောဖဿာယတနတို့၏“ဖြစ်ကြောင်းကိုရှင်း”ချုပ်ခြင်းကိုရှင်း၊သာယာဘွယ်ကိုရှင်း၊ အပြစ်ကိုရှင်း၊ထွက်မြောက်ရာကိုရှင်း ဟုတ်မှန်သည်အတိုင်း မသိ။ ထိုမသိသောရဟန်းသည် မြတ်သောအကျင့်ကို မကျင့်သုံးရသေး၊ ထိုမသိသောရဟန်းသည် ဤဓမ္မဝိနယ“သာသနာတော်”မှ ဝေး၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူလေသည်။

ယခုသင်ကြားပြသနေသော မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌လည်း အစဖြစ်သော အာနာပါနပဗ္ဗမှ အစပြု၍—သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ ဟူ၍ ထိုက်သည့်အားလျော်စွာ ပဗ္ဗတိုင်းပဗ္ဗတိုင်းတို့၌ ဖြစ်ရင်းအကြောင်းကို ဆင်ခြင်သုံးသပ်ပေးရန် ထပ်ခါထပ်ခါ ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူခဲ့လေသည်။

ဤ၌ အထက်တွင်ဖော်ပြအပ်သော ဒေသနာတော်များအရ ယောဂီသူမြတ်သည် ဝိပဿနာဘာဝနာကို ပွားများကျင့်သုံးတော်မူရာ၌ ခန္ဓာငါးပါးစသည်တို့၏ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနန္တိဟု လာရှိသည်အထိ သိရှိနားလည်အောင် ကြိုးစားထားရမည်ကို အထူး သတိပြုတော်မူကြစေလိုရင်းဖြစ်၏။

ဣမေသံ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ
အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဝုစ္စတိ
အရိယသာဝကော သောတာပန္နော အဝိနိပါတ ဓမ္မော နိယတော
သမ္ဗောဓိပရာယနောတိ၊ (ခန္ဓဝဂ္ဂ ရာဓသံယုတ် သောတာပန္နသုတ်)။

(အို-ရာဓ)ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ၊ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၊ သင်္ခါရတို့ဟူသော ဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၏ ဖြစ်ကြောင်းတို့ရှင်း၊ ချုပ်ခြင်းကိုရှင်း၊ သာယာဘွယ်ကိုရှင်း၊ အပြစ်ကိုရှင်း၊ ထွက်မြောက်ရာကိုရှင်း ဟုတ်မှန်သောအတိုင်း ပိုင်းခြား၍သိခြင်းကြောင့်အပါယ်သို့ကျခြင်းသဘောမရှိသော မြဲသောဂတိရှိသော အထက်မဂ်သုံးပါးသာလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

နိရောဓ သမာပတ် ဝင်စားရာ၌
သုခ ဝေဒနာ မပါ မရှိဘဲ ချမ်းသာပုံ

သဠာယတနဝဂ္ဂ ဝေဒနာသံယုတ် ပါဠိတော် ရဟော ဂတဝဂ် စာမျက်နှာ ၄၂၁၊မြန်မာပြန် ၄၂၆၌ အသျှင် ဥဒါယီတို့ကို အကြောင်းပြု၍ အသျှင်အာနန္ဒာအား ဗုဒ္ဓမြတ်စွာ ဟောတော်မူသော လိုရင်းအတိုချုပ်မှာ—

> အာနန္ဒာ ကာမဂုဏ် ခံစားရသော ကာမ
> ချမ်းသာထက် ဈာန်ချမ်းသာ မြတ်၏။ ဈာန်
> ချမ်းသာထက် (သညာ ဝေဒယိတ နိရောဓံ)
> သညာဝေဒနာတို့ချုပ်ခြင်း နိရောဓသမာပတ်ကို
> ဝင်စားနေစဉ် ရရှိသော ချမ်းသာသည် ဈာန်
> ချမ်းသာထက်မြတ်သော ချမ်းသာဟု ငါဘုရား
> ဟောကြားတော် မူ၏ ဟူ၍ လာရှိလေသည်။

စာပေကျမ်းဂန်များတွင် နိရောဓသမာပတ် ဝင်စားတော်မူရာ၌ စိတ်စေတသိက် စိတ္တဇရုပ်တို့ချုပ်၏ ဟူ၍လာရှိ၏။ထိုနည်းတူစွာ အထက်၌ဖော်ပြအပ်သော ဒေသနာတော်အရ နိရောဓသမာပတ် ဝင်စားတော်မူရာ၌ (သညာဝေဒယိတ နိရောဓံ)သညာဝေဒနာချုပ်ခြင်းကိုလည်း ဟောတော်မူရကား ယင်းသို့ ဒေသနာတော်မြတ် နှစ်ရပ်လာရာတွင် စိတ်စေတသိက် စိတ္တဇရုပ်တို့ ချုပ်သည်မျှ ဘွင်သာ ရပ်တန့်မထားဘဲ နိရောဓသမာပတ်ဝင်စားတော်မူရာ၌ သညာဝေဒနာ မပါမရှိဘဲ ကာမချမ်းသာ ဈာနချမ်းသာတို့ထက် မြတ်သော ချမ်းသာကို ရရှိခြင်းကိုပါ လေးနက်စွာ ထည့်သွင်းဖော်ပြရာ၏။

အကြောင်းသော်ကား "သညာဝေဒယိတ နိရောဓံ" သညာဝေဒနာ မပါမရှိဘဲ (ဝါ)သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ထိုခန္ဓာနှစ်ပါး ချုပ်ငြိမ်းကာမျှဖြင့် ကာမချမ်းသာ ဈာနချမ်းသာတို့ထက် ပိုမိုလွန်ကဲသော ချမ်းသာကိုရရှိနိုင်ပါမူ ခန္ဓာငါးပါးချုပ်ငြိမ်းသော နိဗ္ဗာန်၌ကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်းဆိုသည်ကို လွယ်ကူစွာ သဘောပေါက်လာနိုင်လေသည်။

## အတ္တနှင့် အနတ္တ အရေးကြီးခြင်း

တကမ္ဘာလုံး၏အယူဝါဒမှာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စသော အတ္တအယူဝါဒများဖြစ်ကြ၍ လောကဓာတ်ကြီးတရပ်လုံးကို အနာဝရဏဉာဏ် သဗ္ဗညုတဉာဏ်တော်တို့ဖြင့် ကိုယ်တော်တိုင်ထိုးထွင်းသိမြင်တော်မူရသော သဘာဝဓမ္မမှာ အတ္တမဟုတ်-အတ္တမရှိ အနတ္တသဘာဝ ဓမ္မမျှသာဖြစ်၏။ အတိုချုပ်ဆိုလိုရင်းကား တကမ္ဘာလုံးဝါဒမှာ အတ္တဝါဒ ဖြစ်၍ ဗုဒ္ဓမြတ်စွာဝါဒမှာ အနတ္တဝါဒဖြစ်၏။

ထိုကြောင့် သုတ္တန်နည်း အဘိဓမ္မာနည်းတို့ဖြင့် အတ္တနှင့်အနတ္တကွဲ အောင် သုတမယဉာဏ်အားဖြင့် (အနုမာနအားဖြင့်) တိကျပြတ်သားစွာ ရှေးဦးစွာ နားလည်ထားရပေမည်။ ဆရာဖြစ်သူသည် နားမလည်သည်ကို နားလည်စေရန် (အနုသာသနီနည်း) အမျိုးမျိုးသော နည်းတို့ဖြင့် သင်ပြပေးရမည်။ တပည့်ဖြစ်သူကိုလည်း အတ္တနှင့်အနတ္တ ကွဲပြီလော၊ နားလည်ပြီလောဟု ထပ်ကာထပ်ကာ စုံစမ်းမေးမြန်းလျက် နားလည်သည်အထိ သင်ကြားပြသပေးရပေမည်။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်လိုသောပုဂ္ဂိုလ်သည် သုတမယဉာဏ်အားဖြင့် အတ္တ နှင့် အနတ္တကွဲအောင် ပြသနိုင်သောဆရာကောင်းကို ရှာဖွေသင်ယူရမည်၊ဤအချက်သည်ကား ရှေးဦးစွာအရေးကြီးသော အချက်ကြီးတရပ်ဖြစ်၏။

ထိုကြောင့် စာမျက်နှာ ၆၇-တွင် သောတာပန်ဖြစ်လိုသောပုဂ္ဂိုလ်သည် ဆရာကောင်းရရှိရန် အရေးကြီးခြင်းကို "စတ္တာရိမာနိဘိက္ခဝေ" စသည်ဖြင့် ဗုဒ္ဓမြတ်စွာ ထင်ရှားစွာ ညွှန်ကြားတော်မူခဲ့ခြင်းကို ရှေးဦးစွာ ဖော်ပြထားခြင်းဖြစ်၏၊

သုတမယဉာဏ်အားဖြင့် အတ္တနှင့်အနတ္တမကွဲသေးလျှင် ဘာဝနာလုပ်ငန်းသို့ မတက်သင့်သေးချေ၊ သက္ကာယဒိဋ္ဌိဖြစ်သော အတ္တဒိဋ္ဌိနှင့် သဘာဝ ဓမ္မမျှသာ ဖြစ်သော အနတ္တ မကွဲဘဲလျက် ဝိပဿနာ

(ဆင့်မအကြွမ်)

ဘာဝနာပွားများမှုကို အားထုတ်သော် (တာ သမ္ဗာပိ မဂ္ဂါဝရဏာ နသဂ္ဂါဝရဏာ) အင်္ဂုတ္တရ သုတ်မှုပဲ ကမ္ဘာ စာမျက်နှာ ၃၈၈-၌ လာရှိသည်မှာ နတ်ရွာသုဂတိသို့ ရောက်ရှိရေးကိုကား ပပိတ်ပင်။ သို့ရာတွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးကိုကား ပိတ်ပင်တားဆီးလျက်ရှိ၏ဟု ဖွင့်ဆိုတော်မူလေသည်။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ၊

လှံဖြင့် အထိုးခံရသောသူသည် အနာပျောက်ကြောင်းကို လျှင်မြန်စွာ အားထုတ်ဘိသကဲ့သို့ရှိရင်း၊ ဦးခေါင်း၌မီးအလောင်ခံရသောသူသည် မီး၏ငြိမ်းကြောင်းကို လျင်မြန်စွာအားထုတ်ဘိသကဲ့သို့ရင်း၊ထိုအတူ ရဟန်းသည် သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှာ သတိနှင့်ပြည့်စုံ၍ နေရာ၏ဟု ဟောတော်မူ၏။ (သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်သတ္တိဝဂ် ပဌမသုတ် စာမျက်နှာ ၁၂၊ မြန်မာပြန် ၁၂)။

ကထံ နု ခေါ ဘန္တေ သက္ကာယဒိဋ္ဌိ ဟောတိ။
........ရူပံ အတ္တတော သမနုပဿတိ။

ရူပဝန္တံ့ဝါ အတ္တာနံ၊ အတ္တနိ ဝါရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။ ဝေဒနံ၊ သညံ၊ သင်္ခါရေ၊ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါဝိညာဏံ၊ ဝိညာဏသ္မိံဝါ အတ္တာနံ။ ဧဝံ ခေါဘိက္ခု သက္ကာယဒိဋ္ဌိ ဟောတိ။

အသျှင်ဘုရား အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိသည် ဖြစ်ပါသနည်း။ ရုပ်ကို အတ္တဟူ၍ ကြည့်မြင်၏။ (ဝါ-ကြည့်ရှု၏) ရုပ်ရှိသောအတ္တဟူ၍ ကြည့်မြင်၏။ အတ္တ၌ ရုပ်ဟူ၍ကြည့်မြင်၏။ ရုပ်၌ အတ္တဟူ၍ ကြည့်မြင်၏။ (ဤတွင် ရုပ်၌ အတ္တစွဲပုံ ၄-မျိုး)၊

(ဤနည်းအတိုင်း) ဝေဒနာကို၊ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အတ္တဟူ၍ ကြည့်မြင်၏။ ဝိညာဏ်ရှိသောအတ္တဟူ၍ ကြည့်မြင်၏။ အတ္တ၌ဝိညာဏ်ဟူ၍ ကြည့်မြင်၏။ ဝိညာဏ်၌ အတ္တဟူ၍ ကြည့်မြင်၏။ (ဝါ ကြည့်ရှု၏)။ အို-ရဟန်း ဤသို့လျှင် သက္ကာယဒိဋ္ဌိ (၂၀) သည် ဖြစ်၏ဟု မိန့်တော်မူ၏။ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ခဇ္ဇနီယဂ်နောက်ဆုံးသုတ်)။ ။သက္ကာယဒိဋ္ဌိ(၂၀)ငြိနေသမျှကာလပတ်လုံး(ဝါ)ဗုဒ္ဓ မြတ်စွာ ညွှန်ပြတော်မူသော အနတ္တသဘာဝဓမ္မကိုသဘောမပေါက်ပါက မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်။

စာမျက်နှာ ၆၉ အောက်ဆုံးစာကြောင်းများတွင် ဖော်ပြထားသည့်အတိုင်း ဝိပဿနာဘာဝနာပွားများရေးတွင် ပဉ္စသမ္ဘိဒါမဂ် ပါဠိတော်၌ ဓမ္မဋ္ဌိတိဉာဏ်ကို လေ့ကျင့်ရန် ညွှန်ပြတော်မူ၏။ ထိုဉာဏ်ကိုပင် ယထာဘူတဉာဏ် ဟူ၍ရင်း၊ သမ္မာဒဿနဉာဏ် ဟူ၍ရင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟူ၍ရင်း ခေါ်ဆိုရ၏။ ထိုဓမ္မဋ္ဌိတိဉာဏ်ကို လေ့ကျင့်ရန် ညွှန်ပြတော်မူပြီးသည့် နောက်မှ သမ္မသနဉာဏ် သို့တက်ရန် ထိုနောက်မှ ဥဒယဗ္ဗယဉာဏ်သို့တက်ရန် ညွှန်ပြတော်မူလေသည်။

ဝိသုဒ္ဓိမဂ်တွင်လည်း အတ္တနှင့်အနတ္တကွဲစေရန် ဒိဋ္ဌိဝိသုဒ္ဓိခဏ်း ကို ရှည်လျားစွာရှင်းလင်းဖော်ပြထား၏။ ထိုနောက် ကင်္ခါဝိတရဏဝိသုဒ္ဓိခဏ်းကို တဖန် အတ္တနှင့်အနတ္တကွဲရန် ရှည်လျားကျယ်ပြန့်စွာ ရှင်းလင်းဖော်ပြပြန်၏၊ ထို့နောက်မှ သမ္မသနဉာဏ်.ထို့နောက်မှ ဥဒယဗ္ဗယဉာဏ်သို့တက်ရန် ဖော်ပြတော်မူ၏။ (သုတမယဉာဏ်အားဖြင့် အနတ္တသဘာဝဓမ္မကို ရှင်းလင်းစွာ သိရှိထားနိုင်ရန် ဝိသုဒ္ဓိမဂ်၌လာရှိသော ဒိဋ္ဌိဝိသုဒ္ဓိခဏ်းနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိခဏ်းကို တိကျစွာ လေ့လာထားကြရန် အထူးတိုက်တွန်းပါ၏)။

သိတာကနာမ် မသိတာကချုပ် ဆိုရုံမျှနှင့် သဘာဝဓမ္မသို့ မထိ၊ ပရမတ်သို့ မဆိုက်၊ အနောက်နိုင်ငံ လောကဓာတ်ဆရာများ၊ စိတ်ပညာဆိုင်ရာပုဂ္ဂိုလ်တို့သည် ထိုအသိမျိုးကို ကောင်းစွာသိကြကုန်၏။ ထိုအသိမျိုးကို အလိုမရှိ။

ဗုဒ္ဓမြတ်စွာပွင့်တော်မမူခင်ကပင် အချို့သောရသေ့ကြီးများသည် ရုပ်ရှိခြင်းသည်မကောင်း ပင်ပန်းဆင်းရဲ၏၊ ရုပ်မရှိက ကောင်းလေစွဟူသော အယူဝါဒဖြင့်ကျင့်ကြရာ ရုပ်မရှိသော အရူပလေးဘုံသို့ ရောက်ရှိသွားကြကုန်၏။ အချို့တို့ကား ရုပ်သည်အပြစ်မရှိ၊ စိတ်ဆန်းကြယ်မှုကြောင့်သာ စိတ်အလို လိုက်လုပ်နေရခြင်းကြောင့်သာ ပင်ပန်းဆင်းရဲခြင်းဖြစ်၏။ ထို့ကြောင့် စိတ်မရှိက ကောင်းလေစွဟူသော အယူဝါဒဖြင့် ကျင့်ကြရာ နာမ်မရှိသော အသညသတ်ပြဟ္မာ့ဘုံသို့ ရောက်ရှိသွားကြကုန်၏။ ၎င်းတို့သည် ရုပ်နှင့်နာမ်ကို သိကြကုန်၏။

ယခုခေတ်ပေါ် လောကဓာတ်ဆရာများ၊စိတ်ပညာဆိုင်ရာပုဂ္ဂိုလ်များကို မဆိုထားဘိ ဈာန်ရသော ရသေ့ကြီးတို့သည်ပင်လျှင် ရုပ်နှင့် နာမ်ကို သိကြကုန်သော်လည်း အတ္တနှင့် အနတ္တ မကွဲရှာကြချေ။ ထို့ကြောင့် လောကဓာတ်ဆရာများ၊ စိတ်ပညာဆရာများ၊ ဈာန်ရသောရသေ့ကြီးများ၏ အသိမျိုးကို အလိုမရှိအပ်။ သဘာဝဓမ္မဖြစ်၍ ပရမတ် ဆိုက်သော ဗုဒ္ဓမြတ်စွာ အလိုတော်ကျ ဖြစ်သော အသိမျိုးကိုသာလျှင် အလိုရှိအပ်လေသည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော အကြောင်းခြင်းရာတို့ကြောင့် ဝိပဿနာဘာဝနာကို တိကျမှန်ကန်စွာ ကြိုးစားအားထုတ်လိုသော သူမြတ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို တားဆီးပိတ်ပင်တတ်သော မဂ္ဂါဝရဏမှ လွတ်ကင်းဝေးလျက်သုတမယဉာဏ်အားဖြင့် အတ္တနှင့်အနတ္တကွဲစေရန်(ဝါ)အတ္တမဟုတ်၊အတ္တမရှိ၊သဘာဝဓမ္မ အနတ္တမျှသာဖြစ်ခြင်းကို တိကျမှန်ကန်စွာ သင်ကြားပြသပေးနိုင်သော ဆရာကောင်းထံတွင် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ(ဝါ)နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ်တို့ကို ကြေညက်စွာ သင်ယူပြီးမှသာလျှင် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်များသို့ တက်ရောက်လေ့ကျင့် ပွားများအားထုတ်ရပေမည်။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သိကြားမင်းသည် ဗုဒ္ဓမြတ်စွာအား အသျှင်ဘုရား ဒါနတို့တွင် အဘယ်ဒါနသည် အလှူ့အကဲဆုံး (ဝါ) အကောင်းဆုံးပါနည်း ဘုရားဟု မေးလျှောက်ရာ တရားတည်းဟူသော အလှူသည် ခပ်သိမ်းသော အလှူကို အောင်နိုင်၏ဟု ဟောတော်မူ၏။ (ဓမ္မပဒ ပါဠိတော် တဏှာဝဂ်)။

## အမတန္ဒဒေါ စ သော ဟောတိ၊
## ယော ဓမ္မ မနုသာသတီတိ။

အကြင်သူသည် ဝဋ်မှ လွတ်ကင်းရာဖြစ်သော တရားတော်လေ့ကျင့်နည်းကို (အနုသာသနီနည်း) မတတ်သည်ကို တတ်အောင် အမျိုးမျိုးသောနည်းတို့ဖြင့် သင်ပြပေးခြင်းသည် နိဗ္ဗာန်မြတ်ကို လှူသည်မည်၏။ (သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိတော် စာမျက်နှာ ၂၉၊ မြန်မာပြန် ၂၉)။

## အနုသာသနီနည်း

သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌ တရားဟောပြောပြသရာတွင် သူတပါးပါလာအောင် တန်ခိုးပြကာ ဟောပြောသော ဣဒ္ဓိပါဋိဟာရိယနည်း၊ တရားနာကြားသင်ယူသူ၏ စိတ်အကြံကို မိမိသိရှိသည် အတိုင်းမှန်ကန်စွာ ပြောဆိုသော အာဒေသနာပါဋိဟာရိယနည်း၊ ဤနည်းမျိုးကို ငါဘုရားခွင့်ပြုတော်မမူ။ သူတပါးမသိမနားလည်သည်ကို သိရှိနားလည်စေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ဟောပြောသင်ပြပေးသော အနုသာသနီပါဋိဟာရိယနည်း ကိုသာလျှင် ငါဘုရားခွင့်ပြုတော်မူ၏ဟု ဟောတော်မူခဲ့လေသည်။

### မဟာပဒေသတရား လေးပါး
### ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာရမည်
### (အတိုချုပ်)

၁။ ငါသည် ဤတရားတော်ကို သျှင်တော်ဘုရားထံမှ ကြားနာသင်ယူခဲ့ရ၏။
၂။ ငါသည် ဤတရားတော်ကို သံဃာတော်မြတ်များထံမှ ကြားနာသင်ယူခဲ့ရ၏။
၃။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော ဆရာတော်ကြီးများထံမှ ကြားနာသင်ယူခဲ့ရ၏။
၄။ ငါသည် ဤတရားတော်ကို အကြားအမြင်များလျက် နှုတ်ငုံဆောင်သော ဆရာတော်ကြီးတပါးထံမှ ကြားနာသင်ယူခဲ့ရ၏။

ဤသို့ဆိုကာ ပြောဟောငြားသော်လည်း လွယ်ကူစွာလက်ခံခြင်း၊ ပယ်ခြင်းကိုမပြုရ။ ငါဘုရားဟောတော်မူအပ်သော ထိုထိုသောပါဠိတော်ဒေသနာအရပ်ရပ်တို့နှင့် ကိုက်မကိုက်ညှိနှိုင်းရမည်။ အကယ်၍တိကျမှန်ကန်စွာ ကိုက်ညီသော် လက်ခံရာ၏။ မကိုက်ညီသော် ပယ်အပ်၏ဟု ဗုဒ္ဓမြတ်စွာသည် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင်၎င်း၊ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် သဉ္စေတနိယဝဂ် နောက်ဆုံးတွင်၎င်း ဟောတော်မူခဲ့၏။

ထို့ကြောင့် ကျွန်တော်ပြောဟောသည်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ် တဦးတယောက်ကပြောဟောသည်ဖြစ်စေ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီသော် ရဲရင့်ပြတ်သားစွာ ပယ်ဖျက်အပ်လေသည်။ ။ဤကား ဗုဒ္ဓမြတ်စွာ၏ အမိန့်တော်မြတ်ပေတည်း။

ဓမ္မဝိဟာရီ ပုဂ္ဂိုလ်နှင့် နောဓမ္မဝိဟာရီပုဂ္ဂိုလ်။
ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် ကာမဂုဏ်စစ်ပွဲနှင့် ရင်ဆိုင်
တွေ့ကြရာ နောဓမ္မ ဝိဟာရီ ပုဂ္ဂိုလ်သည် စစ်ပွဲ၌
ကျဆုံး၍ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်သာလျှင် စစ်ပွဲ
အောင်မြင်ရခြင်း........(စာမျက်နှာ ၁၀ ဖတ်ရန်)

**ဧကာသနံ ဧကသေယျံ၊ ဧကော စရ မတန္ဒိတော။**
**ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။**

တယောက်တည်းနေခြင်းကို၎င်း(ဝါ)တယောက်တည်းစားခြင်းကို၎င်း၊တယောက်တည်းအိပ်ခြင်းကို၎င်း ပြုရာ၏။ တယောက်တည်း မပျင်းမရိသည်ဖြစ်၍ ကျင့်လော့၊ တယောက်တည်းမိမိကိုယ်ကို ဆုံးမသည်ဖြစ်၍ တောအုပ်၌ မွေ့လျော်သည်ဖြစ်ရာ၏။ (ဓမ္မပဒပါဠိတော် ပကိဏ္ဏကဝဂ်)

**တံ ပဿတော ရူပါ ရူပတော**
**ဥဒ္ဓံ အညံ သတ္တံ နာမ န ပဿတိ။**

ထိုရုပ်နာမ်ကို အဖန်တလဲလဲရှုသော ယောဂီသည် ရုပ်နာမ်ထက်အလွန် အခြားတပါးသောသတ္တဝါမည်သည်ကိုမမြင်။ (ဝိသုဒ္ဓိမဂ်,မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခဏ်း)။

ဝိပဿနာ ဘာဝနာကို လွယ်ကူပိုင်နိုင်စွာပွားများလိုလျှင် ဝိသုဒ္ဓိမဂ်၌လာရှိသော ဒိဋ္ဌိဝိသုဒ္ဓိခဏ်းနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခဏ်းကို ရှေးဦးစွာ တတ်ကျွမ်းနားလည်သော ဆရာကောင်းထံတွင် ကျနစွာ သင်ယူအဖသား ရပေမည်။ ထိုနှစ်ခဏ်းမှာ များပြားသည်မဟုတ်ချေ။ ထို့နောက် မိမိကိုယ်တိုင် အကြိမ်ကြိမ်မှတ်နှံဖန် ဖတ်ရှုလေ့လာ လိုက်နာ လေ့ကျင့်ထားရပေမည်။

ယင်းသို့ ထိုအခဏ်းနှစ်ခဏ်းကို ကြေပွန်စွာ နားလည်လေ့ကျင့်ထားပါက မိမိနှင့်တကွ ၃၁-ဘုံ၌ ရှိရှိသမျှ သတ္တဝါဟူသမျှတို့သည် သမ္မုတိသစ္စာပညတ်မျှသာဖြစ်၍ သဘာဝဓမ္မအားဖြင့်(ဝါ)ပရမတ္ထသစ္စာအားဖြင့် လူမရှိ၊ နတ်မရှိ၊ မိန်းမ,ယောကျ်ား စသည် သတ္တဝါဟူ၍မရှိ။ အသက်လိပ်ပြာဟူ၍မရှိ၊ သက်သက်သော ရုပ်နှင့်နာမ်သဘာဝဓမ္မမျှသာရှိကြောင်းကို ပညာမျက်စိတွင် ထင်မြင်စွဲမြဲလာပေတော့၏။

ထိုအခါတွင် ရုပ်နာမ်နှစ်ပါးကို(ဝါ)ခန္ဓာငါးပါးကိုအနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ လက္ခဏာရေးသုံးပါးတင်ရှုပွားများပါကအလွန်အကျိုးအထူးလွယ်ကူလှပေ၏။ထို့ကြောင့်ထိုဒိဋ္ဌိဝိသုဒ္ဓိခဏ်းနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိခဏ်းတို့ကို ရှေ့ဦးပဌမ ပိုင်နိုင်ကြေပွန်စွာလေ့ကျင့်ပေးရန် အထူးတိုက်တွန်းပါ၏။

ယော ဂါဝေ ဇာယတေ ဘူရိ
အယောဂါ ဘူရိ သင်္ခယော။

ပိဋကတ်သုံးပုံကိုဆောင်လျက် ရဟန်းငါးရာတို့အား စာပေ သင်ကြားပို့ချပေးနေသော ပေါဋ္ဌိလ မထေရ်မြတ်သည် သျှင်တော်ဘုရားအား ဖူးမျှော်ကန်တော့ရာဝယ် သျှင်တော်ဘုရားက တုစ္ဆပေါဋ္ဌိလ,တုစ္ဆပေါဋ္ဌိလ၊ အချည်းနှီးဖြစ်သော ပေါဋ္ဌိလ အချည်းအနှီးဖြစ်သော ပေါဋ္ဌိလဟု ခေါ်ဆိုတော်မူ၏။

ဆိုလိုရင်းကား–အချည်းအနှီးဖြစ်သော ပေါဋ္ဌိလ စာတတ်ကာ စာပေသင်ကြားပို့ချပေးနေရုံမျှဖြင့် ကိစ္စမပြီး၊ဝိပဿနာဘာဝနာကိုပွားများအား ထုတ်ရမည်ဟု ညွှန်ကြားတော်မူခြင်း ဖြစ်၏။

ပါဠိတော်၏အဓိပ္ပာယ်မှာ-စင်စစ်သော်ကား လုံ့လပြုခြင်းကြောင့် ပညာသည် တိုးတက်ပွားများ၏။ လုံ့လမပြုမှုကြောင့်ပညာ၏ဆုတ်ယုတ်ကုန်ခန်းခြင်းသည်ဖြစ်၏ဟုဓမ္မပဒပါဠိတော်မဂ္ဂဝဂ်၌ ဟောတော်မူ၏။

န တာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟု ဘာသတိ၊
ယော စ အပ္ပမ္ပိ သုတွာန၊ ဓမ္မံ ကာယေန ပဿတိ။
သဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နပ္ပမဇ္ဇတိ။
(ဓမ္မပဒပါဠိတော် ဓမ္မဋ္ဌဝဂ်)။

တခါ၌ အကြောင်းဖြစ်ပုံသော်ကား ပိဋကတ်သုံးပုံဆောင် ရဟန်းနှစ်ပါးသည် တောအုပ်တခုတွင် ကြာမြင့်စွာ တရားဟောကြသော်လည်း နတ်တို့သည် သာဓုမခေါ်ကြကုန်။ တရားအားထုတ်လျက်ရှိသော ကေဒါနမထေမြတ်သည် တခုသော ဥဒါန်းဂါထာကိုဟောရာတွင် နတ်တို့သည် သာဓုခေါ်ကြကုန်၏။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းသည် အဘယ်ပါနည်းဘုရားဟု လျှောက်ထားကြရာ သျှင်တော်ဘုရားက အိုရဟန်းတို့ များစွာသင်ယူခြင်း များစွာဟောပြောခြင်းတို့ဖြင့်“ဓမ္မဓရ”ဟူ၍ငါဘုရားဟောတော်မမူ။ အကြင်ရဟန်းသည် တခုသောဂါထာကိုသင်ယူလျက် လေ့ကျင့်ပွားများ အားထုတ်၏။ ထိုရဟန်းသည်သာလျှင် “ဓမ္မဓရ” မည်၏ဟုမိန့်ဟတော်မူလျက် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူ၏။

ယာဝတာ-အကြင်မျှလောက်သော အကြောင်းဖြင့်၊ ဗဟု-များစွာ၊ ဘာသတိ-ပြောဟောတတ်၏။ တာဝတာ-ထိုသို့ ပြောဟောတတ်ကာမျှဖြင့်၊ ဓမ္မဓရော-တရား'ကို ဆောင်တတ်သောသူ မည်သည်၊ နဟောတိ-မဖြစ်။ ယောစ-အကြင် ပုဂ္ဂိုလ်သည်လည်း၊ အပ္ပမ္ပိ-အနည်းငယ်လည်းဖြစ်သော၊ ဓမ္မံ-တရားကို သုတွာန-ကြားနာပြီး၍၊ ကာယေန-နာမကာယဖြင့်၊ပဿတိ-မြင်၏။ ယောစပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်လည်း၊ ဓမ္မံ-ဘရားကို၊ နပ္ပမဇ္ဇတိ-မမေ့မလျော့။ သသောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ဝေ-စင်စစ်၊ဓမ္မဓရော-ဓမ္မဓရ မည်သည်ဖြစ်၏ဟု ဟောတော်မူလေသည်။

ဤဒေသနာတော်အရ စာပေပရိယတ္တိတတ်သိလျက်တရားဟောတတ်ကာမျှဖြင့် တရားဟောရာတွင် အဓိပ္ပာယ်မထိရောက်၊ မစူးရှ၊ မလေးနက်၊ နတ်တို့သာဓုမခေါ်။ သိရှိပြီးသော ဒေသနာတော်အရင်ရပ်နှင့်

ကိုက်ညီအောင် အခါမပြတ် ဘာဝနာမြတ်တရားကို ပွားများအားထုတ်လျက် ဒေသနာတော်မြတ်အရပ်ရပ်နှင့်ကိုက်ညီသော မိမိသိမြင်ချက်များကို ဟောပြောပြသသင်ကြားပေးခြင်းကိုသာလျှင် ဗုဒ္ဓမြတ်စွာ အလိုရှိတော်မူသည်ကို ထင်ရှားစွာသိအပ်လေပြီ။

ထို့ကြောင့် တရားဟောပြောသင်ပြပေးသောပုဂ္ဂိုလ်သည်၎င်း၊ ဝိပဿနာ ဘာဝနာ ပွားများနည်းကို ကျမ်းပြုရေးသားသော ပုဂ္ဂိုလ်သည်၎င်း၊ မိမိတို့ ဟောပြော သင်ပြရေးသားချက်တို့ လေးနက်စေရန်၊ ထိရောက်စေရန်၊ စူးရှစေရန်၊ နတ်တို့ သာဓုခေါ်နိုင်စေရန် မိမိကိုယ်တိုင်က ပါဠိတော်အရပ်ရပ်နှင့်ကိုက်ညီသော ဝိပဿနာ ဘာဝနာပွားများနည်းကို ရှေးဦးစွာ ပွားများအားထုတ်ခဲ့ပြီးလျက်(ယခုလည်းအားထုတ်နေလျက်) ဟောပြော ပြသရေးသားခြင်းကို ပြုအပ်လေသည်။

**သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ**
**အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ**
**ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။**

(သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်)။

ဤမဟာသတိပဋ္ဌာနသုတ်တော်တွင် ကမ္မဋ္ဌာန်းဘာဝနာပွားများနည်းကို ၂၁-ခဏ်းတို့ဖြင့် ညွှန်ပြတော်မူ၏။ ထိုတွင် လိုရင်းကို အတိုချုပ်ဂ.ာ ကောက်နုတ်သော်–

စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကို လွန်မြောက်လိုသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်၊

ကိုယ်၏ဆင်းရဲခြင်း၊စိတ်၏မချမ်းမသာ ဖြစ်ရခြင်းတို့ကို ချုပ်ငြိမ်းစေလိုသော် ကမ္မဋ္ဌာန်းဘာဝနာကိုပွားများရမည်။

ဉာဏ်ပညာ အထွဋ်အထိပ်အခေါင်အဖျားကို အလိုရှိသော် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများရမည်၊

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိ ရရှိလိုသော် ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများရမည်ဟု သျှင်တော်ဘုရား ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ ဆင်းရဲခြင်းအပေါင်းတို့မှ လွန်မြောက်လိုသူအပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများပေးရပေမည်။ ။တနေ့တခြား ဉာဏ်ပညာ တိုးတက်ရင့်သန်လိုသူအပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများပေးရပေမည်။ ။မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်လိုရရှိလိုသူအပေါင်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာကို ပွားများပေးရပေမည်။

မဟာသတိပဋ္ဌာန်တွင် ညွှန်ပြတော်မူသည့်အတိုင်း အချိန်အခါ နေရာမရွေး စားရင်းသောက်ရင်း သွားရင်းလာရင်း နေရင်းထိုင်ရင်း ဝိပဿနာဘာဝနာ ပွားများမှုနှင့် ယှဉ်သော စားခြင်း သောက်ခြင်း သွားခြင်း လာခြင်း နေခြင်း ထိုင်ခြင်းတို့ကို ပြုလုပ် အားထုတ်ပွားများနေရ၏။ ။ထိုသို့ ဆင်ခြင်ပွားများနေသောအချိန်သည် အဝိဇ္ဇာနှင့်တဏှာ ကင်းကွာလျက်ရှိ၏။

ဝါ-တနည်းကား ယင်းသို့ စားရင်းသောက်ရင်း သွားရင်းလာရင်း စသည်တို့၌ အချိန်အခါနေရာမရွေး ဝိပဿနာဘာဝနာနှင့်ယှဉ်ကာ ဆင်ခြင်ပွားများ အားထုတ်လျက်နေသည်ရှိသော် ထိုဆင်ခြင်ပွားများသော တခဏခဏ အချိန်တိုင်းအချိန်တိုင်း၌ ကိုယ်၏ ဆင်းရဲမှု၊ စိတ်၏ ဆင်းရဲမှုတို့ကို ထိုက်သည့်အားလျော်စွာ ကျော်လွန်လျက်ရှိနေ၏။ ။ထိုက်သည့်အားလျော်စွာ ဉာဏ်ပညာကို တိုးတက် ရင့်သန်စေလျက်ရှိနေ၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ထိုက်သည့်အားလျော်စွာ တိုးတက်နီးကပ်လာစေလျက် ရှိ၏။ ။ဤသည်ကား မြေကြီးလက်ခတ် မလွဲသော သဘာဝမှုကြီးပေတည်း။

အာယုနာပိ ဝဍ္ဎိဿထ။ ဝဏ္ဏေနပိ ဝဍ္ဎိဿထ၊
သုခေနပိ ဝဍ္ဎိဿထ။ ဘောဂေနပိ ဝဍ္ဎိဿထ။
ဗလေနပိ ဝဍ္ဎိဿထ။ (သုတ်ပါထေယျပါဠိတော် စက္ကဝတ္တိသုတ်)။

ဤဒေသနာတော်တွင်အလွန်ရှည်လျားစွာသောသည်တို့မှ ယောဂီသူမြတ်နှင့်ဆိုင်သည်ကို အတိုချုံး၍ ဖော်ပြပေအံ့။ ။အို-ရဟန်းတို့ တရားကိုသာလျှင် မှီခိုအားထားကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတို့၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို မလျော့သော လုံ့လတို့ဖြင့် ဆင်ခြင်ပွားများအားထုတ်ကာ နေကြကုန်လော့။ ။ယင်းသို့ ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်နေသည်ရှိသော်–

အာယုနာပိ-အသက်အားဖြင့်လည်း တိုးပွားကြရကုန်လတံ့။ ။ဝဏ္ဏေနပိ-အဆင်းအားဖြင့်လည်း တိုးပွားရကုန်လတံ့။ ။သုခေနပိ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်လည်း တိုးပွားကြရကုန်လတံ့။ ။ဘောဂေနပိ-စည်းစိမ်ဥစ္စာ အဖြာဖြာတို့ဖြင့်လည်း တိုးပွားကြရကုန်လတံ့။ ။ဗလေနပိ-ကိုယ်အား ဉာဏ်အားတို့ဖြင့်လည်း တိုးပွားကြရကုန်လတံ့ဟူ၍ သျှင်တော်ဘုရား ဟောကြားတော်မူလေသည်။

ထိုကြောင့် လောကီရေးတွင် တိုးတက်ကြီးပွားလိုသောပုဂ္ဂိုလ်သည်ရင်း၊ လောကုတ္တရာရေးတွင် တိုးတက်ကြီးပွားလိုသော ပုဂ္ဂိုလ်သည်ရင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသောအရေးတို့ကို တိုးတက်ကြီးပွားလိုသောပုဂ္ဂိုလ်သည်ရင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ဆင်ခြင်ပွားများရေးကို မလျော့သောလုံ့လ၊ မမေ့သော သတိဖြင့် ပွားများအားထုတ်သည်ရှိသော် မုချတိုးတက်ကြီးပွားကြရကုန်လတံ့။ ။အကြောင်းသော်ကား- သျှင်တော်ဘုရား ညွှန်ကြားပြသတော်မူသော နည်းဖြစ်ခြင်းကြောင့်တည်း။

မိမိ အလိုရှိသည်တို့ကို ပြည့်စုံ စေလိုလျှင်။
မိမိ အကျိုး သူတပါးအကျိုး ရှိစေလိုလျှင်။

မူလပဏ္ဏာသပါဠိတော်အာကင်္ခေယျသုတ်၌ ရှည်လျားစွာ ဟောတော်မူသည်တို့ အနက်ဤဘွင်အလိုရှိအပ်သော အတိုချုပ်ကိုဖော်ပြပေအံ့၊

သတင်းသုံးဖော်တို့၏ ချစ်ခင်မြတ်နိုးကြည်ညိုလေးစားခြင်းကို (အာကင်္ခတိ-အလိုရှိ၏)အလိုရှိသော် သီလနှင့်ပြည့်စုံသော ဝိပဿနာဘာဝနာကို ပွားများရာ၏။

ကျောင်း, ဆွမ်း, သင်္ကန်း, အိပ်ရာ, နေရာ စသော အထောက်အပံ့ စသည်တို့ကို ပြည့်စုံစေလိုသော် သီလနှင့်ပြည့်စုံသော ဝိပဿနာဘာဝနာကို ပွားများရာ၏။

ကျောင်း,ဆွမ်း,သင်္ကန်း,အိပ်ရာ,နေရာစသော အထောက်အပံ့စသည်တို့ကို ကူညီထောက်ပံ့လှူဒါန်းကြသော ပုဂ္ဂိုလ်တို့၏ ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုအဘွက် ထိုပုဂ္ဂိုလ်အသီးသီးတို့၌ ကြီးစွာသော အကျိုးကျေးဇူးတို့ကို ပြန်လည်ရရှိစေလိုသော် သီလနှင့်ပြည့်စုံသော ဝိပဿနာဘာဝနာကို ပွားများရာ၏။

ထိုဒေသနာတော်တွင် ဤမျှသာမက သီလနှင့်ပြည့်စုံသော ဝိပဿနာဘာဝနာကိုပွားများအားထုတ်ခြင်းကြောင့် မိမိအတွက်ရော၊ သူတပါးအဘွက်ပါ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူး ပြည့်စုံနိုင်ခြင်းကို ထင်ရှားစွာ ဟောတော်မူခဲ့လေသည်၊

ထိုကြောင့် မိမိအလိုရှိသည်တို့ကိုပြည့်စုံစေနိုင်ရန်၊ သူတပါးအလိုရှိသည် တို့ကိုလည်း ပြည့်စုံစေနိုင်ရန် သီလနှင့်ပြည့်စုံသော ဝိပဿနာဘာဝနာကို ပွားများအားထုတ်တော်မူကြရန် အထူးတိုက်တွန်းပါ၏။

ဓမ္မ ဝိဟာရီ ဓမ္မ ဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝ
ဝတာနုခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတီတိ၊

တရားနှင့် နေလေ့ရှိသူ တရားနှင့်နေလေ့ရှိသူ ဟူ၍ ခေါ်ဆိုအပ်ပါ၏။ အဘယ်မျှလောက်သော အားဖြင့် ရဟန်းသည်တရားနှင့်နေလေ့ရှိသူဖြစ်ပါသနည်း အသျှင်ဘုရား။(အင်္ဂုတ္တိုရ်ပါဠိတော်ပဉ္စကနိပါတ်ယောဓာဇီဝဝဂ်၌ လာသည်တို့ကို အတိုချုပ်ဖော်ပြပေအံ့)။

၁-အကြင်သူသည် စာပေ ပရိယတ္တိကို သင်ယူ လေ့ကျက်၏။ ဘာဝနာ ကမ္မဋ္ဌာန်း တရားကိုကား အားမထုတ်၊ ထိုသူကို ပရိယတ္တိဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

၂-အကြင်သူသည် စာပေ ပရိယတ္တိကို သင်ယူလေ့ကျင့်၏။ ဟောပြော၏၊ ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်။ ထိုသူကို ပညတ္တိ ဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

၃-အကြင်သူသည် စာပေပရိယတ္တိကို သင်ယူလေ့ကျက်၏။ရွတ်အံသရဇ္ဈာယ်ကာနေ၏။ ။ဘာဝနာကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်၊ ထိုသူကို သဇ္ဈာယဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟုခေါ်ဆိုအပ်၏။

၄-အကြင်သူသည် စာပေ ပရိယတ္တိကို သင်ယူလေ့ကျက်၏၊ စိတ်ကူး၏၊ ကြံ၏၊ သုံးသပ်၏၊ ဘာဝနာ ကမ္မဋ္ဌာန်းတရားကိုကား အားမထုတ်၊ ထိုသူကို ဝိတက္ကဗဟုလော နောဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏။

၅-အကြင်သူသည် စာပေ ပရိယတ္တိကို သင်ယူလေ့ကျင့်၏။ သင်ယူပြီးသောနည်းအတိုင်း ဘာဝနာကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကာနေ၏။ ထိုသူကို ဓမ္မဝိဟာရီပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်၏ဟု ဟောတော်မူ၏။

ထိုယောဓာဇီဝဝဂ်၌ပင် ဆက်စပ်လာရှိသည့်အဘိုချုပ်သဘောကိုဖော်ပြဦးအံ့။ ။စာပေကျမ်းဂန်ကို သင်ယူပြီးနောက် တတ်ရှိသော ဗဟုသုတကို အကောင်းဆုံးအကျိုးပြန်လည်ရရှိအောင်အသုံးမပြု။ဘာဝနာကမ္မဋ္ဌာန်းကို အားမထုတ်သောရဟန်းတို့သည်ကာမဂုဏ်စစ်ပွဲ၌ကျဆုံးကြရ၍တတ်ရှိထားသောဗဟုသုတဖြင့် ဘာဝနာ ကမ္မဋ္ဌာန်းကို အားထုတ်ထားသော ရဟန်းမှာ ကာမဂုဏ်စစ်ပွဲတွင် လွယ်ကူစွာ အောင်မြင်၏ဟု ဟောကြားတော်မူခဲ့လေသည်။

၁-ဤသည် ဤမြို့တွင် လှပတင့်တယ် ရှုချင်စဖွယ်ရှိသော သတို့သမီး တဦးသည် ရှိ၏ဟု သူတပါး ပြောဆိုသံကို ကြားရရုံမျှဖြင့် ရဟန်းသည်လူထွက်၏။

၂-လှပတင့်တယ်သော ပုံပန်းသဏ္ဌာန်နှင့် ပြည့်စုံသော သတို့သမီး တဦးကို မြင်ရရုံမျှနှင့် ရဟန်းသည် လူထွက်၏။

၃-သတို့သမီးတဦး၏ ပြုံးရယ်ပြသသော အမူအရာကို မြင်ရခြင်း၊ မြှောက်ပင့် ပြောဆိုသံကို ကြားရခြင်းမျှဖြင့် ရဟန်းသည် လူထွက်၏။

၄-သတို့သမီးတဦးသည် အနီးတွင် ကပ်၍ထိုင်၏၊ အနီးတွင်ကပ်၍ အိပ်၏၊ ဤသည်ဖြင့် ရဟန်းသည် လူထွက်၏။ ယင်းသို့ ကာမဂုဏ်စစ်ပွဲတွင် ကျဆုံးရခြင်းအကြောင်းရင်းမှာ စာပေကျမ်းဂန်၌ ရရှိထားသော ပညာရပ်ဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ထားခြင်း မရှိမှုကြောင့် ဖြစ်ရလေသည်။

၅-သတို့သမီးတဦးသည် အနီးတွင် ကပ်၍ထိုင်၏၊ အနီးတွင် ကပ်၍ အိပ်၏၊ ထိုသောအခါ ရဟန်းသည် သတို့သမီးနှင့်ဝေးရာသို့ သွားရောက်ကာ ဘာဝနာကမ္မဋ္ဌာန်းကိုပွားများအားထုတ်၏၊လူကားမထွက်။

ဤသို့ကာမဂုဏ်စစ်ပွဲတွင်နိုင်နင်းရခြင်း အကြောင်းရင်းမှာ ရရှိထားသောနည်းလမ်းတို့ဖြင့်ဘာဝနာကမ္မဋ္ဌာန်းကို ရှေးဦးစွာက ကြိုတင် ပွားများအားထုတ်ထားမှုတို့ကြောင့် ဖြစ်ရလေသည်။ ။ဤကား အတို

ဒ်ုပ်သဘောမျှသာတည်း။ ထို့ကြောင့် ဒေသနာတော်မြတ်၏ အရသာကို အပြည့်အစုံခံစားနိုင်ရန် ကျမ်းရင်းကို ဖတ်ရှုတော်မူကြပါရန် အထူးတိုက်တွန်းပါ၏။

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျ မတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

အကြွင်းသူရဲကောင်းသည် စစ်မြေပြင်၌ ဆယ်သိန်းရှိသော လူတို့ကို အောင်နိုင်စွမ်း၏။ (ထိုမှတပါး) အကြွင်းသူသည် မိမိကိုယ်တွင်း ကိလေသာကို တကြိမ်တခါ အောင်စွမ်းနိုင်၏။ ထိုသူနှစ်ဦးတို့တွင် မိမိကိုယ်တွင်း ကိလေသာကို တကြိမ်တခါနိုင်နင်းပေဘတ်သောသူသည်သာလျှင် စင်စစ် အောင်နိုင်သူတကာတို့ထက် မြတ်သော ယောကျ်ားမြတ်မည်၏ဟု ဓမ္မပဒပါဠိတော် သဟဿဝဂ်၌ဟောတော်မူ၏၊ (စာမျက်နှာ ၇၁-၌ ပဋာစာရီအမျိုးသမီးကြီးအား ဟောတော်မူသည်နှင့် တွဲဖက်ဖတ်ရှုတော်မူရန်)။

## တရားရကြရာတွင် ပုဂ္ဂိုလ်လေးမျိုး

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိသူများတွင် လေးမျိုးရှိ၏။ အကျဉ်းမျှကို နာကြားရရုံမျှဖြင့် ရောက်ရှိသောဥဃဋိတညူပုဂ္ဂိုလ်၊ အကျယ်ဖွင့်ဆိုဟောပြောသည်ကို နာကြားရပါမှ ရောက်ရှိသော ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊တရားတော်ကို နာကြားရရုံမျှဖြင့် ကိစ္စမပြီး၊ အကျင့်မြတ်ကိုပါ လိုက်နာ ကျင့်သုံး ပွားများပါမှ ရောက်ရှိသောနေယျပုဂ္ဂိုလ်၊ယင်းသို့ကျင့်ပါလျက်ပင် လာလတ္တံ့သော ဘဝတွင်မှ ရရှိမည်ဖြစ်သော ပဒပရမ ပုဂ္ဂိုလ် ဟူ၍ လေးမျိုးရှိကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ပုဂ္ဂလဝဂ် တတိယသုတ်၌၎င်း၊ပုဂ္ဂလပညတ်ပါဠိတော် စတုက္ကဥဒ္ဒေသ၌၎င်း ဟောတော်မူ၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ အစရှိသောတရားကို နာကြားရရုံမျှဖြင့် ဗာဟိယ ဒါရုစီရိယ ပရိဗိုဇ်မှာ ရဟန်းကိစ္စပြီး၏။ ထိုတရားကိုပင် အသျှင်မာလုကျပုတ္တ နာကြားရပါလျက် တရားတော်အဆုံးတွင် ရဟန်းကိစ္စမပြီး၊ ဝိပဿနာဘာဝနာကို လေ့ကျင့်ပွားများရပေသေး၏။ ဤသို့လျှင် ပုဂ္ဂိုလ်အချင်းချင်းကွာခြားပုံကို သိအပ်လေသည်။

ဤဒေသနာတော်အရ မိမိတို့သည် တရားတော်ကို နာကြားရသည်မှာ တကြမ်နှစ်ကြိမ်မက တလ နှစ်လမျှမက အကြိမ်ပေါင်းများစွာ လပေါင်းများစွာ နာကြားရသော်လည်း ဘာမျှ မဖြစ်သေးသည်ကို ထောက်သော် ငါတို့သည် ကျင့်ရမည်ဖြစ်သော နေယျပုဂ္ဂိုလ်ဟူ၍ သိရှိကြပြီးလျှင် ဝိပဿနာဘာဝနာပွားများမှုကို တတ်နိုင်သမျှ နှေးဆေးညဥ့်ပါ ပွားများကြရန် ဆရာလုပ်သူက အထူးတိုက်တွန်းပေးရပေမည်။

ဝိပဿနာ ဘာဝနာ ပွားများမှုမှာ အချိန်အပိုင်းအခြားမရှိ အားထုတ်နိုင်လျှင် အား ထုတ်နိုင် သလောက် အကျိုးရှိခြင်း ယုတ်စွအဆုံး ငါးမိနစ်ဆယ်မိနစ် အားထုတ်ပါလျှင် ထိုအတွက် အကျိုးကျေးဇူးများပုံ ဘုရားသျှင်တဆူ တဆူပွင့်တော်မူပါမှ သိရှိရသော တရားဖြစ်ခြင်းကြောင့် ဘုရားရှင်ပွင့်တော်မူသော အခါမဟုတ်သော်လည်းပြုလုပ်နိုင်သော ဒါန၊ သီလ၊ သမထတို့ထက် ဆပေါင်းများစွာ ကွာခြားအကျိုးကြီးပုံတို့ကို ဆရာလုပ်သူက အထူးရှင်းလင်းဖော်ပြပေးရပေမည်။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော။
သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။
ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။
(သုတ်မဟာ ဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၆၇၊ မြန်မာပြန် ၇၁)။

(ဆင့်မအကြိမ်)

သီလဖြင့် ထုံအပ်သော သမာဓိသည် ကြီးသောအကျိုးရှိ၏။ ကြီးသောအကျိုးဆက်ရှိ၏။ သမာဓိဖြင့် ထုံအပ်သောပညာသည် ကြီးသောအကျိုးရှိ၏။ ကြီးသော အကျိုးဆက်ရှိ၏၊ ပညာဖြင့် ထုံအပ်သော စိတ်သည် အာသဝေါတရားတို့မှ ကောင်းစွာကျွတ်လွတ်၏ဟု ဟောဘော်မူ၏။

တရားကိုလိမ်၍ ဟောလျှင်
ငရဲ၌ ကျက်ရ၏။

အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် ဥပါလိဝဂ်၌ လာရှိသည်ကို ဖော်ပြရသော် အဓမ္မ-တရားမဟုတ်သည်ကို၊ ဓမ္မောတိ-တရားဟူ၍၊ ဒီပေန္တိ-ပြကုန်၏။ ဓမ္မ-တရားဟုတ်သည်ကို၊ အဓမ္မောတိ-တရားမဟုတ်ဟူ၍၊ ဒီပေန္တိ-ပြကုန်၏။ ဤသို့အမှားမှားအယွင်းယွင်း ပြသခြင်းတို့သည်ငရဲ၌ကျက်ရသည်ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏၊ ။ထို့ကြောင့် တရားတော်ကိုဟောပြောပြသရာ၌ အမှန်တရားဖြစ်စေရန် အထူးသတိကြီးစွာ ထားအပ်လေသည်။

အနနုဝဇ္ဇ အပရိယောဂါဟေတွာ
အဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ—။

အစရှိသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် မစလဝဂ် စာမျက်နှာ ၃၉၆ ၌ လာရှိ၏။ ဘာသာပြန်။ မစိစစ် မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။ မစိစစ်မဆင်ခြင်မူ၍ ဉာဏ်ဖြင့်မသက်ဝင်မူ၍ ချီးမွမ်းထိုက်သောသူ၏ဂုဏ်ကျေးဇူးမဲ့ကိုကဲ့ရဲ့ပြောဆို၏။ မစိစစ်မဆင်ခြင်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မူ၍ ကြည်ညိုဘွယ် မရှိသော အရာ၌ ကြည်ညိုခြင်းကို ပြ၏။ မစိစစ် မဆင်ခြင်မူ၍ ဉာဏ်ဖြင့်မသက်ဝင်မူ၍ ကြည်ညိုဘွယ်ရှိသောအရာ၌ မကြည်ညိုခြင်းကိုပြ၏။ အို-ရဟန်းတို့ ဤလေးပါးကုန်သော တရားတို့နှင့် ပြည့်စုံသောသူကို ရွေ၍ဆောင်၍ ချထားဘိသကဲ့သို့၊ ဤအယူမိမိကံသည် ဆောင်၍ ငရဲချထားလေ၏ဟု ဟောတော်မူ၏။

ဤပါဠိတော်အရ ချီးမွမ်းအပ်သည်ကို မချီးမွမ်းနိုင်ဘဲ ကဲ့ရဲ့ခြင်း၊ ကဲ့ရဲ့အပ်သည်ကို မကဲ့ရဲ့နိုင်ဘဲ ချီးမွမ်းခြင်း စသည်ဖြင့် အမှားမှားအယွင်းယွင်း ပြောဆိုပြုလုပ်မိပါက မိမိ၌ အပြစ်ကြီးလေသည်ကို အထူးသတိပြုကြရပေမည်။

စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ၊
ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီအဿ။

အို-ရဟန်းတို့ မကြံစည်မကြံအပ်ကုန်သောအကြောင်းတို့သည် ဤလေးပါးတို့ပေတည်း။ ထိုမကြံစည်မကြံအပ်ကုန်သော လေးပါးသော အကြောင်းတို့ကို ကြံစည်သောသူသည် ရူးသွပ်ခြင်း၏ ဆင်းရဲပင်ပမ်းခြင်း၏ အဘို့ရှိသည် ဖြစ်ရာ၏။

၁—ဗုဒ္ဓဝိသယော .... ဘုရားရှင်တို့သာ သိအပ်သည်ကို မကြံစည်အပ်။
၂—ဈာယိဿ .... ဈာန် အဘိညာဉ် အရာကို မကြံစည်အပ်။
၃—ကမ္မဝိပါကော .... ကံ၏အကျိုးပေးပုံကို မကြံစည်အပ်။
၄—လောကစိန္တာ .... နေလ စသော လောက တည်ခြင်းကို မကြံစည်အပ်။

(အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် အပဏ္ဏကဝဂ် စာမျက်နှာ ၃၉၂)။

ယောဂီသိရမည့်
အနတ္တ သဘာဝ ဓမ္မကို အနည်းငယ်
ဖော်ပြပေအံ့။

ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ
ဝဒါမိ။ နော အဇာနတော နော အပဿတော။

အို-ရဟန်းတို့ သိသောသူအား မြင်သောသူအားသာလျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဆိုတော်မူ၏။ မသိသောသူ မမြင်သောသူအား အာသဝေါတရားတို့၏ကုန်ခြင်းကို ငါဘုရားဆိုတော်မမူ။ (အို-ရဟန်းတို့ အဘယ်ကို သိသောသူအား အဘယ်ကို မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည်ဖြစ်သနည်း)။

ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော
ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ

ဣတိ ဝေဒနာယ သမုဒယော ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာဣတိ သညာယ သမုဒယော ဣတိ သညာယ အတ္ထင်္ဂမော၊ဣတိ သင်္ခါရာ ဣတိ သင်္ခါရာနံ သမုဒယော ဣတိသင်္ခါရာနံ အတ္ထင်္ဂမော။ဣတိဝိညာဏံ ဣတိ ဝိညာဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂမောတိ။ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။ (နိဒါနဝဂ္ဂ နိဒါနသံယုတ် ဒသဗလဝဂ် ဥပနိသသုတ်)။

အောက်ပါ ဘာသာပြန်ကို ပို၍သဘောပေါက်လာစေရန် ယခုသင်ပြနေသော မဟာသတိပဋ္ဌာနသုတ် နိဿယ စာမျက်နှာ ၁၉-၁၀၄-၁၉၁ တို့နှင့်ယှဉ်တွဲဖတ်ပါ)။ ။ဤသည်ကား ရုပ်တည်း။ဤသည်ကား ရုပ်၏အကြောင်းတည်း။ ဤသည်ကား ရုပ်၏ချုပ်ရာတည်း။ ဤသည်ကား ဝေဒနာတည်း။ ဤသည်ကား ဝေဒနာ၏အကြောင်းတည်း။ ဤသည်ကား ဝေဒနာ၏ချုပ်ရာတည်း။............................။ဤသည်ကား ဝိညာဏ်တည်း။ ဤသည်ကား ဝိညာဏ်၏အကြောင်းတည်း။ ဤသည်ကား ဝိညာဏ်၏ချုပ်ရာတည်း ဟူ၍ အို-ရဟန်းတို့ ဤသို့သိသောသူအား ဤသို့မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည်ဖြစ်၏ ဟု ဟောတော်မူ၏။

ဤပါဠိတော်အရ မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိသောပုဂ္ဂိုလ်သည်ဤသည်ကားရုပ်။ ဤသည်ကား ရုပ်၏ ဖြစ်ကြောင်း။ ဤသည်ကားရုပ်၏ ချုပ်ရာ ချုပ်ကြောင်းစသည်တို့ဖြင့် ရုပ်နာမ် ၂-ပါး၊ခန္ဓာ ၅-ပါးတို့၏ သဘာဝဓမ္မ၊ ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ ဖြစ်ပေါ်လာရမှုအကြောင်းရင်း၊ ရုပ်နာမ်၂-ပါး၊ခန္ဓာ ၅-ပါးတို့၏ ချုပ်ရာ ချုပ်ကြောင်းစသည်တို့ကို တိကျမှန်ကန်စွာ သိပါမှ အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဆိုသည်ကို အထူးသိကြရပေမည်။

ထိုကြောင့်မဟာသတိပဋ္ဌာန် ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ၌ ဣတိရူပံ ဣတိရူပဿ သမုဒယော ဣတိရူပဿ အတ္ထင်္ဂမောစသည်တို့ဖြင့် ခန္ဓာငါးပါး၌ လေ့ကျင့်ဆင်ခြင်ပွားများ အားထုတ်ရမည်ဟု သျှင်တော်ဘုရားသည် တသီးတခြား ထုတ်ဖော်ညွှန်ပြထားတော်မူခြင်းဖြစ်လေသည်။

စတ္တာရောမေ ဘိက္ခဝေ သညာ ဝိပလ္လာသာ
စိတ္တ ဝိပလ္လာသာ ဒိဋ္ဌိ ဝိပလ္လာသာ.......။

ရဟန်းတို့ သညာ၏ ဖောက်ပြန်ခြင်း၊ စိတ်၏ဖောက်ပြန်ခြင်း၊ အယူ၏ ဖောက်ပြန်ခြင်းတို့သည် လေးပါးတို့ပေတည်း။

သညာဝိပလ္လာသ .... အမှတ်မှားခြင်း။
စိတ္တ ဝိပလ္လာသ .... အသိ မှားခြင်း။
ဒိဋ္ဌိ ဝိပလ္လာသ .... အယူ မှားခြင်း။

အဘယ်၌ ဖောက်ပြန်မှားယွင်းသနည်း။

| | | | |
|---|---|---|---|
| **အနိစ္စကို နိစ္စဟု** | **အမှတ်မှား၏။** | **အသိမှား၏။** | **အယူမှား၏။** |
| ဒုက္ခကို သုခဟု .... | .... ။ | .... .... ။ | .... .... ။ |
| အနတ္တကို အတ္တဟု .... | .... ။ | .... .... ။ | .... .... ။ |
| အသုဘကို သုဘဟု.... | .... ။ | .... .... ။ | .... .... ။ |

ထိုသူအား မိစ္ဆာဒိဋ္ဌိသည် လွှမ်းမိုးဖျက်ဆီးတော့၏။ (အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ရောဟိတဿဝဂ် ဝိပလ္လာသသုတ် စာမျက်နှာ ၃၆၁ မြန်မာပြန် ၃၇၅)။

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။
အနိစ္စံ ဘန္တေ။
ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။
ဒုက္ခံ ဘန္တေ။
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ
"ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာ"တိ။
နောဟေတံ ဘန္တေ။

(ဘာသာပြန်မှာ ယခုသင်ရှိနေသော အနတ္တလက္ခဏာသုတ်တွင် ပါပြီးဖြစ်၏)။

ရူပံ ဘိက္ခဝေ အနိစ္စံ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ
ဥပ္ပါဒါယ သောပိ အနိစ္စော။ အနိစ္စသမ္ဘူတံ ဘိက္ခဝေ
ရူပံ ကုတော နိစ္စံ ဘဝိဿတိ။ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ်, အနိစ္စဝဂ်)။

အို-ရဟန်းတို့၊ရုပ်သည်မမြဲသောသဘောရှိ၏။ရုပ်၏စွဲရာဖြစ်သောအကြင်အကြောင်းရင်းသည်၎င်း၊ အကြင်အထောက်အပံ့သည်၎င်းရှိ၏။ထိုအကြောင်းရင်းအထောက်အပံ့သည်လည်း မမြဲသော သဘောရှိ၏။ အိုရဟန်းတို့ မမြဲသောသဘောကို စွဲ၍ဖြစ်သောရုပ်သည်ကား အဘယ်မှာ မြဲသည်ဖြစ်ပါအံ့နည်း။ (ဤသို့လျှင် ရုပ်ကို၎င်း၊ ကျန်နာမ်ခန္ဓာလေးပါးကို၎င်း၊ ဟုတ်မှန်သော အတိုင်းသဒ္ဒလျှင် ဝိပဿနာပညာဖြင့် ဆင်ခြင်လေ့ကျင့်ပွားများပေးရမည်ဟု ပါဠိတော်တွင် ဆက်လက်ဟောတော်မူလေသည်)။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊
ယဒနတ္တာ တံ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ
ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (ခန္ဓဝဂ္ဂ ခန္ဓသံယုတ်အနိစ္စဝဂ်)။

အို-ရဟန်းတို့ ရုပ်သည်မမြဲသောသဘောရှိ၏။ အကြင်ရုပ်သည် မမြဲ၊ ထိုရုပ်သည် ဆင်းရဲသောသဘောရှိ၏။ အကြင်ရုပ်သည် ဆင်းရဲ၏၊ ထိုရုပ်သည် ကိုယ်မဟုတ် အစိုးမရသော သဘောရှိ၏။ အကြင်ရုပ်

ယည်ကိုယ်မှုဟုတ် အစိုးမရသော သဘောရှိ၏။ ထိုရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ်မဟုတ်ဟု ဤသို့ဤရှင်ကို ဟုတ်မှန်သော အတိုင်း ဝိပဿနာပညာဖြင့်ရှုအပ်၏။ (ကျန်နာမ်ခန္ဓာလေးပါးကိုလည်း ဤအတိုင်းပင် ဆင်ခြင်လေ့ကျင့်ပွားများရမည်ဟု ဤပါဠိတော်တွင် ဆက်လက် ဟောတော်မူလေသည်)။

ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရော စ မဟာဘူတာ
စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။

အိုရဟန်းတို့ ရုပ်သည် အဘယ်နည်းဟူမူကား လေးပါးကုန်သော မဟာဘုတ်တို့သည်၎င်း၊ လေးပါးကုန်သော မဟာဘုတ်တို့ကို စွဲ၍ဖြစ်သော ဥပါဒါရုပ်၎င်း၊ အိုရဟန်းတို့ ဤသဘောကို ရုပ်ဟူ၍ဆိုအပ်၏။

ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတီတိ ခေါ
ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ်ကြောင့် ရုပ်ဟူ၍ဆိုကုန်သနည်းဟူမူကား—အို-ရဟန်းတို့ ဖောက်ပြန်တတ်ခြင်းကြောင့် ရုပ်ဟူ၍ ဆိုအပ်၏။ (အထက် ပါဠိတော် ခဇ္ဇနီယဝဂ် ခဇ္ဇနီယသုတ်)။

ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတဿော စာပိ ဓာတုယော။
အဋ္ဌဓမ္မ သမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။
(ဝိသုဒ္ဓိမဂ် ပထမတွဲ သမာဓိနိဒ္ဒေသ ပါဠိစာမျက်နှာ ၃၆၁)။

အဆင်း၎င်း၊ အနံ့၎င်း၊ အရသာ၎င်း၊ ဩဇာ၎င်း၊ လေးပါးသောဓာတ်တို့၎င်း၊ ဤရှစ်ပါးသော သဘာဝ ဓမ္မအပေါင်းကိုစွဲ၍ ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် ဖြစ်၏။ ထိုရှစ်ပါးသောတရားတို့ကိုသာ လျှင် အသီးသီးခွဲစိတ်ဝေဖန်သော် ဆံပင်ဟု သမုတ်ခေါ်ဝေါ်ခြင်းသည် မရှိသည်သာတည်း။

ဤအတိုင်းပင်''ဆံပင်''ကို ဆင်ခြင်သုံးသပ်ဘိသကဲ့သို့ ခန္ဓာကိုယ်တခုလုံး၌ ကျန်ရှိသော လောမာ နခါ ဒန္တာ တစော မံသံ နှာရူ အဋ္ဌိ အဋ္ဌိမိဉ္ဇ စသည်တို့ကိုလည်း ဆင်ခြင်သုံးသပ်ပေးရပေမည်။ (ယခုသင်ပြလျက်ရှိနေသော မဟာသတိပဋ္ဌာန် စာမျက်နှာ ၇၊ ၇၉၊ ၁၇၅၊ တို့၌လာရှိသော ကာယာနုပဿနာ ဓာတုမနသိကာရပိုင်းနှင့် ယှဉ်တွဲဖတ်ရှု လေ့ကျင့်ပွားများရန်)။

ယင်းသို့ဆင်ခြင်သုံးသပ်ပါများလတ်သော် လူဟူသော အမှတ်သညာသည်၎င်း၊ မိန်းမ-ယောကျ်ား စသော အမှတ်သညာသည်၎င်း။ တဖြည်းဖြည်းပျောက်ကင်းလျက် သဘာဝဓမ္မမျှသာဖြစ်သည်ကို ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်လာပေတော့၏။

ပရမတ္ထတော အဝိဇ္ဇမာနာပိ
အတ္ထစ္ဆာယာ ကာယေန စိတ္တုပ္ပါဒါန
မာရမ္မဏာ ဘူတာ………။ (လက်သန်း အဋ္ဌကထာ ပစ္စည်းပိုင်း)။

ဤ အတ္ထပညတ်တရားသည် ပရမတ္ထ တရားများကဲ့သို့ ထင်ရှားမရှိပါလျက် အဘယ့်ကြောင့် စိတ် စေတသိက် ပရမတ်တရားတို့၏ အာရုံ ဖြစ်နိုင်ပါသနည်းဟူမူ ဤအတ္ထ ပညတ်တရားများသည် ပရမတ္ထ အားဖြင့် ထင်ရှားမရှိသည်ကားမှန်၏၊ ယင်းသို့ထင်ရှားမရှိပါသော်လည်း ပရမတ္ထတရားတို့၏အရိပ်အရောင်

ဟူသော အခြင်းအရာဖြင့်သာ စိတ် စေတသိက် ပရမတ်တရားတို့၏ အာရုံအဖြစ်သို့ရောက်၏။ (ဝိပဿနာ ဘာဝနာမှာ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထ သဘာဝဓမ္မကိုသာ အာရုံပြုရ၏။ ။ပရမတ္ထ သဘာဝဓမ္မ မည်သည် အလွန်သန့်ရှင်းစင်ကြယ်၏။ နာမည်ပင်လျှင် မပါမရှိချေ။ နာမည်သည် ဝိဇ္ဇာမာနပညတ်ဖြစ်၏)။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။

ယံ-အကြင်ယောကျ်ား,မိန်းမအစရှိသော အနက်ဒြပ်ကို၊ (ဝိပလ္လာသ သညာဃ-ဖောက်ပြန်မှားယွင်းသောသညာဖြင့်)၊ပဿတိ-မြင်ရ၏။တံ-ထို(ဖောက်ပြန်မှားယွင်းသောသညာဖြင့်)မိန်းမ,ယောကျ်ားဟူသော အနက်ဒြပ်ကို၊ နဒိဋ္ဌံ-မရှုမြင်အပ်၊ ယံ အကြင်မဟာဘုတ် ဥပါဒါန်ရုပ်တရားကို၊ ဒိဋ္ဌံ-ရှုမြင်အပ်၏။ တံ-ထို မဟာဘုတ် ဥပါဒါရုပ် တရားကို၊ နပဿတိ မမြင်ကြ။ မူဠော-မောဟဖြင့် တွေဝေသည်ဖြစ်၍၊ အပဿံ အပဿန္တော-ဘူတရုပ် ဥပါဒါရုပ်ကို မသိမြင်သောပုဂ္ဂိုလ်ကို၊ဗဇ္ဈတေ-တဏှာမာနစသောကိလေသာတို့ဖြင့် ဖွဲ့ချည်၍ထားတော့၏။ဗဇ္ဈမာနော-သံသရာဝဲ ဝဋ်ဆင်းရဲ၌ တဏှာမာနစသော ကိလေသာတို့ဖြင့်ချည်နှောင်ထားအပ်သောပုဂ္ဂိုလ်သည်၊နမုစ္စတိ-သံသရာဝဋ်ဆင်းရဲမှ မလွတ်ကျွတ်နိုင်သည်သာတည်း။(သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်၊ ၎င်းပြင် သမ္မောသတိပဋ္ဌာန ဝိဘင်္ဂ၌လည်းလာရှိ၏။)။ရှေ့ကစာမျက်နှာ အောက်ဆုံးနှစ်ကြောင်းတွင် ပုတ္တမဏ္ဍိနေမတ္တိစသည်ဖြင့်ဖော်ပြခဲ့ပြီ။

### ပရမာဏုမြူနှင့် အက်တမ် နှိုင်းယှဉ်ကာ တရားတော်မြတ် မှန်ကန်ခြင်းကို ဖော်ပြချက်

| | | |
|---|---|---|
| Atom | — | အက်တမ် |
| Electron | .... | အီလက်ထရွန် |
| Proton | .... | ပရိုတွန် |
| Neutron | .... | နျူထရွန် |
| Nucleus | .... | နျူကလိယပ်(စ) |
| Hydrogen | — | ဟိုက်ဒရိုဂျင် |
| Oxygen | .... | အောက်ဆီဂျင် |
| Helium | .... | ဟီလီယမ် |
| Uranium | .... | ယူရေနီယမ် |
| Matter | .... | မက်တား |
| Energy | .... | အင်နာဂျီ |
| Anti-Xi-Zero | .... | အင်တီ ဇိုင်း-ဇီးရိုး |

ရှေ့ကစာမျက်နှာ ကြောင်းရေ ၅-၌ "မဟာဘူတာ ဥပါဒါ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန်းပါဠိတော်ကို ဖော်ပြခဲ့သည်နှင့်အညီ ရုပ်တို့မည်သည် အလွန်သေးငယ်လှသော "အဏုမြူပရမာဏုမြူ" ကလေးတို့၌ပင် မဟာဘုတ်လေးပါးနှင့် ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဤရှစ်ပါးတို့သည်ပါရှိမြဲဖြစ်၏။

ရထရေဏုမြူတလုံးကို ၃၆-စိတ်ခွဲသော် တဇ္ဇာရီမြူတလုံးရ၏။တဇ္ဇာရီမြူ တလုံးကို ၃၆-စိတ်ခွဲစိတ်ခွဲသော် အဏုမြူတလုံးရ၏။ အဏုမြူတလုံးကို ၃၆-စိတ် ခွဲစိတ်သော်ပရမာဏုမြူတလုံးရ၏။

မံသ စက္ခုဿ အာပါထံ နာဂစ္ဆတိ
ဒိဗ္ဗ စက္ခုဿေဝ အာဂစ္ဆတိ။

(ပရမာဏုမြူသည် အလွန်အလွန်သေးငယ်ရကား)လူတို့၏မျက်စိအား ထင်ခြင်းသို့မရောက်၊ဒိဗ္ဗစက္ခု အဘိညာဏ်အားသာလျှင် ထင်ခြင်းသို့ရောက်၏။ (သမ္မော, ဏ္ဍာနဝိဘင်္ဂ)။

လက်ရှိလောကဓာတ်ပညာရှင်များစမ်းသပ်တွေ့ရှိချက်ကိုအတိုချုပ်အကြမ်းသဘောဖြင့်အနည်းငယ် ဖော်ပြပေအံ့။

ဗုဒ္ဓစာပေကျမ်းဂန်၌“ဆံပင်”ကို ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ဝဏ္ဏ၊ဂန္ဓ၊ ရသ၊ ဩဇာ ဟူ၍ ခွဲခြမ်းစိတ်ဖြာဘိသကဲ့သို့ ယခုအခါ လောကဓာတ်ပညာရှင်များသည် (မက်တား)ရုပ်တရားတခုကို ခွဲခြမ်း စိတ်ဖြာ ဝေဖန်လိုက်သောအခါ“အက်တွမ်” မြူကလေးများသာရှိ၏၊ အခြားအတုံးအခဲဟူ၍ ဘာမျှမရှိ။

သဘော်,မီးရထား,တိုက်အိမ်,သစ်သီးသစ်ပွင့်,စက္ကူ, တွယ်အပ်စသည်တို့သည်၎င်း၊ လူတို့၏အသား အသွေး, အကြော, အရိုး,ခြင်ဆီ, ဦးနှောက် စသည်တို့မှာ အက်တွမ် မြူကလေးများ စုပေါင်းတည်ရှိနေ ခြင်းမျှသာဖြစ်သည်ဟု သိရှိလာကြလေသည်။

တဖန်တုံ“အက်တွမ်”မြူကလေးများသည် အလွန်အလွန်သေးငယ်ရကား အထူးအားကြီး လှသော မှန်ပြောင်းဖြင့် ကြည့်ငြားသော်လည်း မမြင်နိုင်။ (ဝါ) “အက်တွမ်”မြူကလေး ကို မြင်ဘူးသူဟူ၍ မရှိဟု ဝန်ခံကြ၏။

သို့ရာတွင် ထူးခြားချက်ကား ထိုမမြင်ရသော“အက်တွမ်”မြူကလေးအဘွင်းဗဟို၌ နျူကလိယပ်(စ) တခုသည်ရှိ၏၊ ထိုနျူကလိယပ်(စ)တွင် ပရိုတွန်နှင့် နျူထရွန်တို့သည် ရှိပြန်၏။ ။ထိုသာ၍ မမြင်နိုင်အပ် သော နျူကလိယပ်(စ)ကို ပဘ်ဝန်းကျင်မှ ဂိုင်းရံလှည့်သည်ပြေးသွားနေသော အီလက်ထရွန်ကလေးသည် ရှိပြန်သေး၏၊ ။ဤသည်တို့မှာမမြင်အပ်သော“အက်တွမ်”မြူကလေးအဘွင်းတွင်ဖြစ်ပေါ်နေသော အခြင်း အရာများပေတည်း။

ထိုမှတပါး“အက်တွမ်” မြူကလေးများမှာ တမျိုးနှင့်တမျိုး မတူသည်လည်းရှိ၏။ ဟိုက်ဒရိုဂျင် “အက်တွမ်”တွင် အီလက်ထရွန်ဘလုံးနှင့် ပရိုဘွန်ဘလုံးမျှသာပါရှိ၍ ဟီလီယမ်“အက်တွမ်”တွင် အီလက် ထရွန်နှစ်လုံးနှင့် ပရိုဘွန်နှစ်လုံး၊ ၎င်းပြင်၊ နျူထရွန်နှစ်လုံးလည်းပါရှိ၏။ ယူရေနီယမ် “အက်တွမ်” တွင် အီလက်ထရွန် ၉၂-လုံး၊ပရိုတွန် ၉၂-လုံး၊၎င်းပြင် နူထရွန် ၁၄၆-လုံး ပါရှိ၏၊ ။ဤသည်တို့မှာ အကြမ်း သဘောမျှသာတည်း။

ထိုမျှမကသေး၊ မမြင်ရသော“အက်တွမ်”မြူကလေးတွင်ပါရှိသောပရိုတွန်တလုံးသည်အီလက်ထရွန် တလုံးထက် အဆပေါင်း ၁၀၀၀-ကျော်ခန့် အလေးချိန်ပံး၏ ဟူ၍လည်း ဆုံးဖြတ်ဝေဖန်ကြ၏။

ဤကဲ့သို့“အက်တွမ်”မြူကလေးတလုံး၏အခြင်းအရာများကို ကိုင်တွယ်တွေ့မြင်သိရှိနိုင်ပါသလောဟု မေးသော် ထိုသို့ကားမသိရှိနိုင်၊သို့ရာတွင်သွယ်ဝိုက်သောနည်းဖြင့်(မိဂပဒ ဝဋ္ဋနဥနည်းဟု ဆိုလိုဟန်ရှိသည်) သိရှိရ၏ဟု ရေးသားဖော်ပြကြ၏။

ယင်းသို့ထင်မြင်ယူဆချက်များအတိုင်း လိုက်နာပြုလုပ်ကြသောအခါ အဏုမြူဗုံး ဂြိုဟ်တု အားသတ္တိ ဆေးစွမ်းကောင်းများစသည်တို့ ရရှိခြင်းကြောင့်၊ ၎င်းတို့၏ထင်မြင်ယူဆချက်များ မှန်သည်ဟု ပိုမိုယုံကြည် လာကြရသည်ဟု ရေးသားကြကုန်၏။

ဤသို့လျှင် လူတို့၏မျက်စိဖြင့် မမြင်မသိနိုင်သော“အက်တွမ်”မြူကလေးများတွင်ရှိသော မမြင်အပ် သော အီလက်ထရွန် ပရိုတွန် နျူထရွန်တို့ကို အရေအတွက်နှင့်တကွ သာမန်လူသား လောကဓာတ်ဆရာ များပင် သိနိုင်ကြကုန်သေး၏။

လောကဓာတ်ကြီး တရပ်လုံး၏ သဘာဝဓမ္မကို သိလို၍ မရေမတွက်နိုင်သော ဘဝပေါင်းများစွာ ကြိုးစားတော်မူလာရုံမျှမက နောက်ဆုံး သိဒ္ဓတ္ထဘဝ၌ပင်သား၊မယား ထီးနန်းစည်းစိမ်တို့ကိုစွန့်လျက်တော အရပ်တွင် ၆-နှစ်တိုင်တိုင် ကြိုးစားအားထုတ်တော်မူပါမှ ရရှိအပ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှု တော်မူလျက် ဤသည်ကား ရုပ်၊ဤသည်ကား နာမ်၊ဤသည်ကား ရုပ်၏ဖြစ်ကြောင်းတည်း၊ဤသည်ကား နာမ်၏ဖြစ်ကြောင်းတည်း၊ ဤသည်ကား ခန္ဓာ၅ပါး၊အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတော်တို့ပေတည်း-

ဤသည်ကား ရုပ် ၂၈-ပါးဘည်း၊ ဤသည်ကား စိတ်တည်း၊ ဤသည်ကား စိတ်နှင့် ထိုက်သည့် အားလျော်စွာ ယှဉ်တွဲနေသော စေတသိက် ၅၂-လုံးတည်း၊ ဤသည် ဤသည်တို့ကား လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့တည်း၊ ဤသည် ဤသည်တို့ကား အပါယ်လေးဘုံတို့ပေတည်း။

ဤသည်ကား နိဗ္ဗာန်တည်း၊ ဤသည်ကား နိဗ္ဗာန်သို့သွားရာ အကျင့်မြတ်ပေတည်း စသည်တို့ကို ညွှန်ကြားပြသတော်မူခဲ့ဝယ် အဘယ်လျှင် မဖြစ်နိုင်ဘွယ် ရှိပါအံ့နည်း။

လောကဓာတ်ဆရာများသည် ၁၉၆၃-ခုနှစ်ဩဂုတ်လအတွင်းနောက်ဆုံးစမ်းသပ်တွေ့ရှိသောဓာတ် တမျိုးမှာ ဓာတ်တခုကိုဓာတ်တခုနှင့်တိုက်ခိုက်စေရာ အမျိုးမတူသောဓာတ်တမျိုးသည်ရုတ်တရက်ပေါ်ထွက် လာပြီးလျှင် မည်သည်ကိုမျှ မကျန်ရစ်ခဲ့စေဘဲ ချက်ချင်းပင်ကွယ်ပျောက်သွားသည်ကိုတွေ့ရှိကြရလေသည်။

ထိုသို့ ဖြစ်ပေါ် ပျောက်ကွယ်သွားသောဓာတ်ကို အင်တီ-ဇိုင်း-ဇီးရိုး ဟု အမည်မှည့်ခေါ်ကြလေ သည်။ လောကဓာတ်ဆရာတို့သည် ဤသို့ဖြစ်ပြီးလျှင် ပျက်သောသဘောတရားကို ယခုမှ တွေ့ရှိကြသော် လည်း ထိုသဘောတရားမှာ ရှေးသရေအခါကပင် ဗုဒ္ဓစာပေကျမ်းဂန်တွင် လာရှိပြီးဖြစ်၏။

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန်ပျက်ကုန်ပြီးသော သင်္ခါရတို့သည်လည်း မမြင်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။ ကောင်းကင်၌ လျှပ်စီးပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏၊ ပျက်လည်း ပျက်ကုန်၏၊ ဤသို့သောအနက်သည် ထင်ရှား၏။ (ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိခဏ်းတွင်ငင်း၊ မဟာနိဒ္ဒေသ ပါဠိတော်:အဋ္ဌကဝဂ်ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ၌ငင်းလာရှိ၏။အင်္ဂလိပ်ဘာသာပြန် ၇၂၇-ဘိက္ခုဉာဏမောဠိ)' ထိုမှတပါး ပါဠိတော်အချပ်ရပ်တွင် ထပ်ခါထပ်ခါ လာရှိသည်မှာ-

မနဥ္စ ဘိက္ခဝေ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ
မနော ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော....။

စသည်တို့ဖြင့် လာရှိလေသည်၊ ဤတွင်''ဖဿ''ဟူသော သဘာဝဓမ္မတခုသည် စောစောက မရှိ၊ အကြောင်းတရားသုံးပါးတိုက်ဆိုင်မှုကြောင့်''ဖဿ''သည် တခဏချင်း ဖြစ်ပေါ်လာပြီးလျက် ချက်ချင်းပင် ကွယ်ပျောက်သွားပေတော့၏၊ ။ဤသည်ကား အနတ္တသဘောပင်တည်း။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ သိရှိတော်မူသည်တို့မှာ လောကဓာတ်ဆရာများကဲ့သို့ တဦးလာတခါပြင်၊ တဦးလာတခါပြင်ရသောအသိမျိုးမဟုတ် (ဝါ)လောကဓာတ်ဆရာများကဲ့သို့သွယ်ဝိုက်၍သိရသော အသိ မျိုးမဟုတ်၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် (သင်္ခတ အသင်္ခတ) လောကဓာတ်ကြီးတရပ်လုံးကို သိမြင်တော်မူလျက် သိမြင်တော်မူသည့်အတိုင်း သဘာဝါအပေါင်းတို့၏ အကျိုးငှာ ညွှန်ကြားပြသတော် မူခြင်းဖြစ်၏။

ဤတွင် နိဂုံးချုပ် ထုတ်ဖော်ပြလိုသော အချက်ကြီးကား သုံးချက်ရှိ၏၊ ပဌမအချက်ကြီးကား လောကဓာတ်ဆရာများ ရှာဖွေစုံစမ်းချက်အရ အဏုမြူကလေးများမှ (အင်နာဂျီ)အား သတ္တိကိုခွဲထုတ်ကာ လူတို့၏ ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးကို အသုံးပြုလာနိုင်ခြင်းကြောင့် ရုပ်တရားများသည် အကြောင်းတရားနှင့် အကျိုးတရားများမျှသာ ဖြစ်ခြင်းကို ရဲရင့်စွာ ဝန်ခံလျက် ရှိကြလေပြီ။

ထို့ပြင် သခ်ိတလောကဓာတ်ကြီးအတွင်းရှိ အရာဝတ္ထု ပစ္စည်း၊ သစ်ရွက် သစ်ကိုင်း သစ်ပင် မိုးရထား သင်္ဘော တိုက် အိမ် အဆောက်အဦ စသော ရုပ်တရားဟူသရွေ့တို့သည်၎င်း၊ အသား အသွေး အကြော အရိုး ခြင်ဆီ ဦးနှောက် ခြေ လက် အင်္ဂါအစိတ်အပိုင်းဟူသရွေ့တို့သည်၎င်း လူတို့ ထင်မှတ်ထားသည့်အတိုင်း တလုံးတခဲတည်းမဟုတ်၊ အက်တွမ် အီလက်ထရွန် ပရိုတွန် နျူထရွန်ကလေးပေါင်းများစွာ စုပေါင်းနေခြင်းမျှသာ ရှိကြောင်းကို ကောင်းစွာဝန်ခံလျက် ရှိကြပြီဖြစ်ရကား—

လူဆိုရာဘွင်၎င်း၊ သတ္တဝါခေါ်ဆိုရာတွင်၎င်း၊ ရုပ်သဘာဝဓမ္မနှင့် နာမ်သဘာဝဓမ္မမျှသာရှိရကား ရုပ်ဘက်တွင် လူမရှိ၊ သတ္တဝါမရှိ၊ မိန်းမ ယောကျ်ားမရှိဆိုသည့် အလွန်ကြီးကျယ်သော ပြဿနာကြီးတရပ် ရှင်းလင်းသွားလေပြီ။ ။ဤတွင်ကား လောကဓာတ်ပညာနည်းဖြင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို တိကျစွာ ထောက်ခံခြင်းပေတည်း။

ဒုတိယအချက်ကြီးကား ဘာသာခြားတို့အား ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ပြသရာတွင် အဓိက အခြေခံတရားမှာ ရုပ်သဘာဝဓမ္မနှင့် နာမ်သဘာဝဓမ္မ နှစ်မျိုးသာရှိ၏။ ထိုတွင် လောကဓာတ်ဆရာများသည် ရုပ်တရားဘက်တွင် တိုက်အိမ်အဆောက်အဦမှစ၍ အသား အသွေး အကြော အရိုး ခြင်ဆီ ဦးနှောက် အစရှိသည်တို့မှာ "အက်တွမ်" မြူကလေးများသာ စုပေါင်းနေသည်ကို တွေ့မြင်သိရှိသည့်အတွက် လူမရှိ၊ သတ္တဝါမရှိ၊ မိန်းမ ယောကျ်ားမရှိ၊ ရုပ်သဘာဝဓမ္မမျှသာဖြစ်ခြင်းကို ၎င်းတို့၏ လောကဓာတ်ပညာနည်းဖြင့်ပင်လျှင် ၎င်းတို့အား လွယ်ကူစွာ သင်ပြပေးနိုင်လေပြီ။

ထို့ပြင် (အင်နာဂျီ) အားသတ္တိဆိုသည်မှာလည်း "အက်တွမ်"မှ ထွက်ရှိလာသော အခြင်းအရာ အကျိုးတရားဖြစ်ရကား အကြောင်းမရှိဘဲ အကျိုးမဖြစ်ပေါ်နိုင်။ ။ထို့ကြောင့် သခ်ိတလောကဓာတ်ကြီးတွင် အကြောင်းနှင့် အကျိုးမျှသာ ရှိခြင်းကို ရှင်းလင်းသင်ပြရန် လွယ်ကူလာလေပြီ။

တတိယ အချက်ကြီးမှာကား ၁၉၆၃ ခုနှစ် ဩဂုတ်လအတွင်းတွင် လောကဓာတ်ဆရာအချို့တွေ့ရှိသောအင်တီ-ဇိုင်ဒ-ဇီးရိုး ခေါ် ရုပ်သဘာဝဓမ္မဖြစ်သော ဓာတ်တခုမှာ ဖြစ်ပေါ်လာပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်း ကွယ်ပျောက်သွားသည်ကို တွေ့ရှိကြပြန်ရကား ရုပ်သဘာဝဓမ္မအတွက် ဥဒယဗ္ဗယဉာဏ် မှန်ကန်ခြင်းကို လက်ညှိုးထိုးကာ ထောက်ခံခြင်းပင် ဖြစ်လာပြန်လေသည်။

သင်ပြနည်းတွင် (Known to Unknown) အသိတရားကို ပဌမ ဖော်ပြလျက် မသိတရားမှာလည်း ဤအဘိုင်းပင်ဆိုသည့်နည်းအရ ရုပ်တရားသည် ဖြစ်ပေါ်ပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်း ကွယ်ပျောက်သွားဘိသကဲ့သို့ နာမ်တရားသည်လည်း ဖြစ်ပေါ်လာပြီးလျှင် ထိုနေရာ၌ပင် ချက်ချင်းကွယ်ပျောက်သွားသည်ကို သဘောပေါက်အောင် သင်ပြပေးရန်မှာ လွယ်ကူလှပေတော့၏။

ဤတွင် နာမ်တရား လျင်မြန်စွာ ဖြစ်ပျက်ပုံကို ခိုင်လုံသောပါဠိတော်ကို ကိုးကားရန်မှာ စာမျက်နှာ ၇၇-တွင် ဖော်ပြထားသော "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယံ ဧဝံ လဟုပရိဝတ္တံ ယထယိဒံ စိတ္တံ"ဟူသော ပါဠိတော်ပင် ဖြစ်လေသည်။

ထိုမှတပါး ရုပ်တရား နာမ်တရားနှစ်ပါးလုံးတို့သည် ဖြစ်ပေါ်လာပြီးလျှင် ပျက်စီးကွယ်ပျောက် သွားရသည့်အတွက် ကိုးကားရန်မှာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အနမတဂ္ဂသံယုတ်နောက်ဆုံးသုတ်၌ လာရှိသော

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

ပါဠိတော်ပင်ဖြစ်လေသည်။ ။အို-ရဟန်းတို့ သင်္ခါရတရားတို့သည် ဧကန် အမြဲမရှိကုန်စွတကား။ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျက်တတ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဌာန နိဗ္ဗာန် သည်ကား အလွန်တရာ ချမ်းသာလှပေ၏ဟု ဟောတော်မူလေသည်။

ဤသို့လျှင် ရုပ်တရား နာမ်တရားများသည် သဘာဝဓမ္မအားဖြင့် အဖြစ်နှင့်အပျက်သာရှိခြင်း အ ကြောင်းတရားနှင့် အကျိုးတရားမျှသာဖြစ်ခြင်း၊ အနိစ္စ ဒုက္ခ အနတ္တမျှသာဖြစ်ခြင်းတို့ကို လွယ်ကူစွာ သုတ မယဉာဏ်အားဖြင့် သိရှိနိုင်စေရန်ဒေသနာတော်နည်းများနှင့်တကွ လောကဓာတ်ပညာနည်းတို့ဖြင့် ယောဂီ ကိုရင်း၊ အနောက်နိုင်ငံသားများကိုရင်း သင်ကြားပြသပေးရမည်။

**စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ။**
**စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူတိ။**

စိတ်သည် လောကကို ဆောင်အပ်၏၊စိတ်သည်လောကကိုဆွဲငင်အပ်၏၊ အလုံးစုံသောတရားတို့သည် သာလျှင် စိတ်ဟုဆိုအပ်သော တခုသောတရား၏အလိုသို့ အစဉ်လိုက်ရကုန်၏ဟု သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်ပါဠိတော် အဒ္ဓဝဂ် စာမျက်နှာ ၃၆-၌ ဟောတော်မူလေသည်။

**ဒူရင်္ဂမံ ဧကစာရံ၊ အသရီရံ ဂုဟာသယံ။**
**ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။**

ဝေးသောအရပ်၌တည်ရှိသော အာရုံသို့လည်း သွားထတ်သော၊ တခုချုပ်ပြီးမှတခုဖြစ်သော ကိုယ် လည်းမဟုတ်ထသော၊ မဟာဘုတ်တည်းဟူသော လိုဏ်ဂူလျှင် တည်ရာရှိထသော စိတ်ကို အကြင်သူတို့သည် စောင့်စည်းထိန်းသိမ်းနိုင်ကုန်၏။ ထိုစိတ်ကို စောင့်စည်းထိန်းသိမ်းနိုင်သော သူတို့သည် ကိလေသာမာရ် အနှောင်အဖွဲ့မှ လွတ်ကုန်လတံ့။ (ဓမ္မပဒပါဠိတော် စိတ္တဝဂ်)။

**အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။**
**န တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ နဟောဟိသိတိ။**

ကာမ-ဟယ်ကာမ၊ တေ-သင်၏၊ မူလံ-ဖြစ်ပေါ်လာခြင်းအကြောင်းရင်းကို၊အဒ္ဒသံ-ငါမြင်လေပြီ။ ကာမ-ဟယ် ကာမ၊သင်္ကပ္ပါ-သင့်ကို စဉ်းစားစိတ်ကူးခြင်းကြောင့်၊ တွံ-သင်ကာမသည်၊ ဇာယသိ-ဖြစ်ပေါ် လာရ၏၊ တံ-သင်ကာမကို၊ နသင်္ကပ္ပယိဿာမိ-ငါမစဉ်းစား စိတ်မကူးတော့ပြီ၊ ကာမ-ဟယ်ကာမ၊ ဧဝံ- ဤသို့ ကြံစည်စဉ်းစားစိတ်ကူးခြင်းမပြုခဲ့သော်၊တွံ-သင်ကာမသည်၊ နဟောဟိသိ-မဖြစ်ပေါ်နိုင်တော့ပြီ။ (မဟာနိဒ္ဒေသပါဠိတော် စာမျက်နှာ-၂၊ စာကြောင်းရေရှစ်)။

**နတေ ကာမာ ယာနိ စိတြာနိ လောကေ၊**
**သင်္ကပ္ပရာဂေါ ပုရိသဿ ကာမော။**

လောက၌ အကြင်အာရုံတို့သည် ဆန်းကြယ်ကုန်၏။ထိုအာရုံတို့သည် ကာမဂုဏ်မမည်။(သင်္ကပ္ပရာဂ) ကြံစည်စိတ်ကူးတပ်မက်မှုသည် ယောကျ်ား၏ကာမဂုဏ်မည်၏။ (သဂါထာဝဂ္ဂ ဒေဝတာသံယုတ် သတုလ္လ ပကာယိကဝဂ် နသန္တိသုတ် စာမျက်နှာ ၂၁၊ မြန်မာပြန် ၂၁၂)။

> ကာမရာဂဋ္ဌာနိယာနံ ဘိက္ခဝေ ဓမ္မာနံ မနသိကာရ ဗဟုလီကာရာ
> အနုပ္ပန္နော စေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော စ
> ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။
> (မဟာဝဂ္ဂ ဗောဇ္ဈင်္ဂသံယုတ် ဥဒါယိဝဂ် စာမျက်နှာ ၇၆)။

အို-ရဟန်းတို့ ကာမရာဂ၏အကြောင်းဖြစ်ကုန်သော တရားတို့အား နှလုံးသွင်းခြင်း မနသိကာရကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော (ကာမဂုဏ်၌ အလိုရှိခြင်း) ကာမစ္ဆန္ဒသည်လည်းဖြစ်၏၊ ဖြစ်ပေါ်ပြီးသော ကာမဆန္ဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏။ ထိုပါဠိတော်၌ ဆက်လက်လာရှိသည်မှာ–

> ဗျာပါဒဋ္ဌာနိယာနံ ဘိက္ခဝေ ဓမ္မာနံ
> မနသိကာရ ဗဟုလီကာရာ အနုပ္ပန္နော စေဝ။

စသည်ဖြင့် အထက်ပါ ပါဠိတော်အတိုင်းပင် လာရှိ၏။

အို-ရဟန်းတို့(မကောင်းကြံစည်ခြင်း)ဗျာပါဒ၏အကြောင်းဖြစ်ကုန်သောတရားတို့အားနှလုံးသွင်းခြင်းကို များစွာပြုခြင်းကြောင့် မဖြစ်သေးသော ဗျာပါဒသည်လည်းဖြစ်၏။ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း အတိုင်းထက်အလွန် ပွားများခြင်းငှာ ပြန့်ပြောခြင်းငှာ ဖြစ်၏။

ဤဒေသနာတော်အရ ကာမဂုဏ်နှင့်စပ်သည်တို့ကိုရင်း၊ မကောင်းကြံစည်စိတ်ကူးမှု စသည်တို့ကိုရင်း စ၍ အနည်းငယ် အပေါ်ယံယိကပင် စိတ်မကူးရချေ။ စ၍ အနည်းငယ် လက်ခံမိသော် မီးစနက်တံပါသော ဗျောက်အိုးအတွဲပမာ ရှတ်တရက် ချက်ချင်း ပေါက်ကွဲလာပေတော့၏။

> ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ
> ဥပက္ကိလိဋ္ဌံ၊ တံ အသုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ။
> တသ္မာ အသုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ နတ္ထီတိ ဝဒါမီတိ။
> (အင်္ဂုတ္တိုရ် ပါဠိတော် ဧကနိပါတ် အစ္ဆရာ သင်္ဃာတဝဂ် စာမျက်နှာ ၉)။

အို-ရဟန်းတို့ ဤစိတ်သည် ပြိုးပြိုးပြက် တောက်ပဖြူစင်သော သဘောရှိ၏။ ထိုစိတ်သည်ကား ဧည့်သည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ရာဂအစရှိသော ကိလေသာတို့ကြောင့်ညစ်နွမ်း၏၊ ထိုညစ်နွမ်းသောစိတ်ကို အကြားအမြင်သုတမရှိသောပုထုဇဉ်သည် ဟုတ်မှန်သောအတိုင်းမသိ၊ ထိုကြောင့်အကြားအမြင်သုတမရှိသော ပုထုဇဉ်အား စိတ်ကို ပွားစေခြင်းသည် မရှိဟူ၍ ငါဘုရားသည် ဟောတော်မူ၏။

## ကိလေသာ ၁၀ ပါး၊ သံယောဇဉ် ၁၀ ပါး။

ကိလေသာ ၁၀ ပါး၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ။ (လက်သန်း အဋ္ဌကထာ သမုစ္စည်းပိုင်း။ ။ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ)။

သံယောဇဉ် ၁၀ ပါး၊ (သုတ္တန်နည်း) ကာမရာဂသံယောဇဉ်, ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်,မာနသံယောဇဉ်,ဒိဋ္ဌိသံယောဇဉ်,သီလဗ္ဗတပရာမာသသံယောဇဉ်,ဝိစိကိစ္ဆာသံယောဇဉ်,ဥဒ္ဓစ္စသံယောဇဉ်,အဝိဇ္ဇာသံယောဇဉ်။ (လက်သန်းအဋ္ဌကထာ သမုစ္စည်းပိုင်း။ တမျိုး အင်္ဂုတ္တိုရ် ပါဠိတော် နဝကနိပါတ် သတိပဋ္ဌာနဝဂ်။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော် မဂ္ဂသံယုတ် ဩဃဝဂ်,။

သံယောဇဉ် ၁၀ ပါး (အဘိဓမ္မာနည်း) ကာမရာဂသံယောဇဉ်, ဘဝရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။ (လက်သန်းအဋ္ဌကထာ သမုစ္စည်းပိုင်း။ ။ ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍ)၊

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော
သံယောဇနာ ပဟီယန္တီတိ။ စက္ခုံ ခေါ ဘိက္ခု

အနိစ္စတော ဇာနတော ပဿတော သံယောဇနာ ပဟီယန္တိ။ ရူပေ၊ စက္ခုဝိညာဏံ....ပ....တမ္ပိ အနိစ္စတော ဇာနတော ပဿတော သံယောဇနာ ပဟီယန္တိ။ ဧဝံခေါ ဘိက္ခု ဇာနတော ဧဝံ ပဿတော သံယောဇနာ ပဟီယန္တီတိ။ ။(သဠာယတနဝဂ္ဂသံယုတ် သဠာယတနသံယုတ် အဝိဇ္ဇာ ဝဂ် သံယောဇနပဟာနသုတ်)။

အသျှင်ဘုရား အဘယ်သို့ သိသောသူအား အဘယ်သို့မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်ပါသနည်း။ ။အို-ရဟန်း....စက္ခုပသာဒကို မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။ ရူပါရုံတို့ကို....စက္ခုဝိညာဏ်ကို – စက္ခုသမ္ဖဿကို....အကြောင်စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ခံစားအပ်သော သုခဝေဒနာသည်၎င်း၊ ဒုက္ခဝေဒနာသည်၎င်း၊အဒုက္ခမသုခဝေဒနာသည်၎င်း ဖြစ်၏။ ထိုဝေဒနာကိုလည်း မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကိုပယ်အပ်ကုန်၏။

**သောတပသာဒကို – ဃာနပသာဒကို, ဇိဝှါပသာဒကို, ကာယပသာဒကို, စိတ်ကို, ဓမ္မာရုံတို့ကို, မနောဝိညာဏ်ကို, မနောသမ္ဖဿကို, အကြောင်မနောသမ္ဖဿကြောင့် ဖြစ်သော ခံစားအပ်သော သုခဝေဒနာသည်၎င်း၊ ဒုက္ခဝေဒနာသည်၎င်း၊ အဒုက္ခ မသုခ ဝေဒနာသည်၎င်း ဖြစ်၏။ ထိုဝေဒနာကိုလည်း မမြဲသောအားဖြင့် သိသောသူအား မြင်သောသူအား သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။**

သံယောဇဉ်၊ စက္ခုပသာဒသည် ရူပါရုံတို့အား နှောင်ဖွဲ့သလော၊ ရူပါရုံတို့သည် စက္ခုပသာဒအား နှောင်ဖွဲ့သလော...ပ –၊စိတ်သည် ဓမ္မာရုံတို့အား နှောင်ဖွဲ့သလော၊ဓမ္မရုံတို့သည် စိတ်အားနှောင်ဖွဲ့သလော စသည်ဖြင့် အသျှင်မဟာကောဋ္ဌိလမထေရ်က မေးလျှောက်ရာ အသျှင်သာရိပုတ္တရာကိုယ်တော်မြတ်က စက္ခုပသာဒသည် ရူပါရုံတို့အား နှောင်မဖွဲ့၊ ရူပါရုံတို့သည်လည်း စက္ခုပသာဒအား နှောင်မဖွဲ့၊ ထိုစက္ခုပသာဒ ရူပါရုံတို့ကို စွဲ၍ လိုချင်တပ်မက်မှု "ဆန္ဒရာဂ" သည်ဖြစ်၏။ ထိုဆန္ဒရာဂသည်သာလျှင် အနှောင်အဖွဲ့ သံယောဇဉ်ပေတည်း။....ပ...။ စိတ်သည် ဓမ္မာရုံတို့အား နှောင်မဖွဲ့၊ ဓမ္မာရုံတို့သည်လည်း စိတ်အားနှောင်မဖွဲ့၊ ထိုစိတ်ဓမ္မာရုံတို့ကိုစွဲ၍ လိုချင်တပ်မက်မှု"ဆန္ဒရာဂ"သည်ဖြစ်၏။ထိုဆန္ဒရာဂသည်သာလျှင်ထိုနှောင်ဖွဲ့ရာ၌ အနှောင်အဖွဲ့ သံယောဇဉ်ပေတည်း။

ဥပမာသော်ကား – နွားဖြူနွားနက်နှစ်ကောင်သောနွားတို့ကို ကြိုးတချောင်းဖြင့်တွဲယှဉ်ချည်နှောင်ထားသည်ရှိသော် နွားဖြူသည် နွားနက်အားနှောင်မဖွဲ့၊ နွားနက်သည် နွားဖြူအား နှောင်မဖွဲ့၊စင်စစ်သော်ကား ကြိုးသာလျှင် ထိုနွားနှစ်ကောင်တို့၌ အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်သကဲ့သို့ပေတည်းဟု ဖြေဆိုတော်မူလေသည်။ (သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠာယတနသံယုတ် သမုဒ္ဒဝဂ်ကောဋ္ဌိကသုတ်)

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယံ ဧဝံ အဘာဝိတံ
မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။
စိတ္တံ ဘိက္ခဝေ အဘာဝိတံ မဟတော အနတ္ထာယ သံဝတ္တတီတိ။
(အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် အကမ္မနိယဝဂ်အပိုဒ် ၂၃)။

အို-ရဟန်းတို့ ဤစိတ်ကို သမထ ဝိပဿနာ၏ အစွမ်းဖြင့် မပွားများစေအပ်သည်ရှိသော် ကြီးစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်ဘိသကဲ့သို့ ဤအတူ အကြင်သဘောတရားကိုမပွားများအပ်သည်ရှိသော် ကြီးစွာသော အကျိုးမဲ့ခြင်းငှာဖြစ်၏။စိတ်မှတပါး ထိုကြီးစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်စေနိုင်သော တခုသောတရားကို မျှလည်း ငါဘုရားတွေ့မြင်တော်မမူ၊အို-ရဟန်းတို့ စိတ်ကို သမထဝိပဿနာ၏အစွမ်းဖြင့် မပွားများအပ်သည် ရှိသော် ကြီးစွာသောအကျိုးမဲ့ခြင်းငှာဖြစ်၏ဟုဟောတော်မူ၏။ ယင်းပါဠိတော်၌ဆက်လက်လာရှိသည်မှာ-

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ ယံ ဧဝံ ဘာဝိတံ
မဟတော အတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။
စိတ္တံ ဘိက္ခဝေ ဘာဝိတံ မဟတော အတ္ထာယ သံဝတ္တတီတိ။

အို-ရဟန်းတို့ ဤစိတ်ကို သမထဝိပဿနာ၏အစွမ်းဖြင့် ပွားများစေအပ်သည်ရှိသော် ကြီးစွာသော အကျိုးစီးပွားအလို့ငှာဖြစ်ဘိသကဲ့သို့ ဤအတူ အကြင်သဘောတရားကို ပွားများအပ်သည်ရှိသော် ကြီးစွာသော အကျိုးစီးပွားအလို့ငှာဖြစ်၏။ စိတ်မှတပါးသော ထိုကြီးစွာသော အကျိုးစီးပွားအလို့ငှာဖြစ်စေနိုင်သော တခုသောတရားကိုမျှလည်း ငါဘုရားတွေ့မြင်တော်မမူ၊ အို-ရဟန်းတို့ စိတ်ကို သမထဝိပဿနာ၏ အစွမ်းဖြင့် ပွားများအပ်သည်ရှိသော် ကြီးစွာသော အကျိုးစီးပွားအလို့ငှာဖြစ်၏ဟု ဟောတော်မူ၏။

ဒွိန္နံ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိ နာ နတ္ထိ။

ဒွိန္နံ စိတ္တာနံ-နှစ်ပါးသောစိတ်တို့၏၊ ဧကက္ခဏေ-တခုဘည်းသော ခဏ၌၊ ပဝတ္တိနာမ-ဖြစ်ခြင်းမည်သည်၊ နတ္ထိ-မရှိ။ (ဇိနာလင်္ကာရ ဋီကာ တိပါဠိဟာရိယ ဝဏ္ဏနာ)။

ဒွိန္နဉ္စ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိ နာမ နတ္ထိ။

စိတ်သည် တချိန်တည်းတွင်နှစ်လုံးဖြစ်ပေါ်သည်မရှိ။(သုတ်သီလက္ခန် အဋ္ဌကထာ ဗြဟ္မဇာလသုတ်)။

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။

ရှေ့ဖြစ်သောစိတ်သည် ပျက်စီး၏။ ထိုသို့ ရှေ့စိတ် ပျက်စီးသည်၏ အခြားမဲ့၌ နောက်စိတ်သည် ဖြစ်ပေါ်၏။ (ဝိသုဒ္ဓိမဂ် ကင်္ခါဝိတရဏာဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ ၂၃၉)။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။

ဓာတ်ဟူသည်မိမိသဘောကိုမိမိဆောင်တတ်သောကြောင့်ဓာတ်မည်၏။(ဋီကာကျော်သမုစ္စည်းပိုင်း)

ရုပ် ၂၈ ပါး၊ စိတ်နှင့်စေတသိက် ၅၃ ပါး၊ ထို ၈၁-ပါးသောဓာတ်တို့သည် မိမိသဘောကို မိမိတို့ဆောင်ကြရကုန်၏ဟုဆိုရသော်လည်း တာရှည်စွာ တည်နေသည်မဟုတ်၊ ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ထိုဖြစ်ပေါ်လာသောနေရာ၌ပင် ချက်ချင်းချုပ်ပျောက်ခြင်းကို နားလည်အောင် သင်ပြပေးထားရပေမည်။

ယောဂီစိတ်တွင် ပထဝီဆိုလျှင် စိုက်လိုက်မတ်တတ် ထင်မှတ်နေတတ်ကြ၏။ အမှန်ကား ပထဝီဆိုသောစကားမဆုံးမီ ပထဝီဓာတ်သည် ဖြစ်ပေါ်ချုပ်ပျောက်သွားရလေပြီ။ ဝေဒနာဆိုလျှင် ဝေဒနာဆိုသော စကားမဆုံးမီ ဝေဒနာဓာတ်သည် ဖြစ်ပေါ် ချုပ်ပျောက်သွားရလေပြီ။

ရုပ် ၂၈-ပါးသည်၎င်း၊ စိတ်နှင့်စေတသိက် ၅၃-ပါး၊ ထို ၈၁-ပါးတို့သည် လက်ဖျစ်တတွက်တွင် အကြိမ်ပေါင်းများစွာ ဖြစ်ပျက်နေသည်ဆိုခြင်းကို ယောဂီစိတ်တွင် စွဲမြဲလာအောင် ဝီထိစိတ် ဖြစ်စဉ်ဖြင့် ထပ်ခါထပ်ခါ သင်ပြပေးထားရပေမည်။

ခန္ဓာငါးပါး၏ အနိစ္စသဘောအတွက် ဝိသုဒ္ဓိမဂ် ပဋိပဒါဉာဏ ဒဿနနိဒ္ဒေသ (ဆရာတော်ဦးနန္ဒမာလာ ဘာသာပြန် ၁၃၁၆-ခုနှစ်ရိုပ် တ-တိယတွဲ စာမျက်နှာ ၄၀၀) ခန္ဓာငါးပါးသည် ဖြစ်ပြီး၍ အရှည်မတည် လျင်မြန်စွာပျက်စီးခြင်းကြောင့် အနိစ္စမည်၏ ဟု အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူခဲ့လေပြီ။

နာမ်ခန္ဓာ၄-ပါးတို့သည် တချိန်တည်းဖြစ်ပေါ်ပြီးလျှင် တချိန်တည်း တခဏချင်းပင် ချုပ်ပျောက်သွားကြသော်လည်း "အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု" ဟူသည်နှင့်အညီ မိမိတို့ မိမိတို့၏ ကိစ္စတို့ကို အသီးသီး ဆောင်ရွက်သွားကြလေသည်။ ဥပမာဆိုသော် ရုပ်ရှင်ပြပွဲတွင် ရုပ်ရှင် ကျဲကော်ကားကလေးများသည် တခုချင်းအနေဖြင့် မိမိတို့၏ကိစ္စကို မိမိဆောင်ရွက်သွားသကဲ့သို့ပင်ဖြစ်၏။

နာမ်ခန္ဓာ ၄-ပါးတို့သည် တခဏချင်းတွင်မိမိတို့ မိမိတို့၏ကိစ္စကို ဆောင်ရွက်သွားကြသည်ဆိုရာဝယ် အဘယ်နာမ်ခန္ဓာသည် အဘယ်ကိစ္စကို ဆောင်ရွက် ဆောင်ရွက်သွားပါသနည်းဟူမူ-

ကိဉ္စ ဘိက္ခဝေ ဝေဒနံ ဝဒေထ
ဝေဒယတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ်ကြောင့် ဝေဒနာဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့ ခံစားတတ်၏။ ထို့ကြောင့် ဝေဒနာဟူ၍ ဆိုအပ်ပေသည်။

ကိဉ္စ ဘိက္ခဝေ သညံ ဝဒေထ
သဉ္ဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ့်ကြောင့် သညာဟူ၍ ဆိုကုန်သနည်း ဟူမူ အို-ရဟန်းတို့ မှတ်တတ်၏။ ထို့ကြောင့် သညာဟူ၍ ဆိုအပ်၏။

ကိဉ္စ ဘိက္ခဝေ သင်္ခါရေ ဝဒေထ၊ သင်္ခတ မဘိ
သင်္ခရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ့်ကြောင့် သင်္ခါရတို့ဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့ ပြုပြင် စီရင်ခြင်းကို အထူးသဖြင့် ပြုပြင်စီရင်တတ်ကုန်၏။ ထို့ကြောင့် သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။

ကိဉ္စ ဘိက္ခဝေ ဝိညာဏံ ဝဒေထ၊
ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ်ကြောင့်ဝိညာဏ်ဟူ၍ ဆိုကုန်သနည်းဟူမူ အို-ရဟန်းတို့ သိတတ်၏။ ထိုကြောင့် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

(ဤသို့လျှင် နာမ်ခန္ဓာလေးပါးတို့သည် အသီးသီးမိမိတို့၏ကိစ္စကို မိမိတို့ဆောင်ရွက်သွားကြကုန်၏။
(ခန္ဓဝဂ္ဂ ခန္ဓသံယုတ် ပါဠိတော် ခဇ္ဇနီယဝဂ် ခဇ္ဇနီယသုတ်)။

စိတ္တက္ခဏပျသာ အသက်ရှင်ပုံကို
ဝိထိစိတ်အစဉ်ဖြင့် ရှင်းပြပေးရန်။

ပရမတ္ထသဘာဝအားဖြင့် သတ္တဝါတို့၏စိတ်သည် အလွန်တိုတောင်းလှ၏။ လှည်းသည် ဆယ်မိုင်သွားသည်ဆိုရာ၌ လှည်းဘီးသည် တချိန်တည်း၌ မြေပေါ်တွင် ဆယ်မိုင် တည်ရှိနေသည်မဟုတ်၊ လက်တဝါးခန့်

ရှိသော စမြဲပေါ်၌တည်ရှိခြင်းဖြစ်၏၊ ဗြဟ္မာကြီးသည် ကမ္ဘာဆက်၍ အသက်ရှည်သည်ဆိုစေကာမူ အမှန်အားဖြင့် ဥပါဒ် ဌီ ဘင်မျှသာဖြစ်သော စိတ္တက္ခဏာဘခုမျှသာ အသက်ရှည်ခြင်းကာလရှိ၏။ ။ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ စာမျက်နှာ ၂၃၀၊ မြန်မာပြန် ပဥ္စမတွဲ စာမျက်နှာ ၄၇၃-၌

ဧဝ မေဝ ခေ စိတ္တက္ခဏိကံ သတ္တာနံ ဇီဝိတံ၊
တသ္မိံ စိတ္တေ နိရုဒ္ဓမတ္တေ သတ္တော နိရုဒ္ဓေါတိ ဝုစ္စတိ။

ထိုအတူသာလျှင် သတ္တဝါတို့၏အသက်ရှင်ခြင်းသည် တခုသောစိတ္တက္ခဏကာလမျှရှိ၏ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူခဲ့လေသည်။ (ဤတွင်လည်း ဝီထိစိတ်ဖြစ်စဉ်ဖြင့် ရှင်းပြရာ၏)။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ကံကို ပြုတတ်သောသူ မရှိ၊ အကျိုးဝိပါက်ကို ခံစားတတ်သောသူသည်လည်း မရှိ၊ သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သော တရားတို့သာလျှင် ဖြစ်ကုန်၏။ ဤသို့ပြဆိုပြီးသော သဘောရှိသော ထိုထိုသော ဉာဏ်အမြင်သာလျှင် မဖောက်မပြန် ဟုတ်မှန်သော အမြင်သည်ဖြစ်၏။

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ န စ ကမ္မံ ဝိနာ ဖလံ။

ဝိပါက်၌ ကံသည်မရှိ၊ ဝိပါက်သည် ကံ၌မရှိ၊ ကံနှင့်ဝိပါက်နှစ်ပါးတို့သည် အချင်းချင်း တပါးသည် တပါး၏သဘောမှ ဆိတ်ကုန်၏။ ကံကိုကြဉ်၍ အကျိုးသည် ဖြစ်လည်းမဖြစ်သာဘည်း။ ။ဝိသုဒ္ဓိမဂ် ကင်္ခါ ဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသ(ဆရာတော် အသျှင်နန္ဒမာလာ ဘာသာပြန် စာမျက်နှာ ၂၇၅)။

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စာတိ။

မမြင်အပ်သည်မှ လာကုန်၏။ ပျက်ကုန် ပျက်ကုန်ပြီးသော သင်္ခါရတို့သည်လည်း မမြင်အပ်သည်၏ အဖြစ်သို့ရောက်ကုန်၏၊ ကောင်းကင်၌ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်း ပျက်ကုန်၏။ ဤသို့သော အနက်သည်ထင်ရှား၏။ (မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကဝဂ် ဂုဟဋ္ဌက သုတ္တနိဒ္ဒေသ၌ရင်း၊ ဝိသုဒ္ဓိမဂ် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိခဏ်း၌ရင်း လာရှိ၏)။

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော ဟိ
ဒိဋ္ဌိ သမုဂ္ဃာဋနံ နာမ န ဟောတိ၊ သင်္ခါရာဝ သင်္ခါရေ
ဝိပဿန္တိ သမသန္တိ။ (ဝိသုဒ္ဓိမဂ်, မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိနိဒ္ဒေသ ။

ငါသည် ဝိပဿနာရှုအံ့၊ ငါ၏ဝိပဿနာတည်း။ ဤသို့ယူသောယောဂီအား ဒိဋ္ဌိ၏ပျောက်ခြင်း ကွာခြင်းမည်သည်မဖြစ်။ (ပန-သင့်လျော်ပုံကိုဆိုသော်) သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏၊ သုံးသပ်ကုန်၏။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ။
ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ။
အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ။

အနိစ္စအားဖြင့် အဖန်ဖန်ရှုသော် မြဲ၏ဟူသော အမှတ်သညာကို ပယ်စွန့်၏၊
ဒုက္ခအားဖြင့် အဖန်ဖန်ရှုသော် သုခဟူသော အမှတ်သညာကို ပယ်စွန့်၏။

အနတ္တအားဖြင့် အဖန်ဖန်ရှုသော် အတ္တဟူသော အမှတ်သညာကိုစွန့်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ်၊ ဉာဏကထာ၊ ဘင်္ဂါနုပဿနာဉာဏ်။ ဆဋ္ဌမူ ဘာသာပြန် စာမျက်နှာ ၇၃)။

ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ။
ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ။
ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ။

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏၊ မဖြစ်ပေါ်ခြင်းသည် ဘေးကင်းရာမည်၏။
ဖြစ်ပေါ်ခြင်းသည် ဆင်းရဲဒုက္ခတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာသုခတည်း။
ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ မဖြစ်ပေါ်ခြင်းစသည်တို့သည် နိဗ္ဗာန်မည်၏။(အထက်၌ ဖော်ပြအပ်သော ပါဠိတော် အာဒီနဝဉာဏ်)။

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။
။ ဒုက္ခတော .... — .... .... ။
။ အနတ္တတော — — .... .... ။
ခန္ဓာငါးပါးကို အနိစ္စဟုရှုသော် မဂ်နှင့်လျော်သော အနုလောမဉာဏ်ကိုရ၏။
။ ဒုက္ခ — — .... .... ။
။ အနတ္တ .... — — .... ။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဝိပဿနာ ကထာ)။

တိဝိဓေ သုဂတိ ဘဝေပိ နာဘိရမတိ။
တီသု ပန အနုပဿနာသုယေဝ ရမတိ။

ကာမသုဂတိစသော သုဂတိဘုံသုံးတန်တို့၌လည်းမမွေ့လျော်။စင်စစ်သော်ကား အနုပဿနာသုံးပါးတို့၌သာလျှင် မွေ့လျော်၏။ (ဝိသုဒ္ဓိမဂ်, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ နိဗ္ဗိဒါနုပဿနာဉာဏ်)။

ဇေတဝန်ကျောင်းတော်ရှိ မြက်ထင်း သစ်ခက်
သစ်ရွက်တို့ကို မီးလောင်သည် ရှိသော်....။

သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် သဠာယတန သံယုတ် သဋ္ဌဝဂ် နတုမှာကသုတ်၌ ဟောတော်မူသည်မှ အတိုချုပ်သဘောကို လွယ်ကူစွာ နားလည်နိုင်စေရန် ကောက်နုတ်ဖော်ပြပေအံ့။

အို-ရဟန်းတို့ ဥပမာအားဖြင့်ဆိုသော် ဇေတဝန်ကျောင်းတော်၌ရှိသော မြက် ထင်း သစ်ခက် သစ်ရွက်တို့ကိုမီးရှို့သည်ရှိသော် မီးလောင်သည်ရှိသော် ငါတို့အားလူအပေါင်းတို့မီးရှို့ကြကုန်၏။မီးလောင်စေကြကုန်၏ဟူ၍ သင်တို့၏စိတ်၌ဖြစ်ပေါ်မလာကြကုန်။အဘယ်ကြောင့်ဟူမူကား ဤ မြက်ထင်း သစ်ခက် သစ်ရွက်တို့သည် သင်တို့၏ ဥစ္စာ မဟုတ်သောကြောင့်ပေတည်း။ မျက်စိ နား နှာ စသည်တို့ကို ပယ်ရန်။

ယမ္ပိ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ။ တံ ဝေါ
ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ ......။

အို-ရဟန်းတို့ အကြင်တရားသည်သင်တို့၏ဥစ္စာမဟုတ်၊ထိုတရားကိုပယ်စွန့်ကြကုန်လော့။ထိုသဘောတရားကို ပယ်စွန့်သည်ရှိသော် သင်တို့အား အကျိုးများခြင်းငှာ ချမ်းသာသုခဖြစ်ခြင်းငှာ ဖြစ်လတံ့။

စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာဝေဒနာတို့သည် သင်တို့၏ ဥစ္စာ မဟုတ်၊ ၎င်းတို့ကို ပယ်စွန့်ကြကုန်လော့။

ငံ့သောတ ဃာန ဇိဝှာ ကာယ မနတို့သည်ရှင်း၊ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မတို့သည်ရှင်း၊

သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်တို့သည်ရှင်း၊

သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှာသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿ တို့သည်ရှင်း၊

သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာဝေဒနာ ဇိဝှာသမ္ဖဿဇာဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာဝေဒနာတို့သည်ရှင်း၊

သင်တို့၏ဥစ္စာမဟုတ်၊ ၎င်းတို့ကို ပယ်စွန့်ကြကုန်လော့၊ ထိုသဘောတရားတို့ကို ပယ်စွန့်သည်ရှိသော် သင်တို့အား အကျိုးများခြင်းငှာ ချမ်းသာသုခဖြစ်ခြင်းငှာ ဖြစ်လတံ့ဟု ဟောကြားတော်မူ၏။

ဝိပဿနာဘာဝနာပွားများရာတွင်လိုရင်းပဓာနအချက်တို့ကိုလွယ်ကူစွာသဘောပေါက်လာနိုင်စေရန် ဤဇေတဝန်ကျောင်းတော် ဒေသနာတော်နှင့်တွဲဘက်လျက် အနတ္တလက္ခဏသုတ်, ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဓမ္မစက္ကပဝတ္တနသုတ်တို့၏သဘောကိုပါထည့်သွင်းရှင်းလင်းဖော်ပြပေးအပ်ရာ၏။ ။ထို့နောက် နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်, အနမတဂ္ဂသံယုတ် ဒုတိယဝဂ်၊ နောက်ဆုံး ဝေပုလ္လသုတ်၌လာရှိသည်တို့မှ အတိုချုပ် ကောက်နုတ်လျက်အောက်တွင်ဖော်ပြထားသောသဘောကို(သတ္တဝါတို့၏)အနိစ္စသဘာဝဓမ္မမျှသာဖြစ်ပုံ၊ ဒုက္ခသဘာဝဓမ္မမျှသာဖြစ်ပုံ၊ အနတ္တသဘာဝဓမ္မမျှသာ ဖြစ်ခြင်းတို့ကို သဘောပေါက်လာသည်အထိ ရှင်းလင်းသင်ပြပေးရာ၏။

ဝေပုလ္လသုတ်၌ လာရှိသော အတိုချုပ်ကား

အို-ရဟန်းတို့ ဤဝေပုလ္လတောင်၌- ရှေးအခါက လူတို့၏အသက်လေးသောင်းတမ်းတွင် ကကုသန် မြတ်စွာဘုရား ပွင့်တော်မူလျက် ပရိနိဗ္ဗာန်ပြုသွားရလေပြီ။ ထိုစဉ်အခါက လူတို့သည်လည်း အားလုံးတို့ပင် လျှင် သေကြေပျက်စီးသွားကြရလေပြီ။

ထို့နောက် အသက်သုံးသောင်းတမ်းတွင် ကောဏာဂုံမြတ်စွာဘုရားပွင့်တော်မူလျက် ပရိနိဗ္ဗာန်ပြုသွား ရလေပြီ။ ထိုစဉ်အခါက လူတို့သည်လည်း အားလုံးပင် သေကြေပျက်စီးသွားရလေပြီ။

ထို့မှတဖန် အသက်နှစ်သောင်းတမ်းတွင် ကဿပမြတ်စွာဘုရားပွင့်တော်မူလျက် ပရိနိဗ္ဗာန်ပြုသွား ရလေပြီ၊ ထိုစဉ်အခါက လူတို့သည်လည်း အားလုံးတို့ပင်လျှင် သေကြေပျက်စီးသွားရလေပြီ။

ယခုသော် လူတို့၏အသက်ဘရာတမ်းတွင် ငါဘုရားသည် ထင်ရှားပွင့်လာ၏။သာရိပုတ္တရာသည်ရှင်း၊ မောဂ္ဂလာန်သည်ရှင်း၊ တပည့်ကောင်းအစုံတို့သည် ရှိလာကုန်၏။

> အို-ရဟန်းတို့ ငါဘုရားသည် ပရိနိဗ္ဗာန်ပြုရလတံ့၊ တပည့်အပေါင်း နှင့်တကွ ဤလူအပေါင်းတို့သည်လည်း သေကြရကုန်လတံ့၊ အို-ရဟန်းတို့ သင်္ခါရတရားတို့သည် မမြဲကြကုန်။ ။အို-ရဟန်းတို့ သင်္ခါရ တရားတို့၌ အလွန်ငြီးငွေ့ခြင်းငှာ သင့်လှပေတော့၏။ တပ်ခြင်းကင်းခြင်းငှာသင့်လှပေ တော့၏....။

စသည်တို့ဖြင့် ဟောကြားတော်မူပြီးနောက်အောက်တွင်လာရှိသော သာမုက္ကံသိကပါဠိတော်ကိုဟောကြား တော်မူ၏။(ဤဒေသနာတော်ကို ဗုဒ္ဓဘာသာဝင်တိုင်း အရဆောင်ထားလျက် အခါမပြတ် ရွတ်ဆိုပွားများ အပ်၏။ သူ့ဘပါးအားလည်း သင်ပြပေးအပ်လေသည်)။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ၊

အို-ရဟန်းတို့ သင်္ခါရတရားတို့သည် ခြော်-အမြဲမရှိကုန်စွတကား၊ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန် ၏၊ ဖြစ်ပြီး၍ ချုပ်ပျက်တတ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ချုပ်ငြိမ်းရာဌာန အမတနိဗ္ဗာန်သည်ကား အလွန်

(ဆင့်မအကြိမ်)

တရားချမ်းသာလှပေ၏ဟု ဟောတော်မူ၏။(ဤတွင် အနိစ္စဟူသည် ဒုက္ခနှင့်အနတ္တဖြစ်ခြင်းကို ထင်ရှားလာ စိမ့်သောငှာ စာမျက်နှာ ၁၀၀-၌"ရူပံဘိက္ခဝေအနိစ္စံ၊ယဒနိစ္စံ၊ တံဒုက္ခံ...."ဟု ဟောတော်မူအပ်သော ပါဠိ တော်နှင့် ယှဉ်တွဲ ရှင်းလင်း သင်ပြပေးရာ၏)။

ဒုက္ခဿ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ
ဒေသိဿာမိ၊ တံ သုဏာထ........။

အို-ရဟန်းတို့ ဆင်းရဲဒုက္ခ၏ဖြစ်ကြောင်းကိုရင်း၊ချုပ်ကြောင်းကိုရင်း ဟောကြားပေအံ့။ ထိုတရား တို့ကို နာကြကုန်လော့။(သဠာယတနဝဂ္ဂ သဠာယတနသံယုတ်ပါဠိတော် ယောဂက္ခေမိဝဂ်တတိယသုတ်)။ ထိုမှ ဆက်ကာ လာရှိသည်မှာ–

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ။ အယံ ဒုက္ခဿ သမုဒယော။

စက္ခုပသာဒကိုရင်း၊ ရူပရုံတို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ (စက္ခု-ရူပါရုံ-စက္ခုဝိညာဏ်) သုံးပါးသောတရားတို့၏ပေါင်းဆုံမိခြင်းသည်"ဖဿ"မည်၏။ ဖဿဟူသောအကြောင်းကြောင့်"ဝေဒနာ" သည်ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် "တဏှာ" သည်ဖြစ်၏။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ဖြစ်ကြောင်းပေတည်း။(ဤအတိုင်းပင် သောတ ဃာန စသည်တို့အတွက်လည်း လာရှိလေသည်။)။ ထိုမှ တပါး ဆက်လက်လာရှိပြန်သည်မှာ–

ကတမော စ ဘိက္ခဝေ ဒုက္ခဿ အတ္ထင်္ဂမော။
စက္ခုဉ္စ ပဋိစ္စရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓာ ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓာ ဘဝနိရောဓော။ ဘဝနိရောဓာ ဇာတိနိရောဓော။ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ အယံ ဒုက္ခဿ အတ္ထင်္ဂမော။

အို-ရဟန်းတို့ ဆင်းရဲဒုက္ခ၏ချုပ်ကြောင်းသည် အဘယ်နည်းဟူမူကား စက္ခုပသာဒကိုရင်း၊ ရူပါရုံ တို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်သည်ဖြစ်၏။ သုံးခုသောတရားတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿမည်၏။ ဖဿ ဟူသောအကြောင်းကြောင့် ဝေဒနာသည်ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏။ ထိုတဏှာ၏သာလျှင်အကြွင်းမရှိအရိယမဂ်ဖြင့်ချုပ်ခြင်းကြောင့်ဥပါဒါန်၏ချုပ်ခြင်းသည်ဖြစ်၏။ ဥပါဒါန် ၏ ချုပ်ခြင်းကြောင့် ဘဝ၏ချုပ်ခြင်းသည်ဖြစ်၏။ ဘဝ၏ချုပ်ခြင်းကြောင့် ဇာတိ၏ချုပ်ခြင်းသည် ဖြစ် ၏။ ဇာတိ၏ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပူပန်ခြင်းတို့သည် ချုပ်ကုန်၏။ ဤသို့ အလုံးစုံသော ထိုဆင်းရဲဒုက္ခအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ အို-ရဟန်းတို့ ဤသည်ကား ဆင်းရဲဒုက္ခ၏ချုပ်ခြင်းပေတည်း။ (ဤအတိုင်းပင် သောတ ဃာန် စသည်တို့ အတွက်လည်း ဟောတော်မူလေသည်။ ။ဤတွင် သင်ပြပေးလျက်ရှိသော မဟာသတိပဋ္ဌာန် ပါဠိတော် စာမျက်နှာ ၂၉-နှင့် ၁၃၅-၌ လာရှိသည့် သမုဒယသစ္စနိဒ္ဒေသကို သင်ပြပေးရန်)။

တဏှာ ဒုတိယော ပုရိသော၊ ဒီဃ မဒ္ဓါန သံသရံ။
ဣတ္ထ ဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

တဏှာလျှင် ဒုတိယအဖော်သဟဲရှိသောသတ္တဝါသည်ရှည်ကြာလှစွာသောကာလပတ်လုံး တပြောင်း ပြန်ပြန် ကျင်လည်ပြေးသွားလျက်ဤဘဝမှသည် တပါးသောဘဝသို့ကူးပြောင်းရသော သံသရာကိုမလွန်

မြောက်နိုင်၏။(သုတ္တနိပါတ် ပါဠိတော် မဟာဝဂ် ဒွယတာနုပဿနာသုတ်၌၎င်း၊ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္က နိပါတ် ပဌမဆုံးဝဂ် တဏှုပ္ပါဒသုတ်၌၎င်း ထိုထိုသောပါဠိတော်များတွင် များစွာလာရှိ၏)။

ဤပါဠိတော်မှာ ဝိပဿနာဘာဝနာကို ကျနစွာ သင်ပြနိုင်သော ကမ္မဋ္ဌာန်းနည်းပြဆရာတိုင်း လိုလို ပင် ရွတ်ဆိုရှင်းလင်း သင်ပြပေးလေ့ရှိသော ပါဠိတော်ဖြစ်လေသည်။

ဤတွင် အနည်းငယ် ဖော်ပြလိုသည်မှာ ယောဂီသူမြတ်သည် မည်သည့်နေရာ၌ နေသည်ဖြစ်စေ ဝိပဿနာ ဘာဝနာကို ဆင်ခြင်ပွားများနေသူဖြစ်ရကား တဏှာကိုလက်သင့်မခံ၊ တဏှာကို ဒုတိယအဖော် သဟဲ တဦးအဖြစ်ဖြင့် လက်ခံနှီးနှောနေသူမဟုတ်ချေ။ စာမျက်နှာ ၉၆-၌ ဖော်ပြထားသော ဧကဝိဟာရီ ပုဂ္ဂိုလ်ဖြစ်လျက်ရှိနေ၏။

တဘက်တွင်သော်ကား အိမ်တွင် တဦးတည်းနေသည်ဖြစ်စေ၊ ကျောင်းတွင် တဦးတည်း နေသည် ဖြစ်စေ၊ ဂူတွင်းတွင် တဦးတည်း နေသည်ဖြစ်စေ ဝိပဿနာဘာဝနာ ပွားများမှုကိုလွှတ်လျက် ထိုထို ဤဤ တို့ကို စဉ်းစားကာနေခြင်းသည် တဦးတည်းနေသူ မဟုတ်၊ တဏှာတည်းဟူသော ဒုတိယသတ္တဝါတဦးကို လက်သင့်ခံကာ နှီးနှောနေခြင်းဖြစ်၏။

ထိုအခါ ဂူတွင်းတွင်နေလျက်ပင် စာမျက်နှာ ၇၉-၌ ဆဿက္ကသုတ်လာကို ဖော်ပြခဲ့သည့်အတိုင်း ကြိုက်လျှင်-လောဘ၊ မကြိုက်လျှင်-ဒေါသ၊ အမှတ်တမဲ့နေလျှင်-မောဟ တခုခုဖြစ်၍ နေပေတော့၏။

ထိုမှတပါး စာမျက်နှာ ၁၁-မာလုကျပုတ္တ ဒေသနာတော်၌ လာရှိသည့်အတိုင်း "......ပိယံ နိမိတ္တံ မနသိကရောတော ......"စသည်တို့ဖြစ်နေပြန်ကလည်း"တဏှာ ဒုတိယော ပုရိသော...."ဖြစ်ကာနိဗ္ဗာန်နှင့် ဝေးရပြန်လေပြီ။

ထို့ပြင် စာမျက်နှာ ၈၄-တွင်"ကုသလော ဓမ္မောအကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ..." ဖြစ်နေပြန် ကလည်း "တဏှာ ဒုတိယော ပုရိသော..."ဖြစ်ကာ နိဗ္ဗာန်နှင့် ဝေးရပြန်လေပြီ။

၎င်းပြင် သင်ပြနေသော သစ္စာလေးပါးတရားတော်တွင် နိရောဓသစ္စာကို ဟောတော်မူရာ၌ "...ယော တဿာ ယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော" ဟူ၍ ဟောတော်မူသဖြင့် အနည်းငယ်မျှ တဏှာပါရှိသူအား နိဗ္ဗာန်က လက်ခံခြင်း မပြုသည်ဖြစ်ရကား (တဏှာ ဒုတိယော ပုရိသော...)တဏှာသူငယ်ချင်းရှိသူအား(ဝါ)တဏှာအသိရှိသောသူအား နိဗ္ဗာန်က အဘယ်သို့လျှင် လက်ခံနိုင်ပါအံ့နည်းဆိုသည်တို့ကို သဘောပေါက်လောက်အောင်ရှင်းလင်းသင်ပြပေးရပေမည်။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ ကိုယ်၏
တုန့်လှုပ်ခြင်း ပင်ပန်းဆင်းရဲခြင်းသည် အလျှင်းမရှိ။
(မဟာဝဂ္ဂ အာနာပါနသံယုတ် မဟာကပ္ပိနသုတ်)။

အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရန် ဗုဒ္ဓမြတ်စွာသည် လှန်စွာအားပေးတော်မူ၏။မဟာ ဝဂ္ဂ အာနာပါနသံယုတ်ပါဠိတော် ကေဓမ္မဝဂ် သတ္တဟာရကသုတ်၌ လာရှိသည်မှ သဘောတရပ်၏ အတို ချုပ်မှာ–

ဣရိယာပထ ... (continued)

အိုရဟန်းတို့ နွေအခါ လေပြင်းထန်စွာ တိုက်ခတ်သဖြင့် မြေမှုန့် မြူမှုန့်တို့သည် အထက်သို့လွင့်စင်ပျံတက်ကြကုန်၏။ ထိုအခါ သည်းထန်စွာ ရွာသောမိုးသည် မြေမှုန့်မြူမှုန့်တို့ကို တခဏချင်း ငြိမ်ဝပ်ပိပြား သွားစေဘိ သကဲ့သို့အာနာပါနကမ္မဋ္ဌာန်းကိုပွားများစေသည်ရှိသော် မြတ်လည်းမြတ် ၏၊ ငြိမ်လည်း ငြိမ်သက်၏၊ ချမ်းသာစွာလည်းနေရ၏၊ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ထိုခဏ၌ ငြိမ်းစေ၏၊ ကွယ်ပျောက်စေ၏ဟု ဟော တော်မူလေသည်။(ဤတွင် ငြိမ်သက်၏၊ ချမ်းသာစွာနေရ၏ဟု ဟောတော် မူသဖြင့် ကိုယ်၏ဆင်းရဲဒုက္ခ၊ စိတ်၏ဆင်းရဲဒုက္ခ စိုးစဉ်းမျှ မဖြစ်ခြင်းကို သတိပြု)။

ယခုအခါ အများအားဖြင့် ပွားများအားထုတ်လျက်ရှိသည့် မဟာသတိပဋ္ဌာန်၌ ဟောတော်မူသည့် နည်းမှ လိုအပ်သည်ကို ကောက်နုတ်ဖော်ပြရသော်–

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။

......ပဿ......။

အလုံးစုံသော ထွက်သက်လေ၏အစ,အလယ်,အဆုံး သုံးပါးပေါင်းတို့ကို ထင်စေလျက် ထွက်သက် လေကိုရှူအံ့ဟူ၍ အားထုတ်သဖြင့်ကျင့်၏။ ။အလုံးစုံသော ဝင်သက်လေ၏ အစ,အလယ်,အဆုံး သုံးပါး အပေါင်းကို ထင်စေလျက် ဝင်သက်လေကို ရှိုက်အံ့ဟူ၍ အားထုတ်သဖြင့် ကျင့်၏။ (ဤတွင် သတိသည် အနည်းငယ်မျှ ပြန့်လွင့်မသွားစေဘဲ ထွက်လေ ဝင်လေတို့၏ အစ, အလယ်,အဆုံး သုံးပါးစလုံးတွင် အာရုံ စူးစိုက်ကာ သိရှိအားထုတ်နေကြရမည်ဖြစ်၏)။ ဆက်လက်လာရှိသည်မှာ–

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။

......ပဿ......။

အရှူပြင်း၍ ရုန့်ရင်းသော ထွက်သက်လေကို သာယာဖြေးညင်းစွာ ရှူခြင်းဖြင့် ငြိမ်းစေလျက် ထွက် သက်လေကိုရှူအံ့ဟူ၍ အားထုတ်သဖြင့် ကျင့်၏။ ။အရှိုက်ပြင်း၍ ရုန့်ရင်းသော ဝင်သက်လေကို သာယာ ဖြည်းညင်းစွာ ရှိုက်ခြင်းဖြင့် ငြိမ်းစေလျက် ဝင်သက်လေကို ရှိုက်အံ့ဟူ၍ အားထုတ်သဖြင့်ကျင့်၏။(ဤပါဠိ တော်အရ အာနာပါနကမ္မဋ္ဌာန်းကို ပွားများရာ၌ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း မဖြစ်သည်တို့ကို သိအပ်၏)။

အာနာပါန ပွားများရန်အတွက် ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနသတိသုတ်၌၎င်း မဟာဝဂ္ဂ သံယုတ်ပါဠိတော် အာနာပါနသံယုတ်၌၎င်း၊ တနည်းတမျိုးလာပုံတို့မှ အနည်းငယ် ကောက်နုတ်ဖော်ပြ ရသော်–

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။

......ပဿ......။

မမြဲခြင်းအနိစ္စဟု အဖန်တလဲလဲရှုသည်ဖြစ်၍ ထွက်သက်လေကိုဖြစ်စေအံ့ဟု ကျင့်၏။ ။မမြဲခြင်း အနိစ္စဟု အဖန်တလဲလဲရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။

.............ပဿ.............॥

ရာဂကင်းခြင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍ ထွက်သက်လေကိုဖြစ်စေအံ့ဟုကျင့်၏။ ။ရာဂကင်းခြင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍ ဝင်သက်လေကိုဖြစ်စေအံ့ဟုကျင့်၏။ (ဤပါဠိတော်အရလည်း ထွက်သက်လေ ဝင်သက်လေတို့ကို သတိမလွတ်စေဘဲ ငြိမ်းချမ်းသာယာစွာဖြင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ခြင်းကို သိအပ်ပြန်လေသည်)။

မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ် ကေဝမ္ဘဝဂ် မဟာကပ္ပိနတ္ထေရသုတ်၌ အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ၌ ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကိုဖြောင့်မတ်စွာထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသော သတိကိုဖြစ်စေ၍ ထိုင်နေ၏။

အိုရဟန်းတို့ ထွက်သက်လေ ဝင်သက်လေကို အောက်မေ့မှု သတိနှင့်ယှဉ်သော သမာဓိ၌ အကြိမ်များစွာ ပွားများအားထုတ်လေ့လာသည်ရှိသော် ကိုယ်၏လှုပ်ရှားသောအဖြစ်သည်ရင်း၊ ကိုယ်၏ တုန်လှုပ်သော အဖြစ်သည်ရင်း မဖြစ်၊ စိတ်၏လှုပ်ရှားသောအဖြစ်သည်ရင်း၊ စိတ်၏တုန်လှုပ်သော အဖြစ်သည်ရင်း မဖြစ်ဟု ဟောတော်မူ၏။

ဤတွင်အချုပ်ကား အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်သည်ရှိသော် ပင်ပန်းဆင်းရဲခြင်းမရှိဘဲ ချမ်းသာစွာဖြင့် အကုသိုလ်တရားတို့ကို တခဏချင်းပင် ငြိမ်းစေနိုင်သည်ကို အထူးသိအပ်လေသည်။

ဥပက္ကိလေသ။ ။အာနာပါနကမ္မဋ္ဌာန်းကို ပွားများသူတို့အား ဖြစ်တတ်ကုန်သော ဥပက္ကိလေသတရားတို့ကို အကျယ်အားဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် အာနာပါနကထာ ဘာသာပြန် ဆဋ္ဌမူ စာမျက်နှာ ၂၀၉-၌ ဖော်ပြထား၏။ ။အာနာပါနကမ္မဋ္ဌာန်းကို ပွားများသူတိုင်း ဖတ်ရှုအပ်လေသည်။

**ပဋိစ္စ သမုပ္ပါဒ် တရားတော်၌ အထူး**
**သိအပ်သော လိုရင်းအချက်ကြီးများ**

ပဋိစ္စ သမုပ္ပါဒ် တရားတော်သည် အထူးအားဖြင့် ခက်ခဲနက်နဲ၏။ လူမရှိ နတ်မရှိ သဘာဝဓမ္မမျှသာ ဖြစ်သော အကြောင်းနှင့် အကျိုးတရားသာရှိခြင်းကို ပြတော်မူ၏။

မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊ ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ...။

အို-အာနန္ဒာ ဤသို့မဆိုလင့်၊အို-အာနန္ဒာ ဤသို့မဆိုလင့်။ ဤပဋိစ္စသမုပ္ပါဒ်တရားသည် နက်လည်းနက်၏။ နက်နဲသောအရောင်လည်းရှိ၏၊ (နိဒါနဝဂ္ဂ နိဒါနသံယုတ် ဒုက္ခဝဂ် နောက်ဆုံးသုတ်)။

ဒုက္ခေ အညာဏံ, ဒုက္ခ သမုဒယေ အညာဏံ
ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနီ
ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခု အဝိဇ္ဇာ။

(မဟာဝဂ္ဂသံယုတ် ပါဠိတော် သစ္စသံယုတ် ဓမ္မစက္ကပဝတ္တနဝဂ်)။

ဒုက္ခဆင်းရဲကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏အကြောင်းကို မသိခြင်း၊ ဒုက္ခဆင်းရဲ၏ချုပ်ငြိမ်းရာကို မသိခြင်း၊ ဒုက္ခဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို မသိခြင်း၊ အို-ရဟန်းတို့ ဤမသိခြင်းကို အဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။ (ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)-

ဒုက္ခေ ဉာဏံ, ဒုက္ခ သမုဒယေ ဉာဏံ,
ဒုက္ခ နိရောဓေ ဉာဏံ, ဒုက္ခ နိရောဓဂါမိနီ
ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ။

ဒုက္ခဆင်းရဲကို သိခြင်း၊ ဒုက္ခဆင်းရဲ၏ အကြောင်းကို သိခြင်း၊ ဒုက္ခဆင်းရဲ၏ချုပ်ငြိမ်းရာကိုသိခြင်း၊ ဒုက္ခဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကို သိခြင်း၊ အို-ရဟန်း ဤသိခြင်းကို ဝိဇ္ဇာဟူ၍ ခေါ်ဆိုအပ်၏။

နာယံ ဘိက္ခဝေ ကာယော တုမှာကံ၊ နပိ အညေသံ၊ ပုရာဏမိဒံ
ဘိက္ခဝေ ကမ္မံ အဘိသင်္ခတံ အဘိသဉ္စေတယိတံ ဝေဒနိယံ ဒဋ္ဌဗ္ဗံ....။
(နိဒါနဝဂ္ဂ နိဒါနသံယုတ် ကဠာရ ခတ္တိယဝဂ် နတုမှသုတ်)။

အို-ရဟန်းတို့ ဤကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်၊ သူတပါးတို့၏ဥစ္စာလည်းမဟုတ်၊ အို-ရဟန်းတို့ ဤကိုယ်ကို အဟောင်းဖြစ်သော ကံသည် ပြုပြင်စီရင်အပ်၏။ အထူးသဖြင့် စေ့ဆော်အပ်၏၊ ခံစားအပ်၏ ဟူ၍ မှတ်အပ်၏။ ။အို-ရဟန်းတို့ ထိုအရာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာ၏ တပည့်သည် အကြောင်းတရားတို့ကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ခြင်း ပဋိစ္စသမုပ္ပါဒ်သာလျှင် ကောင်းစွာ အသင့်အားဖြင့် နှလုံးသွင်း၏။ (ယင်းပါဠိတော်၌ပင်)-

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ။
ဣမသ္မိံ အသတိ ဣဒံ နဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ။

(အဘယ်သို့လျှင် ကောင်းစွာ နှလုံးသွင်းသနည်းဟူမူ)ဤသို့သော အကြောင်းတရားသည် ရှိခဲ့သော် ဤသို့သော အကျိုးတရားသည်ဖြစ်၏။ ဤအကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ဖြစ်၏။ ဤအကြောင်းတရားမရှိခဲ့သော် ဤအကျိုးတရားသည် မဖြစ်။ ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏။ (ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)-

ယဒိဒံ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ –
ဝေ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အကြင်မသိမှု "အဝိဇ္ဇာ" အကြောင်းခံကြောင့် ပြုပြင်စီရင်မှု "သင်္ခါရ"တို့ ဖြစ်ကုန်၏။ သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။....ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုသည်ဖြစ်၏။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော........ဝေ မေ တဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ၊

အဝိဇ္ဇာ၏သာလျှင် အကြွင်းမရှိ အရိယမဂ်ဖြင့် ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ချုပ်ခြင်းသည်ဖြစ်၏။ သင်္ခါရတို့၏ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ဖြစ်၏။ ...... ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာဟောတော်မူ၏။

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ။
ဝီသတာကာရာ တိသန္ဓိ စတုသင်္ခေပါ စ ဘဝန္တိ။
(သင်္ဂြိုဟ် ပစ္စည်းပိုင်း၌၎င်း၊ ဝိသုဒ္ဓိမဂ် ပညာဘူမိပိုင်း၌၎င်း လာရှိ၏)။

အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါး၊ အနာဂတ်အကျိုးငါးပါး၊ ဤသို့သောအားဖြင့် ခြင်းရာနှစ်ဆယ်၊ အစပ်သုံးပါး၊ အလွှာလေးလွှာ ဖြစ်သတည်း။

ပုရိမ ကမ္မ ဘဝသ္မိံ မောဟော အဝိဇ္ဇာ အာယူဟနာ သင်္ခါရာ
နိကန္တိ တဏှာ ဥပဂမနံ ဥပါဒါနံ စေတနာ ဘဝေါ ဣမေ
ပဉ္စဓမ္မာ ပုရိမ ကမ္မဘဝသ္မိံပိ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်မဟာဝဂ် ဉာဏကထာ, ဓမ္မဋ္ဌိတိဉာဏ်
စာမျက်နှာ ၅၀-မြန်မာပြန် ၆၇)။

ရှေးကမ္မဘဝ၌ တွေဝေမှုမောဟသည် အဝိဇ္ဇာမည်၏။ အားထုတ်မှုသည် သင်္ခါရမည်၏။ လိုချင်တပ်မက်မှုသည်တဏှာမည်၏။မြဲမြံစွာဆွဲယူခြင်းသည်ဥပါဒါန်မည်၏။ စေ့ဆော်ကြောင့်ကြမှုစေတနာသည်ဘဝမည်၏။ ရှေးကမ္မဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်၏။ (ယင်းပါဠိတော်၌ ဆက်လက်လာရှိသည်မှာ)–

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ်မည်၏။ သက်ဝင်ဘိသကဲ့သို့ ဖြစ်သော တရားသည်နာမ်ရုပ်မည်၏။မဟာဘုတ်တို့၏ကြည်သည်၏အဖြစ်သည် အာယတနမည်၏။ တွေ့ထိခြင်းသဘောသည် ဖဿမည်၏။ ခံစားခြင်းသဘောသည်ဝေဒနာမည်၏။ဤပစ္စုပ္ပန်ဝိပါက်ဘဝ၌ဖြစ်သော ဤတရားငါးပါးတို့သည် ရှေးကပြုအပ်သောကံ၏အကြောင်းဖြစ်ကုန်၏။(ထိုမှတပါး ယင်းပါဠိတော်၌ ဆက်လက်လာရှိသေး၏။ ဘာသာပြန်ကို အလိုရှိမူ ဆင့်မူ စာမျက်နှာ ၆၇-တွင် ဖတ်ရှုရန်)။

ဤတွင်သတိပြုရန်မှာ-ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် အတိတ်ကပြုခဲ့သည်မှာ အဝိဇ္ဇာသင်္ခါရတဏှာ ဥပါဒါန်ဘဝ၊ ယခုပစ္စုပ္ပန်တွင် ပြုရာ၌လည်း အဝိဇ္ဇာသင်္ခါရ တဏှာ ဥပါဒါန်ဘဝပင်ဟူ၍ညွှန်ပြတော်မူ၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် လက်သန်းအဋ္ဌကထာတို့၌မူကား အတိတ်ကပြုခဲ့သည်မှာ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဟူ၍လာရှိသော်လည်း ယခုပစ္စုပ္ပန်တွင်မူကား တဏှာဥပါဒါန် ဘဝ အဝိဇ္ဇာသင်္ခါရ ဟူ၍ လာရှိသည်ကို သတိပြုစေလို၏။

နည်းပြသောဆရာသည် ယောဂီသူမြတ်လောင်းအား အဝိဇ္ဇာ၏ သဘောအနက် အဓိပ္ပါယ်ကို ရှင်းလင်း ပြသပေးရပေမည်။ သင်္ခါရသဘော၊ တဏှာသဘော။ ဥပါဒါန်သဘော၊ ဘဝသဘော စသည်တို့ကို တခုစီ တခုစီ တတ်နိုင်သမျှ ရှင်းလင်းပြသပေးရပေမည်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ - စသော ဘုန်းကြီးကျောင်းသားများ အနက်အဓိပ္ပါယ်မသိဘဲ ရွတ်ဆိုနိုင်ရုံမျှကို အလိုမရှိအပ်။ အလွတ်ဆိုတတ်ရုံမျှဖြင့် အနတ္တသဘာဝဓမ္မကို သဘောမပေါက်နိုင်။ 'သဗ္ဗေ ဓမ္မာ အနတ္တာ" ဆိုသည်ကို သဘောမပေါက်ပါက အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန်ကို မရောက်ရှိ မရရှိနိုင်။

ယောဂီသူမြတ်သည် အကယ်၍ ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာ ကုသိုလ်တို့ကိုပြုလုပ်စဉ် အဝိဇ္ဇာကို ဦးစားပေးကာ (၀၁) အဝိဇ္ဇာနှင့် ပူးတွဲပြုလုပ်ခဲ့ပါလျှင်–

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏ ပစ္စယာ နာမရူပံ၊.............................——
........ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စာ ဇရာ မရဏ
သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော
ဟောတိ ဟူသည်နှင့်အညီ........

အဝိဇ္ဇာနှင့် ပူးတွဲပြုလုပ်သော ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာ ကုသိုလ်ဟူသရွေ့တို့မှာ နောက်ဆုံး၌မြင်းထန်စွာပူးဆွေး ငိုကြွေးရခြင်းဖြင့်သာ အဆုံးသတ်ကြရလေသည်ဟု သင်တန်းတက်သူတို့အား သဘောပေါက်လာသည့်တိုင်အောင် ရှင်းလင်းသင်ပြပေးရပေမည်။

ထိုနည်းတူစွာ အဝိဇ္ဇာ....ဝေဒနာ တဏှာ စသည်တို့ကိုလည်း သင်တန်းတက်သူတို့ သဘောပေါက်လာသည်အထိ ရှင်းလင်းသင်ပြပေးရပေမည်။

ထိုမှတပါးကုသိုလ်ကောင်းမှုပြုရာတွင် အဝိဇ္ဇာမပါအောင် အဘယ်ကဲ့သို့ပြုရပါအံ့နည်းဟူမူ ကာမဂုဏ်ခံစားလိုမှု စသည်တို့ကြောင့်(ဝါ)လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်လိုမှုကြောင့် ဤကုသိုလ်ကို ပြုသည်မဟုတ်၊ ဝဋ်သုံးပါးမှကျော်လွန်သော အာသဝေါတရားလေးပါးမှ ကျော်လွန်သော နိဗ္ဗာန်အလို့ငှာ ဤကုသိုလ်ကို ပြုသည်ဟူ၍ လေးနက်သော စေတနာသဒ္ဓါတရားဖြင့် ပြုရ၏။(ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု)။

တနည်းဆိုသော် ကုသိုလ်ပြုစဉ်တွင် လက္ခဏာရေးသုံးပါးပွားများကာပြုရ၏။ဥပမာ-သက်န်းလှူ၏။ သက်န်းသည် ရုပ်တရားဖြစ်၏။ ရုပ်တရားဟူသရွေ့တို့သည် အနိစ္စသဘောရှိ၏။ ဒုက္ခသဘောရှိ၏။ အနတ္တသဘောရှိ၏။ ဤရုပ်တရားကို လက္ခဏာရေးသုံးပါး တင်ရှုပွားများနေသော စိတ်စေတသိက်တို့မှာ နာမ်တရားများဖြစ်ကြ၏။ ဤနာမ်တရားများသည်လည်း အနိစ္စသဘောရှိ၏။ ဒုက္ခ သဘောရှိ၏။ အနတ္တသဘောရှိ၏။ ဤ၌ ယောဂီအတွက် ကမ္မဿကတာဉာဏ်ထက် သစ္စာနုလောမိကဉာဏ်ကို အလိုရှိအပ်ခြင်းကို ဝိဘင်းပါဠိတော် စာမျက်နှာ ၃၄၁ နှင့် ၎င်း၏အဖွင့်ဖြစ်သော သမ္မောဟဝိနောဒနီ၌လာရှိသည်ကို ဖော်ပြပေးရာ၏။

ထိုနည်းတူစွာ အလှူခံပုဂ္ဂိုလ်သည် ရုပ်တရား နာမ်တရား ခန္ဓာငါးပါးမျှသာ ဖြစ်၏။ ထိုရုပ်-နာမ် ခန္ဓာ ငါးပါးတို့သည် အနိစ္စသဘောရှိ၏။ ဒုက္ခသဘောရှိ၏။ အနတ္တသဘောရှိ၏။

ထိုနည်းတူစွာ လှူသောငါဆိုသည်မှာလည်း ငါမဟုတ်၊အနိစ္စသဘောရှိ၏။ဒုက္ခသဘောရှိ၏။အနတ္တသဘောရှိ၏ဟူ၍ ပရမတ္ထသဘာဝဓမ္မသို့ထိရောက်အောင် လက္ခဏာရေးသုံးပါးတင်ရှုပွားများလှူဒါန်းရာ၏။

ယင်းသို့လှူဒါန်းရာတွင်လက္ခဏာရေးသုံးပါးတင်ကာ ဆင်ခြင်ပွားများရာ၌အလှူဝတ္ထုကလည်းတူ၏။ အလှူခံပုဂ္ဂိုလ်ကလည်း တူသည်ဖြစ်စေကာမူ မိမိစေတနာ သဒ္ဓါတရားထက်သန်မှုသည် အထူးအရေးကြီး၏။ စေတနာ သဒ္ဓါတရား ပေါ့ဆစွာပြုလုပ်ပါလျှင် ပေါ့ပေါ့ဆဆ အကျိုးကို ပြန်လည်ရရှိ၏။

ထိုသို့မဟုတ်မူ၍ ထိုလှူဘွယ်ဝတ္ထုနှင့် ထိုအလှူခံပုဂ္ဂိုလ်ကိုပင်လျှင် လှူဒါန်းစဉ်အခါ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် စူးစူးစိုက်စိုက် ရိုရိုသေသေ လေးလေးစားစား ပွားများပြုလုပ်ပါလျှင် ထိုမျှနှင့် အညီ ထူးခြားသောအကျိုးကျေးဇူးကို ပြန်လည်ရရှိလေသည်။ အထူးကား ယောဂီအတွက် ကမ္မဿကတာဉာဏ်ထက် သစ္စာနုလောမိကဉာဏ်ကို ပို၍ အလိုရှိအပ်လေသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ဆရာ၏တာဝန်မှာ ရှေးဘဝက လူဖြစ်ခဲ့ပြီးသော ယုံမှားခြင်း ၅ ချက်၊ ယခုငါလူဖြစ်နေသည်စသော ပစ္စုပ္ပန်၌ယုံမှားခြင်း ၆ ချက်၊ အနာဂတ်ဘဝ၌ လူဖြစ်ရလိမ့်ဦးမည် စသော ယုံမှားခြင်း ၅-ချက်၊ ဤသို့ယုံမှားခြင်း ၁၆-ချက်ကို ကျော်လွန်သွားစေရန်၊ (ဝါ) ယခင်ကလဲ လူမရှိ၊ ယခုလဲ လူမရှိ။ အနာဂတ်တွင်လဲ လူမရှိ။ အကြောင်းနှင့်အကျိုးမျှသာရှိသည်ကို အနုမာနအားဖြင့် သိရှိသွားစေရန်–

ထိုမှတပါး ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ စသည်တို့ကို ကျော်လွန်သွားစေလျက် အတ္တမဟုတ် အနတ္တသဘာဝမျှသာလျှင် ရှိပါသည်တကားဟု ယောဂီသူမြတ်လောင်းသည် အနုမာနအားဖြင့် သိရှိသဘောပေါက်လာသည်အထိ သင်ပြပေးရမည်။ ဤကား ဆရာမြတ်တို့၏ တာဝန်ပေတည်း။

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ခက်ခဲနက်နဲသည်ဖြစ်ရကား ဆရာလုပ်သူသည် ပဋိစ္စ သမုပ္ပါဒ်နှင့် သက်ဆိုင်ရာ ကျမ်းဂန်အရပ်ရပ်နှင့်တကွ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌လာရှိသောပဋိစ္စသမုပ္ပါဒ်တရားတော်များကို အထူး ဝါစုဂ္ဂတပြုရပေမည်။

ဤတွင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းကိုမှီလျက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရန် အသို့နားလည်ရပါ အံ့နည်းဟူမူ စာမျက်နှာ ၁၁၇ ၌–

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ
နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော....။

စသည်ဖြင့်ဖော်ပြခဲ့သည့်အတိုင်း အိုနာ သေဘေး ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲအပေါင်းတို့မှ ကျော်လွန်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိရန် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအရ အခြားကိစ္စဟူသမျှ ပြုဘွယ်မရှိပြီ။ အဝိဇ္ဇာတလုံးကို ပယ်ရှားသုတ်သင်ရန်သာ ရှိလေသည်။(အဝိဇ္ဇာမဖြစ်လျှင် သင်္ခါရမဖြစ်၊ သင်္ခါရ မဖြစ်လျှင် ဝိညာဏ်မဖြစ်၊ ဝိညာဏ်မဖြစ်လျှင်............နောက်ဆုံး၌ ဇာတိ ဇရာ မရဏ သောက.. ...စသည်တို့ မဖြစ်နိုင်တော့ပြီ)။

ဤသို့ဆိုလျှင်အဝိဇ္ဇာမဖြစ်ပေါ်စေရန်အဘယ်သို့လိုက်နာဆောင်ရွက်ရပါအံ့နည်းဟူမူအဝိဇ္ဇာနေရာတွင် ဝိဇ္ဇာဉာဏ်အစားထိုးပေးရုံမျှသာဖြစ်လေသည်။ ။အဝိဇ္ဇာဉာဏ်ကိုအဘယ်သို့အစားထိုးပေးရပါအံ့နည်း ဆိုသော် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠာယတနသံယုတ် အဝိဇ္ဇာဝဂ်၌–

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိတိ၊ စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ ရူပေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ စသည်ဖြင့် လာရှိလေသည်။

(ရဟန်းတပါးက)အသျှင်ဘုရားအဘယ်သို့သိသောသူအား၊အဘယ်သို့မြင်သောသူအားအဝိဇ္ဇာကို ပယ်အပ်သနည်း။ ဝိဇ္ဇာသည် ဖြစ်ပါသနည်း (ဟုလျှောက်ထားရာ သျှင်တော်ဘုရားက)–

အို-ရဟန်း စက္ခုပသာဒ(မျက်စိ)ကို မမြဲဟု သိသောသူအား မြင်သောသူအား၊ အဝိဇ္ဇာကိုပယ်၏။ ဝိဇ္ဇာ(ဉာဏ်)သည်ဖြစ်၏။ ။ရူပါရုံ(အဆင်းတို့ကို)မမြဲဟုသိသောသူအား၊ မြင်သောသူအား အဝိဇ္ဇာကို ပယ်၏။ ဝိဇ္ဇာ (ဉာဏ်)သည်ဖြစ်၏။ စက္ခုဝိညာဏ် ..သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ် စသည် တို့ကိုလည်း(အနိစ္စ)မမြဲဟု သိသောသူအား၊ မြင်သောသူအား အဝိဇ္ဇာကို ပယ်၏။ ဝိဇ္ဇာ (ဉာဏ်) သည် ဖြစ်၏ဟူ၍ မြွက်ဆိုတော်မူလေသည်။ (စာမျက်နှာ ၇၅-အောက်ဆုံး ၄-ကြောင်းတွင် လာရှိသော အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဟူသော သဘောစသည်တို့နှင့် ယှဉ်တွဲသင်ပြပေးရပေမည်)။

(ဆဋ္ဌမအကြိမ်)

**ကိံသု ဟဝေ သာဓုတရံ ရသာနံ။**
**သစ္စံ ဟဝေ သာဓုတရံ ရသာနံ။**

ဒေဝတာတဦးက အရသာတို့တွင် ကေန်စင်စစ် အကောင်းမြတ်ဆုံးအရသာသည် အဘယ်ပါနည်းဟု မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာက အရသာတို့တွင် ကေန်စင်စစ်အကောင်းမြတ်ဆုံးသော အရသာသည် သစ္စာတရားတည်းဟုဖြေဆိုတော်မူလေသည်။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်- ဝေဒတာသံယုတ်, ဆေတ္ဘာဝဂ်တတိယသုတ်)။

မဟာဝဂ္ဂသံယုတ် ပါဠိတော်, သစ္စသံယုတ်,မဟာ ပညတ်ဝဂ်, ဝိတက္ကသုတ်၌ လာသည်မှ အတိုချုပ်သဘောကို ဖော်ပြရသော် အို-ရဟန်းတို့ ဤသည်ကား ဆင်းရဲဒုက္ခပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ အကြောင်းပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာပေတည်း။ ဤသည်ကား ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာသို့ဆိုက်ရောက်စေတတ်သော အကျင့်ပေတည်းဟူ၍ ကြံကြကုန်လော့။ အဘယ်ကြောင့်နည်းဟူမူကား ဤသို့ကြံစည်ခြင်းသည် ကောင်းမြတ်သော (ဝါ-နိဗ္ဗာန်ရောက်ကြောင်း)အကျင့်၏ အစ ဖြစ်ခြင်းကြောင့်ပေတည်းဟု ညွှန်ပြတော်မူလေသည်။

မူလပဏ္ဏာသပါဠိတော်,သြပမ္မဝဂ်,မဟာဟတ္ထိပဒေါပမသုတ်၌ အသျှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက(ယေကေစိ ကုသလာ ဓမ္မာ၊သဗ္ဗေ တေ စတူသု အရိယသစ္စေသု သင်္ဂဟံ ဂစ္ဆန္တိ)ငါ့ရှင်တို့ကုသိုလ်တရားအားလုံးတို့သည် လေးပါးသော အရိယာသစ္စာတို့၌အကျဉ်းချုံးခြင်းသို့ရောက်ကုန်၏။အဘယ်လေးပါးတို့၌ပေါင်းဆုံခြင်းသို့ရောက်ကုန်သနည်း၊ဒုက္ခဖြစ်သော အရိယသစ္စာ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာတို့၏ ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏ဟု ဟောတော်မူလေသည်။

**ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊**
**ပဉ္စုပါဒါနက္ခန္ဓာ တိဿ ဝစနီယံ၊....။**

အို-ရဟန်းတို့ဒုက္ခဖြစ်သော အရိယသစ္စာသည် အဘယ်နည်းဟူမူကား ငါးပါးသောဉပါဒါနက္ခန္ဓာတို့ဟူ၍ ဆိုအပ်သည်ဖြစ်၏။ အဘယ်ခန္ဓာငါးပါးတို့နည်းဟူမူကား(ရူပုပါဒါနက္ခန္ဓော)ရုပ်ဟူသော ဉပါဒါန်၏ အာရုံဖြစ်သော ခန္ဓာရင်း၊(ဝေဒနုပါဒါနက္ခန္ဓော) ဝေဒနာဟူသောဉပါဒါန်၏အာရုံဖြစ်သော ခန္ဓာရင်း၊ (သညုပါဒါနက္ခန္ဓော) သညာဟူသော ဉပါဒါန်၏ အာရုံဖြစ်သော ခန္ဓာရင်း၊ (သင်္ခါရုပါဒါနက္ခန္ဓော) သင်္ခါရဟူသောဉပါဒါန်၏အာရုံဖြစ်သောခန္ဓာရင်း၊ (ဝိညာဏုပါဒါနက္ခန္ဓော)ဝိညာဏ်ဟူသောဉပါဒါန်၏ အာရုံဖြစ်သောခန္ဓာရင်း၊ အို-ရဟန်းတို့ ဤဉပါဒါနက္ခန္ဓာ ငါးပါးကို ဒုက္ခဖြစ်သော အရိယသစ္စာ ဟူ၍ ဆိုအပ်၏။ (သိရန်ကား ဉပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ)မဟာဝဂ္ဂသံယုတ်ပါဠိတော်, သစ္စသံယုတ်, ဓမ္မစက္ကပ ဝတ္တနဝဂ်,တတိယသုတ်၊)

ထိုမှတပါး ယခုသင်ပြလျက်ရှိသော မဟာသတိပဋ္ဌာန် စာမျက်နှာ ၂၈-အောက်ဆုံးနှစ်ကြောင်း၌ "ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"ဟူ၍ ဟောတော်မူရာ၌လည်း အထက်ပါသဘောကိုပင် ဟောတော်မူလေသည်။

အချုပ်ကားသင်္ခတ,အသင်္ခတဖြစ်သော လောကဓာတ်ကြီးကို သစ္စာလေးပါးနည်းဖြင့်ကြည့်သော်-
မိန်းမယောကျ်ားမရှိ၊လူနတ်ဗြဟ္မာသတ္တဝါမရှိ၊ခန္ဓာငါးပါးတည်းဟူသော
ဒုက္ခနှင့် နိဗ္ဗာန် တည်းဟူသော သုခသာလျှင်ရှိခြင်းကို ပညာမျက်စိဖြင့်
ထင်ရှားစွာ တွေ့မြင်ရပေသိမ့်မည်။

တနည်းသော် သဘာဝဓမ္မကို သစ္စာနည်းဖြင့်ကြည့်လျှင် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် စသော ၃၁-ဘုံတွင်လူ,နတ်,ဗြဟ္မာ,သတ္တဝါ-ယောကျ်ား,မိန်းမဟူသည်မရှိ။ဒုက္ခအတိမျှသာရှိခြင်းကိုသုတမယဉာဏ်အားဖြင့်(ဝါ)အနုမာနသိဒ္ဓိအားဖြင့် ထင်ရှားစွာသိမြင်လာအောင် ဆရာလုပ်သူက ဇွဲကောင်းစွာ သည်းခံလျက် ရှင်းလင်းသင်ပြပေးရပေမည်။

အကြောင်းသော်ကား ဒုက္ခကို သိသလောက်မျှသာလျှင် နိဗ္ဗာန်ကို အလိုရှိကြလေသည်။ ဒုက္ခကိုတဆယ်သားသိသည်ရှိသော် သုခကိုတဆယ်သားလိုချင်သည်မည်၏။ဒုက္ခကိုတပိဿာသိသည်ရှိသော် သုခကိုတပိဿာ လိုချင်သည်မည်သောကြောင့်ပေတည်း။

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော လမင်းသည်၊ အနုပ္ပန္နေ-ပွင့်တော်မမူသည်ရှိသော်၊ ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသောနေမင်းသည်၊ အနုဂ္ဂတေ-တက်ကာ မပေါ်ထွက်သည်ရှိသော်၊ တေသံ သဘာဝဓမ္မာနံ-ထိုသဘာဝဓမ္မဖြစ်သော သင်္ခါ,အသင်္ခတ ရုပ်အဇ္ဈတ္တိသ,နာမ်တေး ညာသ, သစ္စာလေးပါး, မဂ္ဂင်ရှစ်ပါး,ပဋိစ္စသမုပ္ပါဒ်စသောတရားများ၏၊နာမမတ္တံ-အမည်နာမမျှကိုပင်၊ နနာယတိ-မသိမထင်နိုင်ဟု ပရိဝါပါဠိတော်(သမုဋ္ဌာနသီသ)၌ လာရှိလေသည်။

## နိဗ္ဗာန်အတွက် စာဖတ်ရှုရခြင်း

မင်္ဂလိဒ်နိဗ္ဗာန်ကို အလိုရှိသဖြင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်လိုသော ယောဂီသူမြတ်သည် ရှေးဦးစွာ သုတမယဉာဏ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော နည်းကောင်းလမ်းမှန်တို့ကို ဆရာကောင်းထံတွင် သင်ယူမှတ်သားရမည်၊ သို့မဟုတ် မိမိကိုယ်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဖတ်ရှုလေ့လာရမည်။ ။စိန်ကောင်းကျောက်ကောင်းကို လွယ်ကူစွာ လမ်းပေါ်တွင် မရရှိနိုင်။ တွင်းနက်နက်တူးရသည်ကိုသတိပြုပါ၊ယခုအခါ ဆရာတု များစွာပေါ်ထွက်နေခြင်းကြောင့် စာဖတ်ခြင်းကိုပို၍ အလိုရှိအပ်လေသည်။ ။ထိုကြောင့် ဝိပဿနာနှင့်ဆိုင်ရာ စာပေကို ဖတ်ရှုရန် အထူးတိုက်တွန်းပါ၏။

> ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ကိဉ္စဘိက္ခဝေ ဇာနတော ကိံ ပဿတော အာသဝါနံ ခယော ဟောတိ။ ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ...ပ... ဣတိ သညာ ဣတိ သင်္ခါရာ ဣတိ ဝိညာဏံ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမောတိ။ ဧဝံခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။

ဤပါဠိတော်မှာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်,နိဒါနသံယုတ်,ဒသဗလဝဂ်၌လာရှိ၍ ဘာသာပြန်မှာဆဋ္ဌမူ စာမျက်နှာ ၂၅၂ တွင်ကြည့်ရန်။ ။၎င်းပါဠိတော်အတွက် အလွယ်တကူလေ့ကျင့်နိုင်ရန်မှာ ယခုသင်ပြပေးနေသော မဟာသတိပဋ္ဌာန် ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ စာမျက်နှာ ၁၉-၁၀၄-၁၉၁-တို့၌ ဖတ်ရှုလေ့ကျင့်ရန်ဖြင်၏။ (စာမျက်နှာ ၉၉-၌ ဒ-မိပ္ပာယ်အနည်းငယ် ဖော်ပြခဲ့၏)။

အတ္တနှင့် အနတ္တ ကွဲရ၏။

သော ဝတ ဘိက္ခဝေ ဘိက္ခု ကဉ္စိ ဓမ္မံ အတ္တတော
သမနုပဿန္တော အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် အာနိသဝဂ် အနတ္တသုတ်၌ဒ္ဒင်း)၊
(ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပညာဝဂ် ဆဌမူ စာမျက်နှာ ၄၁၀-၌ရင်း လာရှိ၏)။

ရဟန်းတို့ တစုံတခုသောတရားတို့ကို အတ္တအားဖြင့်ရှုသောထိုရဟန်းသည် စင်စစ်အားဖြင့်အနုလောမိက ခန္တိ လောကုတ္တရာတရားအားလျော်သော ပညာနှင့်ပြည့်စုံလိမ့်မည်ဟူသော အကြောင်းသည်မရှိနိုင်။

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗဓမ္မေ အနတ္တတော
သမနုပဿန္တော အနုလောမိကာယ ခန္တိယာ
သမန္နာဂတော ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ၊

ရဟန်းတို့ အလုံးစုံသော တရားတို့ကို အနတ္တအားဖြင့် ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိက ခန္တိနှင့် ပြည့်စုံနိုင်လိမ့်မည်ဟူသော အကြောင်းသည် ရှိနိုင်၏။

ယင်းပါဠိတော်၌ ဆက်လက်လာရှိသည့် အတိုချုပ်မှာ အတ္တနှင့် လေ့ကျင့်ပွားများနေပါက အလိုရှိသောမဂ်ဖိုလ်ကို မရရှိနိုင်၊ အနတ္တသဘာဝသဘောတရားနှင့် လေ့ကျင့်ပွားများမှသာလျှင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နိုင်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

အဌသာလိနီ နိက္ခေပကဏ္ဍ စာမျက်နှာ ၃၇၇-၌ တာ သဗ္ဗာပိ မဂ္ဂါဝရဏာ နီ သဂ္ဂါဝရဏာ အတ္တဒိဋ္ဌိနှင့်ပွားများသော် မဂ်ဖိုလ်ရရှိရေးကိုတား၏၊ နတ်ရွာသို့ရောက်ရှိရေးကို မတားဟုလာရှိ၏။ ဤစာအုပ် စာမျက်နှာ ၁၁၁-၌လည်း "သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ သမ္မသန္တိ"ဟု ဖော်ပြခဲ့ပြီ။

ထိုကြောင့် အတ္တနှင့်အနတ္တမကွဲလျှင် အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်ရှိနိုင်ခြင်းကြောင့် ရှေးဦးစွာ သုတမယဉာဏ်အားဖြင့် အတ္တနှင့်အနတ္တကွဲရန် အထူးကြိုးစားကြရပေမည်။

ပျင်းရိနေခြင်း

မကောင်းသဖြင့် ဟောပြောအပ်သည်ကို မလိုက်နာဘဲ ပျင်းရိနေခြင်းက ချမ်းသာ၏ဟု ဟောတော်မူလေသည်။ (အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် ဧကဓမ္မပါဠိတော် တတိယဝဂ် ဆ-မြန်-စာ-၄၆)။

မိဘ နှစ်ပါး

အကြင်သူသည် မိဘနှစ်ပါးကို အနှစ်တရာတိုင်ပတ်လုံး မိမိပခုံးထက်၌တင်၍ လုပ်ကျွေး ပြုစုခြင်း၊ မင်း၏စည်းစိမ်ကိုပေးခြင်းစသည်တို့ထက် သဒ္ဓါတရားရှိလာအောင်ပြုခြင်း၊သီလ ဆောက်တည်လာအောင် ပြုခြင်း၊ ပညာနှင့်ပြည့်စုံစေခြင်းငှာ ဆောက်တည်စေခြင်းတို့က ပို၍ အကျိုးကျေးဇူးကြီးမား၏ဟုဟောတော်မူလေသည်။(အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ် သမစိတ္တဝဂ် ဆ-မြန်-စာ ၇၅)။

အတ္တဝါဒုပါဒါန်

ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူ၍ရှိရာ သာသနာပဖြဟ္မာကြီးများသည် ပထမသုံးမျိုး ပယ်ဖြတ်ရန်သိကြသော်လည်း အတ္တဝါဒုပါဒါန်ကို ပယ်ဖြတ်ရန်မသိရှာကြချေ။ (မူလပဏ္ဏာသ ပါဠိတော် သီဟနာဒဝဂ် စူဠသီဟနာဒသုတ် ဆ-မြန်-စာ ၁၀၃)။

အနိစ္စာ သင်္ခါရာ၊ ဒုက္ခာ အနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာဣတိ နိစ္ဆယာ။

(ပရိဝါပါဠိတော် သမုဋ္ဌာနသီသ သင်္ခေပ စာမျက်နှာ ၁၅၇ မြန်မာပြန် ၂၃၄)။

သင်္ခါရတရားအားလုံးတို့သည် အမြဲမရှိကုန်၊ သင်္ခတဘရားအားလုံးတို့သည် ဆင်းလည်း ဆင်းရဲကုန်၏။ ကိုယ်လည်းမဟုတ်။ နိဗ္ဗာန်နှင့်ပညတ်ကို ကိုယ်မဟုတ် 'အနတ္တ' ဟူ၍ ဆုံးဖြတ်အပ်၏။

တိဿော ဣမာ ဘိက္ခဝေ ဓာတုယော၊ ကတမာ
တိဿော ရူပဓာတု အရူပဓာတု နိရောဓဓာတု။

(ဣတိဝုတ် ပါဠိတော် တိကနိပါတ် စာမျက်နှာ ၂၂၆၊ အပိုဒ် ၅၁၊ မြန်မာပြန် ၂၁၀)။

ရဟန်းတို့ ဓာတ်တို့သည် ဤသုံးပါးတို့တည်း၊ အဘယ် သုံးပါးတို့နည်း-ရူပဓာတ်၊ အရူပဓာတ်၊ နိရောဓ ဓာတ်တို့တည်း။

ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။ အဝိဇ္ဇာ ပစ္စယာ ဘိက္ခဝေ
သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ......ပ........ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ အယံ
ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာ ပဋိပဒါ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဗုဒ္ဓဝဂ်,ပဋိပဒါသုတ်,မြန်မာပြန်စာမျက်နှာ ၂၃၀)။

ရဟန်းတို့ မှားယွင်းသောအကျင့်'မိစ္ဆာပဋိပဒါ'ဟူသည် အဘယ်နည်း။ ရဟန်းတို့မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရတို့ဖြစ်ရကုန်၏။ပြုစီရင်မှု'သင်္ခါရ'အကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်ရ၏။ ....ပ....ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွားရ၏။ ရဟန်းတို့ ဤသဘောတရားကို မှားယွင်းသော အကျင့်'မိစ္ဆာပဋိပဒါ'ဟုဆိုအပ်၏။ (ထိုပါဠိတော်၌ "အဝိဇ္ဇာယတွေဝ" စသည်တို့ဖြင့် လာရှိသေး၏။ စာမျက်နှာ ၁၂၁ ၌ လာရှိသော "ကထံ နု ခေါ" နှင့် ဆက်ပြရန်)။

စက္ခုဥ္စ ဆင်ခြင်ပွားများရန်

(ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ ၇၃ နိဿယ ဂ၆)။

စက္ခုသည် အဝိဇ္ဇာ တဏှာ ကံ အာဟာရတို့ကြောင့် ဖြစ်ပေါ်၏။ စက္ခုသည် အကြောင်းကြောင့် ဖြစ်ပေါ်လာရသော သဘောတည်း။

စက္ခု အဟုတွာ သမ္ဘူတံ ဟုတွာ
န ဘဝိဿတီတိ ဝ ဝတ္တေတိ။

စက္ခု-စက္ခုသည်၊ အဟုတွာ-မူလကမရှိမူ၍၊ သမ္ဘူတံ-ယခုမှ ဖြစ်ပေါ်လာသည်။ ဟုတွာ-ဖြစ်ပြီး၍လည်း၊ နဘဝိဿတိ-မရှိဘဲဖြစ်သွားလတံ့။ ဣတိ-ဤသို့၊ ဝဝတ္တေတိ-ပိုင်းခြားမှတ်သား၏။

စက္ခုံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ
ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မန္တိ ဝဝတ္ထေတိ။

(သောတ ဃာနစသည်တို့မှာလည်း ဤနည်းအတိုင်းပင် ပွားများရာ၏)။

(ဤစာအုပ် စာမျက်နှာ ၁၂၁-၌လာရှိသော "ကထံ နု ခေါ...."နှင့် ဆက်ပြရန်)။

## အနုသယ ၇-ပါး

(မူလပဏ္ဏာသ ပါဠိတော်, သီဟနာဒဝဂ်,မဓု ပိဏ္ဍိကသုတ်)

ဝိပဿနာ ဘာဝနာဆိုသည်ကား - အဝိဇ္ဇာနှင့် တဏှာတို့ကို ပယ်ဖြတ်နေသော လုပ်ငန်းကြီးဖြစ်၏။ (ဝါ) တနည်းကား အနုသယ ၇-ပါးတို့ကို ပယ်ဖြတ်နေသော လုပ်ငန်းကြီးဖြစ်၏။ ၎င်းတို့မှာ ရာဂါနုသယ ပဋိဃာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာ နုသယ မာနာနုသယ၊ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့ ဖြစ်လေသည်၊ ဤအနုသယ ၇-ပါးတို့သည် မိမိခန္ဓာ၌ တိုး၍ တိုး၍နေသလော။ လျော့၍ လျော့၍ နေလေသလောဆိုသည်ကို ယောဂီသူမြတ်သည် နံနက်တိုင်း နံနက်တိုင်း နေ့လယ်တိုင်း နေ့လည်တိုင်း ညနေတိုင်း ညနေတိုင်း မိမိကိုယ်တိုင် စစ်ဆေးရာ၏။

ဗုဒ္ဓမြတ်စွာသည် ရဟန်းတပါးအား သင်ယူဆောင်ထား လေ့ကျင့်ပွားများရန် စေခိုင်းတော်မူသော တရားတော်။ ။ဤဒေသနာတော်အရ စာကျက်ရမည့်,စာလို၏,စာခံမနေပါ။

စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာ ပစ္စယာ တဏှာ။ တဏှာ ပစ္စယာ ဥပါဒါနံ။ ဥပါဒါန ပစ္စယာ ဘဝေါ။ ဘဝ ပစ္စယာ ဇာတိ။ ဇာတိ ပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်,သဠာယတနသံယုတ်၊ ယောဂက္ခေမိဝဂ်, ဥပဿုတိသုတ်,ဆဋ္ဌမူ စာမျက်နှာ ၃၁၀,မြန်မာပြန် စာမျက်နှာ ၃၀၃, အပိုဒ် ၁၁၃)။

စက္ခုပသာဒကိုရင်း၊ ရူပါရုံတို့ကိုရင်း စွဲ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ သုံးခုသော တရားတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿဖြစ်၏။ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏။ ဝေဒနာဟူသောအကြောင်းကြောင့် တဏှာသည်ဖြစ်၏၊ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်သည်ဖြစ်၏။ ဥပါဒါန်ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏။ ဘဝဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏၊ ဇာတိဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။ဤသို့ အလုံးစုံသော ဤဆင်းရဲအစုဒုက္ခအမှု၏ ဖြစ်ခြင်းသည် ဖြစ်၏။

ထိုပါဠိတော်မှာ ဤမျှသာမက ရှည်လျားစွာလာ၏။ လိုရင်းအချုပ်ကား တဏှာကို ပယ်ဖြတ်ရန် ဖြစ်၏။ ယင်းပါဠိတော်မှာ ဗုဒ္ဓမြတ်စွာသည် ထူးခြားစွာ ရဟန်းတပါးအား သင်ယူဆောင်ထားလေ့ကျင့်ပွားများရန် စေခိုင်းတော်မူသော ပါဠိတော်ဖြစ်၏။ ကျမ်းရင်းကို ဆက်လက်၍ ဖတ်ရှုတော်မူကြရန် အထူးတိုက်တွန်းပါ၏။

# နိဗ္ဗာန်

နိဗ္ဗာန်သည် အဇ္ဈတ္တလော ဗဟိဒ္ဓလော
နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည်
အဘယ်နည်း။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
အတော သရာ နိဝတ္တန္တိ၊ တ္တေ ဝဋ္ဋံ န ဝတ္တတိ။
တ္တေ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတီတိ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်, ဒေဝတာသံယုတ်, သတ္တိဝဂ်,သရသုတ်, စာမျက်နှာ-၁၅ မြန်မာပြန် ၁၄။ ။အကြင် နိဗ္ဗာန်အရပ်၌ ဖွဲ့စည်းမှု "အာပေါ" ဓာတ်သည်၎င်း၊ ခက်မာမှု "ပထဝီ" ဓာတ်သည်၎င်း၊ ရင့်ကျက်မှု "တေဇော" ဓာတ်သည်၎င်း၊ ထောက်ကန်မှု "ဝါယော" ဓာတ်သည်၎င်း၊ မတည်နိုင်။ ထိုနိဗ္ဗာန် အရပ်မှ သံသရာ အိုင်တို့သည် ဆုတ်နစ်ကုန်၏၊ ဤနိဗ္ဗာန်အရပ်၌ ဝဋ်ဆင်းရဲသည် မဖြစ်၊ ဤနိဗ္ဗာန်အရပ်၌ နာမ်သည်၎င်း၊ ရုပ်သည်၎င်း အကြွင်းမဲ့ ချုပ်၏ဟုမိန့်တော်မူ၏။

မဟာပဒေသတရား ၄-ပါးနည်းအရ ဤ "သာမုက္ကံသိက" ပါဠိတော်ကိုဖတ်ရှုရခြင်းအားဖြင့် နိဗ္ဗာန်၌ ဆင်းရဲဒုက္ခအဝဝ ကင်းငြိမ်းသည်သာမက နာမ်ဓာတ်ရုပ်ဓာတ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် နိဗ္ဗာန်၌ ရုပ်ထူး နာမ်ထူး ပုဂ္ဂိုလ်ထူး မရှိခြင်းကို ကောင်းစွာသိအပ်လေပြီ။ (နတ္ထိ ခန္ဓသမာ ဒုက္ခာ, နတ္ထိ သန္တိ ပရံ သုခံ)။

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ဤကား အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာ၌ ရေးဦးစွာလာရှိသည်တည်း။ ။လိုရင်းအဓိပ္ပာယ်သော်ကား အဘိဓမ္မာနည်းအရ လောကဓာတ်ကြီးတရပ်လုံးတွင် စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဤ ၄-ပါးသာရှိ၏၊ အခြားမရှိဟု အဋ္ဌကထာဆရာမြတ်က မိန့်ဆိုတော်မူခြင်းဖြစ်၏။

ဤတွင် တနည်းနားလည်ရန်မှာ လောကဓာတ်ကြီးတရပ်လုံးတွင် မိန်းမ, ယောကျ်ား, လူ, နတ်, ဗြဟ္မာဟူ၍မရှိ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဤပရမတ္ထ သဘာဝဓမ္မ တရားလေးပါးသာလျှင် အသီးသီးရှိကြသည်ကို ယောဂီသူမြတ် စွဲမြဲစွာ မှတ်ယူထားရပေမည်။

ဤသို့ဖြစ်ခဲ့လျှင် တဆင့်တက်သော် ယောဂီသူမြတ်ဆိုသည်ပင် မရှိတော့ပြီ။ စိတ်,စေတသိက်,ရုပ်တို့သာလျှင် ရှိခြင်းကို စိတ်နှင့်စေတသိက်တို့က သိရှိနေခြင်းဖြစ်သည်ကို စိတ်နှင့်စေတသိက်တို့က စွဲမြဲစွာမှတ်ယူထားရပေမည်။ ။၎င်းစိတ်, စေတသိက်, ရုပ်တို့ကို ခန္ဓာဖွဲ့သော် ခန္ဓာငါးပါးရရှိလာ၏။ နိရောဓသစ္စာထိုက်သောနိဗ္ဗာန်ကားစိတ်,စေတသိက်,ရုပ်တို့နှင့် မရောမယှက် တသီးတခြားတည်းဟု နာမ် ခန္ဓာလေးပါးတို့က တိကျပြတ်သားစွာ သိရှိထားရပေမည်။ (ဆရာကိုယ်တိုင်ကလည်း ဤအတိုင်း ပိုင်နိုင်စွာလေ့ကျင့်သိရှိပြီးဖြစ်ရမည်)။

အဘိဓမ္မာကျမ်းတို့၏အစဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၏အစ ရှေးဦးစွာ လာရှိသောပါဠိတော်ကား—

ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာတို့ပေတည်း။ ဤပါဠိတော်အရလည်း ကုသလာဓမ္မာအရ လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ။ သဘာဝဓမ္မဖြစ်သော စိတ်နှင့်စေတသိက် ၃၈-လုံးသာရှိ၏။

(ဆင့်မအကြိမ်)

အကုသလာဓမ္မာအရ လူ, နတ်, ဗြဟ္မာ သတ္တဝါမရှိ။ သဘာဝဓမ္မဖြစ်သော စိတ်နှင့်စေတသိက် ၂၇-လုံးသာ ရှိ၏၊ အဗျာကတာဓမ္မာအရတွင်လည်း ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ။ သဘာဝဓမ္မ ဖြစ်သောစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်သာရှိ၏။

ဤသို့အဋ္ဌကထာနှင့်တကွ ပါဠိတော်ကိုဖော်ပြရခြင်းကား-လူ, နတ်, ဗြဟ္မာ, သတ္တဝါမရှိ။ သဘာဝဓမ္မ သာရှိသည်ဆိုသည်ကိုသာလျှင် ဖော်ပြလိုသည်သာမကသေး၊ နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည် (ဝါ) မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် အဇ္ဈတ္တဖြစ်သောစိတ်, စေတသိက်, ရုပ်တည်းဟူသော ခန္ဓာငါးပါးနှင့် မရောမယှက် တသီးတခြား ဖြစ်ခြင်းကို ထင်ရှားစွာ သိရှိထားစေလိုသည်မှာ ပဓာနအချက်ကြီးဖြစ်၏။

ဓမ္မသင်္ဂဏီပါဠိတော် ဒုကမာတိကာ၌ သပစ္စယာဓမ္မာ၊ အပစ္စယာဓမ္မာ ဟူ၍လည်း ဟောတော်မူ၏။ သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာဟူ၍လည်းဟောတော်မူ၏။ ဤကား မာတိကာမျှသာတည်း၊ ယင်းပါဠိ တော် နိက္ခေပကဏ္ဍ၌ လာရှိသည်မှာ-

**ကတမေ ဓမ္မာ သပစ္စယာ။**
**ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညက္ခန္ဓော**
**သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ သပစ္စယာ။**

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် သပစ္စယမည်ကုန်သနည်း။ ။ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါးပါးသည် သပစ္စယတရားမည်ကုန်၏။

**ကတမေ ဓမ္မာ အပစ္စယာ။**
**အသင်္ခတာ ဓာတု၊ ဣမေ ဓမ္မာ အပစ္စယာ။**

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် အပစ္စယမည်ကုန်သနည်း။ ။အကြောင်းတရားတို့သည် မပြုပြင်အပ်ကုန်သော နိဗ္ဗာနဓာတ်သည်ရှိ၏။ ဤသဘောတရားသည် အပစ္စယတရားမည်၏။

**ကတမေ ဓမ္မာ သင်္ခတာ။**
**ယေဝ တေ ဓမ္မာ သပစ္စယာ၊ တေဝ တေ ဓမ္မာ သင်္ခတာ။**

အဘယ်သို့သဘောရှိကုန်သောတရားတို့သည် သင်္ခတမည်ကုန်သနည်း။ အကြင်အကြင်တရားတို့သည် သပစ္စယမည်ကုန်၏။ ထိုထိုသောတရားတို့သည် သင်္ခတတရားတို့မည်ကုန်၏။ (ဤ၌ ခန္ဓာငါးပါး ဝါ-စိတ် စေတသိက်, ရုပ်တို့သည် သင်္ခတမည်၏)။

**ကတမေ ဓမ္မာ အသင်္ခတာ။**
**ယော ဧဝ သော ဓမ္မော အပစ္စယော၊ သော ဧဝ သော ဓမ္မော အသင်္ခတော။**

အဘယ်တရားတို့သည် အသင်္ခတတရားတို့မည်ကုန်သနည်း။ အကြင်အပစ္စယမည်သော နိဗ္ဗာန်တရား သည်ရှိ၏။ ထိုအပစ္စယမည်သောနိဗ္ဗာန်တရားသည် အသင်္ခတတရားမည်၏။ (အကြောင်းတရားတို့သည်မပြုပြင် အပ်ကုန်သော နိဗ္ဗာန်သည် အသင်္ခတ တရားမည်၏)။ ။ဤသည်တို့ကား အထက်တွင် ဖော်ပြခဲ့သော ပါဠိတော်မှလာရှိသည်တို့တည်း။

အင်္ဂုတ္တိုရ်ပါဠိတော်, တိကနိပါတ်, စူဠဝဂ်, သင်္ခတလက္ခဏသုတ်, သင်္ခတတရားနှင့် အသင်္ခတတရားတို့ လက္ခဏာတို့ကိုဖော်ပြထားသည်မှာ-

အို-ရဟန်းတို့ သင်္ခတ တရား၏ သင်္ခတဟုမှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်း။ ဖြစ်ခြင်းသဘောဥပါဒ်သည် ထင်ရှား၏။ ပျက်ခြင်းသဘောဘင်သည် ထင်ရှား၏။ ဌီ မည်သော သဘောတရား၏ ဥပါဒ်နှင့်ဘင်မှတပါးသော အခြင်းအရာ၏အဖြစ်သည် ထင်ရှား၏။ အို-ရဟန်းတို့ သင်္ခတ တရား၏ သင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးပါးတို့ပေတည်း။

**အသင်္ခတ လက္ခဏာ။**

အို-ရဟန်းတို့ အသင်္ခတ တရား၏ အသင်္ခတဟုမှတ်ကြောင်းလက္ခဏာတို့သည်ဤသုံးပါးတို့ပေတည်း။ အဘယ်သုံးပါးတို့နည်းဟူမူကား ဖြစ်ခြင်းသဘော ဥပါဒ်သည် မထင်၊ ပျက်ခြင်းသဘော ဘင်သည် မထင်။ ဌီမည်သောတရား၏ဥပါဒ်နှင့် ဘင်မှတပါးသော အခြင်းအရာ၏ အဖြစ်သည်မထင်။ အို-ရဟန်းတို့ အသင်္ခတ တရား၏ အသင်္ခတ တရားဟု မှတ်ကြောင်းလက္ခဏာတို့သည် ဤ သုံးပါးတို့ပေတည်းဟု ဟောတော်မူ၏။

**အတ္ထိ ဘိက္ခဝေ အဇာတံ**
**အဘူတံ အကတံ အသင်္ခတံ၊**

ဤပါဠိတော်သည် ဥဒါန်းပါဠိတော်, ပါဋလိဂါမိယဝဂ်, တတိယသုတ်၌ရှင်း၊ ဣတိဝုတ်ပါဠိတော် ဒုကနိပါတ်, ဒုတိယဝဂ်, အဇာတသုတ်၌ရှင်း လာရှိ၏။

ဆဋ္ဌမူဘာသာပြန်။ ရဟန်းတို့ ဖြစ်ပေါ်မှုမရှိသော ထင်ရှားဖြစ်ပေါ်မှုမရှိသော ပြုလုပ်ထားမှု မရှိသော စီရင်ထားမှုမရှိသော နိဗ္ဗာန်သည်ရှိ၏။ (ဣတိဝုတ် မြန်မာပြန်စာမျက်နှာ ၂၀၄ မှ)။

နိဿျ။ ။ဘိက္ခဝေ-ရဟန်းတို့၊အဇာတံ-များစွာသောအကြောင်းတို့ကြောင့်လည်းဖြစ်ခြင်းမရှိသော၊ အဘူတံ-အလိုအလျောက်လည်း ဖြစ်ခြင်းမရှိသော၊ အကတံ-များစွာသော အကြောင်းတို့သည် ပြုပြင်အပ်သည်လည်းမဟုတ်သော၊ အသင်္ခတံ-အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သည်လည်း မဟုတ်သော နိဗ္ဗာန် တရားသည်၊ အတ္ထိ-ပရမတ္ထ သဘာဝဓမ္မအားဖြင့် ထင်ရှားရှိ၏ဟု ဟောတော်မူ၏။

နိဗ္ဗာန်ကို သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တို့ သဘောကျနိုင်ရန် ခဲယဉ်းလှ၏။ ။နိဗ္ဗာန်ကို သဘောကျလာနိုင်ရန်မှာ ဒုက္ခကိုအစွမ်းကုန်သိပါမှ နိဗ္ဗာန်ကို သဘောကျနိုင်လေသည်။ ဒုက္ခကို တဆယ်သားသိလျှင် နိဗ္ဗာန်ကို တဆယ်သား သဘောကျသည်မည်၏။ ဒုက္ခကို တပိဿာသိလျှင် နိဗ္ဗာန်တပိဿာ အလိုရှိသည်မည်၏။ (သဗ္ဗလောကေ အနဘိရတိသညာ) ၃၁-ဘုံသည် ဒုက္ခအစစ်, ဒုက္ခအတိသာဖြစ်ခြင်းကို သဘောပေါက်လာသော် ထိုမျှနိဗ္ဗာန်ကို သဘောကျလာပေတော့၏။ ထိုမျှနိဗ္ဗာန်ကို အလိုရှိလာပေတော့၏။

ထို့ကြောင့် ဆရာလုပ်သူသည် သောတုဇနပုဂ္ဂိုလ်အား ၃၁-ဘုံ၌ရှိရှိသမျှသောပုဂ္ဂိုလ်သတ္တဝါ ဟူသမျှတို့သည် (အနတ္တလက္ခဏသုတ်၌ ဟောတော်မူသည်အတိုင်း)အနိစ္စမျှသာဖြစ်ခြင်း၊ဒုက္ခ အတိမျှသာဖြစ်ခြင်း၊ အတ္တမပါ၊ ငါ, သူ, ဘပါး, မိန်းမ,ယောကျ်ားမရှိ၊ အနတ္တသဘာဝဓမ္မ ဖြစ်ခြင်းကို သုတမယ ဉာဏ်အားဖြင့် (ဝါ) အနုမာနသိဒ္ဓိအားဖြင့် သဘောပေါက်လာစေရန် ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းစသော နည်းတို့ဖြင့် ဝိပဿနာကာဝနာကို မပွားများမီ (ဝါ) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခဏ်းသို့မဘက်မီ ရှေးဦးစွာ သင်ပြပေးထားရပေမည်။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ အသင်္ခတာဝါ။
ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂ မက္ခာယတိ...........။

အို-ရဟန်းတို့-အကြင်မျှလောက်ကုန်သောအကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတလည်း ဖြစ်ကုန်သော၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော အသင်္ခတလည်း ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏။ ထိုတရားတို့တွင် ရာဂကင်းသော အကြင်ရာဂတည်းဟူသော ယစ်ခြင်း၏ ကင်းရာဖြစ်သော ရာဂ တည်းဟူသော မွတ်သိပ်ခြင်း၏ ပယ်ဖျောက်ရာ ဖြစ်သော တောင့်တခြင်းအာသာကို ဖြတ်ရာ ဖြစ်သော ဝဋ်ဆင်းရဲ၏ဖြတ်ရာဖြစ်သော တဏှာ၏ကုန်ရာဖြစ်သော ရာဂ ကင်းရာဖြစ်သော ဒုက္ခခပ်သိမ်း ချုပ်ရာ ဖြစ်သော အကြင်နိဗ္ဗာန်သည် ရှိ၏။ ထို ထိုနိဗ္ဗာန်ကို မြတ်၏ဟု ဆိုအပ်၏။(အင်္ဂုတ္တိုရ်ပါဠိတော်, စတုက္ကနိပါတ် စက္ကဝဂ်, စတုတ္ထသုတ်)။ ဆက်လက်လာရှိသည်မှာ-

ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

အို-ရဟန်းတို့-အကြင်သူတို့သည် နိဗ္ဗာန်တရား၌ ကြည်ညိုကြကုန်၏။ ထိုသူတို့သည် မြတ်သည်၌ ကြည်ညိုသည် မည်ကုန်၏။မြတ်သည်၌ ကြည်ညိုကုန်သော သူတို့အား မြတ်သောအကျိုးသည်ဖြစ်၏ဟု ဟော တော်မူ၏။

ဤ ဒေသနာတော်မြတ်အရ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်ရကား-ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်၏ ဂုဏ်ထူးကို အာရုံပြုလျက် ဥပသမာနုဿတိ ဘာဝနာကို ပွားများနေခြင်းသည် သာမန်အကျိုးမျှသာမက ဝိပဿနာ ဘာဝနာ ပွားများရာ၌ နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် နိဗ္ဗာန်ကို (သစ္ဆိကာတဗ္ဗ) မျက်မှောက်ပြုသောအခါ (ဝါ) အာရုံပြုသောအခါ ကြီးမားသော အကူအညီ အထောက်အပံ့ကိုရရှိ လေသည်။

အင်္ဂုတ္တိုရ် ပါဠိတော် ကောဒသကနိပါတ်, နိဿယဝဂ်, မနသိကာရသုတ်၌ လာရှိသောသဘောကို အတိုချုပ် ကောက်နုတ်ဖော်ပြရသော် ညီတော်အာနန္ဒာက အသျှင်ဘုရား ထိုထိုဤဤ စသည်တို့ကို မစဉ်း စားမူ၍ အဘယ်သို့ စဉ်းစားနှလုံးသွင်းမူသည် မှန်မြတ်ပါသနည်းဟု လျှောက်ထားရာ-

အာနန္ဒာ-ဤလောက၌ (သဗ္ဗသင်္ခါရသမထော) သင်္ခါရအားလုံး ငြိမ်းရာ ဥပဓိအားလုံးကိုစွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှုကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်တရားသည် ငြိမ်သက်၏။ နိဗ္ဗာန်တရားသည် မွန်မြတ်၏။ ဤသို့ နှလုံးသွင်းသူသည် မြတ်၏ဟု စသည်ဖြင့် ဖြေဆိုတော်မူ၏။ (ဆဋ္ဌမူ-ဘာသာပြန် ၅၁၃)။

ဤအထက်တွင်"ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ..." ဟူ၍ဖော်ပြထားသော ပါဠိတော်ကို နိဗ္ဗာန်သို့ အာရုံပြုလျက် အထူးရွတ်ဆိုပွားများရာ၏

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ၌ ဥပသမာနုဿတိအတွက် သီးခြားဖော်ပြထား သည်ကို ဖတ်ရှုကာ လိုက်နာပွားများအပ်လေသည်။ ။ထိုမှ ထုတ်နုတ်ကာ အနည်းငယ် ဖော်ပြရသော် ဥပသမာနုဿတိ ဘာဝနာကိုပွားများအားထုတ်သူအား ချမ်းသာစွာအိပ်ရ၏။ချမ်းသာစွာနိုးရ၏။ကြည်ညို ဘွယ်ရှိသည်မွန်မြတ်သောနှလုံးအားသွင်းခြင်းသည်ဖြစ်၏။ သိတင်းသုံးဘော်တို့ အလေးဂရုပြုစသည်တို့သည်

ဖြစ်၏ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ဆိုတော်မူပြီးနောက် ဤသို့ ကြီးကျယ်သော အကျိုးအာနိသင်ရှိသော ဥပသမာနုဿတိ ဘာဝနာကို မမေ့မလျော့စေမူ၍ ဧဖန်ဧလဲလဲ ပွားများအားထုတ်ရန်ကိုလည်း ညွှန်ပြတော်မူခဲ့လေသည်။

အနိဒ္ဒိဿဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ

(ဓမ္မသင်္ဂဏီပါဠိတော်, အဋ္ဌကထာကဏ္ဍ စာမျက်နှာ ၂၇၃၊ မြန်မာပြန် ၅၂၁)

အသက် ဇီဝိတိန္ဒြေနှင့် မစပ်သော ရုပ်တရားတို့သည်၎င်း၊ နိဗ္ဗာန်တရားသည်၎င်း ဗဟိဒ္ဓတရားတို့မည်ကုန်၏ဟု ဟောတော်မူ၏။ ထို့မှတပါး ဝိဘင်းပါဠိတော်, သစ္စဝိဘင်္ဂ, ပဉ္စာပုစ္ဆကဌ်—

နိရောဓသစ္စံ ဗဟိဒ္ဓါ

နိရောဓမည်သော နိဗ္ဗာန်တရားသည် စိတ်, စေတသိက်, ရုပ် ဟူသော ခန္ဓာငါးပါးနှင့် မနှောမယှက် (အဇ္ဈတ္တတရားမဟုတ်)ဗဟိဒ္ဓတရားဖြစ်၏ဟု ဟောတော်မူ၏။

ဤတွင် အထူးကား—နိဗ္ဗာန်သည် အဇ္ဈတ္တတရား မဟုတ်။ ဗဟိဒ္ဓတရားဖြစ်သည်ကို အထူးသိမှတ်ထားရပေမည်။

**သစ္စာလေးပါးတရားတော်တွင်နိရောဓသစ္စာကိုဟောတော်မူရာ၌ တံခေါ်ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံသစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ....။စသည်ဖြင့် ဟောတော်မူရာဝယ် လိုရင်းအဓိပ္ပာယ်အတိုချုပ်ကား—**

နိဗ္ဗာန်ကိုအလိုရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို(သစ္ဆိကာတဗ္ဗ) မျက်မှောက်ပြုပါမှ နိဗ္ဗာန်ကို အာရုံပြုပါမှ နိဗ္ဗာန်ကို ရရှိရောက်ရှိနိုင်ခြင်းကို ငါဘုရားပင်လျှင်ဘုရားမဖြစ်မီ ထီးနန်းကိုစွန့်လျက်ကျင့်နေစဉ်အခါကမသိခဲ့ချေ။ ဘုရားအဖြစ်သို့ရောက်ပါမှသိရသည်ဟု ဟောတော်မူလေသည် ။

ဤတွင် အထူးကား—ဝိပဿနာဘာဝနာကို အားထုတ်ကြိုးစား ပွားများကြရာဝယ် အချို့ပုဂ္ဂိုလ်တို့သည်(သစ္ဆိကာတဗ္ဗ)နိဗ္ဗာန်ကို အာရုံပြုရမည်ဆိုသော ကိစ္စဉာဏ် လုပ်ငန်းကြီးကို မေ့လျော့နေတတ်ကြခြင်းကြောင့် ဥပသမာနုဿတိကို ပွားများအပ်ကြောင်း ဝိသုဒ္ဓိမဂ်, သမ္မောဟဝိနောဒနီ ဉာဏ်စခန်း၌ ဒိသာကာက ကျီးဥပမာကိုဆောင်၍ပြထား၏။ ထို့မှတဖန် ဝိပဿနာဘာဝနာကို ပွားများရာဝယ် နိရောဓသစ္စာကိစ္စဉာဏ်၌ ဟောတော်မူသည့်အတိုင်း နိဗ္ဗာန်သို့ (သစ္ဆိကာတဗ္ဗ) မျက်မှောက်ပြုရမည်ဆိုသည်ကို အထူးဖော်ထုတ် သင်ပြပေးရာ၏။

နိဗ္ဗာန်သည် လူနှင့်ဝေးသည်မဟုတ်။အထူးနီးကပ်လျက်ရှိ၏။ ။ရောဟိတနတ်သားသည် ဒုက္ခငြိမ်းရာကို အနှစ်တရာတိုင်တိုင် ခြေဖြင့် လှည့်လည်သွားရောက်ရှာဖွေပါသော်လည်း နိဗ္ဗာန်ကိုမတွေ့ ဤတလံမျှရှိသော ကိုယ်ခန္ဓာ၌သာ ရအပ်၏ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။

ဤခန္ဓာကိုယ်၌သာ ရအပ်၏ ဆိုရာဝယ် သစ္စာလေးပါးနည်းဖြင့် သုံးသပ်သည်ရှိသော် ဝိပဿနာဘာဝနာကိုရင့်သန်လာအောင်ကျင့်ပြီးလျှင် နိဗ္ဗာန်သို့မျက်မှောက်ပြုခိုက် ရဟန္တာအသျှင်မြတ်တို့ရအပ်သော မဂ်စိတ်သည် ဖြစ်ပေါ်လာရာ ထိုမဂ်စိတ်ဖြင့် တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်ရန် ဖြစ်၏။ (ရှေ့တွင် ပို၍ ထင်ရှားလတ္တံ့)။

အထက်တွင် နိဗ္ဗာန်သည် မိမိကိုယ်၌ရအပ်၏။ မိမိအနီး၌ရှိ၏ဟု ဆိုရသော်လည်း နိဒါနဝဂ္ဂ နိဒါန သံယုတ်ပါဠိတော်, ဒသဗလဝဂ်, ဒုတိယ ဒသဗလသုတ်၌–

န ဘိက္ခဝေ ဟိနေန အဂ္ဂဿ ပတ္တိ ဟောတိ။
အဂ္ဂေန စ ခေါ ဘိက္ခဝေ အဂ္ဂဿ ပတ္တိ ဟောတိ။

အို–ရဟန်းတို့–ယုတ်လျော့သော အောက်တန်းစား လုံ့လဖြင့် မွန်မြတ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်ရှိနိုင်။ အို–ရဟန်းတို့–မြတ်သော အထက်တန်းစား လုံ့လဖြင့်သာလျှင် မွန်မြတ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ရှိနိုင်၏ဟု ဟောတော်မူသည်ကို အထူးသတိပြုအပ်လေသည်။

အပေါ်မပါ၊ နိဗ္ဗာန်ရွာ၊ တောင် ထွာ ဘယ်လောက်ဝေးသလဲ။
တဏှာကုန်က၊ နိဗ္ဗာန်ရ၊ တောင်ရ ထွာရ အုံးမည်လော။

ဤသို့လျှင် ရှေးသူမြတ်တို့ ဆိုစမှတ်ရှိခဲ့ကြလေသည်။ ထိုမှတပါး နိဗ္ဗာန်သည် လူနှင့်နီးကပ်လျက် ရှိခြင်းကို သုတ္တနိပါတ် ပါဠိတော်, ဟောဝဂ်, နောက်ဆုံးသုတ်, အဆုံးနားတွင်၎င်း၊ သဠာယတနဝဂ္ဂ သဠာယတနသံယုတ် ဒေဝဒဟဝဂ်, ရူပါရာမသုတ်၌၎င်း အောက်ပါအတိုင်း လာရှိလေသည်။

သန္တိကေ န ဝိဇာနန္တိ၊
မဂ္ဂါ ဓမ္မဿ အကောဝိဒါ

သဘာဝဓမ္မဖြစ်သော သစ္စာတရား၌ မလိမ္မာကုန်သော ပုထုဇဉ်လူပြိန်းတို့သည် အနီး၌ရှိနေသော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။ (နိဗ္ဗာန်တရားသည် အဝေးမှာသာမဟုတ်၊ မိမိအနီးတွင်ရှိသည်ဟူ၏)။

ထိုမှတဖန် ယင်းပါဠိတော် နှစ်ရပ်တို့၌လာရှိသော သဘောတို့မှ တခုသော သဘောကို အတိုချုပ် ဖော်ပြပေအံ့။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဟူသောအာရုံ၆–ပါးတို့ကို သုခချမ်းသာဟုခေါ်ဆိုသမုတ်အပ်ကုန်၏။ ထိုအာရုံတို့ချုပ်ရာနိဗ္ဗာန်ကိုကား ဒုက္ခဆင်းရဲဟု ခေါ်ဆိုသမုတ် အပ်ကုန်၏။

အရိယာပုဂ္ဂိုလ်တို့သည်ကားခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ချုပ်ရာနိဗ္ဗာန်ကို သုခချမ်းသာဟုသိမြင် ကြကုန်၏။ပုထုဇဉ်ပုဂ္ဂိုလ်တို့သုခချမ်းသာဟုခေါ်ဆိုအပ်သော ဝဋ္ဋကာမကို ဒုက္ခဆင်းရဲဟု သိမြင်ကြကုန်၏ ဟူ၍ ဟောတော်မူ၏။

ဤဘင် ဆိုလိုရင်းအတိုချုပ်ကား ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို အလိုရှိ၏။နိဗ္ဗာန်ကိုအလိုမရှိ။ သူတော်သူမြတ်တို့ကား နိဗ္ဗာန်ကိုအလိုရှိ၏၊ ကာမဂုဏ်ကိုအလိုမရှိ။

အင်္ဂုတ္တိုရ်ပါဠိတော်,စတုက္ကနိပါတ်,ရောဟိတဿဝဂ်၌၎င်း၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်,နာနာ တိတ္ထိယဝဂ်, ရောဟိဘဿသုတ်၌၎င်း လာရှိသည်တို့၏ အတိုချုပ်သဘောမှာ–

အသျှင်ဘုရား အကြင်အရပ်၌ အကြင်သူသည် ပဋိသန္ဓေမနေရ၊ မအိုရ၊မသေရ၊တဖန် မဖြစ်ရသော ထိုအရပ်သို့ ထိုသူသည် ခြေကျင်သွား ခြင်းဖြင့် တတ်နိုင်ပါ၏လော။ (ပဋိသန္ဓေမနေရ မအိုရ မသေရဆိုသော အရပ်မှာ နိဗ္ဗာန်ဖြစ်၏)။

အသျှင်ဘုရား တပည့်တော်သည် ရှေးဘဝတွင် အလွန်တန်ခိုးနှင့် ပြည့်စုံသော ရသေ့ဖြစ်ခဲ့ရာ ထိုအခါက လောက၏ အဆုံးကို အလွန်လျင်မြန်သော ခြေဖြင့် အနှစ်တရာပတ်လုံး သွားရောက် ရှာဖွေ ပါသော်လည်း မတွေ့ခဲ့ရပါ ဘုရားဟု လျှောက်ထားလေသည်။

> အို-ဒါယကာ ရောဟိတ နတ်သား သင်မေးအပ်သော အရပ်သို့ ခြေလျင်သွားခြင်းဖြင့် သိအပ်၏။ မြင်အပ်၏ ရောက်အပ်၏ဟူ၍ ငါဘုရား ဟောတော်မမူ။

အို-နတ်သား လောက၏အဆုံး နိဗ္ဗာန်သို့မရောက်မူ၍ဒုက္ခ၏အဆုံးကို ပြုခြင်းကို ငါဘုရားဟောတော် မမူ။ စင်စစ်သော်ကား သညာရှိသည်ဖြစ်သော ဝိညာဏ်ရှိသည်ဖြစ်သော ဤတလံမျှလောက်သောဤခန္ဓာ ကိုယ်၌သာလျှင် (လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒန္တိ)လောကကိုင်း၊ လောက၏ဖြစ်ကြောင်းကိုင်း၊ လောက၏ချုပ်ရာကိုင်း၊ လောက၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုင်း ငါဘုရား ပညတ်တော်မူ၏ဟု ဖြေဆိုတော်မူလေသည်။

ဤတွင် ပါဠိတော်များ၌ နိဗ္ဗာန်သည် အဇ္ဈတ္တမဟုတ်၊ ခန္ဓာငါးပါးနှင့် မရောပယှက်သော ဗဟိဒ္ဓ ဖြစ်သည်ဟု လာရှိပါလျက် ယခုသော် ဤတလံမျှလောက်သော ကိုယ်၌သာလျှင်နိဗ္ဗာန်ကိုရရှိ၏။ (ဝါ)ဤ တလံမျှလောက်သော ကိုယ်၌သာလျှင် သစ္စာလေးပါးကို ရရှိ၏ဟူ၍ ဟောတော်မူပြန်ရာ သာမန်ပုဂ္ဂိုလ်တို့၏ စိတ်တွင် အဘယ်သို့ ခွဲခြားသိပါအံ့နည်းဆိုသော တွေဝေရှုပ်ထွေးမှုသည် ပေါ်လာတတ်၏။

နိဗ္ဗာန်သည် အတွင်းအဇ္ဈတ္တမဟုတ်၊ အပြင်ဗဟိဒ္ဓဖြစ်ရခြင်းကိုဟောတော်မူအပ်သောပါဠိတော်အချို့ ကို စာမျက်နှာ ၁၃၃-၌ ဖော်ပြခဲ့ပြီးဖြစ်၏၊ ယခုသော် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ဤတလံမျှလောက်သော ခန္ဓာ ကိုယ်၌သာလျှင် ရရှိ၏ဟူ၍ ဟောတော်မူရာဝယ် အတွင်းအဇ္ဈတ္တမဟုတ်၊ အပြင်ဗဟိဒ္ဓဖြစ်ခြင်းကို အဋ္ဌကထာ ဋီကာတို့၌ လာရှိသည်တို့ကို အနည်းငယ် အတိုချုပ် ဖော်ပြရပေ၏။

အဇ္ဈတ္တိကေ အနိန္ဒြိယဗဒ္ဓ ရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါတိ —— စသည်ဖြင့် အဋ္ဌသာလိနီ, အဋ္ဌကထာ ကဏ္ဍ စာမျက်နှာ ၄၄၇-အပိုဒ် ၁၄၃၅ ၌ လာရှိသော သဘောအတိုချုပ်မှာ —

> တဦးသောပုဂ္ဂိုလ်သန္တာန်၌ စိတ်, စေတသိက်, ရုပ်တို့သည်ရှိ၏။ ၎င်း နာမ်ရုပ်တို့သည် ပုဂ္ဂိုလ်အတွက် အဇ္ဈတ္တဖြစ်၏။ ထိုနည်းတူစွာ အခြား အခြားသောပုဂ္ဂိုလ်သန္တာန်တို့၌လည်း စိတ်,စေတသိက်,ရုပ်တို့သည်ရှိကြ၏။ ထိုပုဂ္ဂိုလ်အသီးသီးတို့၌ဖြစ်သော နာမ်ရုပ်အပေါင်းတို့သည် တဦးကိုတဦး အပြန်အလှန်ထောက်ဆပြောဆိုလျှင် အဇ္ဈတ္တလည်း ဖြစ်နိုင်၏။ဗဟိဒ္ဓလည်း ဖြစ်နိုင်၏။

သို့ရာတွင် အနိန္ဒြိယ ဗဒ္ဓရုပ်နှင့် နိဗ္ဗာန်သည်ကား ၎င်းတို့ကဲ့သို့ အဇ္ဈတဖြစ်၍ မရ၊ ဗဟိဒ္ဓတရားသာတည်း။ ဤကား အဋ္ဌကထာဆရာမြတ်၏ ရှင်းလင်းချက်အတိုချုပ်ပေတည်း။ဋီကာအလိုကို အနည်းငယ်ဖော်ပြဦးအံ့။

## အဇ္ဈတ္တ လေးမျိုး

၁-အဇ္ဈတ္တဇ္ဈတ္တ — အဇ္ဈတ္တ အဇ္ဈတ္တ။
၂-နိယကဇ္ဈတ္တ — နိယက အဇ္ဈတ္တ။
၃-ဝိသယဇ္ဈတ္တ .... ဝိသယ အဇ္ဈတ္တ။
၄-ဂေါစရဇ္ဈတ္တ .... ဂေါစရ အဇ္ဈတ္တ။

(၁) အတွင်းဖြစ်သော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန, ဤအာယတန, ၆-ပါးသည် အဇ္ဈတ္တဇ္ဈတ္တ မည်၏။
(၂) မိမိသန္တာန်၌ အကျုံးဝင်သော စိတ်, စေတသိက်, ရုပ်တရားတို့သည် နိယကဇ္ဈတ္တမည်၏။
(၃) အရဟတ္တဖိုလ် သမာပတ်သည် ဘုရားသျှင်တို့၏ အလိုရှိသောခဏ၌ ဝင်စားတော်မူနိုင်ခြင်းငှာ အစိုးရတော်မူရာဖြစ်ခြင်းကြောင့် ဝိသယဇ္ဈတ္တ မည်၏။
(၄) မဂ်စိတ်, ဖိုလ်စိတ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်၎င်း၊ ဈာနလာဘီပုဂ္ဂိုလ်တို့ ရအပ်သော ကသိုဏ်း ပညတ် စသော ပဋိဘာဂနိမိတ်သည်၎င်း အာရုံအားဖြင့် ကိုယ်ကို အစွဲပြု၍ ဖြစ်သောကြောင့် ဂေါစရဇ္ဈတ္တ မည်၏။

ဤသို့လျှင် အထက်တွင်ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကိုထောက်ဆ၍ မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် အတွင်းအဇ္ဈတ္တမဟုတ်၊အပြင်ဗဟိဒ္ဓဖြစ်ခြင်းကို ကောင်းစွာသိအပ်လေပြီ။

ထိုကြောင့် ဒုက္ခငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို ခြေကျင်သွား၍မရောက်နိုင်။ ဝိပဿနာ ဘာဝနာပွားများမှုကို ကြိုးစားအားထုတ်နေရာဝယ် ဉာဏ်ရင့်သန်လာသောအခါ နိဗ္ဗာန်သို့(သစ္ဆိကာတဗ္ဗ) ကြိမ်ဖန်များစွာ မျက်မှောက်ပြု၏။ ထိုအခါ ယောဂီသူမြတ်၌ မဂ်စိတ်သည် ဖြစ်ပေါ်လာ၏။ ။ထိုမဂ်စိတ်သည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ ဝိပဿနာဘာဝနာကို ကြိုးစားပွားများအားထုတ်၍၊ နိဗ္ဗာန်သို့ မျက်မှောက်ပြု၏။

ထိုကြောင့် နိဗ္ဗာန်မှုသည် အာရမ္မဏပစ္စယသတ္တိ၊ အဓိပတိပစ္စယသတ္တိ၊ ဥပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုခြင်းကြောင့် မဂ်စိတ်သည် ဖြစ်ပေါ်လာရခြင်းဖြစ်၏။(ဤတွင် နိဗ္ဗာန်သည် ဗဟိဒ္ဓ၌ တသီးတခြား ရှိပြီးဖြစ်နေသည်ကို ကောင်းစွာသိအပ်လေပြီ။

ရဟန္တာအသျှင်မြတ်တို့သာလျှင် ရအပ်သော ထိုမဂ်စိတ်ဖြစ်သော် ကိလေသာ ဟူသွေ့တို့ အမြစ်ပြတ်ကာ သမုစ္ဆေဒပဟာန်အားဖြင့် ပြုတ်တော့၏။

ကိလေသ ပရိနိဗ္ဗာန် ... သဉပါဒိသေသ နိဗ္ဗာန်။
ခန္ဓ ပရိနိဗ္ဗာန် — အနုပါဒိသေသ နိဗ္ဗာန်။

ယင်းသို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုသဖြင့် ရရှိအပ်သော မဂ်စိတ်ဖြစ်သော် ကိလေသာဟူသွေ့တို့သည် နောင်တဖန် ဖြစ်ပေါ်မလာနိုင်တော့ပြီ။ သမုစ္ဆေဒပဟာန်အားဖြင့် ပြုတ်သွားခြင်းကြောင့် ကိလေသာဟူသွေ့တို့သည် လုံးဝချုပ်ငြိမ်းသွားရသေသည်။ ၎င်းတို့ကို ကိလေသပရိနိဗ္ဗာန်ဟူ၍၎င်း၊ သဉပါဒိသေသ နိဗ္ဗာန်ဟူ၍၎င်း ခေါ်ဆိုရ၏။ သို့ရာတွင် ရုပ်,နာမ်,ခန္ဓာတို့ကား ကျန်ရှိသေး၏။

ထိုမှဘဖန် ရဟန္တာအသျှင်မြတ်တို့ ပရိနိဗ္ဗာန်ပြုတော်မူသဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ လုံးဝချုပ်ငြိမ်းသွားရပြန်၏။ ၎င်းကို ခန္ဓပရိနိဗ္ဗာန်ဟူ၍၎င်း အနုပါဒိသေသနိဗ္ဗာန်ဟူ၍၎င်း ခေါ်ဆိုရ၏။

ယင်းသို့လျှင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာလည်းထိုက်သော နိဗ္ဗာန်မှတပါး သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသ နိဗ္ဗာန်တို့သည် ရှိပြန်သေး၏ ဟူသည်ကို သိရှိတော်မူစေလိုပြန်ရကား ဣတိဝုတ်ပါဠိတော်, ဒုကနိပါတ်, နိဗ္ဗာနဓာတုသုတ်၌—

ဒွေမာ ဘိက္ခဝေ နိဗ္ဗာန ဓာတုယော။ ကတမာဒွေ။ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု။ အနုပါဒိသေသာ စ နိဗ္ဗာနဓာတု ဟသည်ဖြင့် ဟောတော်မူ၏။

ဘာသာပြန်။ ဆင်္ခမူ-စာမျက်နှာ- ၂၀၄။ ရဟန်းဘို့-နိဗ္ဗာနဓာတ်ဘို့သည် ဤနှစ်ပါးတို့ဘည်း။

အဘယ်နှစ်ပါးတို့နည်းဟူမူ ခန္ဓာငါးပါးအကြွင်းရှိသော "သဉပါဒိသေသ" နိဗ္ဗာနဓာတ်၊ ခန္ဓာငါးပါး အကြွင်းမရှိသော "အနုပါဒိသေသ"နိဗ္ဗာနဓာတ်တို့တည်း။(ဟုလာရှိ၏။)။

ယင်းသို့ဟောတော်မူသော်လည်းထိုထိုသော အခြားအခြားသော ဒေသနာတော်တို့ကို ထောက်ဆခြင်းဖြင့် ဤတွင်ပရိယာယ်အားဖြင့်သာလျှင် ဟောတော်မူခြင်းဖြစ်သည်ကိုသိအပ်၏။(၈၁)အထက်၌ဖော်ပြခဲ့ပြီးသော အဋ္ဌကထာ ဆရာမြတ်တို့၏ အာဘော်ဖြင့်လည်း သိအပ်လေပြီ။

ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း အဘာဝအတ္တ ပညတ်မျှသာဖြစ်သော သဉပါဒိသေသ နိဗ္ဗာန်သည် ကိလေသာချုပ်ငြိမ်းခြင်းနိရောဓကားမှန်၏။ သို့ရာတွင် ပရိယာယ်မျှသာဖြစ်ခြင်းကြောင့် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိရောဓသစ္စာကားမဟုတ်၊ ထိုနည်းတူစွာ ခန္ဓာငါးပါးအပြီးတိုင် ချုပ်ငြိမ်းခြင်း အဘာဝအတ္တပညတ်မျှသာဖြစ်သော အနုပါဒိသေသနိဗ္ဗာန်သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ချုပ်ငြိမ်းခြင်း နိရောဓကားမှန်၏။ သို့ရာတွင် ပရိယာယ်မျှသာဖြစ်ခြင်းကြောင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာကားမဟုတ်၊ (ဤတွင် များစွာသော ပါဠိတော်များနှင့်တကွ အဋ္ဌကထာ ဆရာမြတ်တို့ ဖွင့်ဆိုတော်မူသည်တို့ကို ထည့်သွင်း ရှင်းလင်းသင်ပြပေးရာ၏။)

နိရောဓော နိရောဓသစ္စန္တိ။နိရောဓသစ္စံဥပေတ္ဝာ အဝသေသော နိရောဓော န နိရောဓသစ္စံ၊နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ။ (သစ္စယမိုက် ပါဠိတော်၊ပဏ္ဏတ္တိဝါရနိဒ္ဒေသ)။

မြို့ပြင်ကြီးဆရာတော် နိဿယ။ ။နိရောဓော-နိရောဓမည်၏။ နိရောဓသစ္စံ-နိရောဓသစ္စာ မည်ပါသလော။ ဣတိပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ နိရောဓသစ္စံ-နိရောဓ သစ္စာကို၊ ဥပေတွာ-ထား၍၊ အဝသေသော-နိရောဓသစ္စာမှ ကြွင်းသော နိရောဓသည်၊ နိရောဓော-နိရောဓမည်၏။ နနိရောဓသစ္စံ၊ နိရောဓသစ္စာမမည်။ နိရောဓသစ္စံ-နိရောဓသစ္စာသည်၊ နိရောဓောစေဝ-နိရောဓလည်းမည်၏၊ နိရောဓသစ္စာဉ္စ-နိရောဓသစ္စာလည်းမည်၏။ ဣတိဝိဿဇ္ဇနာ-ဤသို့ဖြေဆိုတော်မူသည်၊ ဟောတိ-ဖြစ်၏။

ဤသစ္စယမိုက် ပါဠိတော်ကိုထောက်သဖြင့်လည်း ကိလေသာတို့ချုပ်ငြိမ်းခြင်းမျှသည်ရှင်း၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့ ချုပ်ငြိမ်းခြင်းမျှသည်ရှင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မဟုတ်ကြောင်းကို ကောင်းစွာသိအပ်လေပြီ၊ ။တနည်းဆိုသော် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာ ထိုက်သည့် နိဗ္ဗာန်သည် ဤကိုယ်ဘွင်း၌ တည်ရှိနိုင်သည်မဟုတ်ခြင်းကို ကောင်းစွာသိရှိနိုင်လေပြီး။

ထို့မှတပါး အဘိဓမ္မာ ၇-ကျမ်းတွင် ရှေးဦးစွာဟောတော်မူအပ်သော "ကုသလာ ဓမ္မာ" ဟူသော ပါဠိတော်အရ ကုသိုလ်ဖြစ်သော စိတ်နှင့်စေတသိက် ၃၈-လုံးတို့သည် နိရောဓသစ္စာထိုက်သော နိဗ္ဗာန်ကို ဖြစ်စေခြင်းငှာ မဖန်တီးနိုင်။ ။ပဋ္ဌာန်း ဒေသနာတော်အရလည်း နိဗ္ဗာန်သည် ပစ္စည်းတရားသက်သက်ဖြစ်၏၊ ပစ္စယုပ္ပန် တရားမဟုတ်၊

ထို့ကြောင့် နိရောဓသစ္စထိုက်သော နိဗ္ဗာန်ကိုဖြစ်စေရန် မည်သည့်အကြောင်းတရားတို့ကမျှမဆောင်ရွက် မဖြစ်စေနိုင်ခြင်းကိုသိရှိစေရန် အထက်တွင် အပစ္စယာဓမ္မာ၊အသင်္ခတာဓမ္မာဟူ၍ရှင်း၊အတ္တိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံဟူသောပါဠိတော်တို့ကို ထုတ်ဆောင်ဖော်ပြခဲ့ခြင်းဖြစ်၏။ ထို့မှအပါး နိဗ္ဗာန်သည်အဇ္ဈတ္တမဟုတ် ဗဟိဒ္ဓဖြစ်ခြင်းကို သိရှိစေရန် အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ ဟူ၍ရှင်း၊နိရောဓသစ္စံ ဗဟိဒ္ဓါဟူ၍ရှင်း ပါဠိတော်တို့ကို ထုတ်ဆောင်ဖော်ပြခဲ့ခြင်းဖြစ်၏။

ယင်းသို့ နိဗ္ဗာန်သည် ဗဟိဒ္ဓဖြစ်သော်လည်း ခြေကျင်သွား၍ မရောက်၊ ဤ တလံမျှလောက်သော ခန္ဓာကိုယ်အတွင်းဘော၌ ကျင့်မှသာလျှင် နိဗ္ဗာန်သို့ရောက်ရှိနိုင်ကြောင်းကို ဟောတော်မူခြင်း ဖြစ်လေသည် နိရောဓသစ္စာထိုက်သော နိဗ္ဗာန်သည် အဇ္ဈတ္တ၌ ရှိသည်ကို ဟောတော်မူခြင်း မဟုတ်သည်ကို သဘောပေါက်လာသည်တိုင်အောင် ရှင်းလင်းသင်ပြပေးရာ၏။

(ဆဋ္ဌမအကြိမ်)

# နောက်ဆက်တွဲ

ဝိပဿနာ သင်တန်း၊ ပြရာ၌ စာ ကူးရေးခြင်းဖြင့် အချိန် မကုန် စေရန်နှင့် နောင်လာ ပုဂ္ဂိုလ်များပါ အကျိုး ရှိစေရန် အချို့ အရေးကြီးသော ပြဿနာများ၊ အတွက် ပါဠိတော် အချိတ် အဆက် များကို ပုံနှိပ် ထားပေးရန် သင်တန်း တက်သူတို့က တောင်းဆိုကြခြင်းကြောင့် ဤ "နောက်ဆက်တွဲ"ကို ထပ်မံထည့်သွင်းလိုက်ရခြင်း ဖြစ်လေသည်။

ဉာဏ်စဉ် ၁၆ ပါး

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်
၂။ ပစ္စယပရိဂ္ဂဟဉာဏ်
၃။ သမ္မသနဉာဏ်
၄။ ဥဒယဗ္ဗယဉာဏ်
၅။ ဘင်ဉာဏ်
၆။ ဘယဉာဏ်
၇။ အာဒီနဝဉာဏ်
၈။ နိဗ္ဗိဒါဉာဏ်
၉။ မုဉ္စိတုကမျတာဉာဏ်
၁၀။ ပဋိသင်္ခါဉာဏ်
၁၁။ သင်္ခါရုပေက္ခာဉာဏ်
၁၂။ အနုလောမဉာဏ်
၁၃။ ဂေါတြဘူဉာဏ်
၁၄။ မဂ်ဉာဏ်
၁၅။ ဖိုလ်ဉာဏ်
၁၆။ ပစ္စဝေက္ခဏာဉာဏ်

ဤဉာဏ်စဉ် ၁၆-ပါး၌ ယောဂီသည် ရှေးဦးစွာ ဖော်ပြထားသော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကိုခွဲခြား၊စိတ်ဖြာ ပိုင်နိုင်စွာသိရှိထားရ၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အလိုအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိခဏ်းနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိခဏ်းကို ကြေညက်စွာ သိရှိထားရ၏။ ထိုဉာဏ် ၂-ပါးကိုနိုင်သော် ဝိပဿနာပွားများအားထုတ်ရန် အလွန် လွယ်ကူလာပေတော့၏။ ထို့ကြောင့်လည်း ၎င်းဉာဏ် ၂-ပါးကို ရှေးဦးစွာ ဖော်ပြထားခြင်းဖြစ်၏။

\+ \+ \+

သူတော်ကောင်းဥစ္စာ ၇-ပါး

သဒ္ဓါ၊သီလ၊ဟိရီ၊ဩတ္တပ္ပ၊သုတ၊စာဂ၊ပညာ။

သုတ်ပါထေယျ ပါဠိတော်၊ မြန်မာပြန် စာမျက်နှာ ၂၆၃၊ အပိုဒ် ၃၅၇ (က)။

သူတော်ကောင်းဥစ္စာ၇-ပါးမရှိသူကိုလူမွဲဟုဆိုအပ်၏။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ ဓမ္မိကဝဂ်၊ ဣဏသုတ်၊ မြန်မာပြန် စာမျက်နှာ ၃၉၇။

ဤတွင် အထူး သိစေလိုသော အချက်ကား သာမန်လူတို့သည် ရွှေ ငွေ စိန် ကျောက် တိုက် အိမ် ခြံ မြေ စသည်တို့ကို ရှာဖွေစုဆောင်းကြ၏။ ၎င်းတို့သည်ကား သေလျှင်ဘာတခုမျှလိုက်မလာကြကုန်။

ဗုဒ္ဓမြတ်စွာ၏ ဆုံးမ ဩဝါဒကို လိုက်နာသူ ပညာရှိ သူတော်ကောင်းတို့သည်ကား သေလျှင် ထပ်ချပ်မကွာ လိုက်လာသော သူတော်ကောင်း ဥစ္စာ ၇-ပါးကို ရှာဖွေ စုဆောင်းတော် မူကြကုန်၏။

\+ \+ \+

အနုပုဗ္ဗေန မေဓာဝီ၊
ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊
နိဒ္ဓမေ မလမတ္တနော။

(ဓမ္မပဒပါဠိတော်၊မလဝဂ်၊အပိုဒ် ၂၃၉)။

ပန်းတိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း (ရာဂ စသော အညစ်အကြေးကို)ထုတ်ပယ်ရာ၏။

\+ \+ \+

မာဝမညေထ ပုညဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊
ထောကံ ထောကံပိ အာစိနံ၊

(ဓမ္မပဒ ပါဠိတော်၊ ပါပဝဂ်)။

အနည်းငယ်သော ကောင်းမှုသည် ငါ့အား အကျိုး ရောက်လိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည်

ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ အနည်းငယ်မျှသော ကောင်းမှုကို ပြုဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

\+ + +

ထောက်ပံ့ခြင်း ၂-မျိုး

အင်္ဂုတ္တိုရ် ပါဠိတော် ဒုကနိပါတ် ဒါနဝဂ် စာမျက်နှာ ၉၁၊ အပိုဒ်၁၄၉၊ မြန်မာပြန် စာမျက်နှာ ၁၀၇။

ရဟန်းတို့ ထောက်ပံ့ခြင်းတို့သည် ၂-မျိုးရှိ၏။ "အာမိသသင်္ဂဟ" ပစ္စည်းဖြင့် ထောက်ပံ့ခြင်း၊ "ဓမ္မသင်္ဂဟ" တရားဖြင့် ထောက်ပံ့ခြင်း၊ ဤ ၂-မျိုး တို့တွင် "ဓမ္မသင်္ဂဟ" တရားဖြင့် ထောက်ပံ့ခြင်းသည် မြတ်၏ဟု ဟောတော်မူ၏။

\+ + +

ချီးမြှောက်ခြင်း ၂ မျိုး

ယင်းပါဠိတော် အပိုဒ် ၁၅၀-၌ ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည် ၂-မျိုးရှိ၏။ "အာမိသာနုဂ္ဂဟ" ပစ္စည်းဖြင့်ချီးမြှောက်ခြင်း၊ "ဓမ္မာနုဂ္ဂဟ" တရားဖြင့် ချီးမြှောက်ခြင်း၊ ဤ ၂-မျိုးတို့တွင် "ဓမ္မာနုဂ္ဂဟ" တရားဖြင့် ချီးမြှောက်ခြင်းသည် မြတ်၏ဟု ဟောတော်မူ၏။(စာမျက်နှာ ၉၁-၌ ဖော်ပြခဲ့သော "သဗ္ဗဒါနံ"စသည်တို့ကို ပြန်ဖတ်ရန်)။

\+ + +

ယတော ယတော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊
အမတံ တံ ဝိဇာနတံ။

(ဓမ္မပဒပါဠိတော်၊ ဘိက္ခုဝဂ်)။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်မှု"ပီတိ"ဝမ်းမြောက်မှု"ပါမောဇ္ဇ"ကို ရ၏။ ထိုနှစ်သက် ဝမ်းမြောက်မှုသည်ပင် တရားမှန်ကို သိသောပညာရှိတို့အတွက် နိဗ္ဗာန် ရောက်ကြောင်းပင်တည်း။

\+ + +

အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊
န ကိလိဿေယျ ပဏ္ဍိတော။

(ဓမ္မပဒ ပါဠိတော်၊ အတ္တဝဂ်)။

ရှေးဦးစွာသာပင်လျှင် မိမိကိုယ်ကိုသင့်လျော်သောအကျင့်၌ တည်စေရာ၏။ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသည် သူတပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

\+ + +

ဝိလုမ္ပတေဝ ပုရိသော၊
ယာဝဿ ဥပကပ္ပတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ကောသလသံယုတ်၊ စာမျက်နှာ ၇၆၊ မြန်မာပြန် ၇၄၊ ယောကျ်ားသည် အကြင်မျှလောက် သူတပါးအား ညှဉ်းဆဲ ဖျက်စီး၏။ ထိုသူအား ထိုမျှလောက်ပင် လုယက်ဖျက်ဆီးခြင်းကို ခံရသည်သာတည်း။

ကျမ်းရင်းကို ဆက်လက် ဖတ်ရှုပါ၊ ယင်းပါဠိတော်၌ ဆက်လျက် လာရှိပြန်သည်မှာ-

ဌာနံ ဟိ မညတိ ဗာလော၊
ယာဝ ပါပံ န ပစ္စတိ။

အကြင်မျှလောက် ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက် ကာလပတ်လုံးလူမိုက်သည် သင့်လျော်သောအကြောင်းဟူ၍သာလျှင် မှတ်ထင်၏။

ဟန္တာ လဘတိ ဟန္တာရံ၊
ဇေတာရံ လဘတေ ဇယံ။

သူတပါးကို သတ်ဖြတ် ညှဉ်းဆဲသောသူသည် မိမိအား သူတပါး သတ်ဖြတ် ညှဉ်းဆဲခြင်းကို ခံရ၏။ သူတပါးကို အောင်နိုင်သောသူသည် မိမိ

အား သူတပါးအနိုင်ခံရ၏။ (ကျမ်းရင်းကို ဆက်ဖတ်ရှုတော်မူကြပါလေ)။

\+ + +

ယာဒိသံ ဝပတေ ဗီဇံ။
တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီ စ ပါပကံ။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၊ သက္က သံယုတ်၊ သမုဒ္ဒကသုတ်၊ စာမျက်နှာ ၂၂၇၊ မြန်မာပြန် ၂၁၃။

အကြင်သို့ သဘောရှိသော မျိုးစေ့ကို စိုက်ပျိုး၏၊ ထိုမျိုးစေ့နှင့်တူသောအသီးကိုဆောင်၏။ ကောင်းမှုကို ပြုလေ့ရှိသောသူသည် ကောင်းကျိုးကို ခံစားရ၏။ မကောင်းမှုကို ပြုလေ့ ရှိသော သူသည် မကောင်းကျိုးကို ခံစားရ၏။

\+ + +

အထက်ပါဠိတော်နှင့် တူညီသော စာသွားကို (ဘိုင်ဘဲလ်)ကျမ်းစာသစ် St.Matthewအခဏ်း ၇၊ အပုဒ် ၁၇၊ ၌၊ အောက်ပါအတိုင်း တွေ့ရှိရ၏။

Even so eve ry good tree bringeth forth good fruit: but a corrupt tree bringeth forth evil fruit.

\+ + +

## ဘာသာကြီး ၄-ဘာသာ

ယခုအခါ ကမ္ဘာတွင် ထင်ရှားသော ဘာသာကြီး လေးဘာသာရှိ၏။ (၁) ဗြာဟ္မဏဘာသာ၊ (၂) ဗုဒ္ဓဘာသာ၊ (၃) ခရစ်ယာန်ဘာသာ၊ (၄) အစ္စလမ်ဘာသာ။ ဤဘာသာကြီး လေးဘာသာသည် တချိန်တည်း တပြိုင်နက် ဖြစ်ပေါ်လာကြသည် မဟုတ်။

(၁) ဗြာဟ္မဏဘာသာ- ကမ္ဘာအစ ရှေးအကျဆုံး ဘာသာမှာ ဗြာဟ္မဏ ဘာသာဖြစ်၏။

(၂) ဗုဒ္ဓဘာသာ-သိဒ္ဓတ္ထဖွားတော်မူသော နှစ်မှာ ဘီစီ ၆၂၃-သက်တော် ၃၅ နှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

(၃) ခရစ်ယာန်ဘာသာ- ခရစ်တော် သည် သိဒ္ဓတ္ထ မင်းသား ဖွားမြင်တော်မူပြီး နောက် ၆၂၃ - နှစ် နောက်ကျ၍ ဖွားမြင်တော်မူ၏။

(၄) အစ္စလမ်ဘာသာ- မိုဟာမက် သခင် သည်သိဒ္ဓတ္ထ မင်းသားဖွားမြင်တော်မူပြီးသည့်နောက်နှစ်ပေါင်း (၁၁၀၀) တထောင့် တရာခန့် နောက် ကျ၍ ဖွားမြင်တော်မူ၏။

\+ + +

## ဥာဏ်ပညာ မတိုးတက်ခြင်း။

အင်္ဂုတ္တိုရ်ပါဠိတော်၊အဋ္ဌကနိပါတ်၊သတ္တိဝဂ်၊ ပုဏ္ဏိယသုတ်၊ စာမျက်နှာ ၁၅၁၊ အပိုဒ် ၈၂၊ မြန်မာပြန် ၁၅၄ (အတိုချုပ်)။

သဒ္ဓါတရားသည်ရှိ၏။ ဘုရားထံသို့မချဉ်းကပ်၊ ထို့ကြောင့် တရားဒေသနာသည် မထင်။

သဒ္ဓါတရားသည်ရှိ၏၊ ဘုရားထံသို့ ချဉ်းကပ်၏၊ သို့ရာတွင် မဆည်းကပ်။ ဆည်းကပ်၏၊ မေးကားမမေး။ မေးကား မေး၏၊ နားစိုက်၍ကား တရားကိုမနာ။ နားစိုက်၍ တရားကိုနာ၏၊ နာပြီး၍ကား တရားကိုမဆောင်။ တရားကို ဆောင်၏၊ ဆောင်အပ်ပြီးသောတရားတို့၏ အနက်အဓိပ္ပါယ်ကိုကား မဆင်ခြင်၊အနက် အဓိပ္ပါယ်ကိုဆင်ခြင်၏၊ သို့ရာတွင် ဆင်ခြင်ပြီး၍ တရား အားလျော်သော အကျင့်ကိုကား မကျင့်။ ဤသို့လျှင် မြတ်စွာဘုရား၏ တရားဒေသနာတော်သည် မထင်ဟု မိန့်တော်မူ၏။

\+ + +

## တဏှာ၏အလိုသို့။

တဏှာယ နီယတိ လောကော၊
တဏှာယ ပရိကဿတိ။
တဏှာယ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဝဂူတိ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊တဏှာသုတ်၊ စာမျက်နှာ ၃၆၊ မြန်မာပြန် ၃၆၊

တပ်မက်မှု'တဏှာ' သည် လောကကို ဆောင်အပ်၏။ တဏှာသည် လောကကို ဆွဲငင်အပ်၏၊ အလုံးစုံသော တရားတို့သည် သာလျှင် တဏှာဟု ဆိုအပ်သော တခုသောတရား၏ အလိုသို့ အစဉ်လိုက်ရ၏ဟု မိန့်တော်မူ၏။ (ဤကျမ်း ၁၁၄-၁၁၅ ၌ တဏှာ ပါရှိ၏) ။

\+ \+ \+

ကိံသု ဇနေတိ ပုရိသံ။
တဏှာ ဇနေတိ ပုရိသံ။

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၊ ဒေဝတာ သံယုတ်၊ ဇရာဝဂ်၊ ပဌမဇနေသုတ်၊ စာမျက်နှာ ၃၄၊ အပိုဒ် ၅၅။

မြန်မာပြန် စာမျက်နှာ ၃၄။ အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်စေပါသနည်း၊ တဏှာသည် ပုဂ္ဂိုလ် သတ္တဝါကို ဖြစ်စေ၏ဟု မိန့်တော်မူ၏။

ပါဠိတော်အရပ်ရပ်တို့၌"သဗ္ဗေသင်္ခါရာဒုက္ခာ" အလုံးစုံသော သင်္ခါရ တရား အပေါင်းတို့သည် ဒုက္ခဟု ဟောတော်မူခြင်းကြောင့် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ပေါ်လာခြင်းသည် ဒုက္ခဖြစ်ပေါ်လာခြင်းဟု ဝိပဿနာ ပညာဉာဏ်ဖြင့် သိအပ်ပေ၏။

ထို့ကြောင့် စာမျက်နှာ ၈၇-၌ 'ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ'စသော ဟောတော်မူချက်ကို ဖော်ပြခဲ့၏။

အတိုချုပ်ကား ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊နာရခြင်းဆင်းရဲ၊သေရခြင်းဆင်းရဲစသော ဒုက္ခအမျိုးမျိုး ခံစားရခြင်းမှာ တဏှာကြောင့် ဖြစ်ရ၏။ ထို့ကြောင့် မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့မှရရှိသော သုခဝေဒနာတို့ကို မခံစားရချေ။

စာမျက်နှာ ၇၉ - ၌ ဖော်ပြ ထားသော "စက္ခုဉ္စဘိက္ခဝေ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"စသော ပါဠိတော်နှင့် စာမျက်နှာ ၈၁-၌ ဖော်ပြထားသော "ရူပံ ဒိသွာ သတိ မုဋ္ဌာ...." စသော ပါဠိတော်ကို ထပ်ကာထပ်ကာ ဖတ်ရှုတော်မူကြပါလေ။

\+ \+ \+

နာမည် အလိုသို့

နာမံ သဗ္ဗံ အဒ္ဓဘဝိ၊
နာမာ ဘိယျော န ဝိဇ္ဇတိ။
နာမဿ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူတိ။

သဂါထာဝဂ္ဂ သံယုတ်၊ ပါဠိတော် ဒေဝတာ သံယုတ် အဒ္ဓဝဂ်၊ နာမသုတ်၊ စာမျက်နှာ ၃၆၊ မြန်မာပြန် ၃၅။

အမည်သည် အလုံး စုံသော အရာဝတ္ထုသို့ လျော်စွာကျ၏၊အမည်ထက်လွန်သော သဘောသည် မရှိ၊ အလုံးစုံသော တရားတို့သည်သာလျှင် အမည်ဟုဆိုအပ်သော တခုသောတရား၏အလိုသို့ အစဉ်လိုက် ရကုန်၏ဟု မိန့်တော်မူ၏။(လက်သန်း အဋ္ဌကထာပစ္စည်းပိုင်း၌"ဝိဇ္ဇမာနပညတ်""အဝိဇ္ဇမာန ပညတ်" စသည်ဖြင့် လာရှိ၏။ ဝိပဿနာ ဘာဝနာပွားရာ၌ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထဓမ္မ သဘာဝကိုသာလျှင် အာရုံပြုရ၏)။

\+ \+ \+

စက္ခုနာ ရူပံဒိသွာ န နိမိတ္တဂ္ဂါဟီ
ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။
(မြန်မာပြန် ဤကျမ်းစာမျက်နှာ ၅၀)

\+ \+ \+

ရဟန်းတို့ ရဲရဲတောက်ပြောင်လျက်ရှိနေသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်ခြင်းသည် မြတ်သေး၏။ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော အဆင်းတို့၌ သဏ္ဌာန် နိမိတ်ကို ယူခြင်းသည် မမြတ်။

ထို့အတူ နား နှာ လျှာ ကိုယ် စိတ်တို့အတွက် လည်း သိအပ်၏။ သဠာယတနဝဂ္ဂ သံယုတ်ပါဠိ တော် သမုဒ္ဒဝဂ် အာဒိတ္တ ပရိယာယသုတ်မြန်မာ ပြန် စာမျက်နှာ ၃၇၃) ။

ထို့ကြောင့်မြင်သောအခါ ကြားသောအခါ စသည်တို့၌ မြင်လျှင်မြင်ခြင်း ကြားလျှင် ကြားခြင်း မြင်သောအရာ ကြားသောအရာ စသည်တို့၌ ဝိပဿနာ ဘာဝနာဉာဏ်စဉ်၏ အစဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်၊ထို ဉာဏ် ၂-ပါးကိုချက်ခြင်းအသုံးပြုရ၏၊ထို့နောက် ၎င်းတို့ကိုလက္ခဏာရေးသုံးပါးတင်ကာ ပွားများ ရ၏။ စိတ်ကို စိတ်အတိုင်းမထားရ။ ထားလျှင် အဝိဇ္ဇာနုသယကိန်းတော့၏။ (ဝါ) မောဟဖြစ် တော့၏။

ဤကျမ်း စာမျက်နှာ ၇၉-၌ ဖော်ပြထား သော ပါဠိတော်အရ မြင်သည် ကြားသည် စသည်တို့၌ လက္ခဏာရေးသုံးပါးတင်ကာ မပွား များသော် ကြိုက်လျှင်"လောဘ"ဖြစ်၏။မကြိုက် လျှင်"ဒေါသ"ဖြစ်၏။ အမှတ်မဲ့နေလျှင် "မော ဟ" ဖြစ်၏၊ယောဂီအဘို့ "လောဘ၊ ဒေါသ၊ မောဟ"သည်အကြီးဆုံးရန်သူဖြစ်၏။အလိုရှိအပ် သော တမင် တဖိုလ်ရရှိရေးကို တား၏။

ထို့ကြောင့် မြင်သည့်အခါ ကြားသည့်အခါ နံသည့်အခါ စသည်တို့၌ ချက်ခြင်း နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို အသုံးပြုရ၏။ ထို့နောက် ၎င်းတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးတင်ကာ ပွားများ ရ၏။ ဤသို့ လက္ခဏာရေးသုံးပါးတင်ကာ ပွား များ ခြင်းသည် လေးငါးမိနစ်မျှသာ ဖြစ်သော် လည်း ဒါနသီလ သမထတို့ထက်မြတ်သော ဗုဒ္ဓ မြတ်စွာ အလိုတော်အကျဆုံးဖြစ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်အကျိုးကို ရရှိ၏။

ထိုသို့မဟုတ်မူ၍ မြင်တယ် မြင်တယ် ကြား တယ် ကြားတယ် နံတယ် နံတယ်စသည်ဖြင့် မှတ် နေခြင်းသည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး မပါမရှိခြင်းကြောင့် လေးငါးမိနစ် မျှ သာမက မိနစ်လေးငါးဆယ်မျှပင် မှတ်နေသော် လည်း ယခင်လေးငါးမိနစ်လောက် ခရီးမရောက် သည်သာမက ပါဠိတော် အချပ်ရပ်တို့နှင့်လည်း

(ဆက်မအကြမ်)

မကိုက်ညီခြင်းကို ကောင်းစွာ သတိပြုတော်မူကြ ပါလေ။

\+ \+ \+

ဒု+ခ=ဒုက္ခ

ဒု-သဒ္ဒါသည် စက်ဆုပ် အပ်သော အနက် ရှိ၏။ဒုပ္ပုတ္တ-စက်ဆုပ်အပ်သောသားမိုက် ဟု ဆိုကြကုန်၏။

ခ-သဒ္ဒါသည် အချည်းနှီးဟူသော အနက် ရှိ၏။

ဒုက္ခ-လူမိုက်တို့ ကြံဆအပ်သော ဓုဝ၊ သုဘ၊ သုခ၊ အတ္တသဘောမှ ဆိတ်သည် ကင်း သည်၏ အဖြစ်ကြောင့် အချည်းနှီးသည် လည်းဖြစ်၏။ ထိုနှစ်ပါးသော သတ္တိ ကြောင့် ဒုက္ခဟူ၍ ဆိုအပ်၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပါဠိ ဒုတိယတွဲ စာမျက်နှာ ၁၂၅၊အပိုဒ် ၅၃၀၊ မြန်မာပြန် ဒုတိယ တွဲ စာမျက်နှာ ၄၅၄။

လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ လောကော တိ ဝုစ္စတီတိ။လုဇ္ဇတီတိ ခေါ ဘိက္ခုတသ္မာ လောကောတိ ဝုစ္စတိ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဂိလာ နဝဂ်၊ လောကပဉှာသုတ်၊ စာမျက်နှာ ၂၇၈။ မြန်မာပြန် ၂၇၁။ ။အသျှင်ဘုရား လောက လောက"ဟု ဆိုအပ်ပါ၏။အသျှင်ဘုရား အဘယ် မျှသော အကြောင်းကြောင့် လောကဟု ဆိုအပ် ပါသနည်း။ ။ရဟန်း ပျက်စီးတတ်သောကြောင့် လောကဟု ဆိုအပ်၏။ (ကျမ်းရင်းကို ဆက်ဖတ် ပါ)။

\+ \+ \+

သုညော လောကော သုညော လော ကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ သုညော လောကောတ် ဝုစ္စတီတိ။ ယသ္မာ စ ခေါ အာနန္ဒ သုည်

အတ္တေန ဝါ အတ္တနိယေန ဝါ၊ တသ္မာ သုညော လောကောတိ ဝုစ္စတိ။ (ကျမ်းရင်းကို ဆက်ဖတ်ပါ)။

သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော် ဆန္နဝဂ်၊ သုညတလောကသုတ် စာမျက်နှာ ၂၁၀ မြန်မာပြန် ၂၇၂။ အသျှင်ဘုရား လောကသည် ဆိတ်သုဉ်း၏၊ လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်ပါသနည်း၊ အာနန္ဒာ ငါမှုရှင်း ငါ၏ဥစ္စာမှုရှင်း ဆိတ်သုဉ်းသောကြောင့်လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏။

\+ + +

ကိသ္မိံ လောကော ပတိဋ္ဌိတောတိ၊
ဒုက္ခေ လောကော ပတိဋ္ဌိတောတိ။

စာမျက်နှာ ၂၃-၌ဖော်ပြခဲ့ပြီ။ လူအပေါင်းတို့သည် အဘယ်အရာ၌ တည်ပါသနည်း။ လူအပေါင်းတို့သည် ဒုက္ခ၌တည်၏။

\+ + +

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

စာမျက်နှာ ၂၄၊ ပဌမကော်လံ၊ စတုတ္ထစာကြောင်း၌ ဖော်ပြထား၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါး တို့သည် ဆင်းရဲကုန်၏။

(စာမျက်နှာ ၂၃။ ။နတ္ထိ ခန္ဓ သမာ ဒုက္ခာ)။

\+ + +

ဒုလ္လဘတရား ငါးပါး

၁။ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊

၂။ တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသေတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၃။ တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ ဝိညာတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၄။ တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿ ဒေသိတဿ ဝိညာတာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ၊

၅။ ကတညူ ကတဝေဒီပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဥ္စကနိပါတ်၊ တိကဏ္ဍကီဝဂ်။ သာရန္ဒဒသုတ်)။

မြန်မာပြန် စာမျက်နှာ ၁၀၇၊ အောက်ဆုံးလေးကြောင်း။

၁။ လောက၌ ပူဇော် အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာ ဘုရား၏ ထင်ရှား ဖြစ်ပေါ်မှုကို ရခဲ၏။

၂။ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယ်ကို ဟောပြောတတ်သောပုဂ္ဂိုလ်ကို ရခဲ၏၊

၃။ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏။

၄။ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိသည့်အတိုင်း တရားနှင့် အညီကျင့်သောပုဂ္ဂိုလ်ကိုရခဲ၏၊

၅။ လောက၌ သူပြုဘူးသောကျေးဇူးကိုသိ၍ သူပြုဘူးသော ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသော ပုဂ္ဂိုလ်ကို ရခဲ၏ဟု ဟောတော်မူ၏။ ။ဤကားပါဠိတော်ဖြစ်၏။

အဋ္ဌကထာ၌ လာရှိသော ဒုလ္လဘတရား ငါးပါးနှင့် မတူခြင်းကို အထူးသတိပြုတော်မူကြပါလေ။ (တရားတော်၏ ခက်ခဲ နက်နဲ သိမ်မွေ့ပုံကို ဖော်ပြပေအံ့)။

\+ \+ \+

## ပုစ္ဆာ—မူဠ—ပရ၊
## (နမူနာစ မျှသာ)

ဝိပဿနာ ဘာဝနာလုပ်ငန်းသည် အလွန့်အလွန် ခက်ခဲ နက်နဲ သိမ်မွေ့သော ပညာရပ်ဖြစ်ခြင်းကြောင့် ဒုလ္လဘတရားငါးပါးကို ဟောတော်မူရာ၌ ငါဘုရား၏ တရားတော်ကို ဟောကြားသည်ရှိသော်လည်း (ဝါ-ဒေသနာတော်ကို ဖတ်ရှုသော်လည်း) အနက်အဓိပ္ပာယ်ကိုတိကျမှန်ကန်စွာ သိသော ပုဂ္ဂိုလ်ကို ရခဲ၏ ဟု မိန့်တော်မူခဲ့၏။

ထို့ကြောင့်—

**တကျမ်းမြင်ရုံ ကျမ်းမစုံ**
**အာဂုံတယ်၍ မတင်းလင့်**

ဟု ရှေးဆရာတော်ကြီးများ စပ်ဆိုဆုံးမတော်မူခဲ့ကြလေသည်။ ။ထို့မှ တပါး ကျမ်းဖတ်ရာ၌ ကျမ်းညှိတတ်ရမည်ဟူ၍လည်း ဆုံးမတော်မူခဲ့ကြလေသည်။

မူလပဏ္ဏာသပါဠိတော်၊ အလဂဒ္ဒူပမသုတ်၌ ပါဠိတော် စာမျက်နှာ ၁၃၃-မျက်နှာခန့်လာရှိ၍ မြန်မာပြန်မှာ ၁၅-မျက်နှာခန့် ရှည်လျားစွာ ဟောတော်မူသည်မှ ယခုသော် ဤတွင်လိုရင်းကို လွယ်ကူစွာ သဘောပေါက်စေရန် အတိုချုပ်ခါ ဖော်ပြပေအံ့—

ပါဠိတော်အရပ်ရပ်ကိုသင်ယူကြ၏။ ယင်းသို့ သင်ယူရာ၌—

(၁) အနက် အဓိပ္ပာယ်ကို ပညာဖြင့် မစူးစမ်း မဆင်ခြင်၊

(၂) သူတပါးအား ချုပ်ချယ်ရုံနှင့်၊

(၃) သူတပါးတို့ တင်သောဝါဒမှ လွတ်စေရုံအကျိုးငှာသာလျှင်၊ သင်ယူကြကုန်၏။ ဤကား မကောင်း သဖြင့် သင်ယူခြင်း ဖြစ်၏ဟု ဟောတော်မူ၏။

(ပါဠိတော်ကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ)။

ယင်း ၃-မျိုးတွင် ၃မျိုးစလုံးအရေးကြီးသည်သာဖြစ်၏။သို့ရာတွင် ယခု ဤကိစ္စတွင် ထင်ရှားစေလိုသောအချက်ကား ပညာဖြင့်မစူးစမ်းမဆင်ခြင်ခြင်းကို ပေါ်လွင် ထင်ရှားစေလိုခြင်းဖြစ်၏။

ၛင်းပြင် အင်္ဂုတ္တိုရ်ပါဠိတော် ကေကနိပါတ် မြန်မာပြန် စာမျက်နှာ ၄၇-အပိုဒ် ၃၂၆ ၌—

> ရဟန်းတို့ ဤအတွေပင်လျှင် ဆောင်ထားသော တရားတို့၏ အနက်ကိုစုံစမ်းစိစစ်ကြကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ စင်စစ်သော်ကား ဆောင်ထားသောတရားတို့၏အနက်ကို မစုံစမ်း မစိစစ်ကြကုန်သော သတ္တဝါတို့သာ များ ကုန် ၏ ဟု ဟောတော်မူ၏။

ဤပါဠိတော်များ၌ သိစေလိုသော အချက်ကား ပါဠိတော်အရပ်ရပ်ကို သင်ယူတော်မူကြပါလေ။ ယင်းသို့ သင်ယူပြီးနောက် ပါဠိတော်တို့၌ ဗုဒ္ဓမြတ်စွာအလိုရှိတော်မူအပ်သော အနက်အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားလာအောင် ပညာဖြင့် စူးစမ်းဆင်ခြင်တော်မူကြစေလိုခြင်း ဖြစ်ပါသည်။ သို့မှသာလျှင် ကျမ်းညှိတတ်နိုင်ပေလိမ့်မည်။

ကျမ်းညှိတတ်ရန်မှာ လွယ်ကူသည်မဟုတ်ပေ။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေကနိပါတ် မြန်မာပြန် စာမျက်နှာ ၄၀- အပိုဒ် ၃၃၆ မှ အပိုဒ် ၃၆၅ အထိ ဖတ်ရှုသောအခါ လူ့ဘုံမှ သေကြကုန်၍ လူ့ဘုံသို့ ပြန်လည်ရောက်ရှိသူကား- အနည်းငယ်မျှသာရှိ၍ အပါယ်လေးဘုံသို့ ကျဆင်းသူတို့သာ များကြကုန်၏ဟု စသည်ဖြင့် အကျယ်တဝင့် ရှည်လျားစွာ ဟောတော်မူ၏။

ထို့ကြောင့် လူတို့သည် ရင်းစားပြန်လည်ရရှိရန်မလွယ်ကူခြင်းကြောင့်အပါယ်လေးဘုံသို့မကျရောက်စေရန် ဒါနကိုပြုကြလော့၊သီလကိုဆောက်တည်ကြလော့၊ လူ့ပြည်သာမက နတ်ပြည်သို့ရောက်ရှိနိုင်ခြင်းကို ဟောတော်မူ၏။

ပုဗ္ဗ–မဇ္ဈ–ပရ ဆိုသော သဘောမှာ၊ မလူမီရှေးအဖို့က ငါလူမယ်၊ငါလူမယ်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း၊ လူဆဲအခါ၌လည်း လူရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း၊ လှူပြီးသည့်နောက်၌လည်း လှူရသည့်အတွက်ကြိမ်ဖန်များစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေခြင်းဖြစ်၏။

ဘိက္ခုနှင့် ယောဂီအတွက် တဆင့်တက်သော်စမ္မစကြာဒေသနာတော်၌ ဘာဝတဏှာကို ပယ်ရမည်ဟူ၍၎င်း၊ ထိုထိုသော ပါဠိတော်များ၌ ဘဝရာဂါနုသယကို ပယ်ရမည့်ဟူ၍၎င်း ဟောတော်မူ၏။

ဤ၌ သိစေလိုသောအချက်မှာ အောက်တန်းစားများအတွက် အပါယ်လေးဘုံသို့ မကျရောက်စေဘဲ လူ့ပြည် နတ်ပြည်သို့ ရောက်ရှိရန် ဟောဘော်မူ၍ အထက်တန်းစားများဖြစ်ကြကုန်သောဘိက္ခုနှင့် ယောဂီတို့အား ဘဝ တဏှာကိုဖြတ်ရမည်ဟု ဟောတော်မူခြင်းကို ကွဲကွဲပြားပြား ခြားနားစွာ သိတော်မူကြရန်ဖြစ်၏။

ဤသို့ဖြစ်မူ ယောဂီသည်အလှူဒါနမပြုရတော့ဘူးလားဆိုသော် ယောဂီသည် ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်ရမည်ဖြစ်၏။သို့ရာတွင်အောက်တန်းစားများကဲ့သို့ နတ်ပြည်တွင် စံမြန်းလို၍ကား ပြုလုပ်ကြသည်မဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် အကူအညီအထောက်အပံ့ရရှိရေးအတွက်သာ ပြုလုပ်ကြခြင်း ဖြစ်၏။ ဝဋ်မှ လွတ်မြောက်ရေး အတွက် ပုညသမ္ဘာရ-ပါရမီ ဖြစ်မြောက်ရေးအတွက် ပြုလုပ်ကြခြင်းဖြစ်၏။

ဤသို့ဖြစ်မူ ယောဂီသည် အလှူဒါန ပြုပြီးနောက် ထိုကုသိုလ်ကောင်းမှုစိတ် ဖြစ်ပေါ်လာသောအခါ ဝမ်းမသာရတော့ဘူးလားဟု မေးသော် သာမန် အောက်တန်းစားသည် ဝမ်းသာရ၏။ သို့သော်ယောဂီကားဝမ်းမသာရ။ ဤကျမ်းစာ စာမျက်နှာ ၈၁-အောက်ဆုံး ၂-ကြောင်း၌လာရှိသော ပါဠိတော်ကို ဖော်ထုတ် ပေအံ့။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊သဠာဝဂ်၊မာလုကျပုတ္တသုတ်၊ စာမျက်နှာ ၂၉၇။

ဓမ္မံ ဥတွာ သတိ မုဋ္ဌာ

ပိယံ နိမိတ္တံ မနသိကရောတော၊

သာရတ္တစိတ္တော ဝေ ဒေတိ၊

တဉ္စ အဇ္ဈောသာယ တိဋ္ဌတိ။

တဿ ဝဍ္ဎန္တိ ဝေဒနာ၊

အနေကာ ဓမ္မသမ္ဘဝါ။

အဘိဇ္ဈာ စ ဝိဟေသာ စ၊

စိတ္တမဿုပဟညတိ။

ဧဝံ အာစိနတော ဒုက္ခံ၊

အာရာ နိဗ္ဗာနံ ဝုစ္စတိ။

မိုးထိမူနိသျှ၊ ပဌမတွဲ စာမျက်နှာ ၁၇၂။

ဓမ္မံ-ဓမ္မာရုံကို၊ ဥတွာ-သိ၍၊ ပိယံနိမိတ္တံ-ချစ်ခြင်းဟု ဆိုအပ်သော အမှတ်ကို၊ မနသိကရောတော-နှလုံးသွင်းသောသူအား၊ သတိ-သတိသည်၊မုဋ္ဌာ-မေ့လျော့သည်၊ဟောတိ-ဖြစ်၏ သော-ထိုသူသည်သာရတ္တစိတ္တော- ပြင်းစွာ တပ်နှစ်သက်သောစိတ်ရှိသည် ဖြစ်၍၊ ဝေဒေတိ-ခံစားရ၏။ တဉ္စ- ထိုဓမ္မာရုံကိုလည်း၊ အဇ္ဈောသာယ- နှလုံးဖြင့်မျို၍၊ တိဋ္ဌတိ-တည်အံ့။ တဿ၊ထိုသူအား၊အဘိဇ္ဈာ စ-ရှေးရှုကြံခြင်းကြောင့် လည်းကောင်း၊ ဝိဟေသာ စ-ညှဉ်းဆဲခြင်းကြောင့်လည်းကောင်း၊အနေကာ- များစွာကုန်သော၊ ဓမ္မသမ္ဘဝါ- ဓမ္မာရုံကြောင့် ဖြစ်ကုန်သော၊ ဝေဒနာ- ဝေဒနာတို့သည်၊ ဝဍ္ဎန္တိ-ပွားကုန်၏။ အဿ-ထိုသူ၏၊စိတ္တံ-စိတ်ကို၊ အဘိဇ္ဈာဝိဟေသာဟိ- ရှေးရှု ကြံခြင်း ညှဉ်းဆဲခြင်းတို့သည်။ ဥပဟညတိ-နှိပ်စက်အပ်၏။ ဧဝံ-ဤသို့၊ဒုက္ခံ-ဆင်းရဲကို၊အာစိနတော-ပွားစေသောသူအား၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ အာရာ-ဝေး၏ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

ဤဒေသနာတော်အရ ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာငါးပါး စသော ပရမတ္ထဓမ္မ သဘာဝတို့၌ လက္ခဏာရေး သုံးပါးတင်ကာ ပွားများနေရာမှ သတိလွတ်၍ ဤဤထိုထိုသောဒါနကုသိုလ် သီလ ကုသိုလ်တို့ကို ပြန်လည် အောက်မေ့ကာ စိတ်ကူး ယဥ်နေပါက (ဝေ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ) အလိုရှိအပ်သော နိဗ္ဗာန်နှင့် ဝေး သွားလေပြီ၊ ။ဤသို့ ယောဂီသိအပ်၏။ ။ ဤကား ပါဠိတော်အလိုပေတည်း။

ထင်ရှား စေဦးအံ့။ ။စာမျက်နှာ ၇၉၊ စတုတ္ထ စာကြောင်း၌ ဖော်ပြခဲ့သော စက္ခုဥ္စ ဘိက္ခဝေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ အစရှိသော ပါဠိတော်ကို ဆက်၍ဖော်ပြဦးအံ့။

> မနဉ္စ ဘိက္ခဝေ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ မသုခံ ဝါ။ သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနု သေတိ။
>
> ပါဠိတော်ကို ဆက်ဖတ်ပါလေ)။

ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန် စာမျက်နှာ ၃၃၀၊ ပဥ္စမစာကြောင်း။ ။ရဟန်းတို့ မနောဒွါရနှင့် ဓမ္မာရုံကိုစွဲ၍ မနောဝိညာဏ်သည် ဖြစ်၏။ သုံးပါးတို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿ သည်ဖြစ်၏၊ ဖဿ ဟူသော အကြောင်းကြောင့် သုခသော်၎င်း၊ဒုက္ခသော်၎င်း၊ဥပေက္ခာသော်၎င်း ဖြစ်သောဝေဒနာသည်ဖြစ်၏။ထိုပုဂ္ဂိုလ်သည်သုခ ဝေဒနာဖြင့် တွေ့ထိသည်ရှိသော် နှစ်သက်၏။ တမ်းတပြောဆို၏။မက်မောစွဲ၍တည်၏၊ထိုပုဂ္ဂိုလ် အား ရာဂါနုသယသည် ကိန်း၏။ (ကျမ်းရင်း ကို ဆက်ဖတ်ပါလေ)။

ဤမှာလုကျ သုတ်တော်နှင့် ဆဆက္က သုတ် တော်တို့ကို ပေါင်းစပ်၍ကြည့်သော် မိမိပြုလုပ်ခဲ့ သော ကုသိုလ်ကောင်းမှုကို အောက်မေ့၍ သာ ယာ၏။ ကမ္မဋ္ဌာန်းတရားကို သတိလွတ်သွားသည် ရှိသော် နိဗ္ဗာန်နှင့် ဝေးရတော့၏။ ရာဂါနုသယ သည် ကိန်းတော့၏။ ။ဤသို့ ယောဂီ သိအပ်လေ သည်။

ထိုမှတပါး သိအပ်ပြန်သည်မှာ ပဋ္ဌာန်း ပါဠိ တော် ပဋ္ဌာဝါရ၊ စာမျက်နှာ ၁၃၃၊ အပိုဒ် ၄၀၂ ၌–

> ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ဒါနံဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါ မနဿံ ဥပ္ပဇ္ဇတိ။

မြန်မာပြန်-ဤကျမ်း စာမျက်နှာ ၈၄၌ ဖော် ပြထား၏၊ ။ဤပဋ္ဌာန်းပါဠိတော် အရလည်း ဒါနသီလ ပြုလုပ်ပြီးသည့်နောက်၌ ထိုကုသိုလ် စိတ်ပေါ်လာသောအခါယောဂီသည် မသာယာ ရ၊ ။ယင်းသို့မသာယာရလျှင် ထိုကုသိုလ်စိတ် ပေါ်လာသောအခါ ယောဂီသည် ထိုပေါ်လာ သော စိတ် ကို မည်သို့ပြုရပါအံ့နည်း ဆိုသော် စာမျက်နှာ ၈၄ ၌–

> ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ....။

စသည် ဖော်ပြထားသော ပဋ္ဌာန်းပါဠိတော်ကို ဖတ်ရှုတော်မူပါလေ။

ပါဠိတော်များကိုသင်ယူပြီးနောက် ထိုသင်ယူ ပြီးသော ပါဠိတော်များ၏ အနက်အဓိပ္ပာယ်ကို ဓမ္မသဘာဝကျအောင် စူးစမ်းဆင်ခြင်စိစစ်ရမည် ဆိုသည်ကို ပိုမိုသဘောပေါက်စိမ့်သောငှာ၊ ပဋိ နိဒ္ဒေသအတွက် ဆက်ဦးအံ့၊

အလှူဒါနကိုမပြုလုပ်မီ ငါသည် အလှူဒါနကို ပြုလုပ်မည်ဟု ကုသိုလ်စိတ် ဖြစ်ပေါ်လာသော

အခါ လှူပါ လှူဖြစ်အောင် လှူပါ။ သို့ရာတွင် ယောဂီသည် ထိုလှူလိုစိတ်၌ လက္ခဏာရေးသုံးပါး တင်ကာ ပွားများအားထုတ်ရ၏။ ။ဤကား အလှူဒါန ပြုလုပ်လိုသောစိတ်မှ မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြစ်လာ၏။

ဤသို့လှူလိုစိတ်၌ လက္ခဏာရေးသုံးပါး တင်ကာ ပွားများအားထုတ်ခြင်းသည် ဒါန သီလ သမထကုသိုလ်တို့ထက်အကျိုးကြီးမားလှသည်ကို စွဲမြဲစွာ သိရှိထား၍ ဝိပဿနာ ဘာဝနာကို ပွား များအားထုတ်တော်မူကြပါလေ။

ထိုနည်းတူစွာ အလှူဒါန ပြုပြီးသည့်နောက် ယင်းအလှူဒါနအတွက် ဝမ်းမြောက်ဝမ်းသာစိတ် သည် ဖြစ်ပေါ်လာ၏၊ အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ထိုစိတ်၌ လက္ခဏာရေးသုံးပါး တင်ကာ ပွားများအားထုတ်ရ၏။ ဤသို့ ပွားများ အား ထုတ်ခြင်းသည် ဒါန သီလသမထကုသိုလ်တို့ထက် အကျိုး ကြီးမားလှ၏။ ကျမ်းအကိုးအကားမှာ ဤကျမ်းစာစာမျက်နှာ၁၄-၌လာရှိသောဝေလာ မ သုတ်ကိုရင်း အထက်၌ ဖော်ပြထားသော—

> ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ
> အာရမ္မဏ ပစ္စယေန ပစ္စယော။ ဒါနံ
> ဒတွာ

စသော ပါဠိတော်များဖြစ်၏။

အလှူဒါနပြုဆဲ၌ ယင်းအလှူဒါနနှင့်ပတ်သက် ၍ အကျိုးပိုမိုကြီးမားစေရန်(စိတ္တာလင်္ကာရစိတ္တ ပရိက္ခာရံ ဒါနံ ဒေတိ)လက္ခဏာရေးသုံးပါးတင် ကာ ပွားများအားထုတ်ရ၏ဟု အင်္ဂုတ္တိုရ် ပါဠိ တော်၊ သတ္တကနိပါတ်၊ မဟာယညဝဂ်၊ ဒါန မဟပ္ဖလသုတ်၌ အသျှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးအား ဗုဒ္ဓမြတ်စွာ ညွှန်ကြားတော်မူလေ သည်။ ထို့အတူ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌက နိပါတ်၊ ဒါနဝဂ်၊ စာမျက်နှာ ၆၀၊အပိုဒ် ၃၁၌- စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိ၊ မြန်မာပြန် စာမျက်နှာ ၇၀။ သမထ ဝိပဿနာ စိတ်၏အဆင်တန်ဆာ အခြံအရံအလို့ငှာ အလှူကို ပေးလှူ၏ဟု မိန့်တော်မူ၏။

ဤကား–ပုဗ္ဗ-မုဉ္စ-ပရ အတွက် အကျယ်ချဲ့ ၍ပြအပ်သော ပဋိနိဒ္ဒေသပေတည်း။

ဤသို့လျှင် ပါဠိတော်များကို သင်ယူပြီး၍ ယင်း ပါဠိတော်များ၏အနက်အဓိပ္ပာယ်များကို စုံစမ်းဆင်ခြင် ဝိစစ်ခြင်းကိုပြုရာ၏၊ သို့မှသာလျှင် ကျမ်းညီတတ်သူ ဖြစ်ပေလိမ့်မည်။

ဤတွင် အလှူဒါနပြုရာ၌ ပုဗ္ဗ-မုဉ္စ-ပရအတွက် ပင် ဓမ္မသဘာဝကျအောင် ရှက်ဆောင်ရာ၌ မည်မျှ ခက်ခဲနက်နဲသည်ကို သိရှိတော်မူနိုင်ကြစေရန် နမူနာစအဖြစ်ရေးသားဖော်ပြပေးရခြင်းဖြစ်၏။

ဝိပဿနာ ဘာဝနာပညာသည် ပညာတကာ တို့တွင် အခက်ခဲ အနက်နဲဆုံးသော ပညာရပ်ဖြစ် လေသည်။ တဆူတဆူသော ဗုဒ္ဓမြတ်စွာတို့ ပွင့် တော်မူပါမှ သိရသော ပညာရပ်ဖြစ်၏။

ဝိပဿနာ ဘာဝနာ ပညာရပ်သည် အထက် ပိုင်းသို့ ရောက်ရှိလေလေ၊ ခက်လေလေ ဖြစ်၏၊ ထို့ကြောင့် မဟာပဒေသ လေးပါးနည်းအရ ဝိပဿနာနှင့်သက်ဆိုင်သော ပါဠိတော် အရပ် ရပ်တို့ကို ဖတ်ရှုနိုင်သလောက်ဖတ်ရှုတော်မူကြပါ လေ။ ထို့နောက် ယင်းပါဠိတော်များ၏ အနက် အဓိပ္ပာယ်ကိုရမိအောင်စူးစမ်းဆင်ခြင်စိစစ်တော် မူကြပြီးလျှင် ကျမ်းညီတတ်ရန် အထူးကြိုးစား တော်မူကြပါလေ။

> ပုတ္တာမတ္ထိ ဓနမတ္ထိ၊
> ဣတိ ဗာလော ဝိဟညတိ။
> အတ္တာပိ အတ္တနော နတ္ထိ၊
> ကုတော ပုတ္တော ကုတော ဓနံ။

သင်္ဂဇာ ဆရာတော်ဘုရား နိသျ။ ။မေ– ငါ၏၊ ပုတ္တာ–သားသမီးတို့သည်၊ အတ္ထိသန္တိ- ရှိ ကုန်၏။ မေ-ငါ၏၊ ဓနံ-ဥစ္စာသည်၊ အတ္ထိ-ရှိ၏။ ဣတိ-ဤသို့၊ ဗာလော လူမိုက်သည်၊ ဝိဟညတိ- စိုးရိမ်ပင်ပန်း၏၊ တထာ-ထိုငါ၏ဥစ္စာငါ၏သား သွီးပျက်စီးချေ၏ဟူ၍ ပင်ပန်းသော်လည်း(ထည့်

သည်) အဋ္ဌနော သေရာ ညောင်စောင်း၌ တပြောင်း ခွေ့ခွေ့ ရောဂါတွေသော မိမိအား၊ အတ္တာပိ-ယူငင်စရာ ကိုယ်ခန္ဓာမျှလည်း၊ နတ္ထိမရှိ။ ပုတ္တော-သားသမီးသည်၊ ကုတော အတ္ထိ-အဘယ်မှာရှိအံ့နည်း။ ဓနံ-ဥစ္စာသည်၊ ကုတောအတ္ထိ-အဘယ်မှာရှိအံ့နည်း။

ဤသို့လည်း တဆင့်တက်ကာ ခန္ဓငါးပါးကိုသာ ပိုင်ဆိုင်မှုမရှိသည်သာ မကသေး ခန္ဓာငါးပါးကလည်း ပိုင်ဆိုင်စရာ ဘာတခုမျှ မရှိခြင်းကို သိရပေမည်။ ထိုအခါ သံယောဇဉ် တို့သည် တဖြည်းဖြည်း ခေါင်းပါးလာတော့၏။

\+ \+ \+

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ

ပြုပြင်အပ်သော ရုပ်တရား အပေါင်းတို့သည် စိတ်နှင့် စေတသိက် အပေါင်းတို့သည် ဖြစ်ပေါ်ပြီးလျှင် ကွယ်ပျောက် ပျက်စီးသွားကြရကုန်၏။ ထို့ကြောင့် ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်၌-

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ ရုပ် နာမ် ဓမ္မသင်္ခါရ အားလုံးတို့သည် အမြဲ မရှိကုန်ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏ဟု ဟောတော်မူ၏။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
(အဓိပ္ပာယ် လွယ်ပြီ)

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ သဘာဝ တရား အားလုံးတို့သည် အတ္တမဟုတ်ကုန်ဟုဝိပဿနာပညာဖြင့်မြင်နိုင်၏။ ထိုအခါ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏ဟု ဟောတော်မူ၏။

\+ \+ \+

ဘဒ္ဒကမ္ဘာ

သုတ်မဟာ ဝါပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၊ အပိုဒ်-၄-၌ ဘဒ္ဒကမ္ဘာအကြောင်း လာရှိ၏။

သုတ်ပါထေယျ ပါဠိတော်၊ စက္ကဝတ္တိ သုတ်၊ မြန်မာပြန် စာမျက်နှာ - ၆၅၊ အပိုဒ် ၁၀၇-၌ မေတ္တေယျဗုဒ္ဓမြတ်စွာသည် ဤဘဒ္ဒကမ္ဘာ၌အနှစ်ရှစ်သောင်း တန်းတွင် ပွင့်တော်မူမည်ဟု လာရှိ၏။

ယခုသော် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အနမတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗတသုတ်၊ မြန်မာပြန် စာမျက်နှာ ၃၈၄-၌ ဟောတော်မူသည်၏ အတိုချုပ်ကို ဖော်ပြပေအံ့။

| ကကုသန်မြတ်စွာဘုရား | | | အနှစ်လေးသောင်းတန်း |
|---|---|---|---|
| ကောဏာဂုံ | ။ | ။ | သုံးသောင်းဘန်း |
| ကဿပ | ။ | ။ | နှစ်သောင်းတန်း |
| ဂေါတမ | ။ | ။ | တရာတန်း၌ ပွင့်တော်မူ၏။ |

ဤဒေသနာတော်၌သိစေလိုသောအချက်ကြီးကား-သာမန် မဟုတ်ကုန်သော ဗုဒ္ဓ မြတ်စွာတို့သော်မှ ပရိနိဗ္ဗာန် စံတော်မူကြရကုန်ပြီ၊ ထိုအခါက ဘုရင်မင်းမြတ်တို့နှင့်တကွ တိုင်းသူ ပြည်သားလူအများတို့သည် သေကြေပျက်စီးကြရကုန်ပြီ။

ထို့ကြောင့်ဤစာကို ရေးသူသည်၎င်း၊ဤစာကို ဖတ်ရှုနေသူသည် ၎င်း၊ ထိုမှတပါး အခြားသော မင်းနှင့် ဘက္ခ လူအပေါင်းတို့သည်၎င်း၊ မကြာသေးမီ ဘေးအမျိုးမျိုး တွေ့ခါ သေကျေ

ပျက်စီး ရမည်မှာ သေချာလျက် ရှိ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ထိုသုတ်တော် စာမျက်နှာ ၃၉၈ ၌-

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

မြန်မာပြန် စာမျက်နှာ ၃၀၆။ ။သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်၊ ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန် သည်ကား ချမ်းသာ၏ဟု မိန့်တော်မူ၏။

+ + +

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ

ဤပါဠိတော်ကို စာမျက်နှာ-၈၀၌ ရေးသားခဲ့ပြီ၊ ၎င်းဒေသနာတော်ကို အချို့က မြင်သောအခါ ကြားသောအခါ စသည်တို့၌ စိတ်ကို စိတ်အတိုင်းထားဟု သင်ပြပေး၏။ ဤနည်း သည် ပါဠိတော် အရပ်ရပ်တို့နှင့် မကိုက်။ စိတ်ကို စိတ်အတိုင်းထားလျှင် ဓမ္မပဒ ပါဠိတော် ပါပဝဂ်၌-

ပါပသ္မိံ ရမတိ မနော၊ ။ပါပသ္မိံ-မကောင်းမှု၌၊ မနော-စိတ်သည်၊ ရမတိ-မွေ့လျော်၏ဟု ဟောတော်မူ၏။ ။ဤကျမ်း စာမျက်နှာ ၇၉၊ စာကြောင်းရေ ၄ ၌-

စက္ခုဥ္ဘဲကွဓေ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ်အစရှိသော ပါဠိတော်၌ကြိုက်လျှင်ရာဂါနုသယော အနုသေတိ။ မကြိုက်လျှင် ပဋိဃာနုသယောအနုသေတိ။ မကြိုက်သည်လည်း မဟုတ်ကြိုက်သည်လည်းမဟုတ်အမှုမဲ့အမှတ်မဲ့ ဝိပဿနာပွားများ အားထုတ်မှု မရှိဘဲနေလျှင် အဝိဇ္ဇာနုသယော အနုသေတိဟု ဟောတော်မူ၏။

+ + +

ထို့ကြောင့် စိတ်ကိုစိတ်အတိုင်းထား၍မ။ မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ စသည်တို့၌ ဝိပဿနာ ဘောင်အတွင်းသို့သွင်းကာ နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ဤဉာဏ် ၂ ပါးတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်ရ၏။ ။ထို့နောက် ၎င်း ရုပ်နာမ် ၂-ပါးကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာ ဘာဝနာကိုပွားများရာ၏။ ဤကား ပါဠိတော်အရပ်ရပ်တို့၏အလိုပေတည်း။

+ + +

မှတ်နေသောနည်း

ထိုမှတပါး တမျိုး ကျန်ရှိပေသေး၏။ ဤဒုတိယအမျိုးကား မြင်လျှင် မြင်တယ် မြင်တယ် ကြားလျှင် ကြားတယ် ကြားတယ်။ သွားလျှင် သွားတယ်သွားတယ်၊ စားလျှင် စားတယ် စားတယ် စသည်ဖြင့် မှတ်နေရသော နည်း ဖြစ်၏၊ ဤနည်းသည်လည်း ပါဠိတော် အဋ္ဌကထာတို့နှင့် မကိုက်ညီခြင်းကို စာမျက်နှာ ၈၂ – ၌ ရှင်းပြခဲ့ပြီ။

စာမျက်နှာ ၈၁ ၌ဗာဟိယ ဒါရုစီနှင့် မာလုကျပုတ္တတို့ကို ဟောတော်မူသည်ကိုလည်း ဖော်ပြထား၏။ ။သဠာယတန သံယုတ်၊ သဠဝဂ်၊ မာလုကျပုတ္တသုတ်အတွက် မြင်သောအခါ၊ ကြားသောအခါ စသည်တို့၌ မည်ကဲ့သို့ သေကျင့်ရမည်ကို အဋ္ဌကထာ ဆရာမြတ် ဖွင့်ဆိုတော်မူရာ၌ ရှည်လျားစွာ လာရှိ၏၊ ထိုမှ လိုရင်း အတိုချုပ်ကို ကောက်နုတ် ဖော်ပြရသော်-

န ရဇ္ဇတိ = မကပ်ငြိ
န ဒုဿတိ = မပြစ်မှား
န မုယှတိ = မတွေဝေ

မြင်သောအခါ ကြားသော အခါ တွေ့ထိသောအခါ စိတ်ကူးမိသော အခါတို့၌ တဏှာမကပ်ငြိအောင်နေရမည်။ မပြစ်မှားမိအောင်နေရမည်။ မတွေဝေအောင် နေရမည်ဟု ဖွင့်ဆိုတော်မူ၏။

ဤတွင် မတွေဝေအောင် နေရမည် ဆိုရာ၌မောဟမဖြစ်စေရန် နေရမည်ဖြစ်၏။ မောဟဆို

သည်မှာ အဝိဇ္ဇာပင်ဖြစ်၏။ မောဟ (သို့မဟုတ်) အဝိဇ္ဇာသည် ယောဂီနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်၏။ ထိုကြောင့် မောဟမဖြစ်စေရန် အဝိဇ္ဇာ မဖြစ်စေရန် မြင်သောအခါ၊ကြားသော အခါ စသည်တို့၌ အထက်၌ ပြဆိုခဲ့သည့်အတိုင်း နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ် သမ္မသနဉာဏ်စသည်တို့ဖြင့် လက္ခဏာရေးသုံးပါး တင်ကာ ဆင်ခြင်ပွားများရ၏။

\+ \+ \+

သဉ္ဇာနာတိ = မှတ်ခြင်း
ဇာနာတို = သိခြင်း
ပ-ဇာနာတိ = အပြားအားဖြင့် သိခြင်း
= ကွဲကွဲပြားပြား သိခြင်း၊
( ပကာရ အနက် )

ဤသို့လျှင်"ပ-ဇာနာတိ"၏အနက်အဓိပ္ပာယ်မှာ သဉ္ဇာနာတိ၊ ဇာနာတိတို့၏အနက်အဓိပ္ပာယ်နှင့် မတူခြင်းကို သိအပ်လေသည်၊ထိုမှတပါး စာမျက်နှာ ၁၁၀၌-

ကိဥ္စ ဘိက္ခဝေ သညံ ဝဒေထ။
သဉ္ဇာနာတီတိ ခေါ ဘိက္ခဝေ
တသ္မာ သညာတိ ဝုစ္စတိ။

အို-ရဟန်းတို့ အဘယ့်ကြောင့် သညာဟူ၍ ဆိုကုန်သနည်းဟူမူ၊ အို-ရဟန်းတို့ မှတ်တတ်၏။ ထိုကြောင့် သညာဟူ၍ ဆိုအပ်၏ဟု ဟောတော်မူ၏။

ထိုကြောင့် "ပ-ဇာနာတိ" ၏ အနက်အဓိပ္ပာယ်အတွက် မှတ်နေခြင်းကို အလိုမရှိအပ်။

စာမျက်နှာ ၈၂၌ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ၏ အနက်အဓိပ္ပာယ်အတွက် ခွေးသိ တိရစ္ဆာန်သိ အသိမျိုးကို အလိုမရှိအပ်ကြောင်း အဋ္ဌကထာ ဖွင့်ဆိုတော်မူပုံကို ဖော်ပြထားခဲ့၏။

\+ \+ \+

ဆက်ဦးအံ့-ဤကျမ်း စာမျက်နှာ ၈၀၌-

ဒိဋ္ဌံ ဒိဋ္ဌတော သဉ္ဇာနာတိ၊ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ ဒိဋ္ဌံ မညတိ၊ဒိဋ္ဌသို့ မညတိ၊ ဒိဋ္ဌတော မညတိ၊ဒိဋ္ဌံ မေတိ မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ။ တံ ကိဿ ဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ၊

(သိမှတ်မှားခြင်း)

မြန်မာပြန်ကို စာမျက်နှာ၈၀-၌ တမျက်နှာလုံးကုန်အောင် ဖတ်ရှုပါလေ။ ယင်းပါဠိတော်၌ မြင်သောအခါ ကြားသောအခါ တွေ့ထိသောအခါ စိတ်ကူးအောက်မေ့သောအခါတို့၌ ပရိညာဉာဏ်ဖြင့် ပိုင်းခြား၍ မသိမှုကြောင့်ဟု မိန့်တော်မူ၏။

ဤတွင် အထူးသိရန်မှာ ၎င်းအသိမျိုးသည် ဝိပဿနာ ဉာဏ်ပညာမရှိသော လူသာမန်တို့၏ အသိမျိုးဖြစ်၏။ သာမန်လူတို့ အသိမှားပုံကို စာမျက်နှာ ၉၉၊ ၁၀၀ တို့၌-

စတ္တာရောမေ ဘိက္ခဝေ သညာဝိပလ္လာသာ စိတ္တဝိပလ္လာသာ ဒိဋ္ဌိဝိပလ္လာသာ-

ဟူ၍ မြန်မာပြန်ပါ ဖော်ပြထား၏။ ထိုစာမျက်နှာ ၁၀၀-၌ ဆက်လက်ဖော်ပြထားသည်မှာ-

သညာဝိပလ္လာသ = အမှတ်မှားခြင်း
စိတ္တဝိပလ္လာသ = အသိမှားခြင်း
ဒိဋ္ဌိဝိပလ္လာသ = အယူမှားခြင်း

ဤ၌သိစေလိုသောအချက်မှာ ပ-ဇာ နာတိ၏ အနက်အဓိပ္ပာယ်ကို အမှတ်မှားလျှင် အသိမှားတော့၏။ အသိမှားလျှင် အယူမှားတော့၏။ ။ ယင်းသို့ဖြစ်လျှင်-

ဒိဋ္ဌံ ဒိဋ္ဌတော စသည်ဘို့၌ အသိမမှားရလေအောင် အဘယ်သို့ သိအပ်ပါသနည်းဆိုသော် မူလပဏ္ဏာသပါဠိတော် မူလ ပရိယာယဝဂ်၊စာမျက်နှာ၅၊အပိုဒ် ၇၊ စာကြောင်းရှစ်-၌ (သေက္ခပုဂ္ဂိုလ်တို့အတွက်)-

ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ-ပ-မာဘိနန္ဒိ၊ တံ ကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။

မြင်သောအရာကိုမြင်သောအရာအားထူးသော ဉာဏ်ဖြင့်သိ၏။ ပ- မြင်သောအရာကို လွန်စွာ

(ဆဋ္ဌမအကြိမ်)

မနှစ်သက်၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် ထိုမြင်သောအရာကို ပိုင်းခြား၍ သိသောကြောင့်ဟု ငါဆို၏ဟု မိန့်တော်မူ၏။

ဤပါဠိတော်များအရ မြင်သောအရာ ကြားသောအရာ တွေ့ထိသော အရာ တွေးတောအောက်မေ့သောစိတ်တို့၌ ရုတ်တရက်ချက်ချင်း နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ် ဤထူးသောဉာဏ်တို့ဖြင့် သိရှိရမည်။ ထိုနောက် တဖန် ၎င်းတို့၌ လက္ခဏာရေးသုံးပါး တင်ကာ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ရ၏။ ဤသို့လျှင် စူးစမ်းစိစစ်ရာ၏။(၀၁)ကျမ်း ညှိတတ်ချ၏။

နိဂုံးချုပ်ကား-စိတ်ကို စိတ်အတိုင်းထား၍ မပြီး၊ ပါဠိတော်အရပ်ရပ်တို့နှင့် မကိုက်ညီ။သွားတယ် သွားတယ် ထိုင်တယ် ထိုင်တယ် စသည်တို့ကို အလိုမရှိအပ်၊ ပါဠိတော် အရပ်ရပ်တို့နှင့် မကိုက်ညီ။ ဤသည်တို့ကား ပါဠိတော် အရပ်ရပ်တို့၌ ဗုဒ္ဓ မြတ်စွာ ဟောတော်မူခဲ့ခြင်း တို့ပေတည်း။

\+ \+ \+

ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ

ထိုမှဘပါး မြင်သည်ကြားသည် စသည်တို့ကို ဝိပဿနာပွားရန် သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ်၊ ကာယာနုပဿနာ သမ္ပဇာနပဗ္ဗ ၁၀မျက်နှာ ၂၃၃-၌ ဟောတော်မူသည်ကို ဖော်ပြဦးအံ့။

> ပုန စပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သင်္ဃာဋိ ပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေပီတေခါယိတေသာယိတေ သမ္ပဇာနကာရီ ဟောတိ၊ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ…။

| | | |
|---|---|---|
| သံ | = | ကောင်းစွာ |
| ပ | = | အပြားအားဖြင့် |
| ဇာန | = | သိခြင်း |
| ကာရီ | = | ပြုလေ့ရှိသည် |
| ဟောတိ | = | ဖြစ်၏။ |

ဆရာတော် ဦးဗုဓ်နိဿယ၊ ဟံသာဝတီမူ၊ ၁၉၅၅ ခုနှစ်ရိုက်၊ စာမျက်နှာ ၆၃-၌ အောက်ပါအတိုင်း လာရှိ၏။

ဘိက္ခဝေ-ရဟန်းတို့၊ ပုန စ-တဖန်လည်း၊ အပရံ -တပါးတို၊ ဘိက္ခု - ရဟန်းသည်၊ အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်၊ပဋိက္ကန္တေ-နောက်သို့ ဆုတ်သည်ရှိသော်၊ သမ္ပဇာနကာရီ-ပညာဖြင့်ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်းကို ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

အာလောကိတေ- တူရူ ကြည့်သည်ရှိသော်၊ ဝိလောကိတေ- တစောင်း ကြည့်သည်ရှိသော်၊ သမ္ပဇာနကာရီ- ပညာဖြင့်ဆင်ခြင်၍ တူရူကြည့်ခြင်း တစောင်း ကြည့်ခြင်းကို ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

သမိဉ္ဇိတေ- ဆန့်သောလက်ခြေကို ကွေးသည်ရှိသော်၊ ပသာရိတေ- ကွေးသောလက်ခြေကိုဆန့်သည်ရှိသော်၊ သမ္ပဇာနကာရီ-ပညာဖြင့် ဆင်ခြင်၍ ကွေးခြင်းဆန့်ခြင်းကိုပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

သင်္ဃာဋိ ပတ္တစီဝရ ဓာရဏေ-ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်သည်ရှိသော်၊ သမ္ပဇာနကာရီ ပညာဖြင့်ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ ရှိသည်၊ ဟောတိ-ဖြစ်၏။

အသိတေ -စားသည်ရှိသော်။ပီတေ-သောက်သည်ရှိသော်၊ ခါယိတေ-ခဲသည်ရှိသော်၊ သာယိတေ-လျက်သည်ရှိသော်၊သမ္ပဇာနကာရီ-ပညာဖြင့် ဆင်ခြင်၍ စားခြင်းစသည်ကို ပြုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏။

ဥစ္စာ၇ ပဿာ၁၀ ကမွေ-ကျင်ကြီးကျင်ငယ်ကို ပြုသည်ရှိသော်၊ သမ္ပဇာနကာရီ-ပညာဖြင့် ဆင်ခြင်၍ ကျင်ကြီ ကျင်ငယ်ကို ပြုလေ့ရှိသည်၊ ဟောတို-ဖြစ်၏။

ဤသို့လျှင် အထက်တွင် ဖော်ပြအပ်သော ပါဠိတော် အဋ္ဌကထာများအရ—

မြင်လျှင် မြင်တယ် မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားဘယ်၊ သွားလျှင် သွားတယ် သွားတယ်၊ စားလျှင် စားတယ် စားတယ်၊ စသည်တို့ဖြင့် မှတ်နေခြင်းသည် ကျမ်းဂန် အရပ်ရပ်တို့နှင့် မကိုက်ညီသည်ကို အထူး သတိပြုတော်မူကြပါလေ။

\+ + +

အဗျာကတော ဓမ္မော

နောက်ဆုံးအနေဖြင့် ထင်ရှားစေအံ့။ ပဋ္ဌာန်း ပါဠိတော် ပဉ္စာဝါရ စာမျက်နှာ ၁၃၅-အပိုဒ် ၄၁၁။

အဗျာကတော ဓမ္မော ကုလသဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာ ဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

ဤပါဠိတော်ကို စာမျက်နှာ ၈၅-အောက်ဆုံးအပိုဒ် မြန်မာပြန်နှင့်တကွ ဖော်ပြထား၏။ ဤပဋ္ဌာန်း ဒေသနာဘော်ကို ဟောတော်မူရာတွင်—

မြင်သည် ကြားသည် တွေ့ထိသည် စသည်တို့၌ မှတ်နေရမည်ဟု ဟောတော်မမူ။ မြင်သည်ကြားသည် တွေ့ထိသည် စသည်တို့ကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ရမည်ဟု ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့်မြင်လျှင်မြင်တယ်မြင်တယ်၊ ကြားလျှင် ကြားတယ် ကြားတယ်၊ သွားလျှင် သွားတယ် သွားတယ်၊ စားလျှင် စားတယ်စားတယ်၊ စသည်တို့ဖြင့် မှတ်နေခြင်းသည် ဉာဏ်စဉ် ၁၆-ပါးရှိသည်တို့အနက် အစ ဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်း မပါ၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်လည်းမဖြစ်၊ လက္ခဏာရေးသုံးပါး တင်၍ ပွားများသည်လည်း မဟုတ်၊ ပါဠိတော် အရပ်ရပ်တို့နှင့်လည်း မကိုက်ညီခြင်းကြောင့်-

ထိုမှတ်နေသော အလေ့အကျင့် အယူဝါဒ နောက်သို့ မလိုက်မိရန် အထူးသတိပြုတော်မူကြရပေမည်။ ဟောပြောနေသူ့အချို့တို့သည်လည်း မိမိတို့အကျိုးငှာရင်း၊ အများ အကျိုးငှာရင်း။ သော ဝဿတာဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် မိမိတို့အမှားကို အမြန်ဆုံး ပြင်တော်မူနိုင်ကြပါစေကုန်သတည်း။

\+ + +

မိမိတို့ အမှားကို
ပြင်ပေးသောအခါ

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ မဟာဝဂ်၊အာနာပါနသတိကထာ။ စာမျက်နှာ ၁၆၀ အောက်ဆုံး စာကြောင်း၌-

အရဟတ္တ မဂ္ဂဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ။

မြန်မာပြန် စာမျက်နှာ ၂၁၅ အောက်ဆုံး ၅-ကြောင်း။ ။အရဟတ္တ မဂ်၏ အစကား အကျင့်စင်ကြယ်ခြင်း "ပဋိပဒါဝိသုဒ္ဓိတည်း" ဟု ဟောတော်မူ၏။

ထို့ကြောင့်"အစကောင်းမှအနှောင်းသေချာ" သည်ဟူသော စကားတရပ်သည် ရှိခဲ့၏။

ထိုမှတပါး "ဆရာမပြ နည်းမကျ"ဟူသော စကားတရပ်သည်လည်း ရှိပြန်သေး၏။

ဝိပဿနာဘာဝနာလုပ်ငန်းတော်၌ ဆရာရှိရ၏။ဆရာမရှိဘဲဟောနိုင်ပြောနိုင် သင်ပြပေးတော်မူနိုင်သည်မှာ ဗုဒ္ဓမြတ်စွာ တပါးသာရှိ၏။

ထင်ရှားစေဦးအံ့။ ။ဗုဒ္ဓမြတ်စွာသည် ရှေးဦးစွာ ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မည်ဟု ကြွတော်မူရာ လမ်းခရီးတွင်"ဥပက-တက္ကတွန်း" နှင့်တွေ့၏။ ထိုအခါ "ဥပက" က ဗုဒ္ဓမြတ်စွာအား-

ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်သင်၏၊ အရေအဆင်းတို့သည်လည်း စင်ကြယ် ဖြူစင်၏၊ သင်၏ ဆရာကား အဘယ်သူနည်း။

ထိုအခါ ဗုဒ္ဓမြတ်စွာက-

"န မေ အာစရိယော အတ္ထိ"ဟု ဝိနည်းမဟာဝါပါဠိတော် စာမျက်နှာ ၁၂၊ပဉ္စမစာကြောင်း၌လာရှိ၏။ ။မြန်မာပြန် စာမျက်နှာ ၁၃၊ ပဉ္စမစာကြောင်း။ ။ဥပက ငါ့အား ဆရာမရှိဟု ဖြေဆိုတော်မူ၏။

(ကျမ်းရင်းကို ဆက်ကာ ဖတ်ရှုတော်မူကြပါလေ)။

ဗုဒ္ဓမြတ်စွာမှတပါး ဆရာမရှိဘဲ နိဗ္ဗာန်သို့ကြွရောက်တော်မူနိုင်သော ပုဂ္ဂိုလ်ကား အသျှင်ပစ္စေကဗုဒ္ဓါဖြစ်၏၊ သို့ရာတွင် အရှင်ပစ္စေကဗုဒ္ဓါကား မိမိသာလျှင် နိဗ္ဗာန်သို့ ကြွသွားတော်မူနိုင်၏။ သူတပါးတို့အား ဗုဒ္ဓမြတ်စွာကဲ့သို့အနုသာသနီနည်းဖြင့် တရားဟောပြော သင်ပြပေးတော်မူခြင်းကိုကား တတ်စွမ်းတော်မမူနိုင်ရှာချေ။

ဤတွင် သိစေလိုသောအချက်ကား ဗုဒ္ဓမြတ်စွာနှင့် အသျှင်ပစ္စေကဗုဒ္ဓါ ၂-ပါးတို့သာလျှင် ဆရာမရှိ။ ကျန်ပုဂ္ဂိုလ်တို့၌ ဆရာရှိရ၏။

ဆရာမရှိဘဲ ကြားဘူးနားဝဖြင့် ပြုကျင့်ခြင်းကြောင့် မှားပုံကို ဆိုဦးအံ့။ ။စူဠဝါပါဠိတော်၊ စာမျက်နှာ ၂၄၆၊ ထိပ်ဆုံးစာကြောင်း။ ။မြန်မာပြန် စာမျက်နှာ ၂၄၄၊ စာကြောင်းရေ ၁၉၌-

ထိုအခါ ရဟန်းတပါးသည် မမွေ့လျော်ခြင်းသည် နှိပ်စက်အပ်သောကြောင့် မိမိ၏ အင်္ဂါဇာတ်ကိုဖြတ်၏။

ယင်းကိစ္စကို ဗုဒ္ဓမြတ်စွာ ကြားတော်မူသောအခါ ရဟန်းတို့ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောထိုရဟန်းသည် အခြားတပါးသောအရာ "ကိုလေသာ"ကိုဖြတ်သင့်လျက် အခြားသောအရာ"အင်္ဂါဇာတ်"ကို ဖြတ်ဘိ၏။ ထိုရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဆေးကုံရာကွင် "တောက်တိုမယ်ရ" ဆေးနည်းတို့ဖြင့် ဆေးကု၍မရနိုင်သည်ထက် ဝိပဿနာ ဘာဝနာ လုပ်ငန်းတော်သည် အလွန့်အလွန် လွန်သည်ထက်လွန်အောင် ခက်ခဲနက်နဲသော ပညာရပ်ဖြစ်ခြင်းကို အထူး သတိပြုတော်မူကြရာ၏။

ယခုအခါ မဂ်တုဖိုလ်တု ကမ္မဋ္ဌာန်းတုများ ယခင်ကထက် ပိုမို များပြား လာခြင်းကြောင့် ဆရာစစ် ဆရာမှန် ဆရာကောင်း ရရှိရေးသည် ယောဂီ အတွက် ရှေးဦးစွာ အရေးကြီးသော အချက်ကြီးဖြစ်လေသည်။

ဆရာစစ်ဆရာမှန် ဆရာကောင်း ဟုတ်မဟုတ် စစ်ဆေးရန် ဗုဒ္ဓမြတ်စွာသည် မဟာပဒေသတရား ၄-ပါးကို ဟောတော်မူခဲ့၏။ ။ထိုမှ တပါးသုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၂၆၊ အောက်ဆုံးစာကြောင်း၌-

ယော ဝေါ အာနန္ဒာ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေနသတ္ထာ။

မြန်မာပြန် စာမျက်နှာ ၁၄၇၊ မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်၌ အာနန္ဒာ ငါဟောကြား ပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ဆရာဘုရားပင် ဖြစ်ပေ၏ဟု မိန့်တော်မူ၏။

ဤတွင် သိစေလိုသောအချက်ကား တရားစစ်တရားမှန် ဆရာစစ်ဆရာမှန် စစ်ဆေးရန်မှာ ပါဠိတော်များဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူခဲ့သည်ကို အထူး သတိပြုတော်မူသင့်ကြပါသည်။

အဋ္ဌကထာ ဖွင့်ဆိုတော်မူပုံကို ဆိုဦးအံ့။ ။ အင်္ဂုတ္တိုရ်ပါဠိတော်။ စတုက္ကနိပါတ်၊ စာမျက်နှာ ၄၇၆-အပိုဒ် ၁၈၀-၌ငင်း၊ သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၁၀၂-အပိုဒ်၁၈၇။ ။မြန်မာပြန် စာမျက်နှာ ၁၁၉၌-ဟောတော်မူသော "မဟာပဒေသ တရားလေးပါး" အတွက် အဋ္ဌကထာ ဖွင့်ဆိုတော်မူသော အတိုချုပ်သဘောမှာ—

သုတ္တ၊ သုတ္တာ နုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိဟူ၍လာရှိ၏။ "သုတ္တ"ဆိုသည်မှာ ပါဠိတော်များဖြစ်၍၊ "သုတ္တနုလောမ" ဆိုသည်မှာ ပါဠိတော်နှင့်(သမေန္တမေဝ) ကိုက်ညီသည်ကိုသာလျှင်(ဂဟေတဗ္ဗံ)ယူအပ်၏။

(အာစရိယဝါဒေါပိ) အဋ္ဌကထာ၌ လာရှိသော ဝါဒကိုလည်း(သုတ္တေန) ပါဠိတော်နှင့် (သမေန္တောယေဝ) ကိုက်ညီသည်ကိုသာ(ဂဟေတဗ္ဗော)ယူအပ်၏ဟုအဋ္ဌကထာ ဖွင့်ဆိုတော်မူ၏။

ငါဘုရား ကွယ်လွန်သောအခါ ပါဠိတော်များသည် သင်တို့၏ဆရာပင် ဖြစ်ပေ၏ဟု ဟောတော်မူခြင်း၊ မည်သူကပင် ပြောဟောသည်ဖြစ်စေ ပါဠိတော်များနှင့် စစ်ဆေးရမည်ဟု "မဟာပဒေသ တရားလေးပါး" ကိုဟောတော်မူခြင်းတို့နှင့် အဋ္ဌကထာဖွင့်ဆိုချက်တို့ကို ပေါင်းစပ်သော် မည်သည့်ပုဂ္ဂိုလ်က ပြောဟောသည်ဖြစ်စေ၊ ဤကျမ်းစာငယ်၌လာရှိသည်ဖြစ်စေပါဠိတော်အရပ်ရပ်တို့နှင့် ကိုက်မကိုက် စစ်ဆေးတော်မူကြပြီးလျှင် ကိုက်ညီသော် လက်ခံ၍ မကိုက်ညီသော် သာသနာတော်မြတ်ကြီးသည် သန့်ရှင်းစွာ အဓွန့်ရှည်ရေးအတွက် တိကျပြတ်သားစွာ ပယ်ဖျက်တော်မူကြရပေမည်။

ယင်းသို့မှားသောအယူဝါဒများကို အမှန်ဟု အယူရှိနေသော ပုဂ္ဂိုလ်များကလည်း မိမိတို့၏ အမှားကို ဖော်ပြပေးသူတို့အား ကျေးဇူးတင်ရမည်ဟု ဓမ္မပဒ ပါဠိတော်၊ ပဏ္ဍိတဝဂ်၊ အပိုဒ် ၇၆ ၌-

နိဓီနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှ ဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ နပါပိယော။

အပြစ်ကို ဖော်ပြ နှိပ်ချ ဆုံးမလေ့ ရှိသော ထိုသို့သဘောရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်သိမြင်၍ ဆည်းကပ်ရာ၏၊ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူအား မြတ်၏။ ယုတ်မာညံ့သည် မဖြစ်ဟု ဟောတော်မူခဲ့ခြင်းကြောင့် မိမိတို့အမှားကို ဖော်ပြပေးသူတို့အား ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ကျေးဇူး တင်ရမည်သာ ဖြစ်၏။ စိတ်မဆိုးသင့်။

\+ \+ \+

## နိဗ္ဗာန်အတွက်နောက်ဆက်တွဲ

စာမျက်နှာ ၁၂၉-၌ နိဗ္ဗာန်အကြောင်းကို ဖော်ပြထားရာ၌နောက်ဆက်တွဲသိရှိရန်အတိုချုပ် ဖော်ပြပေအံ့။ ဓမ္မသင်္ဂဏီ ပါဠိတော် နိက္ခေပကဏ္ဍ စာမျက်နှာ ၂၅၆-အပိုဒ် ၁၃၁၆ ၌-

တတ္ထ ကမတံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော, အသင်္ခတာ စ ဓာတု။ ဣဒံ ဝုစ္စတိ နာမံ။

ဤမြန်မာပြန် စာမျက်နှာ ၄၀၂။ ။ထိုနာမ်ရုပ်တို့တွင် နာမ်ဟူသည် အဘယ်နည်း။ ခံစားမှုအစု ဝေဒနာက္ခန္ဓာ၊မှတ်သားမှုအစုသညာက္ခန္ဓာ၊ ပြုပြင်မှုအစု သင်္ခါရက္ခန္ဓာ၊ အထူးသိမှု စိတ်အစု ဝိညာဏက္ခန္ဓာ၊ထို့ပြင် ကံ,စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းတရားတို့ မပြုပြင် မစီရင်အပ်သောသဘော အသင်္ခတဓာတ် နိဗ္ဗာန်သည်ရှိ၏။ ဤတရားအပေါင်းကို နာမ်ဟု ဆိုအပ်၏။ (စိတ်,စေတသိက်,နိဗ္ဗာန်)။

ဤဓမ္မသင်္ဂဏီ ပါဠိတော် အရ စိတ်နှင့် စေတသိက်သာမက နိဗ္ဗာန်ကိုလည်း နာမ်တရားဟု သိအပ်၏။ ။ထိုမှတပါး ဤကျမ်း စာမျက်နှာ ၁၂၉ ၌-

အနိစ္စာသင်္ခတ သင်္ခါရာ အစရှိသော ပါဠိတော်အရလည်းနိဗ္ဗာန်ကို အနတ္တဓမ္မ သဘာဝဟူ၍လည်း သိအပ်၏။ ထိုကြောင့် ပါဠိတော်အရင်းရပ်တို့၌"သဗ္ဗေဓမ္မာအနတ္တာ" ဟူ၍ ဟောတော်မူခဲ့၏။ ။ယင်းသို့နိဗ္ဗာန်ကို နာမ်ဟူ၍ရင်း၊ အနတ္တဟူ၍ရင်း ဟောတော်မူသော်လည်း သင်္ခတဓမ္မာ၌လာရှိသော စိတ် စေတသိက် ရုပ်တို့ကဲ့သို့သောအနိစ္စ, ဒုက္ခ, အနတ္တမျိုး မဟုတ်ခြင်းကို အထူး သတိပြုတော်မူကြပါလေ။

\+ +. +

နိဗ္ဗာန်ကို သဘောကျနိုင်ရန် ဒုက္ခကို ရာခိုင်နှုန်းအပြည့်သိမှသာလျှင် နိဗ္ဗာန်ကိုသဘောကျနိုင်လေသည်။ထိုကြောင့် ပဋိစ္စသမုပ္ပါဒ် တရားတော်နှင့် နိဗ္ဗာန်ကို သဘောကျနိုင်ရန် မလွယ် ဟု ဟောတော်မူခဲ့၏။

သစ္စာလေးပါး ဓမ္မစကြာတရားတော်၌ဟောတော်မူသော ဒုက္ခသစ္စာဆိုသည်ကို တကယ်တမ်းသိရှိနိုင်ရန် (ဝါ) ရာခိုင်နှုန်း အပြည့် သိရှိနိုင်ရန် စာမျက်နှာ၇၈-၌ဖော်ပြခဲ့သော-

ဒုက္ခံ ဒုက္ခ သစ္စန္တိ? အာမန္တာ အစရှိသော ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ဗုဒ္ဓမြတ်စွာ အလိုရှိတော်မူသည့် အတိုင်း တိကျ မှန်ကန်စွာ သဘောပေါက်အောင် သင်ပြပေးရမည်။

ဥပမာဆိုသော် ပရမတ္ထသစ္စာ၌ ယောကျ်ား မိန်းမ,လူ,နတ်,ဗြဟ္မာ,သတ္တဝါမရှိ၊ ခန္ဓာငါးပါး ဒုက္ခသာရှိခြင်း။ သမ္မုတိသစ္စာ၌ သားတပါးဖွားမြင်သည်ဆိုငြားဝယ် ပရမတ္ထသစ္စာ၌ သားတပါးဖွားမြင်သည်မဟုတ်၊ ခန္ဓာငါးပါး ဒုက္ခဖြစ်ပေါ်လာခြင်း။ ။ကျမ်းကိုးရန်-

ဒုက္ခမေဝ ဟိ သမ္ဘောတိ....။
(စာမျက်နှာ ၈၆)။

ဒုက္ခမေဝ ဥပ္ပဇ္ဇ မာနံ ဥပ္ပဇ္ဇတိ....။
(စာမျက်နှာ ၈၇)။

ထိုမှတပါးဓမ္မပဒပါဠိတော် သုခဝဂ်၊ အပိုဒ် ၂၀၂ ၌-

နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိသန္တိပရံ သုခံ။

ခန္ဓာနှင့်တူသော ဒုက္ခသည် မရှိ၊ နိဗ္ဗာန်နှင့်တူသောချမ်းသာသည် မရှိဟု ဟောတော်မူသည်ကိုလည်း သဘောပေါက်အောင် သင်ပြပေးရမည်။

\+ + +

နိဗ္ဗာန်သို့ ရောက်ရှိရေး အတွက် ဝိပဿနာ ဘာဝနာပွားရာ၌ ဉာဏ် ရင့်သန်လာသောအခါ သိရှိအပ်သောအချက်တို့ကိုဖော်ပြပေအံ့။

သင်္ဂြိုဟ်ကျမ်းနောက်ဆုံး ကမ္မဋ္ဌာန်းပိုင်းအပိုဒ် ၄၇၌-လာရှိသောဝိမောက္ခသုံးပါးကိုရင်း။ အပိုဒ် ၄၈ ၌-လာရှိသော ဝိမောက္ခမုခသုံးပါးကိုရင်း။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိပိုင်း မြန်မာပြန် ယတိယတွဲ စာမျက်နှာ ၄၈၁-၌လာရှိသော အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ သုညတဝိမောက္ခ၊ ဤသုံးပါးကိုရင်း သဘောပေါက်အောင် သင်ပြပေးရမည်။

(ပါဠိ၊ ဒုတိယတွဲ၊စာမျက်နှာ ၃၀၇၊ အပိုဒ် ၈၀၂)။

ရင်းတို့သည် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်များသို့ ရောက်ရှိရေးအတွက် အလွန်အရေးပါသော အချက်ကြီးများဖြစ်၏။ ထိုကြောင့် သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော်၊ အသင်္ခတ သံယုတ်၊ စာမျက်နှာ၅၃၆၊ အပိုဒ် ၃၆၉၌-

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိ
မဂ္ဂေါ၊ သုညတော သမာဓိ, အနိမိတ္တော
သမာဓိ, အပ္ပဏိဟိတော သမာဓိ။ အယံ
ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ။

မြန်မာပြန် စာမျက်နှာ ၅၂၈။ ။ရဟန်းတို့ မပြုပြင်အပ်သော "အသင်္ခတ"တရားသို့ ရောက်

ကြောင်းလမ်းဟူသည် အဘယ်နည်း။ ရဟန်းတို့ အတ္တမှ ကင်းဆိတ်သော တည်ကြည်မှု "သုညတသမာဓိ"၊ နိစ္စ နိမိတ်မရှိသော တည်ကြည်မှု "အနိမိတ္တသမာဓိ"၊ ရာဂဟူသော တောင့်တမှု မရှိသော တည်ကြည်မှု "အပ္ပဏိဟိတသမာဓိ" ပင်တည်း။ ဤသည်ကိုမပြုပြင်အပ်သော "အသင်္ခတ" တရားသို့ ရောက်ကြောင်းလမ်းဟု ဆိုရ၏။...ဟု မိန့်တော်မူ၏။

ဝိပဿနာ ဘာဝနာ ရင့်သန်လာသောအခါ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရန် နီးကပ်လာသော အခါ ယင်းပိမှောက်သုံးပါး အစရှိသည်တို့ကို သိရှိရန် ပို၍ အရေးကြီးလာ၏။ အထက်၌ ဖော်ပြထားသောပါဠိတော်အရ–

သုညတသမာဓိ၊အနိမိတ္တသမာဓိ၊အပ္ပဏိဟိတသမာဓိတို့ကို သဘောပေါက်မှ ပိုင်နိုင်မှသာလျှင် ဂေါတြဘူဉာဏ် ဖြစ်ပေါ်နိုင်လေသည်။ ဂေါတြဘူဉာဏ် ဖြစ်ပေါ်မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်နိုင်လေသည်။ ဂေါတြဘူစိတ်သည် မည်သည်ကိုမျှအာရုံမပြု၊ နိဗ္ဗာန်တခုတည်းကိုသာ အာရုံပြု၏။ ထိုအခါကျမှသာ မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်လာနိုင်၏။

လောကီမှ လောကုတ္တရာ ဉာဏ်သို့ ကူးပုံကို ကျနစွာသိရှိရန် ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ ၆၃၊ အပိုဒ်၅၉-၌ဟောတော်မူသောဂေါတြဘူဉာဏနိဒ္ဒေသ မြန်မာပြန် စာမျက်နှာ ၇၄ ဂေါတြဘူဉာဏ် အကျယ် ပြခြင်းနှင့်တကွ ဆက်လက်လာရှိသော မဂ်ဉာဏ် အကျယ်ပြခြင်း၊ဖိုလ်ဉာဏ်အကျယ်ပြခြင်းတို့ကို သဘောပေါက် နားလည်အောင် သင်ပြပေးရမည်။

\+ \+ \+

နိဗ္ဗာန်အတွက် သိစေလိုပြန်သည်မှာ= နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းကို သိစေလို၏။ အချို့ယောဂီတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာလျှင် တမဂ်တဖိုလ်ကို ရရှိနိုင်ခြင်းကို မသိရှာကြချေ။ မင်္ဂလသုတ် ပါဠိတော်ကို ဟောတော်မူရာ၌–

တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိ ကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

အကုသိုလ်တရားတို့ကို ပူပန်စေတတ်သော အကျင့်ကို ကျင့်ခြင်းငှင်း၊ မြတ်သော အကျင့်ကို ကျင့်ခြင်းငှင်း၊အရိယသစ္စာတို့ကို မဂ်ဖြင့်မြင်ခြင်းငှင်း၊နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှင်း၊ ဤတရားလေးပါးတို့သည် မြင့်မြတ်သော မင်္ဂလာတရားတည်းဟု ဟောတော်မူ၏။ ။ဤဒေသနာတော်အရ နိဗ္ဗာန်ကိုအာရုံပြုရခြင်း၊ မျက်မှောက်ပြုရခြင်းကို သိအပ်လေပြီ။

ထိုမှတပါး သမထဘာဝနာ၄၀-တွင်အနုဿတိ ဆယ်ပါးလာရှိ၏။ ထိုအနုဿတိဆယ်ပါးတွင် ဥပသမာနုဿတိ ပါရှိ၏။ ဥပသမာနုဿတိသည် ဝိပဿနာ ဘာဝနာကို မပွားများမီကပင် နိဗ္ဗာန်ကို အာရုံပြုကာ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကိုပွားများနေခြင်းဖြစ်၏။ ယင်းသို့သမထ ဘာဝနာဖြင့်လည်းနိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို ပွားများနေခြင်းသည် ဝိပဿနာ ဘာဝနာပွားရာ၌ နိဗ္ဗာန်သို့မျက်မှောက်ပြုရာ၌ အလွန်ကြီးမားသော အကူအညီအထောက်အပံ့ကို ရရှိသေသည်။

ဤ၌ ထင်ရှားစွာ သိစေလိုသောအချက်ကား ဝိပဿနာဘာဝနာရင့်သန်လာမှ နိဗ္ဗာန်ကိုအာရုံပြုရသည်မဟုတ်သေး၊ ဝိပဿနာကို မပွားများမီရှေးအဘို့ကပင် ဥပသမာနုဿတိကို ပွားများအပ်ခြင်းကို သိစေလိုခြင်းဖြစ်၏။

အချုပ်အားဖြင့် ဝိပဿနာပွားရာ၌ဉာဏ်ရင့်သန်လာသောအခါနိဗ္ဗာန်ကိုအာရုံပြုရ၏။နိဗ္ဗာန်ကို မျက်မှောက်ပြုမှ တမဂ်တဖိုလ်ကို ရရှိနိုင်လေသည်။ ထို့ကြောင့် သစ္စာလေးပါး ဓမ္မစကြာဒေသနာတော်၌–

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ

ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥပပါဒိ၊
အာလောကော ဥပပါဒိ၊

(နည်းပဟာဝါ ပါဠိတော်၊ စာမျက်နှာ ၁၆၊ ပဌမစာကြောင်း ။ မြန်မာပြန် စာမျက်နှာ ၁၇။ ရဟန်းတို့ ဘုရားသည် "ထိုဆင်ရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏အမှန်တရား 'နိရောဓအရိယသစ္စာ'ကို မျက်မှောက်ပြုအပ်၏" ဟု ဘုရားမဖြစ်မီ ရှေးက မကြားဘူးကုန်သော နိရောဓသစ္စာတရားတို့၌ ငါဘုရား၏ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ အသိဉာဏ်သည် ထင်ရှားဖြစ်၏။ အပြားအားဖြင့် သိဘတ်သောဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏။ ထိုးထွင်း၍သိသောဉာဏ် 'ဝိဇ္ဇာ' သည်ထင်ရှားဖြစ်၏။ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူချက်အရ ယောဂီသည် နိဗ္ဗာန်သို့မျက်မှောက်ပြုပါမှ တမဂ် တဖိုလ် ရရှိနိုင်ခြင်းကို သိစေလိုခြင်းဖြစ်၏။ နိဗ္ဗာန်သို့ မျက်မှောက်မပြုဘဲ ဂေါတြဘူဉာဏ်သို့ မဆိုက်ရောက်။ ဂေါတြဘူဉာဏ်သို့ မဆိုက်ရောက်လျှင် မဂ်စိတ် ဖိုလ်စိတ် မဖြစ်ပေါ်နိုင်။ ဖြစ်ပေါ်နိုင်သည်ဆိုပါက မဂ်တုဖိုလ်တုမျှသာ ဖြစ်ခြင်းကို အထူးစွဲမြဲစွာ သိရှိထားစေလို၏၊

\+ + +

နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ လွယ်ကူစေရန် ဥပသမာနုဿတိ ဘာဝနာကို ပွားများအားထုတ်ပါ။ ဥပသမာနုဿတိဘာဝနာကို လေ့ကျင့်ပွားများခြင်းသည် သာမန် အကျိုးအာနိသင်ကို ရရှိသည်မဟုတ်၊ ဒါနသီလတို့ထက် မြတ်၏။ သမထဘာဝနာ၄၀-တွင် ပါဝင်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၌ လွန်ကျူးစွာ အကူအညီ အထောက်အပံ့ကိုပြု၏။ ။စာမျက်နှာ ၁၃၂-နှင့် ၁၃၃-တို့ကိုသဘောပေါက်ရန် ထပ်ကာထပ်ကာ ဖတ်ရှုတော်မူကြပါလေ။

\+ + +

နိဗ္ဗာန်အတွက် သိမှတ်စရာ

နိဗ္ဗာန်သည် နာမ်တရားဖြစ်ခြင်းကို စာမျက်နှာ ၁၅၇၌-ဖော်ပြထားခဲ့ပြီ။

\+ + +

သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ် စာမျက်နှာ ၂၁၃-အပိုဒ် ၄၉၉၌-

ဝိညာဏံ အနိဒဿနံ၊
အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊
တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊
အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊
အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊
ဧတ္ထေတံ ဥပရုဇ္ဈတီတိ၊

မျက်စိဖြင့်မမြင်ကောင်းသော(ဥပါဒ်ဌီဘင်) အပိုင်းအခြားမရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏၊

နိဗ္ဗာန်၌ ရေမြေမီးလေသည် မတည်ပေ၊ ဤနိဗ္ဗာန်၌ အရှည်အတို အငယ်အကြီး အကောင်းအဆိုးသည် မရှိပေ။ ဤနိဗ္ဗာန်၌ နာမ် နှင့် ရုပ်သည်အကြွင်းမဲ့ချုပ်ပေ၏။ ဤနိဗ္ဗာန်၌ဝိညာဉ်၏ ချုပ်ခြင်းကြောင့် ဤ နာမ်နှင့်ရုပ်သည် ချုပ်ပေ၏ဟု မိန့်တော်မူ၏။ ။ဤသို့ ဟောတော်မူခြင်းကြောင့် နိဗ္ဗာန်၌ ရုပ်ထူးနာမ်ထူး ပုဂ္ဂိုလ်ထူး မရှိခြင်းကို ကောင်းစွာသိအပ်လေသည်။

**မှတ်ချက်။** ။ဤကျမ်းငယ်သည် သင်တန်းတက်သူတို့ စာ ကူးခြင်းဖြင့် အချိန်မကုန်စေရန်နှင့် ကျမ်း အကိုး အကား ရရှိစေရန်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းရင်းကို

ဆက်လက် ဖတ်ရှုတော် မူကြပါလေ။

+ × +

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဒေဝတာသံယုတ် သတ္တိဝဂ်၊ သရသုတ်၊ စာမျက်နှာ ၁၅–အပိုဒ် ၂၇–၌–

ကုတော သရာ နိဝတ္တန္တိ၊
ကတ္ထ ဝဋ္ဋံ န ဝတ္တတိ။
ကတ္ထ နာမဥ္စ ရူပဥ္စ၊
အသေသံ ဥပရုဇ္ဈတီတိ။

သံသရာအိုင်တို့သည် အဘယ်အရပ်မှ ဆုတ်နစ်ကုန်သနည်း၊ ဝဋ်ဆင်းရဲသည် အဘယ် အရပ်၌ မဖြစ်သနည်း၊ နာမ်သည်၎င်း ရုပ်သည်၎င်း အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်သနည်းဟု မေးလျှောက်၏။ ။အဖြေကို စာမျက်နှာ ၁၂၉ ၌ “ယတ္ထ အာပေါစ ပထဝီ....”စသည်ဖြင့် မြန်မာပြန် ဖော်ပြထား၏။

+ + +

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ခန္ဓသံယုတ်၊ဥပယဝဂ် အနတ္တ လက္ခဏသုတ်၌၎င်း၊ ဝိနည်း မဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ပဉ္စဝဂ္ဂိယကထာ၊ အပိုဒ် ၂၃–၌၎င်း၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နိဒါနသံယုတ် မဟာဝဂ်၊ သုသိမသုတ်၌၎င်း လာရှိသည်မှာ-

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ။ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ဝိရာဂါ ဝိမုစ္စတိ၊ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ရဟန်းတို့ ဤသို့ရှုသော အကြား အမြင်ရှိသော အရိယာ တပည့်သည် ရုပ် ၌ လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရ တို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှလွတ်မြောက်ပြီဟုအသိဉာဏ်ဖြစ်ပေါ်၏။ (ခီဏာ ဇာတိ) ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

ဤပါဠိတော်တို့ကို ထောက်ဆသောအားဖြင့်၎င်း၊ ထိုမှတပါး ကျန်ရှိသေးသောပါဠိတော်အရပ်ရပ်တို့ကို ထောက်ဆသော အားဖြင့် ၎င်း၊ နိဗ္ဗာန်၌ ပုဂ္ဂိုလ်ထူး ရုပ်ထူး နာမ်ထူး မရှိခြင်းကို ကောင်းစွာ သိအပ်လေပြီ။

+ + +

(ဆင့်မအောကြီးမိ)

### ပညတ်နှင့်ပရမတ်

ဝိပဿနာဘာဝနာပွားရာ၌ ပညတ်ကို အာရုံမပြုရ၊ ပရမတ္ထဓမ္မသဘာဝကိုသာလျှင် အာရုံပြုရ၏။ ထို့ကြောင့် ပညတ်နှင့်ပရမတ် ကွဲရမည်ဆိုသည်ကို ဝိပဿနာနယ်ဘွင် ကြားဘူးသူများကြ၏။ သို့ရာတွင် အလိုရှိအပ်သော အနက်အဓိပ္ပာယ်ကို တိကျမှန်ကန်စွာ အချို့မသိကြချေ၊

ပညတ်၊ပရမတ်သဘောအနက်အဓိပ္ပာယ်နှင့် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ သဘော အနက်အဓိပ္ပာယ်တို့မှာ တူသည်ဟုအချို့ထင်မှတ်ကြ၏။ အမှန်စင်စစ်သော်ကားမတူကြချေ။သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ အနက်အဓိပ္ပာယ်မှာ-

သမ္မုတိသစ္စာ
(သမုတ်ရှိ)

လူ နတ် ဗြဟ္မာ သတ္တဝါ
ထမင်း ဟင်း ကွမ်း
ဆေး စက္ကူ ခဲတံ
စသည်တို့ဖြစ်၏။

ပရမတ္ထသစ္စာ
(အဟုတ်ရှိ)
စိတ် စေတသိက် ရုပ် နိဗ္ဗာန်
ပထဝီ အာပေါ တေဇော
ဝါယော ဖဿ ဝေဒနာ
စသည်တို့ဖြစ်၏။

သမုတ်ရှိနှင့်အဟုတ်ရှိတို့မှာ-သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာများ ဖြစ်ကြ၏။ ပညတ်နှင့် ပရမတ် ကွဲရမည်ဆိုသည်မှာ သမ္မုတိသစ္စာနှင့် ပရမတ္ထ သစ္စာတို့မှ တဆင့်တက်ရန်ဖြစ်၏။

လူ နတ် ဗြဟ္မာ စက္ကူ ခဲတံ စသော သမုတ်ရှိ တို့မှာ အဝိဇ္ဇမာနပညတ် များဖြစ်၍၊ စိတ် စေ တသိက် ဖဿဝေဒနာ စသော အဟုတ်ရှိတို့မှာ ဝိဇ္ဇမာနပညတ်များ ဖြစ်ကြ၏။ထိုကြောင့်သမုတ် ရှိနှင့်အဟုတ်ရှိ ၂-ပါးစလုံးတို့မှာ ပညတ်မျှသာ ဖြစ်ခြင်းကို သိအပ်လေပြီ။ ။နာမည်ပညတ်နှင့် ပရမတ္ထဓမ္မသဘာဝ မတူခြင်းကိုဆိုဦးအံ့။

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊
ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊
နာမမတ္တံ န နာယတိ။

(ဤကျမ်း စာမျက်နှာ ၁၂၅)။ ။ဤ တွင်သိရှိရန်မှာ ပရမတ္ထဓာတ်သဘာဝတို့ကို သိ၍ နိုင်ရန်ကို မဆိုသာဘိ၊ ထိုသို့သော ပရမတ္ထဓာတ် သဘာဝတို့၏ နာမည်မျှကိုပင် မသိမထင်နိုင်ဟု ဟောတော်မူခြင်း ဖြစ်၏။ ထိုကြောင့် နာမည် ပညတ်နှင့် ဓာတ်သဘာဝတို့မှာ မတူကြခြင်းကို သိရပေမည်။

ဝိပဿနာ ပွားများရာ၌ အဘယ်ကြောင့် နာမည်ပညတ်ကို အာရုံမပြုရခြင်း ကိုပို၍ထင်ရှား စေရန်မှာ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ဒေဝ တာသံယုတ်၊ ဆေတွာဝဂ်၊ နဇီရတိသုတ်၌-

ကိံ ဇီရတိ ကိံ န ဇီရတိ၊
ရူပံ ဇီရတိ မစ္စာနံ၊
နာမဂေါတ္တံ န ဇီရတိ။

မြန်မာပြန် စာမျက်နှာ ၃၉။ ။အဘယ် အရာသည် ဆွေးမြေ့ပါသနည်း၊ အဘယ်အရာ သည် မဆွေးမြေ့ပါသနည်း။ သတ္တဝါတို့၏ရုပ် သည် ဆွေးမြေ့တတ်၏။ အမည် အနွယ်သည် မဆွေးမြေ့တတ်ဟု မိန့်တော်မူ၏။

ထို့ကြောင့် နာမည်ပညတ်ကို ထွင်းဖေါက် လျက် ဓာတ်သဘာဝကို အာရုံပြုရ၏။ ဓာတ် သဘာဝသာလျှင် ပျက်၍ နာမည်မပျက်။

\+ + +

ရှင်းဦး အံ့—

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ
Appearance And Reality.
မျက်နှာပြင်အောက်သို့ ကြည့်ပါ။
Look Beneath The Surface.

"ပထဝီဓာတု" ယခု ဖတ်ရှုရသော "ပထဝီ ဓာတု"မှာဓမ္မသဘာဝဓာတ်သားမဟုတ်၊စာလုံး ကလေးများစုပေါင်းထားသော အက္ခရာပညတ် "ပထဝီဓာတု" မျှသာဖြစ်၏။ ပါးစပ်က ပြော သဖြင့်ကြားရသော"ပထဝီဓာတု"မှာ ဓမ္မသဘာ ဝဓာတ်သားမဟုတ်၊ အသံထွက်သဒ္ဒပညတ်"ပထ ဝီဓာတု" မျှသာဖြစ်၏။

ဓမ္မသဘာဝဖြစ်သော "ပထဝီဓာတု"မှာ လူ တို့မျက်စိဖြင့် သိမြင်၍မရ၊ ပညာမျက်စိရှိသူတို့ သာသိမြင်နိုင်၏။ လူတို့၏မျက်စိဖြင့်သိမြင်၍ရ၏။ လက်ဖြင့် ကိုင်တွယ် တွေ့ထိ၍ ရ၏ ဟု ဆိုလျှင် အဝိဇ္ဇမာနပညတ်နှင့် ဝိဇ္ဇမာနပညတ် တပါးပါး သာဖြစ်ရ၏။ဓမ္မသဘာဝမျှသာဖြစ်သော"ပထဝီ ဓာတု" ကားမဟုတ်ချေ။

ထို့ကြောင့်ခန္ဓာငါးပါးစသည်တို့၌လက္ခဏာ ရေးသုံးပါးတင်ကာ ပွားများ အားထုတ်သော် ဝိပဿနာ၏ အာရုံဘူမိမှန်ပါမှ (ဝါ) နာမည် ပညတ်ကို အာရုံမပြုပဲ ပရမတ္ထဓမ္မ သဘာဝကို အာရုံပြုမှသာလျှင်အလိုရှိအပ်သောမဂ်ဖိုလ်နိဗ္ဗာန် သို့ ရောက်ရှိနိုင်လေသည်။ ဤကား ပညတ်နှင့် ပရမတ်ကွဲရသော အကျိုးကျေးဇူးကြီးပေတည်း။

\+ + +

# စိတ် တလုံး တလုံး၏ သတ္တိ

## စိတ်ကို စောင့်ရှောက်ရာ၏။

အခါတပါး၌ ရဟန်းတပါးသည် ဥပဇ္ဈာယ် ဆရာတော်၏ ပြောဟောအပ်သော သုတ်ဝိနည်း အဘိဓမ္မာ၌လာရှိသော စောင့်ထိန်းစရာ ကျင့်စဉ် များကို နာကြားရသောအခါ သာသနာတော်၌ လိုက်နာဆောင်ရွက်ရန် ပြုဘွယ်ကိစ္စ များလှ၏။ နေနိုင်စရာမရှိ၊ လူထွက်အံ့ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက—

စိတ္တံ ရက္ခထ မေဓာဝီ
စိတ္တံ ဂုတ္တံ သုခါဝဟံ။

စိတ်ကို ပညာရှိသည် စောင့် ရှောက် ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်၏ဟု ဓမ္မပဒပါဠိတော် စိတ္တဝဂ်၌ ဟောတော်မူ၏။

ဤ၌ သိအပ်သော အနက်အဓိပ္ပာယ်မှာ ပြု ကျင့်ဘွယ် ကိစ္စများသည်ဖြစ်အံ့၊ စိတ်တခုကိုသာ နိုင်အောင် ထိန်းသိမ်း စောင့်ရှောက်လော့ဟုမိန့် တော်မူခြင်းဖြစ်၏။ (ဝါ) သမထဘာဝနာဝိပဿ နာဘာဝနာတို့ကို ပွားများနေရန်ဖြစ်၏။

## စိတ်—၈၉




စိတ္တလက္ခဏာ တချက်မျှသာ အသက်ရှင်ခြင်း

အထက်ပါ ဇယားပုံမှာ ဓမ္မသဘာဝ စိတ္တ နိယာမအားဖြင့် အခါအားလျော်စွာ ဖြစ်ပေါ် လာသော စိတ်တို့မှာ အကျဉ်း အရေ အတွက် အားဖြင့် ၈၉-ပါး ရှိခြင်းကို သိ စေလိုခြင်း ဖြစ်၏။ (အကုသိုလ်စိတ် ၁၂-၊ ကုသိုလ်စိတ် ၈-)

| | | |
|---|---|---|
| ကာမာဝစရစိတ် | – | ၅၄ |
| ရူပါဝစရစိတ် | – | ၁၅ |
| အရူပါဝစရစိတ် | – | ၁၂ |
| လောကုတ္တရာစိတ် | – | ၈ |
| | | ၈၉ |

ထို ၈၉-မျိုးသော စိတ်တို့သည် တမျိုးနှင့်တမျိုး တပါးနှင့်တပါး မတူကြချေ၊ လွန်စွာကွဲပြား ခြားနားလျက် အခါ အားလျော်စွာ ဖြစ်ပေါ် ချုပ်ပျောက်ရ၏။

ထိုမှတပါး စွဲမြဲစွာသိရှိ ထားရမည်မှာ စိတ် ၈၉-ပါးတို့တွင် တပါး ဖြစ်ပေါ်လာသော အချိန်၌ ကျန် ၈၈-ပါးတို့သည် တပါးမျှဖြစ်ပေါ်၍မလာနိုင်၊ တနေရာရာတွင်လည်း ဂေါ်လီလုံးများကဲ့သို့ စုပုံ၍နေသည်လည်းမဟုတ်၊ လုံးဝချုပ်ပျောက်လျက်ရှိ၏။ ။ထို့ကြောင့် ဗြဟ္မဇာလသုတ်၊ သုတ်သီလက္ခန် အဋ္ဌကထာ၌—

ဒွိန္နံ စိတ္တာနံ ဧကက္ခဏေ ပဝတ္တိနာမ နတ္ထိ။ စိတ်သည် တချိန်တည်းတွင် ၂-လုံး ဖြစ်ပေါ်သည်မရှိဟု အဋ္ဌကထာ ဆရာ ဖွင့်ဆိုတော်မူ၏။ (စာမျက်နှာ ၁၀၉-ကြည့်ရန်)။

ထိုမှတပါး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပါဠိ စာမျက်နှာ ၂၃၉-၌-

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊
ပစ္ဆိမံ ဇာယတေ တတော။

ရှေ့ဖြစ်သော စိတ်သည် ပျက်စီး၏။ ထိုသို့ ရှေ့စိတ်ပျက်စီးသည်၏ အခြားမဲ့၌ နောက်စိတ်သည် ဖြစ်ပေါ်၏။

စုလ္လာသီတိ သဟဿာနိ၊
ကပ္ပါ တိဋ္ဌန္တိ ယေ မရူ။
န တွေဝ တေပိ ဇီဝန္တိ၊
ဒွီဟိ စိတ္တေဟိသံယုတာ။

အကြင်နတ်ဗြဟ္မာတို့သည် ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် ပတ်လုံး တည်ကုန်၏။ ထိုနေဝသညာ နာသညာယတန နတ် ဗြဟ္မာ တို့သည်လည်း ဤသို့ရှည်ကြာစွာ အသက်ရှင်ကုန်သော်လည်း စိတ္တက္ခဏ နှစ်ချက်တို့နှင့်တကွ ဖြစ်ကုန်၍ မတည်နိုင်ကုန်ဟု ဟောတော်မူ၏။

ဤ၌ အလိုရှိအပ်သော အနက်အဓိပ္ပာယ်ကို ထင်ရှားစွာ သိစေလိုသည်မှာ သမ္မုတိသစ္စာအားဖြင့် လူသည် အသက် ငါးဆယ်၊ တရာ အသက်ရှင်သည်ဟု ဆိုရသော်လည်း ပရမတ္ထသစ္စာအားဖြင့် လူ၏ အသက်သည်ငှင်း၊ နတ်ဗြဟ္မာတို့၏အသက်သည်ငှင်း ကြာရှည်စွာ နေသည် မဟုတ်၊ စိတ် နှလုံး ဆက်လျက် အသက်ရှင် နေသည် မဟုတ်။

စိတ်သည် ပရမတ္ထဓမ္မသဘာဝအားဖြင့် တလုံးချင်းတလုံးချင်း ဖြစ်ပေါ်လာပြီးလျှင် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် တခဏချင်း ချုပ်ပျောက် သွားရသည်ကို ယောဂီသည် အစဉ်အမြဲ သတိရှိနေရ၏။ ။ဤကား ငါမဟုတ်၊ အတ္တမဟုတ်၊ အနတ္တဓမ္မသဘာဝ တရပ်ပေတည်း။

ယင်းသို့လျှင် စိတ်တလုံး၏ တခဏချင်း ဖြစ်ပေါ် ချုပ်ပျောက်မှုကို သိလျှင် စိတ္တာနုပဿနာ အတွက် ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး တင်ကာ ဝိပဿနာပွားများရန် အထူးလွယ်ကူလာလေပြီ။

## အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့

ထိုမှတပါး လွယ်ကူစွာဖြင့် ကြီးမားသော အကျိုးကျေးဇူးရရှိခြင်းကို ဆက်ဦးအံ့။ ။စိတ် ၈၉-လုံး ရှိသည်အနက် ဇယားတွင် မြှားပြထားသော စိတ် ၁၂-လုံးမှာ လောဘ ဒေါသ မောဟ စိတ်များဖြစ်ကြ၏။ ကျန်မြှားပြထားသော စိတ် ၈-လုံးမှာ မဟာကုသိုလ် စိတ်များ ဖြစ်ကြ၏။ အိပ်သည့်အချိန်ကို ချန်ထား၍ ကုန်အချိန်များ၌ ကုသိုလ်စိတ် ၈-လုံးဘွင် တလုံးလုံးဖြစ်နေရ၏။

ယင်းသို့ကုသိုလ်စိတ်တလုံးလုံးဖြစ်၍မနေလျှင် အကုသိုလ်စိတ် ၁၂-လုံးတွင် တလုံးလုံးဖြစ်၍နေ၏။ အကုသိုလ်စိတ်ဖြစ်သော် အပ္ပာယ်လေးပါးသို့ ကျရောက်နိုင်၍ မဟာကုသိုလ်စိတ် ဖြစ်သော် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်၏။ အနည်းဆုံး သောတာပန်ဖြစ်သော် အပ္ပါယ်လေးပါး တံခါးကို ကောင်းစွာ ပိတ်စေနိုင်တော့၏။ (ဝိပဿနာပွားများနေခြင်းကို ဆိုလိုသည်)။

မဟာသတိပဋ္ဌာန် ဒေသနာတော် စိတ္တာနုပဿနာခဏ်း၌-

> သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ စသည်တို့ဖြင့် လာရှိ၏။

တပ်မက်ခြင်း ရာဂနှင့်တကွမူလည်း ဖြစ်သော စိတ်ကို ရာဂနှင့်တကွဖြစ်သောစိတ်ဟူ၍ (အပြားအားဖြင့်) ကွဲပြားခြားနားစွာသိ၏။ ဒေါသနှင့်တကွမူလည်း ဖြစ်သောစိတ်ကို ဒေါသနှင့် တကွဖြစ်သော စိတ်ဟူ၍ ကွဲပြားခြားနားစွာ သိ၏။ မောဟနှင့်တကွမူလည်း ဖြစ်သော စိတ်ကို မောဟနှင့်တကွဖြစ်သော စိတ်ဟူ၍ ကွဲပြားခြားနားစွာ သိ၏။ (ပဇာနာတိ ဆိုသည်မှာ သဥ္စာနာတိ မဟုတ်၊ ဇာနာတိမဟုတ်)။

ဤပါဠိတော်သည် သာမန်မဟုတ်၊ လွန်စွာ လေးနက်သော အနက်အဓိပ္ပာယ်ရှိ၏။ သဘောပေါက်သွားပါက ကြီးမားသော အကျိုး အာနိသင်ကို ရရှိနိုင်၏။

ဥပမာဆိုသော် ရာဂစိတ် (ဝါ) လောဘစိတ် ဖြစ်ပေါ်လာသောအခါ "အော်-လောဘစိတ်"ဖြစ်ပေါ်လာချေပြီတကားဟု သိလိုက်သော စိတ်၊ ဆင်ခြင်လိုက်သောစိတ် ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် (ရာဂစိတ်) လောဘစိတ်သည် ချုပ်ပျောက်သွားတော့၏။(ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတောအရဖြစ်၏)။

တဖန် လောဘစိတ်သည် ချုပ်ပျောက်သွားခြင်းကြောင့် ထိုချုပ်ပျောက်သွားသော လောဘစိတ်၌ လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများအားထုတ်လိုက်သည်ရှိသော် အပါယ်လေးပါးသို့ ကျရောက်မည့်ဘေးမှ လွတ်ကင်းရုံမျှမက ဒါန သီလ သမထတို့ထက် မြတ်သော ဝိပဿနာ ကုသိုလ်ကြီးကို ရရှိလိုက်ခြင်း ဖြစ်၏။

ထိုကြောင့် ပဋ္ဌာန်းပါဠိတော်၊ ပဋ္ဌာဝါရ စာမျက်နှာ ၁၃၄၊ အပိုဒ် ၄၀၈ ၌-

> အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။

အကုသိုလ်ဖြစ်သော တရားသည် ကုသိုလ်ဖြစ်သောတရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ သေက္ခပုဂ္ဂိုလ်တို့သည်၎င်း၊ ပုထုဇဉ်ပုဂ္ဂိုလ် တို့သည်၎င်း၊ အကုသိုလ်ကို အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း ဝိပဿနာ ရှုကုန်၏။"

ဤ ပဋ္ဌာန်းဒေသနာတော်အရ အပါယ်လေးပါးသို့ ကျရောက်စေနိုင်သော အကုသိုလ်မှ ဒါန သီလ သမထတို့ထက် မြတ်သော မဟာကုသိုလ်ဖြစ်နိုင်ခြင်းကို သိရှိတော်မူကြပြီးလျှင် **အကယ်၍** အကုသိုလ်စိတ် ဖြစ်ပေါ်လာလျှင် တခဏချင်း ကုသိုလ်စိတ်ဖြစ်ပေါ်လာစေရန် အထက်ပါနည်းအတိုင်း ဆင်ခြင်ပွားများအားထုတ်တော်မူကြရန် အထူး တိုက်တွန်း နှိုးဆော်ခဲ့ပါသည် သူတော်ကောင်းအပေါင်းတို့-

\+ \+ \+

### စိတ်မှ ခန္ဓာငါးပါးသို့ ဝိပဿနာတက်ပုံ

ဤတွင် ဆက်၍သိရှိရဦးမည်မှာ-ပဋ္ဌဝေါကာရဘုံ၌ တမဂ်တဖိုလ်ကိုအလိုရှိ၍ကြိုးစားအားထုတ်နေသော စိတ်သည် တည်စရာ ဟဒယဝတ္ထုရုပ်ရှိရ၏။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၊ပစ္စယနိဒ္ဒေသ၊ စာမျက်နှာ ၅၊ အပိုဒ် ၈-၌-

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ။ ။အကြင် ဟဒယ ဝတ္ထုရုပ်ကိုအမှီပြု၍ မနောဓာတ်သည်၎င်း၊ မနောဝိညာဏ ဓာတ်သည်၎င်း ဖြစ်ကုန်၏။

ထိုမှတပါး လက်သန်းအဋ္ဌကထာ၊ ရုပ်ပိုင်း အပိုဒ် ၃၀၌-

ကမ္မသံမုဋ္ဌာနရူပံ ပဋိသန္ဓိမှပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။ ။ကံကြောင့် ဖြစ်သော ရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ အစပြု၍ စိတ်ဖြစ်တိုင်း ခဏတိုင်းခဏတိုင်း၌ ဖြစ်စေ၏ဟု လာရှိ၏။

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အစ ပဋိစ္စ သမုပ္ပါဒသုတ် စာမျက်နှာ ၂၄၃-၌-

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ....။

မြန်မာပြန် စာမျက်နှာ ၂၂၇။ ။ရဟန်းတို့ မသိမှု "အဝိဇ္ဇာ" အကြောင်းခံကြောင့် ပြုစီရင်မှု "သင်္ခါရ"တို့ ဖြစ်ရကုန်၏။ ပြုစီရင်မှု "သင်္ခါရ"အကြောင်းခံကြောင့် သိမှု"ဝိညာဏ်" ဖြစ်ရ၏။ သိမှု "ဝိညာဏ်" အကြောင်းခံကြောင့် "နာမ်ရုပ်"ဖြစ်ရ၏။ ။ဤ၌ "ဝိညာဏ်မှ-ရုပ်" ဖြစ်ခြင်းကို သိစေလို၏။

၎င်းပြင် စိတ်ကို အစွဲပြု၍ ရုပ်ဖြစ်ပေါ်ပုံကို ပဋ္ဌာန်းပါဠိတော် ၁-ကုသလတ္တိက၊ ၁-ပဋိစ္စဝါရ စာမျက်နှာ ၁၉-၌-

ကေ ခန္ဓေ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။

(နာမ်ခန္ဓာ) တပါးသောခန္ဓာကိုစွဲ၍ သုံးပါးကုန်သောခန္ဓာတို့သည်၎င်း၊စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇရုပ်သည်၎င်း ဖြစ်၏။ သုံးပါးကုန်သော ခန္ဓာတို့ကိုစွဲ၍ တပါးသော ခန္ဓာသည်၎င်း၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော စိတ္တဇရုပ်သည်၎င်း ဖြစ်၏။ နှစ်ပါးကုန်သော ခန္ဓာတို့ကိုစွဲ၍ နှစ်ပါးကုန်သောခန္ဓာတို့သည်၎င်း၊စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇရုပ်သည်၎င်း ဖြစ်၏။ (နာမ်ခန္ဓာ ၄-ပါးတို့သည် အတူတကွဖြစ်ခြင်း စာမျက်နှာ ၈၄၊ စတ္တာရော ခန္ဓာ အရူပိနော)။

ဤသို့ ကျမ်းအကိုးအကားများကို ဖော်ပြရခြင်းအကြောင်းရင်းမှာ (နာမ်ခန္ဓာ) စိတ်တလုံးဖြစ်ပေါ်လာရာ၌ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ငါးပါးသော ခန္ဓာရရှိခြင်းကို ထင်ရှားစွာ သိစေလိုခြင်းဖြစ်သည်။

ဤ ခန္ဓာငါးပါး ပရမတ္ထ ဓမ္မသဘာဝကို ဝိပဿနာ ပညာမျက်စိရှိသူတို့သာ သိမြင်နိုင်၏။ ၎င်းခန္ဓာငါးပါး ပရမတ္ထ ဓမ္မသဘာဝ၏ အနက်အဓိပ္ပါယ်မှာ လူနတ်ပြဟ္မာ သတ္တဝါမဟုတ်၊ ပုံပန်းသဏ္ဌာန်မရှိ၊ ငါမရှိ၊ အတ္တမရှိ၊ အနှစ်သာရမရှိ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရသော အနတ္တဓမ္မ သဘာဝ အကျိုးတရားမျှသာဖြစ်၏။

တနည်းဆိုသော် အနတ္တဓမ္မသဘာဝ ဟူသည်ကား-

၁-အသာရကဋ္ဌေန အနတ္တာ၊
၂-အသာမိကဋ္ဌေန အနတ္တာ။
၃-အဝသ ဝတ္တနဋ္ဌေန အနတ္တာ။
၄-နိဗ္ဗာပါရဋ္ဌေန အနတ္တာ။

၁-အနှစ်သာရမရှိခြင်းကြောင့် အနတ္တ၊ ၂-ပိုင်ဆိုင်သူမရှိခြင်းကြောင့် အနတ္တ၊ ၃-အလိုသို့မလိုက်ခြင်းကြောင့် အနတ္တ၊ ၄-ဖြစ်ပါစေဟု ကြောင့်ကြမစိုက်ခြင်းကြောင့် အနတ္တ။

ဤသို့လျှင်အနတ္တဓမ္မသဘာဝမျှသာဖြစ်သော စိတ်တလုံး၏ အရည်အချင်းသတ္တိကို ကောင်းစွာ သိအပ်လေသည်။

ထိုစိတ်သည် ငါမဟုတ်၊ သူမဟုတ်၊ အတ္တမဟုတ်၊အနှစ်သာရမရှိ၊ပိုင်ဆိုင်သူမရှိ၊အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရသော အနတ္တဓမ္မသဘာဝ အကျိုးတရားမျှသာ ဖြစ်၏၊

ထိုအတူခန္ဓာငါးပါးသည်လည်း ငါမဟုတ်၊သူမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊လူနတ်ပြဟ္မာ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊အနှစ်သာရမရှိ၊ ပိုင်ဆိုင်သူမရှိ၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရသော အနတ္တဓမ္မသဘာဝ အကျိုးတရားမျှသာ ဖြစ်လေသည်။

ဤဓမ္မသဘာဝမျှသာဖြစ်သော၊ ပညာမျက်စိ

ဖြင့်သာမြင်အပ်သော၊ ပိုင်ဆိုင်သူမရှိသော၊ ဒုက္ခအတိမျှသာဖြစ်သော ခန္ဓါငါးပါး၌ စာမျက်နှာ ၆၉-တွင်ဖော်ပြထားသည့်အတိုင်းလက္ခဏာရေး သုံးပါးတင်ကာ ဝိပဿနာဘာဝနာကို ပွားများအားထုတ်တော်မူကြရပါသည်။

\+ + +

# သာသနာတော်မြတ်ကြီး သန့်ရှင်းစွာ တည်ရှိရေး

## အသျှင် မဟာကဿပ မေးလျှောက်တော်မူခြင်း

နိဒါနဝဂ္ဂသံယုတ် ပါဠိတော် ကဿပသံယုတ် စာမျက်နှာ ၄၂၂-အပိုဒ် ၁၅၆-မြန်မာပြန် စာမျက်နှာ ၄၁၁။

အသျှင် မဟာကဿပ မေး လျှောက်တော်မူခြင်းကို ဗုဒ္ဓမြတ်စွာ ဖြေဆိုတော် မူသည်မှာ ကဿပ၊ အတုအယောင်များ ဖြစ်ပေါ်လာသော် သာသနာတော် မြတ်ကြီး ကွယ်လတ္တံ့ဟု ဖြေဆိုတော်မူ၏။

ပါဠိတော် များတွင် သူတပါး၏ အပြစ်ကို မပြောရ၊ သူတပါးကို မကဲ့ရဲ့ရ၊ တိရစ္ဆာနကထာကို မပြောရ၊ မိမိ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရေးကိုသာ ကြိုးစား အားထုတ်ရမည်ဟု အကြိမ်များစွာ မိန့်တော်မူ၏။

ယင်းသို့ မိန့်တော် မူသော်လည်း သာသနာတော်ကြီး သန့်ရှင်းစွာတည်တန့်ရေးအတွက်အတုအယောင်များကို ကဲ့ရဲ့ ဖိနှိပ်ရမည်ဟူသော သဘောအနက်အဓိပ္ပာယ်ကို ထိုထိုသော ပါဠိတော်များ၌ များစွာမိန့်တော်မူခဲ့၏။

